

# ပြေသူ့ခိုးဝေါဝင့်ကြွေးကြမှား
# ဂမ္ဘီရဖြစ်ရပ်ဆန်းများ

မောင်မောင်မိုးအောင်

**ပုံနှိပ်မှတ်တမ်း**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်၊
အုပ်ရေ(၁၀၀၀)၊ တန်ဖိုး ၅၀၀-ကျပ်

**စီစဉ်သူ**
ကိုမောင်မောင်ထွန်း (ကောင်းထွန်း စာပေ)

**မျက်နှာဖုံးပန်းချီနှင့်ဒီဇိုင်း**
ကျော်ဇောလွင်၊ မိုးငြိမ်းချမ်း

**ကွန်ပျူတာစာစီ**
အေးမင်းသူ

**အတွင်းဖလင်**
ကိုမိုးကြီး (၀၉ ၄၂၀၀၅၁၈၃၁)

**စာအုပ်ချုပ်**
ကြူကြူမွေး

**အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်သူ**
ဦးမောင်မောင်ထွန်း (စံထားမိုးအော့ဖ်ဆက်)
အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးချစ်ညွန့် (ဇင်ရတနာစာပေ)၊ ၂၀၅-က/၄ လမ်း၊
မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်။

**ဖြန့်ချီရေး**
ကောင်းထွန်းစာပေ
အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၀၂၀၁၇၁။

**ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)**

| | |
|---|---|
| **မောင်မောင်မိုးအောင်** | ၀၀၂ |
| မြေသူနိုး၏ဝဋ်ကြွေးကြွေးမှာနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ | |
| ဇင်ရတနာစာပေ၊ ၂၀၁၃၊ ရန်ကုန်။ | |
| ၂၁၉-စာ၊ ၁၂×၁၈ စင်တီ။ | |
| (၁) မြေသူနိုး၏ဝဋ်ကြွေးကြွေးမှာနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ | |

# မြေသူဌေးဘဝင်ကြွေးကြမှာ
# နှင့်
## ဂမ္ဘီရဖြစ်ရပ်ဆန်းများ

မောင်မောင်မိုးအောင်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရေဝဲအော်သံကြီးနှင့်အတူ | ၅ |
| ၂။ | လှည့်စားတတ်သူတို့ရွာ | ၂၄ |
| ၃။ | အုန်းမောင်းကြီးပေါ်ကစီညာဉ် | ၄၅ |
| ၄။ | မြေသူခိုးနှင့်ဝင်္ကျွေးကြမ္မာ | ၆၄ |
| ၅။ | သင်္ချိုင်းဟောင်းမှအပြန် | ၈၂ |
| ၆။ | ဘဝခြားခဲ့ပါသော်လည်း | ၁၀၁ |
| ၇။ | အမှောင်တွင်းမှ မျက်လုံးများ | ၁၁၇ |
| ၈။ | ကျောက်ဝဲရှ အိမ်ကြီးပေါ်က မိန်းကလေး | ၁၄၄ |
| ၉။ | သစ်ပင်ပေါ်ကစီညာဉ် ခြံထဲကမြွေကြီး | ၁၆၉ |
| ၁၀။ | ပလုပ်တောင်ရွာသူ | ၁၉၆ |



မောင်မောင်စိုးအောင်

# ရေဝဲအော်သံကြီးနှင့်အတူ

အိမ်အရောင်းအဝယ် စာချုပ်လက်မှတ်ရေးထိုးရန် ကျွန်မ၏ အစ်မဖြစ်သူ ရန်ကုန်မြို့မှ ဖုန်းဆက်သဖြင့် ကျွန်မတာဝန်ထမ်းရာ ကျောင်းအုပ်ကြီးထံတွင် ခွင့်စာတင်၍ ရန်ကုန်သို့ ထွက်လာခဲ့သည်။ ကျွန်မမှာ မော်လမြိုင်မြို့ရှိ အမှတ်(၇)၊ အခြေခံပညာအထက်တန်း ကျောင်း၌ တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြဆရာမတစ်ဦး ဖြစ်သည်။ ကျွန်မတို့ညီအစ်မတွင် မိဘများမရှိတော့ပါ။ ကျွန်မတို့နှစ်ဦးသာ သွေးရင်းများဖြစ်ကြသည်။ နှစ်ဦးစလုံး အိမ်ထောင်မပြုဘဲ နေခဲ့ကြသည်။ မိဘများရှိစဉ်က ဒဂုံမြို့သစ်တောင်ပိုင်းတွင် နေထိုင်ခဲ့ကြ၏။ ကျွန်မဘွဲ့ရပြီး ကျောင်းဆရာမအလုပ်ရခဲ့၏။ အလုပ်ဝင်သည်မှ ယနေ့အထိ တာဝန်ကျရာမော်လမြိုင်မြို့တွင်သာ နေထိုင်ခဲ့သည်။ ကျွန်မ အသက်ပင် (၃၀)ကျော်ခဲ့ပြီဖြစ်သည်။ ကျွန်မ၏ အစ်မဖြစ်သူမှာ လက္ခဏာ၊ ဗေဒင်ဟောသည့်လုပ်ငန်းဖြင့် ရန်ကုန်မြို့တွင်သာ နေထိုင်ခဲ့သည်။ မိဘများမရှိတော့သည့်နောက်ပိုင်း ညီအစ်မနှစ်ဦး တကွဲတပြားစီ နေထိုင်ရန်မသင့်တော့ဟု ထင်မြင်လာခဲ့သည်။ ကျောင်းဆရာမ အလုပ်မှာ မိန်းကလေးနှင့် အသင့်လျော်ဆုံးအလုပ်ဟု မမပြောခဲ့သည်။ ဒဂုံတောင်ပိုင်းမှအိမ်ကို ရောင်းချလိုက်သည်။ စရန်ငွေယူထားပြီး ဖြစ်သည်။ ယခုအပြီး စာချုပ်ပေါ်တွင် နှစ်ယောက်စလုံး လက်မှတ်ရေးထိုးမည်

ဖြစ်သည်။ ကျွန်မရန်ကုန်ရောက်ပြီး နောက်တစ်နေ့မှာပင် အိမ်အရောင်း အဝယ် စာချုပ်ချုပ်ဆိုဖြစ်သည်။ အိမ်ရောင်းရငွေအချို့ကို မမက ဘဏ်တွင်အပ်နှံထားလိုက်သည်။ ညီအစ်မနှစ်ယောက်ယောက် အထုပ် အပိုးများဖြင့် မော်လမြိုင်သို့ ပြန်လာခဲ့ကြသည်။ ညီအစ်မနှစ်ဦး ရထားစီး၍ ပြန်လာခဲ့ကြသည်။

"မမနဲ့အမြဲတမ်း အတူတူနေရတော့မှာမို့ ညီမလေး သိပ်ဝမ်း သာတာပဲ"

"တို့ညီအစ်မနှစ်ယောက် အပြန်အလှန် ကူညီစောင့်ရှောက်ပြီး နေကြတာပေါ့၊ ဒါနဲ့ညီမလေးဝယ်ဖို့ ပြောဆိုထားတဲ့အိမ်က တကယ် ရောင်းမှာနော်"

"စိတ်မပူပါနဲ့ မမရယ်၊ ဝယ်မယ့်အိမ်က ညီမလေး အခုလက်ရှိ ငှားနေတဲ့ အိမ်နဲ့ကပ်ရက်ပဲ၊ အိမ်ရှင်က မုဆိုးမတစ်ဦးပါ။ ညီမလေး လူကြီးတွေနဲ့ ပြောဆိုထားပြီးသား ညီမလေးရောက်လို့ ငွေချေပြီးတာနဲ့ အိမ်ရှင်က တောကိုပြန်တော့မှာတဲ့ တစ်ယောက် တည်းနေဖို့ မသင့်တော်လို့ တောကဆွေမျိုးတွေဆီကို ပြန်နေမှာတဲ့"

"အေးပါလေ၊ ငါ့ညီမလေး စိတ်ချမ်းသာရင် ပြီးတာပဲ"

ကျွန်မတို့ ညီအစ်မနှစ်ဦး နေထိုင်မည့်အိမ်ကို ရွေးချယ်ခဲ့ပြီး ဖြစ်သည်။ ယခု ကျွန်မသူငယ်များနှင့်အတူ စုပေါင်းငှားရမ်းနေထိုင် သည့် နေအိမ်နှင့်ကပ်လျက်ပင်ဖြစ်သည်။ မော်လမြိုင်မြို့ မောင်း ရပ်ကွက်တွင်ရှိသည်။ ကျွန်မတာဝန်ထမ်းဆောင်နေသည့် ကျောင်းနှင့်လည်း နီးသည်။ (၁၅)မိနစ်ခန့် လမ်းလျှောက်သွားလျှင် ကျောင်းသို့ရောက်ရှိ နိုင်သည်။

(၁၅)နှစ်ခန့် ကျွန်မနေထိုင်ခဲ့ပြီးလည်းဖြစ်၍ ကိုယ့်ဇာတိ ရပ်ကွက်လိုဖြစ်နေသည်။ ပတ်ဝန်းကျင်လည်း အေးချမ်း၍ လူအနေ လည်းသန့်သည်။ ရထားပေါ်တွင် မမနှင့် စကားပြောမဝ နိုင်အောင် ဖြစ်နေခဲ့သည်။ နေမွန်းတိမ်းစအချိန်တွင် ကျွန်မတို့စီးလာသော ရထားမှာ မုတ္တမသို့ ရောက်လာသည်။ မုတ္တမရောက်သည်နှင့် မုတ္တမနှင့် မော်လမြိုင်ကို ဆက်သွယ်ဖောက်လုပ်ထားသည့် သံလွင်တံတားကြီးကို လှမ်းတွေ့ရသည်။ ရထားကသံလွင်တံတားပေါ် ရောက်လာသည်။

"ဒီတံတားကြီးဖွင့်ပြီးကတည်းက မမမော်လမြိုင်ကို တစ်ခေါက်မှ မရောက်ဖြစ်သေးဘူး၊ ရှုခင်းတွေက လှလိုက်တာနော် ညီမလေး"

ရထားကြီး သံလွင်တံတားပေါ်အဖြတ် ရှုခင်းများကို ကြည့်ရင်း မမကပြောလိုက်သည်။ တံတားပေါ်မှ လှမ်းကြည့်လိုက်ရာ ဟိုဝေးဝေး ညာဘက်ယွန်းယွန်း မော်လမြိုင်အနောက်ဘက်တွင် ကလို့တောင်တန်း၊ ဘီလူးကျွန်းကို လှမ်းတွေ့ရသည်။

"ဟိုးမှာ.....လှမ်းတွေ့နေရတာ ကလို့တောင်တန်း၊ ဘီလူးကျွန်းလို့ ခေါ်တယ်။ ချောင်းဆုံမြို့နယ်ပေါ့။ မွန်တိုင်းရင်းသားတွေ အများဆုံးနေတဲ့ ဒေသပေါ့။"

မမကိုရှင်းပြလိုက်သည်။ တဖြည်းဖြည်း မော်လမြိုင်နှင့် နီးလာ သည်။ လက်ဝဲဘက်သို့ လှမ်းကြည့်လိုက်သည်။

"အဲဒါ ခေါင်းဆေးကျွန်း မဟုတ်လား၊ အပေါ်စီးကမြင်ရတဲ့ ရှုခင်းကလှလိုက်တာ"

"ဟုတ်တယ် ခေါင်းဆေးကျွန်းပါပဲ"

"ကျွန်းပေါ်မှာ စေတီတစ်ဆူ ဖူးတွေ့ရတယ်၊ ဘာစေတီလဲ ညီမလေး"

"အဲဒီစေတီရဲ့ မူလဘွဲ့အမည်က ဆံတော်ရှင်လို့ သိရတယ်၊ အခုတော့ သစ္စာမဏ္ဍိုင်လို့ ဘွဲ့အမည်တွင်နေပြီ။

"ညီမလေးက ခေါင်းဆေးကျွန်းအကြောင်း တော်တော်သိနေပါလား"

"ညီလေး မော်လမြိုင်မှာနေတာကြာပြီလေ အဲဒီခေါင်းဆေးကျွန်းပေါ်တော့ နှစ်ခေါက်၊ သုံးခေါက်လောက်သာ ရောက်ဖူးခဲ့တာ ကျွန်းပေါ်က ကျောင်းထိုင်ဆရာတော်ပြောပြလို့ သိခဲ့ရတာ။ ဒီကျွန်းရဲ့ နောက်ခံသမိုင်းက စိတ်ဝင်စားဖို့ကောင်းတယ်။ ပြီးတော့ ထူးဆန်းတာတွေလည်း ကျွန်းပေါ်မှာရှိသေးတယ်။"

"မမလည်း စိတ်ဝင်စားပါတယ်။ ညီမလေးသိသလောက် ပြောပါဦး"

"ညီမလေး ကြားဖူးသမျှ ပြောပြမယ်။ အနော်ရထာမင်းကြီးဟာ ပိဋကတ်တော်များရရှိရေး သုဝဏ္ဏဘူမိကို ချီတက်လုပ်ကြံရာမှာ ပထမအကြိမ် မအောင်မြင်ခဲ့ဘူး၊ ဒုတိယအကြိမ်မှာတော့ ဒီခေါင်းဆေးကျွန်းကို ရောက်လာပြီး ခေါင်းဆေးမင်္ဂလာပြု၊ သစ္စာအဓိဋ္ဌာန်ပြုပြီးတော့မှ သုဝဏ္ဏဘူမိကို ချီတက်လုပ်ကြံတယ် အလွယ်တကူ အောင်မြင်ခဲ့တယ်လို့ ဆိုကြတယ်။ အနော်ရထာမင်းနောက်ပိုင်း ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ဟာလည်း အင်းဝဘုရင်မင်းခေါင်နဲ့ နှစ်(၄၀) စစ်ပွဲဆင်နွှဲရာမှာ ဒီကျွန်းကိုရောက်လာပြီး ခေါင်းဆေးမင်္ဂလာပြုခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုခြင်းများ ပြုလုပ်ခဲ့တယ်လို့လည်း ပြောကြတယ်၊ ပြီးတော့

အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာမှာလည်း ဘားလောင်းတော် အနော်ရထာမင်းကို အစွဲပြုပြီး ဒီကျွန်းမှာ ခေါင်းဆေးမင်္ဂလာပြုခဲ့တယ်တဲ့ အလောင်းမင်းတရား ဦးအောင်ဇေယျဟာ သန်လျင်မြို့ကို ချီတက် လုပ်ကြံရာမှာ မအောင်မြင်လို့ ဒီကျွန်းရောက်လာပြီး နတ်ရေတွင်းမှာ ခေါင်းဆေးမင်္ဂလာပြု၊ အောင်မြေနင်း သစ္စာအဓိဋ္ဌာန်ပြုခြင်းတို့ ပြုလုပ် ခဲ့တယ်။ ပြီးမှသန်လျင်ကို ချီတက်လုပ်ကြံတယ်၊ အလွယ်တကူ အောင်မြင်ခဲ့တယ်လို့ သိရတယ်။

"ညီမလေး ပြောပုံအရဆိုရင် ဒီကျွန်းဟာ သမိုင်းဝင်ကျွန်းပေါ့ စိတ်ဝင်စားဖို့ကောင်းလိုက်တာ"

ဒီကျွန်းရဲ့ နာမည်က (၁၅)ခုလောက်ရှိတယ်လို့ ပြောကြ တယ်။ ညီမလေးမှတ်မိသလောက်ကတော့ ခေါင်းဆေးကျွန်း၊ ပွန်ဇလိုင် ကျွန်း၊ သကြိန်ကျွန်း၊ ပတ္တမြားကျွန်း၊ ကျီးကျွန်းတွေပဲ မမရယ်၊ တခြား နာမည်တွေရဲ့ ဖြစ်စဉ်ကိုတော့ မသိပေမဲ့ ကျီးကျွန်းလို့ ခေါ်တာကိုတော့ သိတယ်၊ ညနေဘက်ဆိုရင် မော်လမြိုင်ပတ်ဝန်းကျင်က ကျီးငှက်တွေ အုပ်ဖွဲ့ပြီး ဒီကျွန်းလာပြီး အိပ်တန်းတက်ကြတာ နံနက်အရုဏ်တက် အိမ်တန်းဆင်းချိန်ဆိုရင် ကျီးငှက်ထောင်ပေါင်းများစွာ ဆူညံပွက်ပဲနေတာ တွေ့ရတယ်။"

"ဒါကြောင့် ကျီးကျွန်းလို့ ခေါ်တာပေါ့ ဟုတ်လား ညီမလေး"

"ဟုတ်တယ်မမရဲ့ ဒီခေါင်းဆေးကျွန်းဟာ မော်လမြိုင်နဲ့မုတ္တမ ကြားမှာရှိပေမယ့် မော်လမြိုင်ဘက်ကမ်းနဲ့ပိုနီးတယ် ကျွန်းပတ်ပတ် လည်မှာ ကျောက်ဆောင်တွေ ဝန်းရံထားတယ် ရေတက်ချိန်ဆို ရေဝဲ အော်သံကြီးတွေလည်း ကြားနေရတယ်။"

"ဒီခေါင်းဆေးကျွန်းက စိတ်ဝင်စားစရာပါပဲလား၊ ညီမလေး ပြောပြတာတွေထဲမှာ ဒီကျွန်းမှာသစ္စာအဓိဋ္ဌာန်ပြုပြီး ဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေအောင်အောင်မြင်မြင် ဖြစ်ခဲ့တယ်နော်။ ဒီတော့ ညီမလေးကို တစ်ခုပြောချင်တယ်။ အိမ်ရောင်းပြီးကတည်းက မိဘတွေအတွက် ရည်စူးပြီး အလှူဒါနလုပ်ဖို့ ရည်ရွယ်ထားတယ်လေ"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ၊ မမရဲ့ မိဘအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုတာပဲ မကြိုက်သလိုသာ စီစဉ်ပါ"

"မမ စဉ်းစားမိတယ်။ တို့မိဘတွေအတွက် ရည်စူးပြီး လုပ်မယ့် အလှူကို အဲဒီခေါင်းဆေးကျွန်းပေါ်မှာ သွားလုပ်ရင် မကောင်းဘူးလား"

"သိပ်ကောင်းတဲ့အကြံပဲ၊ ညီမလေးစီစဉ်ပေးမယ် ညီမလေး လည်း သဘောကျတယ်၊ မမဆန္ဒအတိုင်း ဖြစ်စေရမယ်"

ကျွန်မတို့မှာ မော်လမြိုင်ပြန်ရောက်ပြီး မမမှာကျွန်မနှင့်အတူ လက်ရှိငှားရမ်းနေထိုင်သော အိမ်တွင်ပင် နှစ်ပတ်ခန့်နေခဲ့သည်။ ကျွန်မ ပြောဆိုထားသော အိမ်ကိုအပြီးပိုင်ဝယ်ယူပြီးမှ ညီအစ်မနှစ်ယောက် ကိုယ်ပိုင်အိမ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ကျွန်မတို့ နေထိုင်သော အိမ်ကလေးမှာ ပျဉ်ထောင်၊ သွပ်မိုး၊ တိုက်ခံအိမ်ကလေးသာ ဖြစ်သည်။ အိမ်တက်မင်္ဂလာအဖြစ် သံဃာတော်ငါးပါး ပင့်ဖိတ်ပြီး ဆွမ်းကျွေး ဒါနပြုခဲ့ကြသည်။ အားလုံးအခြေတကျဖြစ်ပြီးမှ မမဆန္ဒအတိုင်း ခေါင်းဆေးကျွန်းတွင် အလှူလုပ်ရန် စီစဉ်ရတော့သည်။

(၁၀)ရက်ခန့်ကြိုတင်၍ ကျွန်မခေါင်းဆေးကျွန်းသို့ သွားခဲ့ သည်။ ဆရာတော်ထံ လျှောက်ထားပြီး အလှူပြုလုပ်မည့်ရက် တောင်းခံ

ရသည်။ ဥပုသ်နေ့၌ ဆွမ်းကျွေးဒါနပြုခွင့်ရခဲ့သည်။ ကျောင်းရှိ သံဃာတော်အားလုံးနှင့် ကျွန်းသို့ရောက်လာသမျှ ဥပုသ်သည်များကို နံနက်စာကျွေးမွေးဒါနပြုမည် ဖြစ်သည်။ ဆရာတော်ထံမှ သတ်မှတ်ရက်ရပြီး ကျွန်မခေါင်းဆေးကျွန်းမှ ပြန်လာခဲ့သည်။

"ဘယ်လိုလဲ အလှူလုပ်ဖို့ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်၊ နောက်တစ်ပတ် ဥပုသ်နေ့မှာ ဆွမ်းကျွေးခွင့်ရတယ်"

"မမတို့ ဒီကနေ ဘာတွေစီစဉ်သွားရမှာလဲ"

"ဟိုမှာ အားလုံးအဆင်ပြေတယ်၊ အိုးခွက်ပန်းကန်ခွက်ယောက် ကျောင်းမှာရှိပြီးသား၊ ချက်ပြုတ်စရာတွေသာ ယူသွားရုံပဲ၊ အဖိတ်နေ့ည ဟိုမှာသွားအိပ်ရမယ်၊ ဒါမှ နောက်တစ်နေ့ အရုဏ်ဆွမ်းမီမှာ"

ကျွန်မက ကျောင်းရှိသံဃာတော် အရေအတွက်နှင့်ရောက်လာနိုင်မည့်ဥပုသ်သည်၊ ဘုရားဖူးသည့်သည် ခန့်မှန်းအရေအတွက် မမကိုပြောပြလိုက်သည်။ အားလုံးသိရှိပြီးသည်နှင့် အလှူအတွက် မမစီစဉ်ပါတော့သည်။ အဖိတ်နေ့ နေ့လယ်ပိုင်းတွင် လှူဖွယ်ပစ္စည်းများနှင့်အတူ ကျွန်မတို့ခေါင်းဆေးကျွန်းကို သွားခဲ့ကြတယ်။ ကျွန်မ၏ သူငယ်ချင်းဖြစ်သူ ဆရာမသန်းသန်းလည်း အတူပါလာသည်။ မော်လမြိုင်ဘက်ကမ်းမှ စက်တပ်သမ္ဗာန်ပေါ်သို့ ပစ္စည်းများတင်ပြီး ခေါင်းဆေးကျွန်းဘက်သို့ ကူးလာကြသည်။

"တို့သုံးယောက်တည်းနဲ့ ချက်ပြုတ်လို့ ဖြစ်ပါတယ်နော် ညီမလေး"

"ဖြစ်ပါတယ်မမရဲ့ တစ်ညလုံးချက်ကြမှာပဲ အစစ အဆင်ပြေအောင် စီစဉ်ပေးမယ်လို့ ဆရာတော် မိန့်ကြားခဲ့သေးတယ် မပူပါနဲ့"

ကျွန်မတို့ ခေါင်းဆေးကျွန်းဘက်သို့ ကူးလာချိန်သည် ရေကျချိန်ဖြစ်နေ၏။ ကျောက်တုံးကျောက်ဆောင်များကို တွေ့နေရသည်။ ကျောက်ဆောင်များကို ကွေ့ပတ်၍ မောင်းနှင်လာသည်။ မကြာမီ ခေါင်းဆေးကျွန်းသို့ ရောက်လာသည်။ ကမ်းကပ်၍ လှေပေါ်မှ ပစ္စည်းပစ္စယများ ချနေစဉ်မှာပင် တဝူးဝူးနှင့် ရေဝဲအော်သံကြီးကြားရချိန်မှာပင် ကုန်းပေါ်မှ ကျောင်းသူ/ကျောင်းသားအရွယ် ငါးဦးလှေဆိပ်သို့ အပြေးဆင်းလာကြသည်ကို လှမ်းတွေ့ရသည်။ ကိုးတန်း၊ ဆယ်တန်း အရွယ်ကလေးများ ဖြစ်မည်ထင်သည်။ စကားတစ်ခွန်းမှ မပြောဘဲ ကျွန်မတို့ပစ္စည်း ပစ္စယများကို ထမ်းသူထမ်း၊ သယ်သူသယ်ဖြင့် ကူညီသယ်ယူသွားကြသည်။

"တွေ့လားမမ ဆရာတော်က လိုအပ်မယ်ထင်လို့ အားလုံးစီစဉ်ပေးလိုက်တာဖြစ်မယ် ချက်ပြုတ်ရေး ဘာမှမပူနဲ့မမ ဘာမှမပူနဲ့တော့"

"လုပ်အားပေး ငါးယောက်တိုးလာတော့ မမတို့သက်သာတာပေါ့၊ သူတို့လေးတွေကလည်း ကုသိုလ်ရတာပေါ့ကွယ်"

ကျွန်မတို့ပစ္စည်းများသယ်၍ ကျွန်းပေါ်သို့ရောက်လာစဉ် ကိုရင်လေးတစ်ပါး ရောက်လာသည်။ ကျွန်မတို့ နေထိုင်ချက်ပြုတ်ရမည့်နေရာကိုပြပေးသည်။ ပြီးနောက် လိုအပ်သော အိုးခွက်ပန်းကန်ခွက်ယောက်များ စာရင်းပြုစု၍ ထုတ်ပေးသည်။ ကျွန်မတို့မလုပ်ရပါ။ ကလေးများကသာ ဝိုင်းဝန်းသယ်ယူပေးကြသည်။ သူတို့အုပ်စု

တွင် ယောကျာ်းလေးသုံးဦးနှင့် မိန်းကလေးနှစ်ဦးပါဝင်သည် ညနေ မှောင်စပျိုးသည်နှင့် ကျီးငှက်အော်မြည်သံများ ဆူညံနေပါတော့သည်။ လုပ်အားပေးရောက်လာသော ကလေးငါးယောက်မှာ သွက်လက်ချက်ချာ အလိုက်သိတတ်ကြသည်။ ရေသယ်သူသယ် ပန်းကန်ဆေးသူဆေးနှင့် အကွက်စေ့စေ့ ကူညီလုပ်ကိုင်ပေးကြသည်။ ထို့နေ့က အ. သုံး အလုပ်ရှုပ်နေကြသဖြင့် ည (၉)နာရီခွဲကျော်မှ ညစာစားဖြစ်တော့သည်။ ထမင်းဝိုင်းပြင်ပြီး သူတို့ကို ထမင်းစားရန်ခေါ်သည်။ မည်သို့ခေါ်ခေါ် သူတို့မစားကြပါ။ နောက်မှစားမည်ဟုသာ ပြောကြသည်။ ကျွန်မတို့သုံးယောက်တည်းသာ ညနေစာ စားကြသည်။

ကျွန်မတို့စားသောက်ပြီးချိန်တွင် သူတို့ရောက်လာပြီး၊ စားသောက်ထားသည့် ပန်းကန်များ သိမ်းဆည်းဆေးကြောပေးကြသည်။ ထမင်းစားသောက်ပြီး နံနက်အရုဏ်ဆွမ်း အချိုပွဲအတွက် သစ်သီးများ ပြင်ဆင်ပေးကြသည်။ လိုးမားတစ်ချောင်းလိုသဖြင့် ကျွန်မ သူငယ်ချင်း သန်းသန်းစေးယူပြီး ပြန်လာသည်။ သန်းသန်း အမူအရာမှာ ထူးခြားနေ၍ ကျွန်မသူ့ကို မေးလိုက်သည်။

"သန်းသန်းစေးသွားယူတာ ဘာတွေ့လို့လဲ၊ နင့်ပုံက တစ်မျိုးဖြစ်နေတယ်"

"ဟိုလေသူတို့ငါးယောက် ထမင်းစားတာ ဆူးနေသလိုပဲ"

"ထမင်းစားတာ ဘယ်လိုထူးနေလို့လဲ"

"ထမင်းကို ပန်းကန်တွေနဲ့ ထည့်မစားကြဘဲ ဒန်အိုးကြီးအဖုံးထဲ ထည့်ပြီး ဝိုင်းစားနေကြတာ"

"ပန်းကန်တွေ ပြန်ဆေးရမှာ စိုးလို့နေမှာပေါ့ဟာ"

"ငါ့စိတ်ထဲမှာ ထူးဆန်းနေသလားလို့ပါ"

လှီးချွတ်ချက်ပြုတ်နေကြရင်း ထိုညတွင် သူတို့မအိပ်ကြပါ၊ ကျွန်မတို့ကိုသာ အိပ်စေပါသည်၊မမကလည်း သူတို့ကို အားနာ၍ အိပ်နိုင်းသည်၊ မအိပ်ကြပါ။

မမက တစ်မှေးလောက် မှေးလိုက်မည်ဟုဆိုကာ ခွေအိပ် လိုက်သည်။ ကျွန်မနှင့်သန်းသန်းမှာ မအိပ်တော့ပါ။ ဆက်လက် ချက်ပြုတ်လုပ်ကိုင်နေခဲ့ကြသည်။ ကျွန်မအလုပ်လုပ်နေရင်း သူတို့ အုပ်စုကို လှမ်းကြည့်လိုက်မိသည်။ ငါးယောကျ်ားသား ထောင့်တစ်နေရာ တွင် ခွေခွေလေး ဖြစ်သလို အိပ်နေကြသည်ကို တွေ့လိုက်ရသည်။ ကျွန်မနှင့်သန်းသန်းတို့မှာ မအိပ်တော့ပါ။ ဆက်လက်ချက်ပြုတ် လုပ်ကိုင်နေခဲ့ကြသည်။

သန်းခေါင်ကျော်အချိန်သို့ပင် ရောက်လာခဲ့ပြီ။ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ချောက်ချားဖွယ်ရာများပင် ဖြစ်နေသည်။ ထိုစဥ်မှာပင် တဝူးဝူးနှင့် ရေဝဲအော်သံများ ကြားလိုက်ရ သည်။ လူခြေတိတ်ဆိတ်ချိန်မို့ ရေဝဲအော်သံကြီးမှာ ပိုမိုကျယ်လောင်စွာ ကြားလိုက်ရသည်။ ရေဝဲအော်သံဆူညံနေစဥ်မှာပင် သူတို့ငါးဦး အိပ်ရာမှ နိုးလာကြသည်။ ရေဝဲအော်သံကြောင့် သန်းသန်းမှာ ကြောက်ရွံ့သည့် ဟန်ပန်ဖြင့် ကျွန်မအနား တိုးကပ်လာသည်။ ထိုစဥ်မမလည်း အိပ်ရာမှ နိုးလာသည်။ အရက်တက်တော့မည် ဖြစ်၏။ အရက်ဆွမ်းအမီ ကြိုတင် ပြင်ကြရတော့သည်။ သူတို့ငါးယောက်လည်း ကူညီလုပ်ကိုင်ပေး ကြသည်။

ကျွန်မတို့ဆွမ်းပွဲ ပြင်ဆင်ပြီးစမှာပင် ကိုရင်လေး ရောက်လာ ၏။ ဆွမ်းပွဲအဆင်သင့်ဖြစ်ကြောင်း ကိုရင်လေးကို လျှောက်ထားလိုက်

သည်။ ကိုရင်လေးပြန်ကြွသွားပြီး မကြာမီ ဆရာတော်နှင့် သံဃာတော်များ ကြွလာသည်။ ကျွန်မတို့ အရဏ်ဆွမ်းကပ်သည်။ ဆွမ်းဘုဉ်းပေးပြီး အချို့ပွဲဆက်ကပ်သည်။ အားလုံးပြီးမှ လှူဒါန်းမှုစုစုအတွက် ရေစက်ချ အမျှပေးဝေသည်။ ကွယ်လွန်သူ မိဘနှစ်ပါးကိုရည်စူး ဒါနပြုသည်ဖြစ်၍ ဆရာတော်က ကျွန်မတို့ မိဘအမည်များကို ထည့်သွင်းပြောကြား အ ျပေးဝေခဲ့သည်။

ရေစက်ချပြီး အမျှဝေရာတွင် သူတို့ငါးယောက်၏ သာဓုခေါ် သံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကျယ်လောင်လွန်းလှသော သူတို့ သာဓုခေါ်သံကြောင့် ဆရာတော်က အံ့သြသည့် မျက်နှာထားဖြင့် သူတို့ငါးဦးမျက်နှာကို လှမ်းကြည့်လိုက်သေးသည်။

ရေစက်ချ အမျှဝေအပြီး ဆရာတော်နှင့် သံဃာတော်များ ကျောင်းပေါ်သို့ ပြန်လည်ကြွသွားတော့သည်။ ထိုအချိန်တွင် မိုးစင်စင် လင်းနေပြီ ဖြစ်သည်။ ဥပုသ်နေ့မို့ ဥပုသ်သည်နှင့် ဘုရားဖူးများ တဖွဲဖွဲ ရောက်လာကြသည်။ ဥပုသ်သည်များအား ကျောင်းပေါ်တွင် ဆရာတော်က သီလပေးသည်။ သီလပေးရင်း ကျွန်မတို့ နံနက်စာ အလှူကို အသိပေးပြောကြားခဲ့တယ်။ ဆရာတော် သီလပေးပြီးသည်နှင့် ဥပုသ်သည်များ ကျွန်မတို့ ဒါနပြုရာဇရပ်သို့ ရောက်လာကြသည်။ ရောက်လာသမျှ လူအားလုံးကို ကျွန်မတို့က နံနက်စာဖြင့် ဒါနပြု ကျွေးမွေးပါသည်။ ခန့်မှန်းထားသည်ထက် လူများပိုမို ရောက်လာကြ သည်။ မမက ပိုပိုမိုမို စီစဉ်ထားခဲ့သဖြင့် လောက်အေဆင်ပြေခဲ့သည်။ (၁၂)နာရီနီးတော့မှ ကျွေးမွေးဒါနပြုမှု ပြီးပြတ်သွားတော့သည်။ လူရှင်းသလောက် ဖြစ်သွားသည်။

အားလုံးပြီးစီးတော့မှ ကျွန်မတို့နံနက်စာစားရန် သတိရတော့

သည်။ ကျွန်မတို့ နံနက်စာစားကြစဉ် သူတို့ငါးယောက်ကိုလည်း အတူစားရန်ခေါ်သည်။ မဆာသေးဟုဆိုပြီး ပန်းကန်ခွက်ယောက် များဆေးကြောနေကြသည်။ စားသောက်ပြီးစီး၍ ပစ္စည်းများသိမ်းဆည်း နေချိန်တွင် ကိုရင်လေးရောက်လာသည်။ ဆရာတော်ကြီးက ကျွန်မတို့ ညီအစ်မကို အခေါ်ခိုင်းလိုက်ကြောင်းပြောသည်။ သန်းသန်းကိုထား ရစ်ခဲ့ကာ ကျွန်မတို့ကျောင်းပေါ် လိုက်သွားကြသည်။ သူတို့ငါးဦး ပန်းကန် ခွက်ယောက်များ ပွတ်တိုက်သန့်ရှင်းရေးလုပ်ရင် ကျန်ရစ်ခဲ့သည်။

လမ်းတွင်ရုပ်ပွားတော်စေတီ တစ်ဆူဖူးတွေ့ရသည်။ ထိုရုပ်ပွား တော်ရှေ့တွင် တစ်ပင်လုံး ပွင့်ခဲနေသော ဆီးဖြူပင်ကြီးတစ်ပင် တွေ့ရသည်။ ကျွန်မက မမကို ရှင်းပြလိုက်သည်။

"ဆီးဖြူပင်တွေ သဘာဝက မိုးရာသီမှာ အသီးသီးလေ့မရှိဘူး ဒါပေမဲ့ဒီကျွန်းပေါ်မှာတော့ သုံးရာသီစလုံး သီးနေတယ် မိုးတွင်းမှာ လည်း သီးနေတာပဲ"

"ဒီကျွန်းက ထူးဆန်းတာတွေ အများသားပါလား"

ကျွန်မတို့ စကားတပြောပြောဖြင့် ဆရာတော်ကျောင်းသို့ ဆက်သွားကြ၏။ သစ္စာမဏ္ဍိုင်စေတီတော် ထောင့်လေးထောင့်တွင် ခက်လက်ဝေဆာ အုပ်ဆိုင်းနေသော တောင်လုံးကျော် ပင်ကြီးများကို တွေ့ရသည်။ ကျွန်မတို့ စိတ်ဝင်စားမှန်း သိနေသဖြင့် ကိုရင်လေးက ကျွန်မတို့ကို ရှင်းပြသည်။

"ဒီတောင်လုံးကျော် အပင်တွေက ထူးဆန်းတယ်၊ အပင်ရဲ့ အမြစ်ကို လက်နဲ့ဆုပ်ထားပြီးရင် တစ်ပတ်လောက်အထိ လက်မှာ မွှေးရနံ့မပြယ်ဘဲ စွဲကျန်နေတယ် ဒကာမကြီး"

ဆရာတော်ကျောင်းရှေ့အရောက် မျက်နှာစာတွင် အပွင့်အသီး အရွက်အကိုင်းနှင့် အမြစ်များပါမကျန် တစ်ပင်လုံးကတွဲပါရောင် နီမြန်းနေသော မာလကာသီးပင်နှစ်ပင်ကို ထူးဆန်းစွာတွေ့ရပြန်သည်။ ကျွန်မတို့ကျောင်းပေါ်ရောက်ချိန်တွင် ဆရာတော်ကို အဆင်သင့် ဖူးတွေ့ရသည်။ ဆရာတော်က ကျွန်မတို့အလာကို စောင့်ဆိုင်းနေဟန်တူသည်။ ကျွန်မတို့ ဦးချပြီးချိန်တွင် ဆရာတော်ကမေးသည်။

"ဒကာမကြီးတို့ အားလုံးအဆင်ပြေတယ် မဟုတ်လား"

"အားလုံးအဆင်ပြေပါတယ် ဘုရား၊ ညွှန်သည်တွေက မှန်းထားတာထက်ပိုရောက်လာတယ်၊ တပည့်တော်မတို့ သုံးယောက် တည်းဆိုမနိုင်ဘူး၊ လုပ်အားပေးကလေးငါးယောက် ဆရာတော်စီစဉ်ပေးခဲ့လို့ အဆင်ပြေခဲ့တာ၊ သူတို့ငါးယောက် အပင်ပန်းခံပြီး ကူညီပေးကြပါတယ် ဘုရား"

"ဘယ်ကလုပ်အားပေး ငါးယောက်လဲ အဲဒီငါးယောက်က ဒကာမကြီးတို့ ခေါ်လာတာမဟုတ်လား၊ ဘုန်းကြီးစီစဉ်ပေးတာ မဟုတ်ဘူး"

"တပည့်တော်မတို့ ခေါ်လာတာမဟုတ်ပါဘူး၊ တပည့်တော်မတို့လှေ ဒီကျွန်းကိုဆိုက်ပြီး ပစ္စည်းတွေလှေပေါ်ကချနေတုန်း သူတို့ ကျွန်းပေါ်က ပြေးဆင်းလာကြတာ၊ တပည့်တော်မတို့က အခြေအနေသိလို့ ဆရာတော်ကြိုတင်စီစဉ်ပေးထားတာလို့ ထင်နေခဲ့ကြတာ"

"ဘုန်းကြီး ရေစက်ချအမျှပေးတုန်းက သူတို့သာဓုခေါ်ကြတယ်၊ သူတို့သာဓုခေါ်သံက ,ထူးနေတာမို့ စိတ်ထဲမသင်္ကာလို့ ခုလို ခေါ်မေးရတာ၊ အဲဒီကလေးငါးယောက် ဘုန်းကြီးစီစဉ်ပေးတာ

မဟုတ်ဘူး သူတို့ပုံစံတွေကထူးနေတော့ ဘုန်းကြီးစိတ်ထဲ တစ်မျိုးဖြစ်နေ တယ်လေ''

''ထမင်းကျွေးတော့လည်း ပန်းကန်နဲ့မစားဘူး စလောင်းဖုံး ကြီးထဲ ထည့်စားကြတယ်။ သူတို့ဘယ်ကရောက်လာတာလဲ ဘုရား၊ တပည့်တော်မတို့ ကြောက်လာပြီ''

မမကကြောက်ရွံ့စွာ လျှောက်တင်သည်။ ကျွန်မလည်း ယခုမှ ကြောက်စိတ်ဝင်လာမိသည်။

''ဒါနဲ့ သူတို့ ဘယ်လိုရောက်လာတာလဲ ပြန်ပြောပါဦး''

''သူတို့ရောက်လာပုံက ဒီလိုပါဘုရား တပည့်တော်မတို့လှေ ဒီကျွန်းကိုဆိုက်ပြီး ပစ္စည်းတွေချဖို့လုပ်နေတုန်း ရေဝဲအော်မြည်သံကြီး ရုတ်တရက်ကြားရတယ်၊ အဲ့ဒီရေဝဲအော်သံနဲ့အတူ သူတို့ငါးယောက် ကုန်းပေါ်ကပြေးဆင်းလာပြီး ပစ္စည်းတွေ ဝိုင်းသယ်ပေးကြတယ်''

''ရေဝဲအော်သံကြီးနှင့်အတူ ရောက်လာတဲ့သူတွေပေါ့''

''ဟုတ်ပါတယ် ဘုရား''

''အခု သူတို့ရှိသေးလား''

''ဇရပ်မှာ ရှိပါတယ် တပည့်တော်တို့ ဒီကျောင်းပေါ်တက်လာ တော့ သူတို့ပန်းကန်ခွက်ယောက်တွေ ဆေးကြောသန့်စင်ရင်း ကျန်နေ ခဲ့တာ''

''ဘုန်းကြီး သူတို့ကိုတွေ့ချင်တယ် လာသွားကြရအောင်''

ဆရာတော် ဦးဆောင်ကာ ကျွန်မတို့ ကျောင်းပေါ်မှ ဆင်းလာ ကြသည်။ လမ်းခုလတ်အရောက်တွင် ဇရပ်တွင်ကျန်ရစ်ခဲ့သော ကျွန်မ

သူငယ်ချင်းသန်းသန်း ကျွန်မတို့ထံ ခပ်သွက်သွက် လျှောက်လာသည်ကို လှမ်းတွေ့ရသည်။

"ဈေးကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်ရတာလဲ တို့ဆီကိုလာတာလား"

"ဟို……..ဟို ငါးယောက် မနေ့ကလိုပဲ ဒန်အိုးစလောင်းဖုံးကြီး ပြောင်းပြန်လှန်ပြီး ထမင်းထည့်စားနေကြတာ ထပ်တွေ့ရလို့ ငါတစ်ယောက်တည်းကြောက်လို့ နင့်တို့ဆီကို လိုက်လာတာ"

"သူတို့ ရှိနေတယ်မဟုတ်လား"

"ထမင်းစားနေကြတာ"

"လာ…..အတော်ပဲ၊ ဆရာတော်ပါ ပါတယ်၊ ဆရာတော်လည်းသူတို့နဲ့ တွေ့ချင်နေတာ ဇရပ်ကို သွားကြမယ်"

ကျွန်မတို့ ဇရပ်အဝင်အဝရောက်မှာပင် ရေဝဲအော်သံကြီးကိုကြားလိုက်ရတယ်။ ဇရပ်တစ်ဆောင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ မည်သည့်လှုပ်ရှားမှုမှ မတွေ့ရသလို မည်သည့်အသံဗလံမျှလည်း မကြားရတော့ပေ။ ဇရပ်ပေါ်ရောက်ခဲ့သော်လည်း သူတို့ငါးယောက်စလုံးပျောက်နေသည်။ ရေဝဲအော်မြည်သံနှင့်အတူ ပျောက်ကွယ်သွားကြပြီထင်သည်။ ဇရပ်အနှံ့ လိုက်လံရှာဖွေသော်လည်း လုံးဝ အစအနပင် မတွေ့ရတော့ပေ။

"သန်းသန်း နင်ပြောတော့ သူတို့ရှိနေတယ်ဆို"

"ဟုတ်ပါတယ် ငါထွက်လာတော့ သူတို့ထမင်းစားနေတာ"

လူတစ်ယောက်မှ မတွေ့ရတော့သော်လည်း အိုးခွက်ပန်းကန်

ဖွန်းစသည်တို့မှာ သူ့အမျိုးအစားအလိုက် သန့်ရှင်းသပ်ရပ်စွာစီထားသည်ကို အံ့ဩဖွယ်တွေ့လိုက်ရသည်။

"ဟယ်……အံ့ပါရဲ့ ငါထွက်လာတုန်းက အိုးခွက်ပန်းကန်တွေက ပြန့်ကျဲနေတာ ဘာမှတညီတညာမစီရသေးဘူး ခုတော့……"

သန်းသန်း စကားမဆက်နိုင်တော့ပါ။ ကျွန်မဆရာတော်မျက်နှာကို လှမ်းကြည့်လိုက်သည်။

"တော်တော်ကို ထူးဆန်းတဲ့အဖြစ်ပါပဲ၊ ထူးဆန်းတဲ့ဖြစ်ရပ်ဓဂ္ဂိရဆန်တဲ့ ကိစ္စမျိုးတွေဖြစ်ခဲ့ဖူးပေမယ့် ဒီလိုအဖြစ်မျိုးမကြုံဖူးဘူး ပရလောကသားတွေ ထင်တယ်၊ သူတို့လည်း ကုသိုလ်လိုချင်လို့ ကိုယ်တိုင်ဝင်ပြီး လုပ်ခဲ့ကြတာ ထင်ပါရဲ့၊ သူတို့သာစုခေါ်ချင်လွန်းလို့ ရောက်လာကြတာ၊ သူတို့သာစုအကျယ်ကြီးခေါ်တာ ဒကာမကြီးတို့ကြားခဲ့ကြတယ် မဟုတ်လား၊ ဒကာမကြီးတို့နဲ့ ပဋ္ဌာန်းဆက်များရှိခဲ့လေသလား မပြောတတ်တော့ဘူး။ ဒကာမကြီးတို့ ပေးဝေတဲ့အမျှကုသိုလ်ရလို့ ပြန်သွားကြပြီပေါ့။ ကဲ….ကဲ…ပြန်ကြပေတော့၊ ဇွန်းတွေ ကိုရင်လေးလာသိမ်းလိမ့်မယ်၊ လှေဆိပ်အထိ လိုက်ပို့ပေးမယ်"

ကျွန်မတို့သုံးဦးတွင် အဝတ်အစားအပို တစ်စုံစီထည့်ထားသည့် အိတ်တစ်လုံးသာ ပါလာသည်။ ထိုအိတ်ကို သန်းသန်းကကောက်လွယ်လိုက်သည်။ ဆရာတော်နှင့်အတူ လှေဆိပ်သို့ ဆင်းလာကြသည်။ လှေဆိပ်အရောက်တွင် မနေ့ကကျွန်မတို့ စီးလာသည့်လှေကို အဆင်သင့်တွေ့ရသည်။ ကျွန်မတို့ ကြိုတင်အကြောင်းကြားထား၍

လာရောက် စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ကျွန်မက မနေနိုင်တော့ဘဲ လှေမောင်းသည့် ဦးကြီးကို မေးလိုက်မိသည်။

"ဒီမှာဦးလေး စောစောက ကိုးတန်း၊ ဆယ်တန်းအရွယ် ယောကျာ်းလေးသုံးယောက်နဲ့ မိန်းကလေးနှစ်ယောက် မော်လမြိုင်ဘက်ကမ်းကူးသွားတာ တွေ့မိသေးလား"

"တူမကြီးတို့ မှာထားလို့ လှေဆိပ်မှာ စောင့်နေတာကြာလှပြီ၊ မနေ့တုန်းက ပစ္စည်းတွေဝိုင်းသယ်ပေးတဲ့ ကလေးတွေ မဟုတ်လား မတွေ့မိပါဘူး၊ ဒီကလေးငါးယောက် မှတ်မိပါတယ်၊ လှေဆိပ်ဆင်းတဲ့လမ်းက ဒီတစ်လမ်းပဲရှိတာ ဘာဖြစ်လို့မေးတာလဲ၊ သူတို့ကို စောင့်နေရဦးမှာလား"

"ဘာမှမဟုတ်တော့ပါဘူး၊ တွေ့မိလားလို့ မေးကြည့်တာပါ၊ စောင့်ဖို့ မလိုတော့ပါဘူး"

လှေသမားဦးကြီးက နားမလည်နိုင်သော မျက်နှာဖြင့် ကျွန်မကို လှမ်းကြည့်လိုက်သည်ကို သတိထားမိလိုက်သည်။

"ကဲ……ကဲ ပြန်ကြပေတော့၊ ရေဝဲအော်သံကြီးနဲ့အတူ ရောက်လာပြီး ရေဝဲအော်သံကြီးနဲ့အတူ ပျောက်ကွယ်သွားတဲ့ သူတို့အတွက် ဒကာမကြီးကို အမျှအတန်းပေးဝေခဲ့ပြီးပြီပဲ၊ ကောင်းတယ်လို့သာ မှတ်ပေါ့"

"သဘောပေါက်ပါပြီဘုရား ဆရာတော့် ခေါင်းဆောင်ကျွန်းမှာ အလှူလာလုပ်ရတာ ဆန်းကြယ်တဲ့ အဖြစ်နဲ့ကြုံခဲ့ရပါတယ်ဘုရား"

"ဒီကျွန်းက ထူးဆန်းတာတွေ အများသားပဲ နတ်ရေတွင်းဆို

တာလည်းရှိသေးတယ်၊ နောက်လာခဲ့ဦးပေါ့၊ နတ်ရေတွင်း အကြောင်း စိတ်ဝင်စားသွားမယ် ဘုန်းကြီးရှင်းပြပေးမယ်"

"အသေအချာ လာခဲ့မယ်ဘုရား၊ တပည့်တော်မတို့ကို ခွင့်ပြုပါဦး"

ဆရာတော်အား ဦးချကန်တော့ပြီး ခေါင်းဆေးကျွန်းမှ မော်လမြိုင်ဘက်ကမ်းသို့ ကူးလာကြသည်။ အားလုံးနှုတ်ဆိတ်နေကြ၏။ ရေဝဲအော်သံကြီးကြားရဦးမည်လားဟု စိုးရိမ်ခဲ့သော်လည်း မော်လမြိုင်ဘက်ကမ်း ရောက်သည်အထိ ရေဝဲအော်သံကြီး မကြားရတော့ပါ။

*မောင်မောင်စိုးအောင်*


မောင်မောင်မိုးအောင်
လှည့်စားတတ်သူတို့ရွာ

# လှည်းစားတတ်သူတို့ရွာ

"အခုပေးတဲ့ ညကြေးက ကျေနပ်လောက်စရာပါ၊ ဒါပေမယ့် ခရီးဝေးလွန်းတော့ ကျွန်တော်တစ်ယောက်တည်းနဲ့ ဆုံးဖြတ်လို့မရဘူး၊ ဖာတ်ပိုင်ရှင်နဲ့ တိုင်ပင်ရဦးမယ်"

"ကျုပ်တို့ရွာသားတွေကလည်း ဒီဖာတ်မှ ဒီဖာတ်ဖြစ်နေတယ်၊ ဒီဖာတ်ကို ကြိုက်တဲ့ဈေးပေးပြီး ရအောင်ငှားခဲ့ပါဆိုလို့ လာခဲ့တာ အသွားအပြန် ခရီးကုန်ကျစရိတ်၊ ရွာမှာလမ်းမှာ စားသောက်စရိတ် အားလုံးကျုပ်တို့ တာဝန်ယူပါတယ်"

"စရိတ်တွေတာဝန် ယူတာကတော့ ဟုတ်ပါပြီ၊ လမ်းခရီး လုံခြုံမှုလည်း ရှိသေးတယ်"

"ဒီအတွက်လည်း ကျုပ်တို့ တာဝန်ယူတယ်၊ တစ်ခုခုဖြစ်ရင် ပစ္စည်းအားလုံးအတွက် တန်ရာတန်ကြေးလျော်ပေးပါ့မယ်၊ စာချုပ်ထဲထည့်လိုက်ပေါ့"

"ကောင်းပြီလေ ဖာတ်ပိုင်ရှင်နဲ့ တိုင်ပင်ပြီး အကြောင်းပြန်ပါ့မယ်၊ ဒါနဲ့ဆရာတို့ ဘယ်မှာတည်းကြလဲ၊ ဆက်သွယ်ရလွယ်အောင် လို့မေးထားတာပါ"

"ကျုပ်တို့တည်းခိုတဲ့နေရာ သိဖို့မလိုပါဘူး၊ ဘယ်နေ့ပြန်လာရမလဲဆိုတာသာ ပြောပါ"

"ဒါဆို သန်ဘက်ခါလောက် ပြန်လာခဲ့ပါ။"

"ကောင်းပြီ ပြန်လာခဲ့ပါ့မယ်"

မြန်မာပြည် လွတ်လပ်ရေးရပြီး ဆယ်နှစ်ကျော်အချိန်ခန့်ဖြစ်သည်။ (၁၉၅၈)ခုနှစ် ဝန်းကျင်ကာလလောက်ဖြစ်သည်။ ဇာတ်သဘင်အဖွဲ့များ၊ အပြိုင်အဆိုင် တည်ထောင်ကပြနေသော ကာလလည်းဖြစ်သည်။ မော်လမြိုင်မြို့တွင် ဇာတ်သဘင်အဖွဲ့များ ရှိသည့်အနက် "စက္ကြာင်းစိန်" ဇာတ်သဘင်အဖွဲ့သည် နာမည်ကျော်အဖွဲ့ တစ်ဖွဲ့ဖြစ်သည်။ ကျွန်တော်က ဇာတ်စီးဖြစ်သည်။ တက္ကသိုလ်ဦးပါဆိုလျှင် လူတိုင်းသိကြပြီးဖြစ်သည်။ ကျွန်တော့်ဇာတ်တွင် နံမည်ကျော် လူရွှင်တော်များဖြစ်သည့် လိပ်ဖူး၊ ကျောက်စိမ်း၊ တရုတ်ဖြူ စသည့် လူရွှင်တော်များ ပါဝင်သည်။ လူရွှင်တော် တရုတ်ဖြူမှာ နာမည်နှင့်ဆန့်ကျင်ဘက် အသားမည်းနက်နေသူ ဖြစ်သည်။ လူရွှင်တော်များမှာ မွန်/မြန်မာ ဘာသာစကားနှစ်ဘာသာပြက်လုံး ထုတ်နိုင်သူများဖြစ်သည်။ မွန်ရွာရောက်လျှင် မွန်ဘာသာဖြင့် ပြက်လုံးထုတ်နိုင်ကြသည်။ ခေါင်းဆောင်မင်းသမီး ရွှေမြိုင်ကျင်သန်းမှာလည်း ရုပ်ရည်ချောမော၍ အဆိုကောင်း၊ အငိုကောင်းဖြစ်သည်။ အရှေ့ပိုင်းပြဇာတ်တွင် သာမက နောက်ပိုင်းဇာတ်ထုပ်လည်း ပိုင်နိုင်သူဖြစ်သည်။ ခေါင်းဆောင်မင်းသား စက္ကြာင်းစိန်မှာလည်း အဆိုကောင်း၊ အငိုကောင်း၊ အကကောင်း၊ အသံကောင်း၊ ရုပ်ချောမင်းသားဖြစ်သည်။ ထိုအကြောင်းများကြောင့်ပင်

ကျွန်တော် ဘက္ကသိုလ်ဦးပါဦးစီးသော စက္ကင်းစိန်ဇာတ်အဖွဲ့ ထင်ပေါ် ကျော်ကြားနေခြင်းဖြစ်သည်။ မော်လမြိုင်၏ ပတ်ဝန်းကျင်သာမက ရေး၊ မြိတ်၊ ထားဝယ်၊ မြို့များအထိ နာမည်ထင်ရှားနေသည်။

ယခုလည်း ထားဝယ်မြို့အလွန် ကံပေါက်အနီး ကုက္ကိုရွာမှ လူကြီးနှစ်ဦးမော်လမြိုင်သို့ ရောက်လာပြီး ကျွန်တော်တို့ စက္ကင်းစိန် ဇာတ်အဖွဲ့ကို ကြိုက်ချေးပေး၍ လာရောက်ငှားရမ်းကြခြင်းဖြစ်သည်။ နှစ်ညပွဲခွင်ဖြစ်ပြီး ညကြေးကို ပေါက်ဈေးထက် သုံးဆပို၍ပေးခဲ့ ကြသည်။ စားသောက်စရိတ်၊ ခရီးစရိတ်ကိုလည်း တာဝန်ယူကြ သည့်အပြင် လမ်းခရီးလုံခြုံရေးအတွက်လည်း တာဝန်ယူမည်ဟု ဆိုကြသည်။ ကျွန်တော်လည်း ဇာတ်ပိုင်ရှင်ထံ သွားရောက်တင်ပြ လိုက်သည်။ ယခင်ကပွဲငှားလျှင် ဇာတ်စီးဖြစ်သော ကျွန်တော့် သဘောပင်ဖြစ်သည်။ ငွေရေးကြေးရေး စာချုပ်/စာတမ်းမှအစ ကျွန်တော်ကပင် စီမံဆောင်ရွက်ခဲ့သည်။ ယခုညကြေးသုံးဆရမည် ဆိုသော်လည်း ခရီးဝေးလွန်းသဖြင့် ကျွန်တော်တစ်ဦးတည်း မဆုံး ဖြတ်တော့ဘဲ ဇာတ်ပိုင်ရှင်ထံ တင်ပြလိုက်ခြင်းဖြစ်သည်။ ကုက္ကိုရွာ ကိုလည်း မရောက်ဖူးပါ။ ကန်ပေါက်မှ တစ်ဆင့်သွားရမည်ဟုသာ သိရသည်။ စရိတ်ငြိမ်း ညကြေးသုံးဆရမည်ဖြစ်၍ ဇာတ်ပိုင်ရှင်နှင့် မင်းသားစက္ကင်းစိန်တို့ကလည်း သဘောတူခဲ့ကြသည်။ ချိန်းဆို ထားသောနေ့ရက်တွင် ပွဲငှားသူများ ထပ်မံရောက်လာကြသည်။ ဇာတ်ပိုင်ရှင်သဘောတူညီကြောင်း ကျွန်တော်ပြောလိုက်သည်။

"ကျုပ်တို့ ကုက္ကိုရွာသားတွေက ဒီဇာတ်မှဒီဇာတ် ဖြစ်နေကြ တာ ကျုပ်တို့ပေးတဲ့ ညကြေးသဘောတူရင် စာချုပ်သာလုပ်ပေး တော့"

ဤသို့ဖြင့် ကျွန်တော်တို့စာတ်အဖွဲ့ မော်လမြိုင်မှ ထားဝယ်သို့မော်တော်ယာဉ်ကြီး လေးစီးဖြင့် ခရီးထွက်လာကြသည်။ ခေတ်ကာလ အခြေအနေအရ လမ်းတွင်တစ်ခုခု ဖြစ်လေမလား စိုးထိတ်မိသော်လည်း မည်သည့်ပြဿနာမှ မဖြစ်ခဲ့ပေ။ ထားဝယ်ရောက်ပြီးခေတ္တနားကာ ကန်ပေါက်ဘက်သို့ ခရီးဆက်ခဲ့ကြပြန်သည်။ ကန်ပေါက်လမ်းမကြီးဘေး တစ်နေရာတွင် ကားများရပ်တန့်လိုက်သည်။ ကားလမ်းဘေးတွင် နွားလှည်းအစီးနှစ်ဆယ်ကျော်ခန့် ကျွန်တော်တို့ စာတ်အဖွဲ့အား လာရောက်ကြိုဆိုနေသည်ကို တွေ့ရသည်။ ပွဲငှားသူများသူတို့ ရွာနှင့်မည်ကဲ့သို့ အဆက်အသွယ်လုပ်ထား၍ယခုကဲ့သို့လာရောက်ကြိုဆိုနေသည်ကို မတွေးတတ်တော့ပေ။ လှည်းများကိုတွေ့၍ အံ့သြနေကြသည်။ ကားပေါ်မှ စာတ်သေတ္တာနှင့်ပစ္စည်းများ လှည်းပေါ်သို့ ပြောင်းတင်ကြသည်။ ကန်ပေါက်မှကုတ္တိုရွာသို့ လှည်းလမ်းသာ ပေါက်သည်ဟု သိရသည်။ ဖုန်တထောင်းထောင်းဖြင့် ခရီးဆက်ခဲ့ကြသည်။ မရောက်ဖူးသေးသောဒေသမို့ ကျွန်တော့်အတွက် အသစ်အဆန်းများ ဖြစ်နေခဲ့သည်။ ကန်ပေါက်မှ ကုတ္တိုရွာသို့ တစ်မနက်ခရီးဖြစ်သည်။ ကျွန်တော်တို့ကုတ္တိုရွာရောက်ချိန်တွင် နေမွန်းတိမ်းစ အချိန်ဖြစ်သည်။ ရွာမှာတောင်နှစ်လုံးကြားတွင်ရှိသော ရွာတန်းရှည်ကြီးဖြစ်သည်။ အိမ်ကြီးအိမ်ကောင်းများဖြင့် စည်ကားလှသော ရွာကြီးဖြစ်သည်။ ရွာပတ်ပတ်လည်တွင်ကုတ္တိုပင်ကြီးများ ပတ်ဝိုင်းအုံ့မှိုင်းနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ရောက်ချိန်တွင် ကပြမည့်စာတ်စင် တည်ဆောက်နေဆဲဖြစ်သည်။ မနက်ဖြန်ညမှ စတင်ကပြမည်ဖြစ်သည်။ ယနေ့ညတစ်ည နားရမည်ဖြစ်သည်။

အမျိုးသမီးများကို စာသင်ကျောင်းတွင်လည်းကောင်း၊ အမျိုးသားများကို ဘုန်းကြီးကျောင်းတွင်လည်းကောင်း၊ နေရာချထားပေးသည်။ ကျွန်တော်ကပင် စီစဉ်ပေးရသည်။ ဘုန်းတော်ကြီးကျောင်းမှာ ရွာစွန်တွင်ရှိသည်။ ကြီးမားသော ဘုန်းတော်ကြီးကျောင်းဖြစ်သည်။ ကျောင်းရှေ့တွင် ကြီးမားသော ကုက္ကိုပင်ကြီးနှစ်ပင်ကို တွေ့ရသည်။ ပင်ပန်းခဲ့သဖြင့် ထိုညက ကျွန်တော်တို့ နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်သွားခဲ့သည်။ နောက်တစ်နေ့ နံနက်စောစောမှစ၍ ဓာတ်စင်ကို ပြင်ဆင်ရသည်။ ကျွန်တော့်မှာ ဓာတ်စီးဖြစ်၍ ကိစ္စအားလုံး တာဝန်ရှိသူဖြစ်သည်။ ညနေစောင်းတော့မှ အားလုံးပြင်ဆင်ပြီးသွားတော့သည်။ ပွဲကရန်အဆင်သင့် ပြင်ဆင်ပြီးမှ စိတ်ထဲအေးသွားရသည်။ ယနေ့ညနေ ရွာမှချက်ကျွေးသော ဟင်းကို မင်းသားကမကြိုက်သဖြင့် ဟင်းဝယ်ရန် ပွဲဈေးတန်းဘက်သို့ ထွက်လာခဲ့သည်။ ပွဲဈေးတန်းမှာ ရှည်လျားစည်ကားလှသည်။ ဓာတ်စင်ပတ်ပတ်လည် လှည်းတန်းကြီးများဖြင့် ဝိုင်းရံနေသည်ကို တွေ့ရသည်။ ရွာနီးချုပ်စပ်မှ ပွဲလာကြည့်ကြသည် ထင်သည်။ ဓာတ်စင်နှင့်မလှမ်းမကမ်းတွင် ရောင်းချပေးနေသော ထမင်းဆိုင်ထဲ ဝင်ခဲ့ကြသည်။ ပြောင်လက်နေသော ဒန်အိုးများ အစီအရီ တင်ထားသည်ကိုလည်း တွေ့လိုက်ရသည်။

"ကြက်သားဟင်းရှိလား"

"ကြက်သားဟင်းတော့မရှိဘူး၊ ဝက်သားဟင်းပဲရှိတယ်"

ဓာတ်ကထွက်လာစဉ် ဓာတ်အဖွဲ့များ ဝက်သားမစားရပေ၊ ချက်လည်းမချက်ရပေ။

"ဟိုဘက် ဆိုင်တွေလိုက်ကြည့်ဦးမလား"

"လာပါကွာ၊ ပြန်ကြမယ်၊ ဓာတ်စင်မှာ တို့နှစ်ယောက်စလုံး မရှိလို့မဖြစ်ဘူး တစ်ယောက်ယောက် ရှိနေမှ ဖြစ်မယ်"

မင်းသားကို လက်ဆွဲပြီး ဓာတ်စင်ရှိရာသို့ ပြန်လာခဲ့ကြသည်။ မင်းသားစက္ကင်စိန်မှာ ကြက်သားဟင်းကြိုက်သူဖြစ်သည်။ ဟင်းမကောင်း၍ မစားနိုင်ပါ။ မင်းသားအကြောင်း ကျွန်တော်ကောင်းကောင်းသိသည်။ မင်းသားနှင့် ကျွန်တော့်မှာ ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သူများလည်းဖြစ်သည် ကျွန်တော်မကြည့်ရက်တော့ပါ။

"မင်းဒီလောက် ကြက်သားဟင်း စားချင်ရင် ငါသွားဝယ်ပေးမယ်"

ချိုင့်ဆွဲပြီး ကျွန်တော် ပွဲဈေးတန်းဘက်သို့ ထွက်လာခဲ့သည်။ စောစောက ကျွန်တော်တို့ ကြက်သားဟင်း ရှိ/မရှိမေးသော ဆိုင်ရှေ့မှာဖြတ်သွားစဉ်......

"ဒီမှာ စောစောက ကြက်သားဟင်းမေးတာ ခင်ဗျားမဟုတ်လား၊ ကြက်သားဟင်းရပြီ"

"ကြက်သားဟင်းရပြည်ဆို၍ ကျွန်တော်ဆိုင်ထဲဝင်သွားလိုက်သည် လွန်ခဲ့သော မိနစ်အနည်းငယ်က ကြက်သားဟင်း မရှိဟုပြောခဲ့သည့်ဆိုင်ဖြစ်သည်။ ဟင်းအိုးများကို ကျွန်တော်ဖွင့်ကြည့်လိုက်သည်။ ကြက်သားဟင်းများ အပြည့်ရှိနေသည်ကို ကျွန်တော်တွေ့လိုက်ရသည်။ ကျွန်တော်အံ့သြသွားမိသည်။ ဤမျှ မြန်မြန်ဆန်ဆန် ဟင်းအိုးများ ကြက်သားဟင်းများ ပြည့်နေသည်ကို မတွေးတတ်တော့ပေ။ ကျွန်တော် ကြက်သားဟင်းနှစ်ပွဲဝယ်၍ ပြန်လာသည်။ မင်းသားမှာ ထမင်းစားလက်စပင် ရှိနေသည်။

"ဟင်·····အပါ၊ မင်းပြန်လာတာ မြန်လှချေလား၊ ကြက်သားဟင်း ရခဲ့ရဲ့လား"

"စောစောက ဒို့နှစ်ယောက် ဝင်မေးခဲ့တဲ့ဆိုင်ကပဲ ဝယ်လာတာ၊ ဒို့သွားမေးတုန်းက ကြက်သားဟင်း မရှိဘူးလို့ပြောခဲ့ပေမယ့် ငါထပ်ရောက်သွားတော့ ကြက်သားဟင်းတွေ ဒန်အိုးအားလုံး အပြည့်ပဲ"

"ဘာ···ဘယ်လို····စောစောကဆိုင်ပဲ ဟုတ်လား၊ ဝက်သားဟင်းတွေပဲ ရှိခဲ့တာ၊ တော်တော်ဟူးနေပါလား"

"စားမှာသာစားစမ်းပါကွာ၊ စားပြီးရင် ဒို့နှစ်ယောက် ပွဲဈေးဘက်ကို ခဏလောက်သွားရအောင်၊ ဒီမှာအားလုံးပဲ အဆင်သင့်ဖြစ်နေပြီပဲ၊ ပွဲဈေးကနည်းနည်းထူးနေသလိုပဲ"

"မင်းပြောတာနဲ့ပဲ ဒီကြက်သားဟင်းကို ငါမစားတော့ဘူး၊ ငါလည်း စိတ်ထဲမသန့်တော့ဘူး"

"မစားချင်လည်း မစားနဲ့တော့၊ လာ·····ပွဲဈေးတန်းဘက် သွားကြစို့"

မင်းသားနှင့် ကျွန်တော် ပွဲဈေးတန်းဘက်သို့ ထွက်လာကြသည်။ တိုးမပေါက်အောင် စည်ကားနေသည်ကို တွေ့ရသည်။

"မင်းသား ဒီမှာခဏနေဦး ငါကြက်သားဟင်းဝယ်တဲ့ဆိုင် ဒီနေရာမှာရှိတာ၊ ခုတော့မတွေ့တော့ဘူး၊ မေးကြည့်လိုက်ဦးမယ်၊"

"အေး ဟုတ်တယ်၊ စောစောကထမင်းဆိုင်ကို မတွေ့တော့ဘူး။"

ကျွန်တော် ထမင်းဟင်းဝယ်ခဲ့သည့်ဆိုင်ကို မတွေ့တော့သဖြင့် ဘေးနားမှ ကပ်လျက်ဆိုင်ကို မေးကြည့်သည်။

"စောစောက ဒီနေရာမှာ ထမင်းရောင်းတဲ့ဆိုင် ဘယ်ရောက်သွားလဲ"

"ခင်ဗျားတို့ ဒီရွာသားမဟုတ်ဘူးထင်တယ်၊ ဒီနေရာမှာ ထမင်းဆိုင် မရှိခဲ့ပါဘူး"

"မဟုတ်သေးပါဘူး ခုနကလေးတင် ကြက်သားဟင်းဝယ်သွားခဲ့သေးတာ"

"မြင်တဲ့အတိုင်းပဲလေ ထမင်းဆိုင်ရှိရင် တွေ့ရမှာပေါ့၊ မရှိလို့မတွေ့တာပေါ့"

ပြောဆိုပြီး သူတို့တဟားဟားနှင့် ရယ်မောနေကြသည်။ ကျွန်တော် အလွန်ပင်အံ့ဩသွားမိသည်။ စိတ်ထဲတွင်လည်း ထူးဆန်းသလို ခံစားလိုက်ရသည်။

"ကဲ.....အပေါ ပြန်ကြစို့၊ ဒီပွဲဈေးက ထူးနေတာတော့ အမှန်ပဲ"

ကျွန်တော်တို့နှစ်ယောက် ဓာတ်စင်ရှိရာသို့ ပြန်လာကြသည်။

"ဒို့ ကြက်သားဟင်း မစားတာကောင်းတယ်"

"သွန်ပစ်လိုက်တော့ကွာ မစားနဲ့တော့"

ဓာတ်စင်ပြန်ရောက်ပြီး ကြက်သားဟင်းချိုင့် ယူလိုက်သည်။ သွန်ပစ်လိုက်မည်ဟု ဆုံးဖြတ်ကာ ဟင်းချိုင့်ဖွင့်လိုက်သည်။

"ဟာ ဟင်းတွေ မရှိတော့ဘူးကွ"

"ဟင် ဟုတ်လား၊ တစ်ယောက်ယောက် ယူစားလိုက်လို့ ထင်ပါရဲ့"

"မဖြစ်နိုင်တာကွာ ဒို့ခွင့်ပြုချက်မရဘဲ ဘယ်သူကိုင်ရဲလို့လဲ"

"အေးကွာ၊ ထမင်းဆိုင်လည်းပျောက်၊ ဟင်းတွေလည်းပျောက်နဲ့ ထူးဆန်းလိုက်တာ"

"ဒီကိစ္စ ဘယ်သူမှ မပြောပါနဲ့"

ထိုညက စာတ်ကနေရသော်လည်း ကျွန်တော့်စိတ်က ထမင်းဆိုင်နှင့်ကြက်သားဟင်း အဖြစ်အပျက်များဆီ ရောက်နေသည်။ ပွဲခွင်ပထမည အေးအေးချမ်းချမ်းနှင့်ပင် ပြီးဆုံးခဲ့သည်။

နောက်တစ်နေ့ ညနေစောင်းတွင် မင်းသားနှင့်ကျွန်တော် ပွဲဈေးတန်းဘက် ထွက်လာကြသည်။ တစ်နေရာအရောက်တွင် လူများ ဝိုင်းအုံကြည့်ရှုနေသော မျက်လှည့်ပြပွဲတစ်ခု တွေ့လိုက်ရသည်။ ကျွန်တော်နှင့်မင်းသားတို့ ရောက်ချိန်တွင် မျက်လှည့်ပြပွဲ ပြကွက်အသစ်တစ်ခုပြသည့်အချိန်ဖြစ်နေသည်။ မျက်လှည့်ဆရာရှေ့တွင် လုံးပတ်နှစ်လက်မခန့်ရှိ နိုင်လွန်ကြိုးခွေ တစ်ခွေကို အခွေလိုက်ပုံ ထားသည်ကိုတွေ့ရသည်။ ကျွန်တော်နှင့် မင်းသားတို့ရောက်ချိန်တွင် မျက်လှည့်ပြပွဲပြကွက်အသစ် တစ်ခုပြသည့် အချိန်ဖြစ်နေသည်။ အသက်ရှစ်နှစ်၊ ကိုးနှစ်ခန့်အရွယ်ရှိ ယောကျ်ားလေးတစ်ယောက်က ကျားရုပ်တစ်ခုဘေးတွင် ထိုင်နေသည်ကိုလည်း တွေ့ရသည်။ မျက်လှည့်ဆရာက-

"ကဲ. . . .ငါသား ဉာဏ်သည်အသစ်တွေ ရောက်နေတယ်။ ဒို့ရဲ့ ထူးခြားဆန်းပြားတဲ့ ရင်သပ်ရှုမောဘွယ် ပြကွက်စလိုက်ရအောင်သားဘေးနားက ကျားရုပ်ဒီအနား ရွှေ့ထားလိုက်"

ထိုသို့ပြောသည်နှင့် မျက်လှည့်ဆရာက အသင့်ရှိနေသော ပုလွေတစ်ချောင်းကို ကောက်ယူကာ သံစဉ်တစ်ခုကို ပလွေမှုတ်လိုက်သည်။ ကျွန်တော့်မှာ ဂီတနှင့်စိမ်းသက်သူမဟုတ်ပါ။ သို့သော်သံစဉ်တစ်ခုမှာ ကျွန်တော်မကြားဖူးသော သံစဉ်ဖြစ်နေသည်။ ပလွေ

စမှတ်လိုက်သည်နှင့် ရှေ့တွင်အခွေလိုက်ရှိနေသော နိုင်လွန်ကြိုးခွေမှအစတစ်စ ထောင်လာသည်။ ကြိုးစမှာ ကောင်းကင်ထက်သို့ တစ်ဖြည်းဖြည်း ထောင်တက်လျက် တက်သွားသည်။ မျက်လှည့်ဆရာက ပလွေကို ဆက်မှုတ်နေဆဲဖြစ်သည်။ ကြိုးစမှာ ကောင်းကင်သို့ မြင့်၍မြင့်၍ ထောင်တက်နေသည်။ မျက်စိတစ်ဆုံး ကောင်းကင်ထဲရောက်သွားမှ သူ့ပလွေသံတိတ်သွားသည်။ ထို့နောက် လက်ထဲမှ ပုလွေကို ဆက်မှုတ်သည်၊ စောစောကသံစဉ်နှင့်မတူတော့ပါ။ ထူးဆန်းသော သံစဉ်တစ်မျိုးပင် ဖြစ်သည်။ ပလွေမှုတ်နေသည်ကို ရပ်နားလိုက်ပြီး ကျားရုပ်ကို ပလွေဖြင့်ထပ်မံပေါက်လိုက်သည်။ ချက်ချင်းပင် အံ့ဩဖွယ်ရာ ကျားရုပ်ထံမှ ဝေါင်းခနဲ ဟိန်းသံပေါ်ထွက်လာကာ အသက်ဝင်လာပြီး သက်ရှိကျားကြီး တစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားတော့သည်။ ကြောက်ရွံ့စိတ်ဖြင့် ကျွန်တော်နှင့်မင်းသား နောက်သို့ ဆုတ်မိလျက်သား ဖြစ်သွားသည်။

ကျွန်တော်တို့ နှစ်ယောက်သာ ကြောက်လန့်နေသော်လည်း ကျန်ပရိသတ်များ တသောသောနှင့် လက်ခုပ်တီးကာ ရယ်မောနေကြသည်။ သူတို့မျက်နှာတွင် အံ့ဩကြောက်ရွံ့သည့် ပုံစံလုံးဝ မတွေ့ရပေ။ မျက်လှည့်ဆရာက အသက်ဝင်နေသော ကျားကြီးကို အမိန့်ပေးလိုက်သည်။

"ဒီကြိုးအတိုင်း တက်သွားစမ်း"

မျက်လှည့်ဆရာ အမိန့်ပေးလိုက်သည်နှင့် ကျားကြီးမှာ ဝေါင်းခနဲ တစ်ချက်ဟိန်းဟောက် အသံပြုပြီး ကြိုးစအတိုင်း အပေါ်သို့ တွယ်ဖက်တက်သွားပါတော့သည်။ မျက်လှည့်ဆရာက ပလွေကို ဆက်မှုတ်သည်။ ကျားကြီးမှာ ဟိန်းဟောက်သံပေးရင်း ကြိုးစအတိုင်း

အပေါ်သို့ တွယ်ဖက်တက်သွားပါတော့သည်။ မျက်လှည့်ဆရာက ပလွေကို ဆက်မှုတ်သည်။ ကျားကြီးမှာ ဟိန်းဟောက်သံပေးရင်း တဖြည်းဖြည်း တက်သွားရာ မြင်ကွင်းထဲမှ ပျောက်သွားသည်အထိ ပင်ဖြစ်သည်။ ကျားကြီးမြင်ကွင်းထဲက ပျောက်သွားတော့မှ ပလွေသံလည်း ရပ်သွားတော့သည်။ မျက်လှည့်ဆရာက သူ့သားကို ပြောလိုက်သည်။

"ငါ့သားရဲ့ ကစားစရာ ကျားအရုပ်က အသက်ဝင်လာပြီး ကောင်းကင်ပေါ် တက်သွားပြီး သားရဲ့ကျားကို ပြန်လိုချင်ရင် ဒီကြိုးပေါ်တက်လိုက်သွားပြီး ပြန်ဖမ်းလာခဲ့၊ ဘယ်လိုလဲ သားလုပ်ရဲရဲ့လား"

"လုပ်ရဲပါတယ်၊ သားလိုက်တက်သွားပြီး ကျားကို ပြန်ဖမ်းလာခဲ့မယ်။"

ပြောပြောဆိုဆို မျက်လှည့်ဆရာ၏ သားကထောင်မတ်နေသောနိုင်လွန်ကြိုးပေါ် မျောက်တစ်ကောင် အလားသွက်လက်ကျွမ်းကျင်စွာ တွယ်တက်သွားသည်။ တစ်ဖြည်းဖြည်းကောင်းကင်ထဲရောက်သွားပြီး မြင်ကွင်းမှ ပျောက်သွားသည်။ ထိုအခိုက် ကောင်းကင်ထက်မှ ကျားမာန်ဖီသံ၊ ကျားဟိန်းသံများ ကြားလာရသည်။ ပရိသတ်အားလုံး ကောင်းကင်ထက်သို့ မေးကြည့်လိုက်ကြသည်။ ကလေးငယ်၏ အော်ဟစ်ငိုယိုသံလည်း သဲ့သဲ့ကြားရသည်။ မကြာမီ ထောင်မတ်နေသော ကြိုးပေါ်မှ သွေးများစီးကျလာသည်။

"အပေါ်မှာ ကျွန်တော့်သား ကျားကိုက်ခံရပြီနဲ့တူတယ်။ ဒီမှာ သွေးတွေစီးကျလာနေတယ်။ ထိုအခိုက်မှာပင် ကလေးငယ်၏ လက်ပြတ်တစ်ဖက် သွေးသံရဲရဲဖြင့် အထက်မှအောက်သို့ ပြုတ်ကျလာပြန်သည်။ "ဟာ"ဟုဆိုကာ ကျွန်တော်နှင့် မင်းသားတို့နောက်

ဆုတ်လိုက်မိကြသည်။ ကျွန်တော်တို့နှစ်ယောက်မှအပ ဝိုင်းအုံကြည့်ရှုနေကြသူများ တစ်ဟားဟားနှင့်ရယ်နေကြသည်။

ကျွန်တော်တို့ ကြောက်ရွံ့နေစဉ်မှာပင် ကလေးငယ်၏ အတွင်းက ကလီစာများ တစ်ခုပြီးတစ်ခု ပြုတ်ကျလာပြန်သည်။ လက်ခုပ်သံများ တစ်ဖြောင်းဖြောင်းနှင့် ကြားနေရသည်။

"ကျွန်တော့်ပြကွက်ကို ကြည့်ပြီးအားလုံး ရယ်မောပျော်ရွှင်နေတာတွေ့ရလို့၊ ကျွန်တော်ကျေနပ်ပါတယ်။ ကျွန်တော့်ပြကွက်ကို အဆုံးသတ်ပါတော့မယ်"

လက်ခုပ်သံများ ထွက်ပေါ်လာပြန်သည်။ ဆရာကပလွေကို မှုတ်လိုက်သည်။ ထိုအခါ ကောင်းကင်ထက်ထောင်မတ်နေသော ကြိုးစတစ်ဖြည်းဖြည်း ပြန်ကျလာသည်။ အလိုအလျောက် ရစ်ခွေပြီးစားပုံစံအတိုင်း ပြန်ကျလာခြင်းဖြစ်သည်။ ကြိုးခွေအနီးတွင် ကလေးငယ်၏ လက်ပြတ်၊ ခြေပြတ်၊ ကလီစာများပြန့်ကျဲနေသည်။ ကျွန်တော်နှင့် မင်းသားတို့ တအံ့တဩဖြစ်နေစဉ်မှာပင် ကလေးငယ်တစ်ဦးလူအုပ်ကြားမှ တိုးဝင်ရောက်ရှိလာသည်။ ထိုကလေးငယ်မှာ စောစောကကြိုးပေါ် တွယ်တက်သွားသော မျက်လှည့်ဆရာ၏ သားဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သူ့ခြေလက်အစိတ်အပိုင်းများက မြေပြင်တွင် ပြန့်ကြဲနေဆဲဖြစ်သည်။

"ဪ. . . .သားပြန်လာပြီလား၊ သားရဲ့ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေ သားပဲ ပြန်သိမ်းလိုက်ပါတော့"

ဟုတ်ကဲ့ ဟုဆိုကာ ကလေးငယ်က ပြန့်ကျဲနေသော ခြေပြတ်၊ လက်ပြတ်၊ ကလီစာများကို ဗူးဆိုးတစ်ထည်ထဲသို့ ကောက်ထည့်၍

ထုတ်ပိုးလိုက်သည်။ ပုဆိုးထဲမှ သွေးစက်များပင် ကျနေသည်။ ကလေးကပုဆိုးကို ပခုံးထက်လွယ်လိုက်သည်။ အဖေဖြစ်သူက ကြိုးခွေကို ပခုံးထမ်းလိုက်သည်။ မင်းသားစက္ကင်းစိန်က မနေနိုင်တော့ပဲ လှမ်းပြောလိုက်သည်။

"ဒီမျက်လှည့်ဆရာက သိပ်ဆန်းတာ ကျွန်တော့်ပွဲခင်းတွေမှာ ရုံသွင်းပြီး လိုက်ပြပါလား ဒါမှမဟုတ်မြို့မှာ လာပြပါလား သူဌေးဖြစ်မှာသေချာတယ်"

"ကျွန်တော်တို့ ဒီရွာက ဘယ်မှသွားခွင့်မရှိပါဘူး"

ပြောပြောဆိုဆိုမျက်လှည့်ဆရာက ပစ္စည်းများသိမ်းလိုက်သည်။ ကလေးကသူ့ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများကို ထုပ်ပိုးထားသည့် ပုဆိုးကို လွယ်ထားသည်။ မင်းသားက စကားပြောနိုင်သော်လည်း ကျွန်တော်စကားပင် မပြောနိုင်ခဲ့ပါ။ မျက်လှည့်ဆရာတို့ သားအဖ ထွက်သွားကြသည်။ အံ့ဩစိတ်နှင့်အတူ တစ်စုံတစ်ခုကို ကြောက်ရွံ့နေမိသည်။ ဤမျှဆန်းပြားထူးဆန်းသော မျက်လှည့်ပြကွက်မျိုး ကျွန်တော့်တစ်သက် မတွေ့ဖူးခဲ့ပါ။ ပွဲကချိန်က နီးလာသဖြင့် ကျွန်တော်တို့ ဓာတ်စင်ရှိရာပြန်လာကြသည်။

ကျွန်တော်တို့ ဓာတ်စင်ပြန်ရောက်ပြီး မကြာမီ ပွဲစထွက်သည်။ ပွဲခင်းမှာ ထင်ထားသည်ထက် ပိုမိုစည်ကားနေသည်။ ပွဲခင်းမှကြုံတွေ့ခဲ့ရသော ဝက်သားဟင်းမှ ကြက်သားဟင်းဖြစ်သွားပုံ ထမင်းဆိုင်ပျောက်သွားသည်နှင့် ဝယ်ထားသော ဟင်းများပျောက်သွားပုံ ထူးဆန်းလွန်းသော မျက်လှည့်ပြကွက်များ အကြောင်း ကျွန်တော်နှင့် မင်းသားသာ သိကြသည်။ ကျန်ဓာတ်အဖွဲ့သားများ မသိကြပေ။ ပြောလည်းမပြောခဲ့ပေ။

ထိုညက အစီအစဉ်အတိုင်း အော်ပရာ၊ ရှေ့ပိုင်း၊ ပြဇာတ်၊ နှစ်ပါးခွင်၊ နောက်ပိုင်းဇာတ်ထုပ်များကို အဆင်ပြေပြေကပြနိုင်ခဲ့သည်။ နောက်ပိုင်းဇာတ်ထုတ်မပြီးမီမှာပင် သိမ်းဆည်းသင့်သည့် ပစ္စည်းများ သိမ်းဆည်းရန် လောဆော်လိုက်သည်။ နောက်ပိုင်းဇာတ်ထုပ်ပြီး၍ နှုတ်ဆက်အကပြီးသည်နှင့် ကျွန်တော်နှင့်မင်းသားတို့ ရောက်စက တည်းခိုခဲ့သည့် ဘုန်းတော်ကြီးကျောင်းဘက်သို့ ထွက်လာကြသည်။ ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း နှုတ်ဆက်ကန်တော့ရန်ဖြစ်သည်။ ရောက်လေရာအရပ်တွင် ကျွန်တော်တို့ ပြုလုပ်နေကျ အစီစဉ်ဖြစ်သည်။ ပွဲဈေးတန်းလွန်သည်နှင့် ကျောင်းထိပ်ရှိ ကြီးမားသော ကုက္ကိုပင်ကြီးနှစ်ပင်ကို တွေ့ရသည်။ ကျွန်တော် မှတ်မိနေသည်။ ထိုကုက္ကိုပင်ကြီးအလွန်တွင် ဘုန်းတော်ကြီးကျောင်း ရှိသည်။ ကျွန်တော်တို့ ကျောင်းရှိရာဘက် လှမ်းကြည့်လိုက်သည်။ ဘုန်းတော်ကြီးကျောင်းကို မတွေ့ရတော့ပေ။

"ဟာ ဘယ်လိုဖြစ်တာလဲ၊ ဘုန်းကြီးကျောင်းမရှိတော့ ပါလား"

"အေးကွ၊ ဒို့တည်းခဲ့တာ ဒီနေရာအမှန်ပဲ၊ ဒီလောက်ကြီးတဲ့ ကျောင်းကြီး မတွေ့တော့တာ ထူးဆန်းလိုက်တာ"

ကျွန်တော်တို့နှစ်ဦး အာမေဍိတ်သံ တစ်ပြိုင်တည်း နှုတ်မှထွက် သွားကြသည်။ ကျွန်တော်တို့ တည်းခိုခဲ့သည့် ဘုန်းတော်ကြီး ကျောင်းသို့ အစအနပင်မတွေ့ရတော့ပါ။ သစ်ပင်ချုံနွယ်များ၊ အုံ့ဆိုင်းနေသော မြေကွက်ကြီးကိုသာ တွေ့ရတော့သည်။ ထူးဆန်း လွန်း၍ ရုတ်တရက်စကားပင် မပြောနိုင်ပါ။ မှင်တက်မိနေခဲ့သည်။

"ဘယ်လိုဖြစ်တာလဲဆိုတာ ငါတော့မပြောတတ်တော့ဘူး၊ မင်းသားရေ ဘယ်လိုဖြစ်ပြီး ကျောင်းကြီးပျောက်သွားရတာလဲ၊ ခေါင်း တစ်ခုခုတော့လွဲနေပြီ ထင်တယ်"

"လာ....အခုပါ ပြန်ကြမယ်၊ ငါ့ရင်ထဲမသန့်တော့ဘူး၊ ဒီရွာက အမြန်ဆုံးထွက်သွားနိုင်လေ ကောင်းလေပဲ ကြုံခဲ့ရတာတွေ အားလုံး အထူးအဆန်းတွေချည်းပဲ"

ကျွန်တော်နှင့် မင်းသားစာတိုက်ပေါ်သို့ ပြန်ရောက်ချိန်တွင် စာတိပစ္စည်းများ သိမ်းဆည်းပြီးစီးပြီး ဖြစ်နေသည်။ လှည်းများလည်း အဆင်သင့်တွေ့ရသည်။ လှည်းများပေါ်သို့ ပစ္စည်းများ အမြန်တင် ကြသည်။ ပစ္စည်းများတင်ပြီးသည်နှင့် ကုက္ကိုရွာမှ ထွက်လာကြသည်။ မိုးလင်းလင်းချင်းထွက်လာသဖြင့် ဆယ်နာရီဘာသာတွင် ကန်ပေါက်သို့ ရောက်လာသည်။ ကားလေးစီး အဆင်သင့်စောင့်နေသည်ကို တွေ့ရသည်။ လှည်းပေါ်မှ ပစ္စည်းများအား ကားပေါ်သို့ပြောင်း တင်ကြသည်။ လိုက်ပို့သူများက ကန်ပေါက်အထိသာ လိုက်ပို့ကြသည်။ ကန်ပေါက်မှ ထားဝယ်ဘက်ဘက်သို့ ခရီးဆက်ခဲ့ကြသည်။ ထားဝယ် မြို့ထဲအရောက်တွင် လူနှစ်ဦး ကျွန်တော်တို့ကားရပ်ရန် လက်တားနေ သည်ကို တွေ့ရသည်။ ကျွန်တော်နှင့် မင်းသားမှာ ရှေ့ဆုံးကားရှေ့ခန်းမှ အတူစီးလာကြသည်။ ကျွန်တော်တို့ ကားရပ်ပေးလိုက်သည်။

"ကျွန်တော် ဟိန်းခဲ့သတ္တုတူးဖော်ရေး အရာရှိပါ၊ သူက ကျွန်တော့်တပည့်ပါ ရုံးချုပ်ကထားဝယ်မှာပါ၊ ကျွန်တော့်အမေ အသည်း အသန်ဖြစ်နေလို့ ကားကြုံလိုက်ပါရစေ"

"ဘယ်ကို သွားချင်လို့လဲ"

"ရန်ကုန်ဘက်ကို သွားရမယ်"

"ဒီကားက မော်လမြိုင်ပဲ ရောက်မယ်၊ ဒီစာတ်အဖွဲ့က မော်လမြိုင်က ဇာတ်အဖွဲ့ပါ"

"ကားပေါ်က ဆိုင်းဘုတ်ကို တွေ့ပါတယ် မော်လမြိုင်အထိ ရောက်ရင်ပဲ ရပါပြီ၊ မော်လမြိုင်ရောက်ရင် ရန်ကုန်ဆက်သွားဖို့ လွယ်သွားပါပြီ"

"ဒါဆိုရင် လိုက်ခဲ့ပေါ့၊ ကားဦးခန်းမှာ တစ်ယောက်ပဲ ရတော့မယ်၊ တစ်ယောက်ကတော့ ကားနောက်က လိုက်ခဲ့ပေါ့။"

"ကျေးဇူးပါပဲ၊ ကဲ-မောင်တင့်ရေ မင်းကားနောက်ခန်းက လိုက်ခဲ့တော့"

အရာရှိဆိုသူကို ကားဦးခန်းတွင် ကျွန်တော်တို့နှင့် အတူထိုင်ခွင့်ပေးလိုက်သည်။ ကျွန်တော်တို့ကား ဆက်လက်ထွက်ခွာလာခဲ့သည်။

"ကျွန်တော့်နာမည် ငွေလှိုင်လို့ခေါ်ပါတယ်၊ ဘူမိဗေဒ အရာရှိပါ၊ ရန်ကုန်မှာနေတဲ့ ကျွန်တော့် အမေအသည်းအသန် ဖြစ်လို့ဆိုတဲ့ ကြေးနန်းရလို့ ရန်ကုန်အမြန်ပြန်ချင်လို့ပါ"

"ခင်ဗျားကြည့်ရတာ ကျန်းမာရေးမကောင်းတဲ့ပုံပဲ၊ ဖျားနေလို့လား"

"ကျွန်တော်က ငှက်ဖျားရောဂါအခံ ရှိထားတယ်၊ တောထဲတောင်ထဲသွားပြီး ဘူမိတိုင်းတာစမ်းသပ်ရေး အလုပ်တွေလုပ်နေရတာ၊ တောတောင်ထဲအနေများတာကြောင့် ငှက်ဖျားရောဂါရခဲ့တာ ဒါနဲ့ ဆရာတို့ ဇာတ်အဖွဲ့ ဘယ်မှာကပြီး ပြန်လာတာလဲ"

"ကန်ပေါက်ဘက်က ကုဏ္ဍိုဆိုတဲ့ ရွာမှာပွဲကပြီး ပြန်လာတာပါ"

"ဘာကုက္ကိုရွာ ဟုတ်လား၊ ကန်ပေါက်ကတာဆင့်သွားရတဲ့ ကုက္ကိုရွာလား"

ကုက္ကိုရွာဟု ဆိုလိုက်သဖြင့် ဘူမိဗေဒအရာရှိဆိုသူက မယုံကြည်သော မျက်နှာဖြင့် ကျွန်တော့်ကို ပြန်မေးသည်။

"ဟုတ်တယ်လေ ကန်ပေါက်ကနေ လှည်းနဲ့ တစ်မနက်ခရီး လောက်သွားရတာ တစ်ခါမှ မရောက်ဘူးတဲ့ရွာပေါ့၊ ရွာဆိုပေမဲ့ တော်တော်စည်တာ ဒီလိုတောတောင်ထဲမှာ ဒီလိုစည်တဲ့ရွာရှိမယ် မထင်ခဲ့ဘူး"

"အဲ့ဒီရွာက တောင်နှစ်လုံးကြားမှာရှိပြီး ကုက္ကိုပင်ကြီးတွေ တွေ့ခဲ့တယ်မဟုတ်လား"

"ခင်ဗျားက ကုက္ကိုရွာကြောင်း တော်တော်သိနေပါလား ရောက်ဖူးလို့လား"

"သိဆို အဲဒီဒေသဟာ ကျွန်တော်တို့ရဲ့ ရှေ့တန်းစခန်းလေး ပဲ၊ တဲလေးငါးလုံး လောက်သာရှိတာ သုံးလေးလတစ်ခေါက်လောက် ရောက်နေကျပါ၊ ရွာလို့တောင် ခေါ်လို့မရပါဘူး"

"ဟာမဟုတ်တာ တော်တော်စည်တဲ့ရွာကြီးပါ၊ စည်လိုက်တဲ့ ပွဲဈေး၊ ပွဲလာကြည့်တဲ့ လှည်းတွေကလည်း နည်းနည်းမှမဟုတ်တာ၊ ပွဲဈေးကလည်း အရှည်ကြီးပါ"

"မဖြစ်နိုင်ဘူး ဆရာတို့ တစ်ခုခုမှားနေပြီထင်တယ်၊ အဲ့ဒီရွာမှာ ဆရာတို့ထူးဆန်းတာတွေ ကြုံခဲ့ကြသေးလား"

"ဟာ သိပ်ကြုံတာပေါ့ ကျုပ်နဲ့မင်းသားကြုံခဲ့တာ၊ ကျုပ်တို့တောင် အဲ့ဒီရွာကလူတွေကို မသက်ာ ဖြစ်ခဲ့သေးတယ်"

"ကျွန်တော့်ကို ပြောပြပါလား ဆရာတို့ ကြုံခဲ့ရတဲ့ အထူးအဆန်းဖြစ်ရပ်တွေဆိုတာ……"

ကျွန်တော်ကပွဲဈေးတန်းမှာ ကြုံတွေ့ခဲ့ရသော မျက်လှည့်ပွဲထူးဆန်းပုံ၊ ဝက်သားဟင်းမှ ကြက်သားဟင်းဖြစ်သွားပုံ၊ ဈေးဆိုင်ပျောက်သည်နှင့် ဝယ်ထားသည့် ဟင်းများလည်း ပျောက်သွားပုံ၊ နောက်ဆုံးကြီးမားသည့် ဘုန်းတော်ကြီးကျောင်းလည်း တစ်ကျောင်းလုံးနေရာမှ ပျောက်ကွယ်သွားသည်တို့ကို ပြောပြလိုက်သည်။ ကျောင်းရှေ့ရှိ ကုက္ကိုပင်ကြီးနှစ်ပင်သာ ထီးထီးမားမား ကျန်ခဲ့ပုံများ ပြောပြလိုက်သည်။

"အင်း….ဟုတ်ပါပြီ အဲ့ဒီကုက္ကိုပင်ကြီး နှစ်ပင်က နှစ်ချို့ပင်ကြီးနှစ်ပင်ပါ"

"အဲဒီ အပင်ကြီးနှစ်ပင်ရှိတဲ့အနီးက ဘုန်းကြီးကျောင်း တွေ့ခဲ့တယ်ဆိုတဲ့နေရာဟာ သချိုင်းဟောင်းကြီးပါ၊ လွတ်လပ်ရေးမရမီကတည်းက အဲဒီမှာ ရွာရှိခဲ့ဖူးတာတဲ့၊ နောက်တော့ရွာပျက်သွားတယ်လို့ပြောကြတယ်၊ ပြီးတော့ အဲ့ဒီနေရာကို ကျတ်ကုန်းလို့လည်း ခေါ်ကြတယ်၊ အဲဒီမှာကျတ်တစ္ဆေတွေ ရှိတယ်တဲ့"

"ဘာကျတ်ကုန်းဟုတ်လား၊ ဒါဆိုကျုပ်တို့ စတ်ကတဲ့နေရာမှာ ရွာမရှိဘူးပေါ့ဟုတ်လား"

"အဲ့ဒီနေရာဟာ ကျုပ်တို့ ကုက္ကိုစခန်းအဝင်ဝ နေရာပါ။

ဘာရွာမှမရှိဘူး၊ ကျွန်တော်တို့ဝန်ထမ်းတွေတောင် ကျတ်တွေလှည့်စား တာနဲ့ ကြုံခဲ့ရသေးတယ်၊ အစကကျွန်တော်တို့ စခန်းမှာရှိတဲ့ တဲတွေတစ်လုံးနဲ့ တစ်လုံး တစ်ခေါ်သာသာ ခပ်လှမ်းလှမ်းမှာ ရှိကြတာ ကျတ်တစ္ဆေတွေနဲ့ ကြုံခဲ့ဖူးလို့ ခုတော့စုပြီးနေကြတာ၊ တဲလေးငါးခြောက်လုံး လောက်သာ ရှိတော့တာ၊ အင်း.....မဟုတ်မှလွဲရော စတ်ဆရာတို့ ကျတ်တွေလှည့် စားတာ ခံခဲ့ရပြီနဲ့တူတယ်"

"ဟာ....ခင်ဗျားပြောမှပဲ ကြက်သီးတောင် ထလာမိတယ်။ ကြက်သားဟင်း ဝယ်လာပြီးကတည်းက စိတ်ထဲမှာ တထင့်ထင့်နဲ့ ဖြစ်နေသေးတယ်"

"ဆရာတို့စတ်ပွဲ ဘာမှမဖြစ်တာ ကံကောင်းတယ်လို့ပြော ရမယ်၊ အဲ့ဒီကျတ်တွေက ပွဲကြိုက်တဲ့ကျတ်တွေ ထင်ပါရဲ့၊ ခုနက ဆရာပြောတဲ့ကိစ္စ ကျန်တဲ့စတ်အဖွဲ့သားတွေရော မသိကြဘူးလား"

"ကျန်တဲ့လူတွေမသိပါဘူး၊ ကျုပ်ကစတ်စီးပါ စိတ်ထဲ မသက်သာဖြစ်နေလို့ အဖွဲ့သားတွေကို ရွာထဲသွားခွင့်မပြုခဲ့ဘူး၊ ဒီကိစ္စက ကျုပ်နဲ့မင်းသား နှစ်ယောက်ပဲသိတာ"

"ကျွန်တော်ပြောတာတွေကို ယုံရဲ့လား၊ ကျွန်တော်တို့ဆီက လူတွေကိုယ်တိုင်ကြုံခဲ့ရတာတွေရှိတယ်"

"ယုံပါတယ် ကျုပ်နဲ့မင်းသားကိုယ်တိုင် လက်တွေ့ကြုံခဲ့ရ တာပဲ"

"ကဲ-မင်းသားရေ နောက်ဆိုရင် သတိကြေး ဘယ်လောက်

ပေးပေး မရောက်ဖူးတဲ့နေရာဆိုရင် မလိုက်တော့ဘူး၊ မော်လမြိုင်ရောက်မှ ဓာတ်အဖွဲ့သားတွေကို ပြန်ပြောပြရမယ်"

ကျွန်တော်ကတစ်ချိန်လုံး ငြိမ်ငြိမ်းမှိန်းလျက် လိုက်ပါလာသော မင်းသားကိုပြောလိုက်သည်။ ကျွန်တော်ဓာတ်ကခဲ့သည်မှာ နှစ်များစွာကြာခဲ့ပြီဖြစ်သည်။ နယ်စုံအနှံ့ ရောက်ခဲ့ဖူးသည်။ ယခုကဲ့သို့ ကျတ်များနှင့် မဆုံခဲ့ဖူးပါ။ ကျတ်များရှိသည်ဆိုသည့် ကျတ်ကုန်းတွင် ဓာတ်ကပြခဲ့သည်။ ယခုပထမဆုံးပင်ဖြစ်သည်။ ပထမဆုံး အတွေ့အကြုံလည်းဖြစ်သည်။ မော်လမြိုင်ပြန်ရောက်သည်နှင့် ဓာတ်ပိုင်ရှင် ဦးကျင်ခဲအား လှည့်စားတတ်သော ကျတ်များအကြောင်း ပြောပြရပေဦးမည်။

မောင်မောင်မိုးအောင်



ဒုန်းမောင်းကြီးပေါ်ကဝိညာဉ်

# အုန်းမောင်းကြီးပေါ်က ဝိညာဉ်

တန်ဆောင်မုန်းလ၏ အရုဏ်တက်ချိန်သည် ချမ်းအေးလှသည်။ ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံကြောင့် ကျွန်ုပ်အိပ်ရာမှ နိုးလာသည်။ အုန်းမောင်းခေါက်သံမှာ အချက်စိပ်ရာမှာ တဖြည်းဖြည်းကျဲလာသည်။ ထို့နောက် ခေါက်ချက်စိပ်စိပ် ကြားရပြန်သည်၊ အရုဏ်ဦး အုန်းမောင်းခေါက်သံ ကြားရချိန်သည် ကျွန်ုပ်အိပ်ရာမှ နိုးထနေကျဖြစ်သည်။ ယခုခေါက်သံကြားရသော အုန်းမောင်းသည် ကျွန်ုပ်အသက်(၂၀)ဝန်းကျင်အရွယ်က ရွာဦးကျောင်းတွင် ကိုယ်တိုင်တပ်ဆင်ချိတ်ဆွဲခဲ့သော အုန်းမောင်းဖြစ်သည်။ ခြောက်ပေခန့်ရှည်ပြီး ယောကျ်ားကြီး တစ်ဖက်စာခန့်လုံးပတ်ရှိသည်။ ယခု ကျွန်ုပ်အသက် ခုနှစ်ဆယ်ကျော်ဖြစ်ရာ ထိုအုန်းမောင်းသက်တမ်းမှာလည်း နှစ်ပေါင်း ငါးဆယ်ကျော်ခဲ့ပြီဖြစ်သည်။ ကျောင်းထိုင်ဆရာတော်ကြီးပင် နှစ်ဆက်ပြောင်းခဲ့ပြီ။

ကျွန်ုပ်ငယ်စဉ်က လက်သမား အလုပ်လုပ်ခဲ့သည်။ သစ်အကြောင်းလည်း ထိုက်သင့်သလောက် သိခဲ့သည်။ ကျွန်ုပ်ကိုယ်တိုင် ထွင်းထုချိတ်ဆွဲခဲ့သော ထိုအုန်းမောင်းသည် ယောကျ်ားကြီးလေးငါးဦးဝိုင်းဝန်း ချိတ်ဆွဲခဲ့သည်။ အလွန် လေးလံသည့် အုန်းမောင်းကြီး

ဖြစ်သည်။ အုန်းမောင်းခေါက်သံဆုံးသည်နှင့် ကျွန်ုပ်ဇနီးကို နှိုးလိုက်သည်။

"မစိန် ထတော့ အုန်းမောင်းခေါက်ပြီးသွားပြီ ဒီနေ့ဆွမ်းချက်မယ်ဆို ထတော့လေ"

"နိုးပါပြီ ညကတည်းက အသင့်ပြင်ပြီးသားပါ၊ ချက်ရုံပါပဲ"

ဇနီးဖြစ်သူ အိပ်ရာမှထပြီး မီးဖိုချောင်ဘက်သို့ ထွက်သွားသည်။ ယနေ့လပြည့်နေ့ဖြစ်သည်။ ရွာဦးကျောင်းသို့ ဆွမ်းချိုင့်ပို့ရမည်။ လပြည့်လကွယ်နေ့တိုင်း ရွာဦးကျောင်းသို့ ဆွမ်းချိုင့်ပို့နေကျဖြစ်သည်။ နံနက်ရှစ်နာရီခန့်တွင် ရွာဦးကျောင်းမှ ကိုရင်ကြီးတစ်ပါး ကြွလာသည်။ ဆွမ်းချိုင့်လာယူခြင်း ဖြစ်သည်။ ဆွမ်းချိုင့် အဆင်သင့်ပြင်ပြီးဖြစ်သည်။ ဇနီးသည်က ကိုရင်ကြီးကိုဦးချပြီး ဆွမ်းချိုင့်ကပ်သည်။

"ဒကာ မောင်တင့်ရှိလား"

"ဘာကိစ္စရှိလို့လဲ ကိုရင်ကြီး"

"ဆရာတော်က အုန်းမောင်း ချိတ်ဆွဲထားတဲ့ ကြိုးဆွေးနေလို့ အသစ်လဲချင်တယ်တဲ့၊ ဒကာမောင်တင့်ကို ခေါ်ခဲ့ပါတဲ့"

မောင်တင့်မှာ ကျွန်ုပ်၏သားကြီးဖြစ်သည်။ ကျွန်ုပ်တို့တွင် သားယောကျ်ားတစ်ဦးနှင့် သမီးမိန်းကလေးနှစ်ဦးရှိသည်။ သားကြီးက ကျွန်ုပ်ထံမှ လက်သမားပညာကို အမွေဆက်ခံခဲ့သူဖြစ်သည်။ သူလည်းလက်သမားပညာကို အတန်အသင့် နားလည်တတ်ကျွမ်းသူဖြစ်သည်။

"သား လိုက်သွားရမလား အဖေ"

"ဆရာတော်က အခေါ်ရှိနေမှတော့ လိုက်သွားပေါ့ ဒီ

အုန်းမောင်းကြီး အဓမ္မလုပြီးပေါက်အရွယ်ကတည်းက အမေ ကိုယ်တိုင် တပ်ဆင်ချိတ်ဆွဲခဲ့တာ နှစ်တွေကြာတော့ ကြိုးတွေဆွေးနေရောပေါ့။

ကျွန်ုပ်ကသားကြီးကို ပြောရင်း ကိုရင်ကြီးကို မေးလိုက်သည်။

"ဆရာတော်က ဘယ်လိုကြိုးမျိုးကို လဲမှာလဲ"

"သံကြိုးတော့ တွေ့ခဲ့တယ် ဒကာကြီး"

"သံကြိုးဆိုရင်တော့ ကောင်းတာပေါ့၊ ကဲ-သား ကိုရင်ကြီးနဲ့ လိုက်သွား၊ အမေမှာလိုက်မယ်၊ အုန်းမောင်းအပေါ်မှာ နဖားပေါက် ရှိတယ်။ အဲဒီ နဖားပေါက် နိုင်မနိုင် သေချာကြည့်၊ အုန်းမောင်းက တော်တော်လေးတယ် သတိတော့ထားနော်၊ သွားတော့"

ကိုရင်ကြီးက ဆွမ်းချိုင့်ဆွဲသည်။ သားကြီးက လက်သမား သေတ္တာကိုထမ်းကာ ကျောင်းသို့ထွက်သွားကြသည်။ နံနက်စာ စားချိန်အထိ သားကြီးပြန်မရောက်သေးပါ။ ကျောင်းတွင်ပင် နံနက်စာ စားမည်ထင်သည်။ သားကြီးကို မစောင့်တော့ဘဲ နံနက်စာ စား လိုက်သည်။ ထမင်းစားမပြီးမီ နံနက်က ဆွမ်းချိုင့်လာယူသော ကိုရင်ကြီး ရေးကြီးသုတ်ပျာဖြင့် မျက်စိပျက် မျက်နှာပျက်လျက် ရောက်လာသည်။

"ဒကာကြီး စံသိန်း၊ ခုချက်ချင်းကျောင်းလိုက်ခဲ့ပါ။ ဒကာကြီး သားမောင်တင့်"

ကိုရင်ကြီး စကားမဆက်တော့ဘဲ ကျွန်ုပ်မိသားစုကို ကြည့်နေ သည်။

"မောင်တင့် ဘာဖြစ်လို့လဲ ကိုရင်ကြီး"

ကျွန်ုပ်အမေးကို ကိုရင်ကြီး ထစ်ထစ်ငေါ့ငေါ့နှင့် ဖြေသည်။

"ဟိုလေ……ဟို အုန်းမောင်းကြီး အသစ်လဲဖို့ လုပ်နေတုန်း အုန်းမောင်းကြီး ပြုတ်ကျလို့ အဲ့ဒါ"

"ဘုရား……ဘုရား အုန်းမောင်းပြုတ်ကျတော့ သားကြီး ဘာဖြစ်သွားသေးလဲ ပြောပါ"

"ဆရာတော်က ဒကာကြီးစံသိန်းကို ပါလာအောင်သာ ခေါ်လာခဲ့ပါတဲ့"

"ကဲ–လာ ကျောင်းသွားကြမယ်၊ သားကြီးတစ်ခုခုဖြစ်နေပြီ ထင်တယ်"

ကျွန်ုပ်သည် ကိုရင်ကြီးနှင့်အတူ ကျောင်းသို့လိုက်သွားခဲ့သည်။ သွားစဉ်ကြောင့် ခြေလှမ်းများသွက်နေသည်။ ကျွန်ုပ်အိမ်မှာ ရွာလယ်ပိုင်းတွင် ရှိသော်လည်း ဆရာတော်ကျောင်းနှင့် မဝေးလှပါ။ ခြေလှမ်းများသွက်နေ၍ထင်သည် မိနစ်(၂၀)အတွင်းမှာပင် ဆရာတော်ကျောင်းသို့ ရောက်လာသည်။

အုန်းမောင်းအနီးတွင် လူများဝိုင်းအုံနေသည်ကို တွေ့ရသည်။ ကျွန်ုပ်ကိုမြင်သည်နှင့် လူများဘေးကို ဖယ်ပေးကြသည်။ အုန်းမောင်းမှာ ကြမ်းပြင်ပေါ်သို့ လဲကျနေပြီး သားကြီးမှာလည်း ပက်လက် အနေအထားဖြင့် လဲနေသည်ကို တွေ့ရသည်။ ပါးစပ်မှ သွေးများထွက်နေသည်။ မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်ုပ်ရင်ထဲ ဆို့နင့်သွားခဲ့သည်။ သားကြီးမှာ အသက်မရှူတော့ပါ။ သားကြီးဘေးတွင် ဆရာတော် ရပ်နေသည်။ ကျွန်ုပ်က ဆရာတော်ကို အလျင်အမြန် မေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲဘုရား၊ သားကြီးအဖြစ်က မကြည့်ရက်စရာပါလား"

"တရားနဲ့သာ ဖြေပါတော့ဒကာကြီး မောင်တင့် အသက် မရှိတော့ဘူး"

"တပည့်တော်ကို ပြောပြပါဦးဘုရား"

"အုန်းမောင်းကြီးတွေ ဆွေးနေလို့ သံကြိုးနဲ့ ကြိုးသစ်လဲဖို့ ဘုန်းကြီးစီစဉ်ခဲ့ကာ ကိုရင်ကြီးတစ်ပါး၊ တန်းပေါ်တက်ပြီး ကြိုးဖြုတ်တယ်၊ ဒကာမောင်တင့်၊ ဦးပဥ္စင်းနှစ်ပါးက အောက်ကနေပြီး အုန်းမောင်းကိုပင့်ထားတယ်၊ တန်းပေါ်ကကြိုးဖြုတ်နေတုန်း အုန်းမောင်းက ရုတ်တရက် ကြိုးပြတ်ပြီး ပြုတ်ကျလာတယ်။ မတော်တဆ ဖြစ်ခဲ့တာပါ၊ အုန်းမောင်းကြီးက အလယ်ကပင့်ထားတဲ့ မောင်တင့်အပေါ် ပိကျတာ၊ ပိကျတာမှ ရင်ဘတ်အပေါ် တည့်တည့်ပိကျတာကွယ့် မြင်တဲ့အတိုင်းပဲ၊ ဘုန်းကြီးလဲ တော်တော် ခံစားရပါတယ် ဒကာကြီး"

ဆရာတော်က တရားသမားမို့ တရားနှင့်ဖြေနိုင်သော်လည်း ကျွန်ုပ်မဖြေနိုင်ခဲ့ပါ။ သားကြီးမှာ လေးလံလှသော အုန်းမောင်းကြီး ပိသောဒဏ်ဖြင့် သေဆုံးရရှာပြီး ပါးစပ်တွင် သွေးများပေကျံနေသည်။

"အုန်းမောင်းကြီးပိပြီး အတော်ကြာမှ သေဆုံးသွားတာ၊ သူ့ ရင်ဘတ်ပေါ်က အုန်းမောင်းကြီးကို ဖယ်ရှားပြီးမှ အသက်ထွက်သွားတယ်။"

ဆရာတော်ပြောနေသော စကားများ ကျွန်ုပ်နားထဲ မဝင်နိုင်တော့ပါ။ ရင်ထဲတွင် ပရိဒေဝမီးတောက်လောင်နေခဲ့သည်။ သားကြီးကို ရွာသင်္ချိုင်းတွင်ပင် မြေမြှုပ်သဂြိုဟ်ခဲ့သည်။ ဆရာတော်ကိုယ်တိုင် သရဏဂုံတင်ပေးခဲ့သည်။ ကျွန်ုပ်သားကြီး အုန်းမောင်းပိ သေဆုံးပြီး နောက်ပိုင်း ဆရာတော်က အုန်းမောင်းကို ယခင်နေရာတွင် မထားတော့

ဘဲ ဆောက်လက်စ မွှာရုံအတွင်းသို့ ပြောင်းရွှေ့ချိတ်ဆွဲထားလိုက်သည်။ ဆောက်လက်စ မွှာရုံမှာတိုင်များသာ တိုးတိုးထောင်ထောင်ရှိနေသည်။

အမိုးအကာမရှိသေးပါ။ အုန်းမောင်း ချိတ်ဆွဲထားသောနေရာမှာ အမိုးအကာမရှိသဖြင့် တစ်နေ့လုံးနေပူနေသည်။ နေပူကျဲကျဲအောက်တွင် ချိတ်ဆွဲထားခြင်းဖြစ်သည်။ သားကြီးအသုဘရက်လည်ပြီးသည့်တိုင် ဝမ်းနည်းကြေကွဲစွာခံစားနေရဆဲဖြစ်သည်။

ရှာဦးကျောင်းမှ အုန်းမောင်း တစ်နေ့နှစ်ကြိမ်ခေါက်နေကျဖြစ်သည်။ ညဦးပိုင်းတစ်ကြိမ်နှင့် နံနက်အရုဏ်တက် တစ်ကြိမ်ဖြစ်သည်။ ယခုညဦးပိုင်း အုန်းမောင်းခေါက်သံကို ပုံမှန်ကြားနေရသော်လည်း အရုဏ်တက် အုန်းမောင်းခေါက်သံ မကြားရတော့ သည်ကိုသတိပြုမိသည်။ ကျွန်ုပ်မှာ နံနက်အရုဏ်တက် အုန်းမောင်းခေါက်သံနှင့်အတူ အိပ်ယာနိုးထသူဖြစ်သဖြင့် သတိထားမိခြင်းဖြစ်သည်။ ထိုသို့သတိထားနေရာမှ ညဦးပိုင်းအုန်းမောင်း ခေါက်သံလည်း မကြားရတော့ပေ။ ကျွန်ုပ်စိတ်ထဲ ထူးသလို ဖြစ်နေခဲ့သည်။ ကျွန်ုပ်သားကြီးသေဆုံးခဲ့ပြီး၊ အိမ်အပြင်သို့ မထွက်ဖြစ်တော့ဘဲ အိမ်တွင်းအောင်းနေခဲ့သည်။ တစ်နေ့ဆွမ်းခံကြွလာသော ကိုရင်ကြီးကိုမေးကြည့်မိသည်။

“ဒီမှာ ကိုရင်ကြီး အခုတလော အုန်းမောင်းခေါက်သံလည်း မကြားရတော့ပါလား”

“ဆရာတော်က မောင်တင့်သေပြီးနောက်ပိုင်း အုန်းမောင်းကို မွှာရုံထဲ ရွှေ့ထားတယ်၊ ပထမတော့ ပုံမှန်ခေါက်နေတာပါပဲ ဒါပေမယ့်”

"ဘာဖြစ်လို့လဲ ဆက်ပြောပါ"

"အုန်းမောင်းခေါက်ဖို့ တာဝန်ပေးထားတဲ့ ကိုယ်တော်တွေ ကမခေါက်ကြတော့လို့ပါ။"

"အစဉ်အလာကို ဖျက်လို့ရမလား၊ ဘာဖြစ်လို့ အုန်းမောင်း မခေါက်ကြတော့တာလဲ"

"ဒါတော့ကိုယ်တော်လဲ မပြောတတ်ဘူး"

ကိုရင်ကြီးက ကျွန်ုပ်မျက်နှာကို အားနာသလို ပြန်ကြည့်ရင်း စကားဖြတ်ကာ ပြန်ကြွသွားပါတော့သည်။ အုန်းမောင်းခေါက်သံ မကြားရတော့သည်မှာ ရက်အတန်ကြာခဲ့ပြီဖြစ်သည်။ အုန်းမောင်း ခေါက်ရန် တာဝန်ပေးထားသော ကိုယ်တော်များ မည်သည့်အကြောင်း ကြောင့် အုန်းမောင်းမခေါက်ကြတော့သည်ကို သိချင်လာသည်။ သားကြီးနှင့် ပတ်သက်နေမလားဟု တွေးနေမိသည်။ တစ်နေ့ ဈေးသွားမည့် ဇနီးသည်ကို လှမ်းမေးလိုက်သည်။

"မစိန်၊ မင်းကျောင်းဘက်ရောက်ဦးမလား ဘာဖြစ်လို့ အုန်းမောင်းခေါက်သံ မကြားရတော့တာလဲ ဆိုတာမေးခဲ့စမ်းပါ"

"စိတ်ချ မေးခဲ့မယ်၊ စောစောကအိမ်ကို ဆွမ်းခံကြွတဲ့ ကိုရင်ကြီးကို မေးတော့လဲ ဘာမှတိတိကျကျ မပြောဘူး ကျွန်မစုံစမ်းခဲ့မယ်"

ဇနီးသည် ဈေးခြင်းတောင်းဆွဲပြီး ထွက်သွားပါသည်။ အချိန် သိပ်မကြာလိုက်ပါ ကျွန်ုပ်ဇနီး ပျာယီးပျာယာဖြင့် အိမ်ပြန်ရောက် လာတော့သည်။

"ဘယ်လိုဖြစ်တာလဲမစိန် ဈေးလဲဘာမှမဝယ်ခဲ့ဘူး ဘာလို့ပြန် လာရတာလဲ"

"ဈေးထဲက အုန်းမောင်းနဲ့ ပတ်သက်ပြီး ကြားရတဲ့သတင်းကြောင့် ချက်ချင်းကိုပြန်လာတာ"

"ကဲ-ဆိုစမ်းပါအုံး၊ ငါလည်းသိချင်တယ် ဘာသတင်းကြားခဲ့တာလဲ"

"အုန်းမောင်းသံ မကြားရတာက တစ္ဆေခြောက်လို့ မခေါက်ရဲကြလို့တဲ့၊ မနက်အရုဏ်တက် အုန်းမောင်းခေါက်ဖို့ အနားသွားတိုင်း အုန်းမောင်းက အသံမြည်မြည်နေတယ်တဲ့"

"မဖြစ်နိုင်ဘူး ထင်တယ်၊"

"ဒီထက် စိတ်ဝင်စားဖို့ ကောင်းတဲ့သတင်းရှိသေးတယ်၊ ရှင်တို့ ကျွန်မတို့သာမသိတာ ရွာထဲမှာ ဒီသီတင်းကပျံ့နေပြီ၊ အဲ့ဒီအုန်းမောင်းမှာ ခြောက်တဲ့တစ္ဆေက ကျွန်မတို့သားမောင်တင့်တဲ့ မောင်တင့်က အုန်းမောင်းဝိပြီးသေလို့ မကျွတ်မလွတ်ဘဲ အုန်းမောင်းမှာ ရှိနေတာတဲ့ သူတို့လာလာခေါက်တော့ လာမခေါက်ရဲအောင် အသံပြုပြီး ခြောက်လန့်တာတဲ့"

"ဘာ…ဘာပြောတယ်၊ တို့သားကတစ္ဆေခြောက်တယ်ဟုတ်လား၊ ဘယ်ကသိလို့ ခုလိုပြောကြတာလဲ"

"အုန်းမောင်းခေါက်ဖို့ တာဝန်ပေးတဲ့ ကိုယ်တော်တွေကိုယ်တိုင်ကြုံခဲ့တာ အုန်းမောင်းခေါက်ဖို့ သွားတိုင်း တဖျစ်ဖျစ်၊ တကျွိကျွိနဲ့ အသံမြည်ပြီး ခြောက်တာတဲ့၊ ရှင်မယုံရင် အဲဒီကိုယ်တော်တွေ သွားမေးပေတော့၊ ကျွန်မတို့သားမှ ဖြစ်ရတယ်လို့ရှင်"

ကျွန်ုပ်စိတ်ထဲဒေါသတို့ ဆူဝေလာသည်။ မရောက်သည်မှာ ရက်အတန်ကြာပြီဖြစ်သော ဆရာတော်ကျောင်းသို့ ထွက်လာခဲ့သည်။

ဆရာတော်ကို အဆင်သင့် ဖူးတွေ့ရသည်။ ဦးချပြီးပြီးချင်း ဆရာတော်ကို မေးလိုက်သည်။

"အုန်းမောင်းက တစ္ဆေခြောက်လို့ ဆိုပြီးတော့ ခြောက်တဲ့ တစ္ဆေက တပည့်တော်ရဲ့သားလို့ ရွာထဲမှာ ပြောနေကြတယ် ဒါအမှန်ပဲလား ဘုရား"

"အုန်းမောင်းခေါက်ဖို့ တာဝန်ပေးထားတဲ့ ကိုယ်တော်တွေ ပြောလို့ ဘုန်းကြီးသိခဲ့ရတာ၊ သူတို့ပြောတာမယုံလို့ ဘုန်းကြီးကိုယ်တိုင်သွားခဲ့တာ သူတို့ပြောတဲ့အတိုင်း အုန်းမောင်းကအသံမြည်ပြီး ခြောက်တာတွေ့ရတယ်၊ ဘုန်းကြီးလဲ ဘယ်လိုပြောရမှန်း မသိတော့ဘူး၊ အုန်းမောင်းပိလို့ မောင်တင့်သေပြီးမှ ခုလိုဖြစ်လာတော့ မောင်တင့် တစ္ဆေခြောက်တယ်လို့ ပြောကြတာပေါ့"

"ဒီကျောင်းဝန်းက သာသနာ့နယ်မြေပဲ ဒီကျောင်းခြံဝင်းထဲ တစ္ဆေနေနိုင်ပါ့မလား ခြောက်နိုင်ပါ့မလား"

"ဒါဆို ဒကာကိုယ်တိုင် လက်တွေ့စောင့်ကြည့်ပါလား"

"တင်ပါ့ဘုရား အုန်းမောင်းခေါက်ချိန် အသံမြည်တာ ကိုယ်တိုင်ကြားချင်တယ်၊ ဒီညကျောင်းမှာ အိပ်ပါ့မယ်"

"ကောင်းပါလေရဲ့ တစ္ဆေခြောက်တယ်ဆိုတဲ့ အုန်းမောင်းကို သွားကြည့်လိုက်ပါဦး"

အုန်းမောင်း၊ ချိတ်ဆွဲထားရာ ဆောက်လက်စ မွေ့ရုံဘက်သို့ ကျွန်ုပ်ထွက်လာခဲ့သည်။ နံနက်ပိုင်းဆယ်နာရီခန့်သာ ရှိသေးသော်လည်း နေမှာပူပြင်းနေပြီး အုန်းမောင်းမှာ အမိုးမဲ့မွေ့ရုံထဲတွင် ရှိနေသည် မည်သို့ဖြစ်စေ အသံမြည်၍ ခြောက်လှန့်သော အုန်းမောင်းကို

ကိုယ်တိုင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ကျွန်ုပ် မကျေနပ်သေး၍ အုန်းမောင်းခေါက်သည့် ကိုယ်တော်နှင့် တွေ့ဆုံမေးခဲ့သေးသည်။

"မယုံမရှိနဲ့ ဒကာ၊ ဒကာ့သားမောင်တင့် မကျွတ်မလွတ်ဘဲ အုန်းမောင်းမှာရှိနေတာ သေချာတယ်၊ အုန်းမောင်းခေါက်ဖို့ မွှာရုံကို သွားတိုင်း အသံပေးပြီးခြောက်လှတ်တာ ဦးပဍင်းကတော့ မောင်တင့် ခြောက်တယ်လို့ ထင်တာပဲ"

"ဒီည တပည့်တော် ဒီကျောင်းမှာ အိပ်မယ်၊ အုန်းမောင်း ခေါက်ချိန် တပည့်တော်ကိုခေါ်ပါ"

"ဒကာကြီးပါရင်တော့ မွှာရုံထဲ လိုက်ရဲပါတယ်"

ထိုနေ့ ညနေစောင်းတွင် ခေါင်းအုံးစောင်ယူပြီး ဆရာတော် ကျောင်းသို့သွားခဲ့သည်။ အုန်းမောင်းခေါက်သော ဦးပဍင်းနှင့် အတူအိပ် သည်။ သို့သော် အိပ်၍မပျော်ခဲ့ပါ။ စိတ်ကအုန်းမောင်းဆီသို့ ရောက်နေ သည်။ တန်ဆောင်မုန်းလကုန် နတ်တော်လဆန်းအချိန်ဖြစ်သည်။

ထူထဲသော စောင်ခြုံထားသော်လည်း အေးစိမ့်နေသည်။ ဒီနှစ် ဆောင်းရာသီမှာ ပို၍အေးသည်ဟု ထင်ရသည်။ ကျွန်ုပ်မှေးခနဲ အိပ်ပျော် သွားစဉ် တစ်စုံတစ်ဦး လှုပ်နှိုးလိုက်သဖြင့် အိပ်ရာမှ နိုးခဲ့ရသည်။ အတူအိပ်နေသော ဦးပဍင်းကို တွေ့လိုက်ရသည်။

"ဒကာကြီး ထတော့၊ အုန်းမောင်းခေါက်ချိန် ရောက်နေပြီ"

"တင်ပါ့ဘုရား နိုးပါပြီ"

ဦးပဍင်းနှင့်အတူ ကျောင်းအောက်သို့ ဆင်းခဲ့ကြသည်။ ဆောက်လုပ်ဆဲကျောင်းနှင့် မွှာရုံမှာ ကျောင်းနှင့်အတန်ငယ် လှမ်းဝေးသည်။ ဦးပဍင်းက လက်နှိပ်ဓါတ်မီးထိုး၍ လမ်းပြပေးသည်။

အုန်းမောင်းချိတ်ဆွဲထားသော ဓမ္မာရုံသို့ရောက်လာသည်။ ဦးပဥ္စင်းကဓမ္မာရုံ အဝင်အဝမှနေ၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးလိုက်သည်။ တိတ်ဆိတ်မှောင်မည်းနေသောအချိန်တွင် အုန်းမောင်းကြီးကိုချောက်ချားဖွယ် တွေ့လိုက်ရသည်။ ကျွန်ုပ်တို့ဓမ္မာရုံထဲ ဝင်စမှာပင်ဖျစ်-ဖျစ်-ဖျစ် ကျွိ ကျွိ ကျွိ ဟူသောအသံများ အုန်းမောင်းကြီး ထဲမှပေါ်ထွက်လာသည်။

"ကြားတယ်မဟုတ်လား ဒကာကြီး၊ သူ့အနားမလာဖို့ခြောက်လှတ်နေတာ၊ သွားကြပါစို့"

"နေပါဦး ဦးပဥ္စင်း၊ ခဏလေးပါ"

ကျွန်ုပ်တို့ အုန်းမောင်းနှင့် မလှမ်းမကမ်းတွင် ရပ်နေစဉ်၊ ဖျစ် ဖျစ် ဖျစ်အသံများ အုန်းမောင်းဆီမှ ထွက်ပေါ်နေဆဲဖြစ်သည်။ ပထမတွင် ဦးပဥ္စင်းနည်းတူ ကျွန်ုပ်ကြောက်စိတ်ဝင်ခဲ့သော်လည်း ယခုမူကြောက်စိတ် မရှိတော့ပေ။

"လာပါဦး ဦးပဥ္စင်း အနီးကပ်ကြည့်ကြမယ်"

"ဟာ-ဦးပဥ္စင်း မလိုက်တော့ဘူး ဒကာကြီးကိုယ်တိုင်ကြားရပြီပဲ၊ မယုံသေးဘူးလား၊ မကြောက်ဘူးလား၊ သွားကြစို့"

"ကဲ ဒါဆိုလက်နှိပ်ဓါတ်မီး တပည့်တော်ကို ပေးခဲ့၊ ဦးပဥ္စင်းမလိုက်ရဲရင်ပြန်တော့ တပည့်တော် အသေအချာ ကြည့်လိုက်ဦးမယ်"

ကျွန်ုပ်ကို လက်နှိပ်ဓာတ်မီး ကမ်းပေးပြီး ဦးပဥ္စင်းက ကြောက်ရွံ့သည့်ပုံစံဖြင့် ကျောင်းပေါ်ပြန်တက်သွားသည်။ ကျွန်ုပ် လက်နှိပ်ဓာတ်မီးကိုထိုးပြီး အုန်းမောင်းအနီး တိုးကပ်သွားသည်။ အုန်းမောင်းကြီးမှ ဖျစ် ဖျစ် ဖျစ် ဖျစ် အသံများ ထွက်ပေါ်နေဆဲဖြစ်သည်။

ဆက်တိုက်မမြည်ပါ။ အသံများ ပျောက်သွားလိုက်၊ မြည်လာလိုက် ဖြစ်နေသည်။

မီးရောင်ဖြင့် အုန်းမောင်းကို အသေအချာ ကြည့်လိုက်သည်။ လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်က ကျွန်ုပ်ကိုယ်တိုင် ထွင်းထု ပြုလုပ်ခဲ့သော အုန်းမောင်းဖြစ်သည်။ ထိုစဉ်ကကျွန်ုပ် လူပျိုအရွယ် သာရှိသေးသည်။ အုန်းမောင်းတစ်ခု အလျင်အမြန် လိုအပ်နေ၍ ရရာသစ်များဖြင့် အုန်းမောင်းပြုလုပ်ခဲ့သည်။ သစ်မှာလိမ်နေသည်ကို ထိုသစ်လိမ်ဖြင့်ပင် အုန်းမောင်းကြီး ထွင်းထုပြုလုပ်ခဲ့သည်။ ကျွန်ုပ် မှာထိုစဉ်က လူငယ်လေးသာဖြစ်၍ လူကြီးများ ဆန္ဒအတိုင်း ပြုလုပ် ခဲ့ရသည်။ ကျွန်ုပ်ကြည့်နေစဉ်မှာပင် တစ်ဖျစ်ဖျစ်အသံများ မြည်လာပြန် သည်။ ချမ်းအေးတိတ်ဆိတ်သော ဓမ္မာရုံတွင် မြည်သံကကျယ်လောင် သည်ဟု ထင်ရသည်။ ကျွန်ုပ်ကျေနပ်သည်အထိ ကြည့်ရှုလေ့လာပြီးမှ ကျောင်းပေါ်ပြန်တက်လာသည်။ ကျောင်းပေါ်တွင် အရုဏ်ဆွမ်းအတွက် ပြင်ဆင်နေချိန်ဖြစ်သည်။

"ဘယ်လိုလဲ ဒကာကြီး စံသိန်း၊ အုန်းမောင်းက အသံမြည်ပြီး ခြောက်လှန့်လိုက်တယ်မဟုတ်လား"

"တင်ပါ့ဘုရား ဆရာတော်ကို လျှောက်တင်စရာ ရှိပါတယ်။ ဆွမ်းဘုဉ်းပေးပြီးမှ တပည့်တော်ပြောပါတော့မယ်"

"ဒါဆိုလဲ ဒကာ့ သဘောပဲ"

ဆရာတော် ဆွမ်းဘုန်းပေးနေသည်။ ကျွန်ုပ် စောင့်ဆိုင်းနေ လိုက်သည်။ ဆွမ်းဘုဉ်းပေးအပြီး အချိုပွဲ ဘုဉ်းပေးနေစဉ် ဆရာတော် ကကျွန်ုပ်ကို သူ့အနားကို ခေါ်လိုက်သည်။ ဆရာတော်နှင့်နှစ်ဦး တည်းသာ ရှိနေသည်။ အနားတွင် အခြားသူများ မရှိပါ။

"ကဲ-ဆိုစမ်းပါဦး၊ ဒကာကြီးစံသိန်း ဘာပြောစရာရှိလဲ"

ကျွန်ုပ်စိတ်ထဲတွင် ဖြစ်ပေါ်နေသော စိတ်ကူးများ အပြည့်အစုံကိုဆရာတော်အား လျှောက်ထားလိုက်သည်။ ဆရာတော်က စိတ်ဝင်တစား နားထောင်နေသည်။ ကျွန်ုပ်တင်ပြချက် အဆုံးတွင် ဆရာတော်က–

"အမိုးမရှိ နေပူထဲမှာ ချိတ်ဆွဲထားတဲ့ အုန်းမောင်းကို သူ့နေရာ အဟောင်းမှာပြန်ထားရမယ်ဆိုပါတော့"

"တင်ပါ့ဘုရား တပည့်တော် လက်တွေ့စမ်းသပ်ချင်လို့ပါဘုရား၊ တပည့်တော်ရဲ့သားကြီး မောင်တင့် မကျွတ်မလွတ်ဘဲ ဒီအုန်းမောင်းမှာကပ်နေပြီး ခြောက်လှန့်နေတယ်ဆိုတဲ့ သတင်းက တစ်ရွာလုံးပျံ့နေပါတယ် ဘုရား"

"ဒကာကြီးက ဒီအုန်းမောင်းကြောင့် သားဆုံးရှုံးခဲ့ရတယ်၊ သားနဲ့ပတ်သက်ပြီး မယုံနိုင်စရာ သတင်းတွေလဲဖြစ်နေတယ် ပြီးတော့ ဒီအုန်းမောင်းကို လှူခဲ့တဲ့ နှစ်ငါးဆယ်ကျော်က ထွင်းထုခဲ့တဲ့သူလည်း ဖြစ်နေတယ်၊ ဒီတော့ဒကာကြီးဆန္ဒအတိုင်း ဘုန်းကြီး ဆောင်ရွက်ပေးပါ့မယ်၊ ဒကာကြီး ဆန္ဒပြည့်ပါစေလို့ ဘုန်းကြီးဆုတောင်းပေးပါတယ်"

"တင်ပါ့ဘုရား တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား၊ တပည့်တော် တွေးထင်တာမှန်ရင် အုန်းမောင်းသံ ပြန်ကြားရမှာပါဘုရား"

"စိတ်ချဒကာ၊ ဒကာပြောခဲ့တာတွေအားလုံး ဘုန်းကြီးလုပ်ပေးမယ်၊ ဒီနေ့ပဲစပြီး ဆောင်ရွက်ပေးမယ်"

ဆရာတော်ကို ဦးချပြီး ကျွန်ုပ်အိမ်ပြန်လာခဲ့သည်။ ညနေ

စောင်းအချိန်တွင် အညောင်းပြေရွာထဲသို့ လမ်းလျှောက်ထွက်ခဲ့သည်။ ထိုစဉ်သတင်းမျိုးစုံ ကြားခဲ့ရသည်။

"ဆရာတော်က တချွေခြောက်တဲ့ အုန်းမောင်းကြီးကို ကျောင်းပေါ် ပြန်ရွှေ့ဖို့ အမိန့်ချလိုက်ပြီတဲ့"

"ဆောက်လက်စ မန္တာရုံထဲမှာ ချိတ်ထားလို့ တချွေခြောက်တာများလား"

"အုန်းမောင်းပိပြီး သေသွားတဲ့ မောင်တင့်ဝိညာဉ်ကကျောင်း ပေါ်အထိလိုက်လာပြီး ခြောက်နိုင်အုံးမလား"

"မောင်တင့်ဝိညာဉ် အုန်းမောင်းမှာပူးကပ်နေတာ သေချာပါ တယ်၊ ဒါကြောင့် အုန်းမောင်းလာခေါက်တဲ့ သူတွေကို ခြောက်နေ တာပေါ့"

"မောင်တင့်အဖေ လုပ်ခဲ့တဲ့ အုန်းမောင်းပဲ၊ ဒါကိုစိတ်စွဲနေပြီး သူ့အဖေ အုန်းမောင်းမှာ မကျွတ်မလွတ်ဘဲ ရှိနေတာပေါ့"

ညနေစောင်းမှ ကျွန်တော်အိမ်ပြန်ခဲ့သည်။ အိမ်ပေါ်ရောက် ချင်းပင် မစိန်က........

"ရွာထဲက ပြောနေကြတယ်၊ ဆရာတော်က အုန်းမောင်းကြီး ကို ကျောင်းပေါ်ပြန်ရွှေ့ထားလိုက်ပြီတဲ့ ပြီးတော့ ကျွန်မတို့ရဲ့သား ဝိညာဉ်က-----"

"တော်တော့ မစိန် မပြောနဲ့တော့၊ ငါရွာထဲမှာ ကြားခဲ့ပြီးပြီ အုန်းမောင်းခေါက်သံ ပြန်ကြားကြမှ ဒီအပြောတွေရပ်ကြမယ် ထင်တယ်"

"အုန်းမောင်းကို ဘယ်သူခေါက်မှာမို့ အသံကြားရမှာလဲ ကိုစံသိန်းရဲ့"

"မင်းစောင့်ကြည့်နေပါ မစိန်ရယ်။"

ကျွန်ုပ်အစီအစဉ်ကို ဆရာတော်နှင့်ကျွန်ုပ် နှစ်ဦးတည်းသာ သိသည်။ အုန်းမောင်းခေါက်သံပေါ်လာမှ အများသိအောင်လုပ်ရမည်။ သို့မှသာ ကျွန်ုပ်သားကြီးနှင့် ပတ်သက်ထွက်ပေါ်လာသော မနှစ်မြို့ဖွယ် သတင်းစကားများကို ချေဖျက်နိုင်မည်ဖြစ်သည်။ ဆရာတော်က ကူညီပေးမည်ဖြစ်သည်။ နံနက်အရုဏ်တက်ချိန်တိုင်း အုန်းမောင်းခေါက်သံကို နားစွင့်မိနေသော်လည်း သုံးလေးရက်ကြာခဲ့သည်အထိ အုန်းမောင်းခေါက်သံ မကြားခဲ့ရပေ။ ကျွန်ုပ်စိတ်ထဲ သံသယများဝင်လာခဲ့သည်။ နောက်တစ်နေ့ အရုဏ်တက်တွင် ကျွန်ုပ်နားထဲ အုန်းမောင်းခေါက်သံကို ကြားလိုက်ရသည်။ ကျွန်ုပ်ထ ခုန်လုမတတ် ဝမ်းသာသွားသည်။ နံဘေးတွင် အိပ်နေသော ဇနီးကိုလှုပ်နှိုးလိုက်သည်။

"မစိန် ထစမ်း ဆရာတော်ကျောင်းက အုန်းမောင်းခေါက်သံ မဟုတ်လား"

ခေါက်သံ စိပ်နေရာမှာ ခေါက်သံကျဲကျဲ အုန်းမောင်းသံကို တုံ တုံ တုံနှင့် ပီပီသသကြားရသည်။

"ဟုတ်တယ် အုန်းမောင်းပြန်ခေါက်ပြီ ဘာလို့ဒီလောက် ဝမ်းသာနေရတာလဲ"

"ငါ့အစီအမံအောင်မြင်ပြီ၊ တို့သားကြီးဝိညာဉ် အုန်းမောင်မှာ ပူးကပ်နေပြီး တစ္ဆေခြောက်နေတယ် ဆိုတာမဟုတ်ဘူး၊ တို့သားကြီး လွတ်ရာကျွတ်ရာ သွားခဲ့ပြီဆိုတာ သက်သေပြနိုင်ပြီ။"

"ရှင်က ဘယ်လိုလုပ်ပြီး သက်သေပြနိုင်မှာလဲ"

"ငါ သက်သေပြဖို့ မလိုပါဘူး ဆရာတော်ကိုယ်တိုင်

ပြောလိမ့်မယ်၊ မနက်ဖြန် လပြည့်နေ့မဟုတ်လား တို့သားကြီး ကွယ်လွန်ခဲ့တာ တစ်လပြည့်ပြီ၊ ဆွမ်းကပ်ဖို့ စီစဉ်ပြီးပြီလား"

"ကျွန်မသိပါတယ် မမေ့ပါဘူး အားလုံးစီစဉ်ပြီးပြီ ဆရာတော် ကိုလည်း လျှောက်ထားပြီးပြီ၊ သားအတွက်ရည်စူးပြီးလုပ်မယ့် လပတ် အလှူလဲရှိတယ်ဆိုတော့ ရွာကလူတွေ အတော်များများ လာလိမ့်မယ် အဲဒီမှာ ဆရာတော်မိန့်ကြားလိမ့်မယ်"

"ဆရာတော်က ဘာကိုမိန့်ကြားမှာလဲ"

"တို့သားကြီးနဲ့ ပတ်သက်တာတွေပေါ့"

နောက်တစ်နေ့ လပြည့်နေ့တွင် ကျွန်ုပ်တို့မိသားစုက ကွယ်လွန်သူ သားကြီးမောင်တင့်အား ရည်စူး၍ ဆွမ်းကပ်လှူသည်။ ရေစက်ချတရားအပြီး ဆရာတော်က ပရိသတ်ကို ပြောလိုက်သည်။

"သို့လလဲပေးပြီးပြီ ရေစက်ချအမျှလဲပေးပြီးပြီ ဒီနေ့အရေးကြီး တဲ့စကား ဘုန်းကြီးပြောချင်တယ် အဲ့ဒါကတော့ ကျောင်းကအုန်း မောင်းကြီး တချွေခေါက်တဲ့ ကိစ္စပဲ၊ ခေါက်တဲ့တချွေက ဒီနေ့ဆွမ်း အလှူရှင် ဒကာကြီးစံသိန်းနဲ့ ဒေါ်စိန်တို့ရဲ့သား ကွယ်လွန်သူ မောင်တင့်လို့ ရွာထဲမှာပြောနေကြတယ်၊ အဲဒါလုံးဝမဟုတ်ဘူးလို့ ဘုန်းကြီးပြောချင်တယ်"

ထိုစဉ် ပရိသတ်များထံမှ တဝေါဝေါနှင့် အသံများထွက်လာ သည်။ တစ်ယောက်တစ်ပေါက် ပြောဆိုပြီး ဆရာတော်မိန့်ကြားသည့် စကားကို ဝေဖန်နေကြသည်။ အောင်မြင်ပြတ်သားသော ဆရာတော်၏ အသံ ဆက်လက်ကြားရတော့မှ ဆူညံနေသော စကားသံများ တိတ်သွား သည်။

"ဒီအုန်းမောင်းကြီးကို လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကျော်လောက်က ထွင်းထုပြုလုပ် တပ်ဆင်ချိတ်ဆွဲခဲ့တဲ့သူဟာ ဒီနေ့ဆွမ်းအလှူရှင် ဒကာကြီးစံသိန်းပါပဲ၊ အုန်းမောင်းထွင်းထုစဉ်ကတည်းက သစ်သားဟာ လိမ်နေတယ်၊ လိမ်နေတဲ့ သစ်သားကိုပဲထွင်းထုပြီး အုန်းမောင်းပြုလုပ်ခဲ့တာ၊ ကြိုးတွေဆွေးနေလို့ ကြိုးသစ်လဲနေတုန်း မတော်တဆ အုန်းမောင်းပြုတ်ကျပြီး ရင်ဘတ်ပေါ်ပိခဲ့လို့ မောင်တင့်သေခဲ့ရတယ်၊ မောင်တင့်သေတော့ ဘုန်းကြီးက အုန်းမောင်းကို ဆောက်လုပ်ဆဲ မွှာရုံထဲ ရွှေ့ထားခဲ့တယ်။ အမိုးမရှိတဲ့နေပူကျဲကျဲထဲမှာ တစ်နေကုန် အပူဒဏ်ခံနေရတာ သစ်တို့ရဲ့ သဘောကတစ်နေ့လုံး နေပူဒဏ်ခံထားရတော့ ပြန့်ကားလာတယ်။ ညဘက်ကျတော့ အေးလာပြီးသစ်က ပြန်ကျုံ့လာတယ်။ ပြန်ရှုန်းလာတယ်။ နဂိုကတည်းက လိမ်နေတဲ့သစ်ဆိုတော့ တဖျစ်ဖျစ် တကျွိကျွိ မြည်ပြီး ပြန်ကျုံ့ဝင်တာပေါ့။ ဆောင်းတွင်းဆိုတော့ အရှဏ်တက်ချိန် ပိုအေးတော့ သစ်ကပိုရှုန်းတယ် အသံကပိုပြီး မြည်တာပေါ့ ဖျစ်ဖျစ်ကျွိကျွိ အသံတွေ ခဏခဏမြည်တယ်။ ဒီအသံကို တစ္ဆေခြောက်တယ်လို့ပြောကြတယ်။

ပထမတော့ ဘုန်းကြီးတောင် တစ်မျိုးထင်သေးတယ်။ ဒကာကြီးစံသိန်းက သစ်အကြောင်းနားလည်တယ်။ သူအကြံပေးတဲ့အတိုင်း အုန်းမောင်းကို အမိုးအောက် ပြန်ရွှေ့ထားလိုက်တော့ နေပူဒဏ် မခံရတော့ဘူး။ အသံမြည်တာလဲ မဖြစ်တော့ဘူး ဘာသံမှမကြားရတော့ဘူး၊ ဘာတစ္ဆေခြောက်တာမှ မဟုတ်ဘူး ရွာသားတွေ အားလုံး

သိအောင်ပြောပြလိုက်ကြ၊ နောက်ကို ဘုန်းကြီးကျောင်းက အုန်းမောင်း တချွေခြောက်တယ်ဆိုတဲ့၊ စကားမပြောကြားဘူး အဖြစ်မှန်ကို သိကြပြီမဟုတ်လား။"

"တင်ပါ့ဘုရား၊ ခုမှပဲ ရှင်းရှင်းလင်းလင်း သိရတော့တယ် ဘုရား"

ပရိသတ်များထံမှ စကားသံများ ဆူညံစွာ ထွက်ပေါ်လာသည်။ စကားသံအဆုံးတွင် ဆရာတော်က ကျွန်ုပ်မျက်နှာကိုလှမ်းကြည့်

"ကျေနပ်ပီတိပြုံး ပြုံးနေသော ကျွန်ုပ်မျက်နှာကို ဆရာတော် တွေ့သွားမည်ထင်သည်"

*မောင်မောင်မိုးအောင်*

## မြေသူခိုးနှင့်ဝင်ရှုကြေးကြမ္မာ

ဟာ..... ညဘက်မြေကြီးကို တူးဆွနေတဲ့အသံ မြေကြီးကို ပေါက်ပြားနဲ့ပေါက်နေတဲ့ အသံမျိုးကြားကြားနေရတယ်၊ လူရိပ်လိုလို ဝိညာဉ်လိုလို ရိပ်ခနဲတွေ့လိုက်ရသလိုပဲ၊ ညတိုင်းကြားနေရတာ၊ ဒါကြောင့် မနေရဲတော့လို့ပါ......

## မြေသူဆိုးနှင့်ဝင့်ကြွေးကြမ္မာ

ဤရပ်ကွက် စတင်၍မြေကွက်ချထားပေးသည့် ၁၉၅၇-ခုနှစ်မှ ယနေ့အထိ ဤရပ်ကွက်တွင် ကျွန်တော်အခြေချ နေထိုင်ခဲ့သည်။ ရပ်ကွက်အမည်က ရွှေပြည်အေးရပ်ကွက်ဖြစ်သည်။ ယခင် ကျွန်တော်တို့ နေထိုင်ခဲ့သည့် မွန်လေးရပ်အနီးမှ ကျွန်တော်တို့ ရပ်ကွက် မီးသင့်လောင်ကျွမ်းခဲ့ပြီး ရွှေပြည်အေးရပ်ကွက်သို့ ပြောင်းရွှေ့နေရာ ချထားပေးခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ မူလနေထိုင်ခဲ့သည့် မီးသင့်ခဲ့သည့်နေရာတွင် မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ ပေါ်ပေါက်လာပြီဖြစ်သည်။ ယခုမော်လမြိုင် ပညာရေးကောလိပ် နေရာဖြစ်သည်။ ရွှေပြည်အေးရပ်ကွက်သို့ ပြောင်းရွှေ့လာစဉ်က ကျွန်တော် ကလေးအရွယ်သာဖြစ်သည်။ ကျောင်းပင်မနေရသေးပါ။

ရွှေပြည်အေးရပ်ကွက်ရှိ ကျွန်တော်တို့အိမ်နှင့် မျက်နှာချင်းဆိုင်မြေကွက်တွင် ဦးကျော်ရွှေနှင့် ဦးစံရင်တို့ ခြံချင်းကပ်လျက် နေထိုင်ကြသည်။

ဦးကျော်ရွှေမှာ တရားသမားလည်း ဖြစ်သည်။ စိတ်ထားနူးညံ့သိမ်မွေ့ပြီး သဘောမနောကောင်းသူဖြစ်သည်။ ဦးစံရင်မှာမူ ထိုသို့

ပေဟုတ်ပေ။ ဦးကျော်ရွှေနှင့် ဆန့်ကျင်ဘက် စိတ်ထားမျိုးရှိသူဖြစ်သည်။ ဦးစံရင်မှာ စိတ်သဘောထား ကောက်ကျစ်စဉ်းလဲသူ ဖြစ်သည်။

ဦးကျော်ရွှေမှာ ကျွန်တော့်ကို တူသားသဖွယ် ချစ်ခင်သူလည်း ဖြစ်သည်။ ဦးကျော်ရွှေ ဘုရားသွား၊ ကျောင်းတက်တိုင်း ကျွန်တော် ပါနေကျလည်း ဖြစ်သည်။ ဦးကျော်ရွှေမှာ ဇနီးကွယ်လွန်ပြီးနောက်ပိုင်း သမီးငယ်တစ်ဦးနှင့်အတူ နေထိုင်သူဖြစ်သည်။ ခြံချင်းကပ်လျက် ဦးစံရင်မှာလည်း မုဆိုးဖိုဖြစ်သည်။ သားတစ်ယောက်ရှိသည်။သား ဖြစ်သူက ထားဝယ်ဘက်တွင် သွားရောက်အလုပ်လုပ်နေသည်။ ဦးစံရင် တစ်ဦးတည်းသာ အိမ်တွင်နေထိုင်လျက်ရှိသည်။

တစ်နေ့ကျွန်တော် ဦးကျော်ရွှေအိမ်သို့ ရောက်ရှိနေစဉ် နှစ်ဖက်ခြံချင်းကပ်လျက်ရှိသည်။

တစ်နေ့ ကျွန်တော်ဦးကျော်ရွှေ အိမ်သို့ရောက်ရှိနေစဉ် တစ်ဖက်ခြံချင်းကပ်လျက် ဦးစံရင်က ခြံစည်းရိုး အဟောင်းကိုဖျက်ကာ ခြံစည်းရိုးအသစ် ကာရံနေချိန်ဖြစ်သည်။ ကျွန်တော်တို့ ဤရွှေပြည်အေး ရပ်ကွက်သို့ ပြောင်းရွှေ့လာစကပင် ခြံစည်းရိုးအမှတ်အသား အဖြစ် သရက်ပင် အုန်းပင်များ စိုက်ပျိုးထားကြသည်။ ဦးစံရင်က ခြံထောင့်တွင် အုန်းပင်စိုက်ထားသည်။ အုန်းပင်သည် ခြံစည်းရိုး တိုင်လည်းဖြစ်သည်။ ခြံစည်းရိုး နယ်နိမိတ်လည်း ဖြစ်သည်။

ယခုဦးစံရင် ခြံစည်းရိုးကာနေသည်မှာ အုန်းပင်ကိုကျော်၍ ဦးကျော်ရွှေခြံဘက်သို့ ရောက်နေခဲ့သည်။ ဦးကျော်ရွှေက ဦးစံရင်ကို မေးလိုက်သည်။

"ကိုစံရင် ခြံဝင်ကာ ကျွန်တော့်မြေထဲရောက်နေပြီလေ ကြည့်ပါဦး"

"မရောက်ပါဘူး၊ ဘာဖြစ်လို့လဲ ခင်ဗျားက မကျေနပ်လို့လား"

"ကျွန်တော့် မြေထဲရောက်မရောက် ခင်ဗျားသိပါတယ်၊ မြေတစ်ထွာတစ်မိုက် ကိုယ်သေရင်လဲ ကိုယ့်နောက်ပါမသွားပါဘူး၊ ခင်ဗျားစိတ်ချမ်းသာသလိုသာ လုပ်ပေတော့"

ဦးကျော်ရွှေမှာ တရားရှိသူပီပီ ဦးစံရင်ကို နှုတ်လှန်မပြောတော့ဘဲ နေနေလိုက်သည်။ ဦးစံရင်က ဆက်လက်ခြံကာနေသည်။ ဦးကျော်ရွှေသမီးက မနေနိုင်တော့ဘဲ ဝင်ပြောလိုက်သည်။

"အဖေက တော်တော် သည်းခံနေပါလား၊ ကိုယ့်ဘက်လဲ ခြံစည်းရိုးကာလိုက်ပါလား"

"သူတို့ ခြံစည်းရိုးကာနေပြီပဲလေ"

"သူတို့ခြံကာတာ ကျွန်မတို့ဘက်ကျော်လာလို့ ပြောတာပါ အဖေရယ်"

"ထားလိုက်ပါ သမီးရယ်၊ သူ့စေတနာ သူ့ကိုအကျိုးပေးလိမ့်မယ်၊ လောဘနဲ့သေခဲ့ရင် ဘာဖြစ်မလဲဆိုတာ သမီးသိပါတယ် အဖေတောင်မပြောတာ သမီးလဲမပြောနဲ့တော့"

ဤသို့ဖြင့် ဦးစံရင်က ခြံစည်းရိုးတစ်ခါပြင်တိုင်း မသိမသာ ဦးကျော်ရွှေတို့ဘက်သို့ တိုးတိုး၍ ခြံစည်းရိုးခတ်သည်။ ယခုဆိုလျှင် တစ်ထောင်ကျော်ခန့် ရှိခဲ့ပြီဖြစ်သည်။

မူလစိုက်ပျိုးထားသော ခြံစည်းရိုးအမှတ်အသားဖြစ်သည့် အုန်းပင်နှင့် တစ်ထောင်ခန့် ကွာလာခဲ့ပြီဖြစ်သည်။ နောက်သုံးလေးနှစ်အကြာတွင် ဦးစံရင်က ခြံစည်းရိုး အသစ်ပြန်ကာပြန်သည်။

ဦးစံရင်က အကြံသမား လောဘသမားဖြစ်သည်။ ခြစည်းရိုးပြန်ကာတိုင်း မြေအနည်းငယ် တိုးတိုး၍ယူလာသည်။ အခုတစ်ထောင်ကျော်သဖြင့် သိသာလာသည်။ တစ်ခါတွင် ဦးစံရင် ခြစည်းရိုးကာနေစဉ် ဦးကျော်ရွှေက မပြောစဖူး ပြောလိုက်သည်။"

"ခင်ဗျားကာတဲ့ ခြံစည်းရိုးက တစ်ထောင်လောက် ကျူပ်မြေထဲရောက်နေပြီ"

"မဟုတ်ပါဘူး ခင်ဗျား ကြည့်ပါလား"

"ခင်ဗျားခြံထောင့်က အုန်းပင်ကို ကြည့်ပါလား။ အရင်က အုန်းပင်က ခြံစည်းရိုးပဲလေ၊ ခြံစည်းရိုးက အုန်းပင်နဲ့တစ်ထောင်လောက်ကွာနေပြီလေ"

"ဘာလဲ....ခင်ဗျားက မကျေနပ်ဘူးဆိုရင် ဆိုင်ရာကိုသွားတိုင်လေ"

"မတိုင်ပါဘူး ခင်ဗျားလုပ်ပုံသိအောင်လို့ ပြောပြတာ အုန်းပင်ကသက်သေပဲလေ"

"ဒီအုန်းပင်ကြောင့်လို့ ခင်ဗျားပြောတာပေါ့"

ထိုသို့ပြောဆိုပြီး နောက်တစ်နေ့တွင် ဦးစံရင်က သူ့ခြံထောင့်ရာအုန်းပင်ကို ခုတ်လှဲလိုက်သည်။ နောက်သုံးလေးနှစ်ခန့်အကြာ ခြံစည်းရိုး ပြန်ကာစဉ်တွင်လည်း ဦးစံရင်ခြံမြေချဲ့ထွင်မှုသိသာလာသည်။ မျက်နှာချင်းဆိုင်မှ ကျွန်တော်တို့အပါအဝင် အိမ်နီးချင်းများကလည်း ထိုကိစ္စကို သိလာကြသည်။

ဦးကျော်ရွှေက မပြောသော်လည်း အိမ်နီးချင်းများက မခံနိုင်၍ ဦးကျော်ရွှေဘက်မှ လိုက်ပြောကြသည်။ အုန်းပင်အမြစ်များက

သက်သေရှိနေသော်လည်း ဦးစံရင်က အင်းမလုပ်၊ အဲမလုပ်ဘဲ ဝန်မခံခဲ့ပါ။ မြေပိုင်ရှင်ဖြစ်သော ဦးကျော်ရွှေက မပြောသဖြင့် ကျန်သူများက မပြောကြတော့ပါ။ မခံချင်လွန်း၍ ဦးကျော်ရွှေကို ပြောကြတိုင်း-

"ဪ"သူ့လောဘက သူ့ကိုစီရင်သွားလိမ့်မယ်""ဟုသာ ပြောလေ့ရှိသည်။

ယခုတစ်ဖန် မခံချင်သူ အိမ်နီးနားချင်းက ဦးကျော်ရွှေကို ပြောကြပြန်သည်။

"ဟိုဘက်ခြံက ဦးစံရင် ခြံကာတာ ဦးလေးခြံဘက် ကျော်နေပြီလေ၊ မပြောတော့ဘူးလား---သည်းခံနေဦးမှာလား"

"ဪ---မပြောကြပါနဲ့ကွယ် ဒီလောက်မြေကလေး သေရင် ပါသွားတာမှ မဟုတ်တာ လောဘနဲ့သေရင် ပြိတ္တာဖြစ်မယ်၊သူ့ကြောင့်ငါ ဒေါသလဲမဖြစ်ချင်ဘူး ဒေါသနဲ့သေရင် ငါငရဲရောက်ဦးမယ်၊ ခြံမြေနိုးတာ တွေးတောပြီး မောဟလဲမဖြစ်ချင်ဘူး မောဟနဲ့သေရင် တိရစ္ဆာန်ဘဝရောက်နေဦးမယ်၊ လူ့ခန္ဓာအညစ်အကြေးတွေနဲ့ ညစ်ပတ်နေရင် သီလနဲ့ ဆေးမှစင်ကြယ်တာကွဲ့၊ စံရင်က သီလရှိသူမှ မဟုတ်တာ သူ့စိတ်ကမစင်ကြယ်တော့ ခုလိုလုပ်နေတာ မဆန်းပါဘူး"

ဦးကျော်ရွှေက မိမိခြံမြေ ကျူးကျော်ခံရသည်ကို အဖြစ်မှန်သိလျက်နှင့်ပင် တရားနှင့်သာ ဖြေနေခဲ့သည်။ နောက်ဆုံးအိမ်နီးနားချင်းများလည်း လက်လျှော့သွားကြပြီး မည်သူမျှဝင် မပြောကြတော့ပါ။ ဦးကျော်ရွှေက တရားအလုပ်သာ ဆက်လုပ်နေခဲ့သည်။ တရားစခန်းဝင်ခြင်း၊ ဆရာတော်များနှင့် ခရီးထွက်ခြင်း၊ ဘုရားဖူးခရီးထွက်

ခြင်းများနှင့်သာ အချိန်ကုန်နေခဲ့သည်။ ဦးကျော်ရွှေက တရားသမား ပီပီ သည်းခံနေမြဲဖြစ်သည်။

ပင်စည်ခုတ်လှဲပြီးသော်လည်း အုန်းပင်အမြစ်များက ကျန်နေသေးသည်။ အုန်းပင်အမြစ်များက ခြစည်းရိုးကိုပြနေသည်။ ဦးစံရင် မြေချဲ့ထွင်ထားကြောင်း၊ သက်သေဖြစ်နေသည်။ ထို့ကြောင့် ဦးစံရင်က အုန်းပင်အမြစ်များကို တူးဖော်ထုတ်ယူတော့သည်။ နေကျဲကျဲတွင် အုန်းပင်အမြစ်များကို တူးဖော်ရသည်။ တစ်ရက်တည်းနဲ့လည်းမပြီး သုံးလေးရက်ဆက်လုပ်ရသည်။

အမြစ်များ ကုန်စင်သွားသော်လည်း ထိုနေရာတွင် မြေကျင်းကြီးကျန်နေခဲ့သည်။ မြေကျင်းကိုလည်း ထပ်မံမြေဖို့လိုက်ပြန်သည်။ အပင်ရော အမြစ်များပါ မရှိတော့ဘဲ ရှင်းလင်းသွားတော့သည်။ နေ့စဉ်ရက်ဆက် မနေမနား နေပူထဲတွင် အုန်းပင်အမြစ်တူးခြင်း၊ ဖို့ခြင်းများ ပြုလုပ်ခဲ့သဖြင့် အပူရှပ်ကာ အပြင်းဖျားပြီး အိပ်ရာထဲလဲနေပါတော့သည်။ တစ်ဦးတည်းသော သားကလည်း ထားဝယ်ဘက်ရောက်နေသဖြင့် ပြုစုကူညီမည့်သူ မရှိဘဲဖြစ်နေသည်။ ထိုအခါ တရားသမား ဦးလေးကျော်ရွှေက ကျွန်တော်ကိုအကူအညီ တောင်းလာသည်။

"မောင်မိုးရေ.....ကိုစံရင်တစ်ယောက် အပြင်းဖျားပြီး အိပ်ရာ ထဲလဲနေပြီး ကူညီမယ့်သူ မရှိဘူးဖြစ်နေတယ်။ မောင်မိုးတို့ ဦးတို့ကပဲ ပြုစုသင့်တယ်လို့ ထင်တယ်။ ညဘက်ဆိုလဲ တစ်ယောက်တည်းဖြစ်နေတယ်။ နေ့ခင်းဘက်မှာ အကြောင်းမဟုတ်ပေမယ့် ညဘက်ကျတော့ စောင့်ကြည့်ပေးဖို့ လိုမယ်ထင်တယ်"

"ဦးစံရင်က အဲဒီလောက်ဖြစ်နေလို့လား...."

"အိမ်ချင်းကပ်ရက်ဆိုတော့ ညည်းသံတွေ ညဘက်မှာ ကြားနေရတယ်"

"ဦးက ဘယ်လိုဖြစ်ချင်လဲပြောပါ"

"မောင်မိုးတစ်ည ဦးတစ်ည စောင့်ကြမယ်လေ"

"ကောင်းပါပြီ ဦးရယ်"

ဦးကျော်ရွှေက အဖော်မဲ့နေသော ဦးစံရင်အတွက် စာနာစိတ်ဖြင့် ကျွန်တော့်ကို မေတ္တာရပ်ခံလာသည်။ ကျွန်တော်တို့ နှစ်ယောက် တတ်သမျှ ဆေးဝါးများဖြင့် ကုသပြုစုခဲ့သော်လည်း ဦးစံရင်အဖျားမှာ ကျမသွားပဲ ပို၍ဆိုးလာပါသည်။

"ကိုစံရင်က ငှက်ဖျားရောဂါထင်တယ်"

"အဖျားမကျ၊ သတိတောင် လစ်ချင်သလို ဖြစ်ဖြစ်လာတယ်၊ ထားဝယ်က ဦးစံရင်သားဆီ အကြောင်းကြားရင် ကောင်းမယ်ထင်တယ်"

"မောင်မိုးပြောတာ ဟုတ်တယ်၊ အဲဒီအတိုင်းလုပ်"

"ဘယ်လို လုပ်ရမှာလဲ"

"သူ့သားဆီ ကြေးနန်းရိုက်လိုက်လေ"

"ကျွန်တော် သူ့လိပ်စာကို မသိဘူး"

"သူ့သားလိပ်စာ ကိုစံရင်ဆီက ဦးလေးတောင်းပေးမယ်"

ထိုညက ဦးကျော်ရွှေ စောင့်အိပ်ရင်း လိပ်စာတောင်းထားဟန်တူသည်။ နောက်တစ်နေ့ နံနက်တွင် ဦးကျော်ရွှေကကျွန်တော့်ကိုလိပ်စာတစ်ခုပေးသည်။ ထားဝယ်မြို့သို့ ကြေးနန်းရိုက်လိုက်ပါသည်။

ကြေးနန်းရိုက်ပြီး တစ်ပတ်ခန့်ကြာမှ ဦးစံရင်၏သား ကိုစံသိန်း ပြန်ရောက်လာသည်။ သူ့သားရောက်လာပြီး နောက်တစ်နေ့မှာပင် ဦးစံရင်ကို မော်လမြိုင်ဆေးရုံကြီးသို့ တင်ပို့ခဲ့သည်။ သူ့သားရောက်လာပြီဖြစ်၍ ကျွန်တော်နှင့်ဦးကျော်ရွှေတို့ သက်သာသွားကြသည်။ ဆေးရုံတင်ထားသော ဦးစံရင်မှာ အခြေအနေမကောင်းဟု ကြားသိရသည်။ ငှက်ဖျားပိုးက ဦးနှောက်ထဲ ရောက်သွားပြီဟု သိရသည်။

"ကိုယ့်မြေကို ကျူးကျော်ခြစ်ခဲ့ပေမယ့် ဦးလေးသူ့အပေါ် မေတ္တာမပျက်ခဲ့ပါဘူး၊ ညဘက် တရားထိုင် ဘုရားရှိခိုးပြီး အမျှပေးဝေတိုင်း ဦးစံရင်ကို မေတ္တာပို့ခဲ့ပါတယ်၊ မေတ္တာလက်နက်က အစွမ်းထက်ပါတယ် မောင်မိုးရယ် လောဘနဲ့သေရင် ပြိတ္တာဖြစ်မှာကွဲ့"

ဦးကျော်ရွှေ ကျွန်တော့်ကို ပြောလေ့ရှိသော စကားဖြစ်သည်။

"ကိုယ်ပိုင်တာ ဘာမှမရှိဘူး သေသွားရင်လဲ ဘာမှမယူသွားနိုင်ဘူး"ဟု ကျွန်တော့်ကို ဆုံးမစကားဆိုလေ့ရှိသည်။

ဆေးရုံတင်ထားပြီး သုံးပတ်ခန့်အကြာ ဦးစံရင် ငှက်ဖျားရောဂါဖြင့်ကွယ်လွန်ခဲ့ပါသည်။ တစ်ဦးတည်းသော သူ့သားလက်ပေါ်မှာပင် ကွယ်လွန်သွားကြောင်း သိရပါသည်။

ဦးစံရင်၏ အသုဘကိစ္စအဝဝကို ရက်လည်သည်အထိ ကျွန်တော်နှင့်ဦးကျော်ရွှေတို့က ကူညီဆောင်ရွက်ပေးသည်။

ရက်လည်ပြီးနောက် တစ်ပတ်ခန့်တွင် ဦးစံရင်၏သား ကိုစံသိန်းက ကျွန်တော်နှင့်ဦးကျော်ရွှေကို သူ့အိမ်သို့ ဖိတ်ခေါ်ပြီး စကားပြောသည်။

"ကျွန်တော့်အလုပ်က ထားဝယ်မှာဆိုတော့ ကျွန်တော်ပြန်ရဦးမယ် ဒီအိမ်ကို ဦးတို့ကပဲ ကြည့်ရှုစောင့်ရှောက်ပေးစေချင်တယ်"

"အိမ်က လူမနေရင် ပျက်စီးလွယ်တယ်ကွဲ့"

"လောလောဆယ် ကျွန်တော်လည်း မနေနိုင်သေးဘူး ဖြစ်နေတယ်"

"ဒီတော့ ဦးလေးအကြံတစ်ခု ပေးချင်တယ်"

"ပြောပါဦး"

"မောင်စံသိန်း ထားဝယ်မပြန်ခင် အိမ်ငှားတင်ခဲ့ပါလား၊ စပေါ်ငွေ အိမ်လခရမယ်၊ ပြီးတော့ အိမ်စောင့်လဲ ရတာပေါ့"

"ဦးလေးပေးတဲ့အကြံ ကောင်းပါတယ်၊ အဲဒီလိုပဲ စီစဉ်ပေးပါ၊ ဒီရပ်ကွက်မှာ ကျွန်တော်က ဧည့်သည်လိုဖြစ်နေတာ ဦးသဘောအတိုင်းပဲလုပ်ပါ"

"ငှားမယ့်သူတွေ ပေါပါတယ်၊ အိမ်ငှားစာချုပ်ချုပ်ပြီးမှ ငါ့တူ ထားဝယ်ပြန်ပေါ့"

"ဟုတ်ကဲ့ ဦးလေးကောင်းမယ် ထင်သလို စီစဉ်ပါတော့"

တစ်ပတ်အတွင်း အိမ်ငှားသူများ ရောက်လာသည်။ အိမ်စပေါ်ငွေ၊ အိမ်လခ နှစ်ဦးနှစ်ဖက် သတ်မှတ်ပြီး စာချုပ်ချုပ်ဖြစ်သည်။

ကိုစံသိန်း၊ ထားဝယ်မပြန်မီ ကျွန်တော်တို့နှင့် တွေ့ဆုံစကားပြောသည်။

"အိမ်လခက လစဉ်ပေးရမှာဆိုတော့ ဦးလေးကျော်ရွှေကိုပဲ ကိုယ်စားလှယ်လွှဲ ထားခဲ့တော့မယ်၊ အိမ်ကိစ္စဦးလေး စိတ်ကြိုက် ဆောင်ရွက်နိုင်ပါတယ်၊ အိမ်လခတွေလဲ ဦးလေးသိမ်းဆည်းပေးပါ၊ လေးငါးခြောက်လ တစ်ခေါက်ဆိုသလို ကျွန်တော်လာခဲ့မယ်"

"ငါ့တူ သဘောတူတယ်ဆိုရင်တော့ ရပ်ကွက်လူကြီးတွေနဲ့ စီစဉ်ခဲ့ပေါ့ကွယ်"

နောက်ဆုံးတွင် ကွယ်လွန်သွားခဲ့သူ ဦးစံရင်၏ နေအိမ်ကိစ္စ အဝဝကို ဦးကျော်ရွှေက တာဝန်ခံဖြစ်လာခဲ့သည်။ အိမ်ငှားရောက် လာပြီဖြစ်၍ ကိုစံသိန်းလည်း ထားဝယ်သို့ ပြန်သွားခဲ့ပြီဖြစ်သည်။ အိမ်ငှားများက ခြောက်လသက်တမ်းဖြစ်သည်။ သို့သော် နှစ်လခန့် အကြာမှာပင် ဤအိမ်တွင် မနေလိုတော့ကြောင်း၊ ပြောင်းရွှေ့လို ကြောင်း၊ အိမ်ငှားများက ပြောဆိုတင်ပြလာသည်။ ဦးကျော်ရွှေနှင့် စကားပြောကြသည်။

"စာချုပ်မပြည့်ခင် မနေချင်တော့ဘူးဆိုတော့ စပေါ်ငွေဆုံးမယ် လေ၊ ဒါမှမဟုတ် ခြောက်လပြည့်မှ စပေါ်ငွေပြန်ရမယ် အိမ်ရှင် ကထားဝယ်မှာနေတာ"

"ဒီအိမ်ကိစ္စ ဦးလေးကို လွှဲထားတာမဟုတ်လား၊ စပေါ်ငွေကို ခြောက်လပြည့်မှ ပြန်ပေးလဲရပါတယ်၊ ပြန်မပေးလဲ နေနိုင်တာပဲ ကျွန်တော်တို့ဘက်က စာချုပ်ပါအချက်ကို ဖောက်ဖျက်ခဲ့တာကိုး"

"ဒါနဲ့ မေးပါရစေ၊ နှစ်လအတွင်း ဘာလို့ပြောင်းချင်ရတာလဲ၊ စပေါ်ငွေတောင် အဆုံးခံပြီး ပြောင်းချင်နေတာ အကြောင်းထူးရှိ လို့လား"

"သိပ်ရှိတာပေါ့၊ ခုမှတော့ မထူးတော့ပါဘူး၊ ဒီအိမ် အကြောင်း ပြောပြလိုက်တော့မယ်"

"ကဲ........ပြောပါဦး၊ ဒီအိမ်က ဘာဖြစ်နေလို့လဲ"

"ညဘက်လူခြေတိတ်အချိန် ခေါင်းရင်းဘက်ခြံစပ်က အသံ တွေကြားကြားနေရတယ်"

"ဘယ်လိုအသံတွေ ကြားနေရတာလဲ----လူသံလား"

“လူသံတော့မဟုတ်ဘူး မြေကြီးကိုတစ်ခုခုနဲ့ တူးဆွနေတဲ့ အသံမျိုးပဲ”

“သေချာရဲ့လားကွယ်”

“သိပ်သေချာတာပေါ့၊ ပထမတော့ ကျွန်တော်တစ်ယောက် တည်းကြားရတယ် ထင်တာ၊ နောက်တော့ ကျွန်တော့်မိန်းမလဲကြားလို့ ထကြည့်ကြတာ၊ ပြတင်းပေါက်ဖွင့်ကြည့်လိုက်တော့ အသံ ပျောက်သွား တယ်၊ ဘာမှလဲမတွေ့ဘူး ပြန်အိပ်တော့ ထပ်ကြားရပြန်ရော။”

“ကြားရတဲ့ အသံကို ထပ်ပြောပါဦး”

“မြေကြီးကို ပေါက်ပြားနဲ့ ပေါက်ပေါက်နေတဲ့ အသံမျိုးပဲ၊ ဦးလေးရော ဘယ်လိုထင်လဲ”

“ဦးတော့ မထင်တတ်အောင်ဘဲကွယ်”

“ဒါနဲ့ ကျွန်တော်တို့မငှားခင် ဒီအိမ်ရှင်ဦးလေး ဆေးရုံမှာ ငှက်ဖျားရောဂါနဲ့ ကွယ်လွန်သွားတယ်ဆို”

“အင်း ဟုတ်တယ်၊ ငါ့တူလာငှားချိန်က ဦးစံရင် ကွယ်လွန် ခဲ့တာ တစ်လကျော်လောက်ပဲ ရှိသေးတာ”

“အဲ့ဒီ ဦးစံရင် မကျွတ်မလွတ်ဘဲ ဒီခြံထဲရှိနေတယ်ထင်တယ် မနေရဲတော့ဘူး ပြောင်းရွှေ့ဖို့ စီစဉ်လိုက်တော့မယ်”

“ပြောင်းတာက ဟုတ်ပါပြီ၊ တင်ထားတဲ့ စပေါ်ငွေက လောလောဆယ် နောက်အိမ်ငှားတက်မှ ပြန်ပေးနိုင်မှာ၊ အိမ်ရှင်က ထားဝယ်မှာလေ”

“ရပါတယ်၊ နောက်အိမ်ငှားတက်မှ စပေါ်ငွေ ပြန်ယူတော့ မယ်၊ ဒီနေ့ပဲ ပြောင်းတော့မယ်”

ဝထမအိမ်ငှားများ ပြောင်းသွားပြီး တစ်လခန့်အကြာမှာ အိမ်ငှား အသစ်ရောက်လာနေထိုင်သည်။ ထိုဒုတိယ အိမ်ငှားနှင့်လည်း ခြောက်လသက်တမ်း စာချုပ်ချုပ်ဆိုဖြစ်သည်။ အိမ်စပေါ်ငွေကို ယခင် ပထမအိမ်ငှားထံ ဦးကျော်ရွှေက ပေးလိုက်သည်။ ဒုတိယအိမ်ငှားများ တက်ရောက်နေထိုင်ပြီး တစ်လကျော်မှာပင် ပြဿနာ တက်လာပြန် သည်။ ဆက်လက် မနေလိုတော့ဘဲ ပြောင်းရွှေ့ရန် ပြောလာကြပြန် သည်။

"တစ်လကျော်ကျော်ပဲ ရှိသေးတာ ဘာဖြစ်လို့ ပြောင်းချင်ရ တာလဲ"

"ဟာ-ညဘက် မြေကြီးကို တူးဆွနေတဲ့အသံ မြေကြီးကို ပေါက်ပြားနဲ့ပေါက်နေတဲ့ အသံမျိုးကြားကြားနေရတယ်၊ လူရိပ်လိုလို ဝိညာဉ်လိုလို ရိပ်ခနဲတွေ့လိုက်ရသလိုပဲ၊ ညတိုင်းကြားနေရတာ၊ ဒါကြောင့် မနေရဲတော့လို့ပါ"

"ခင်ဗျားတို့ပေးထားတဲ့ စပေါ်ငွေက ပထမအိမ်ငှားကို ပေးလိုက်ရတယ်၊ ထားဝယ်က အိမ်ရှင်ကို အကြောင်းကြားထား ပါတယ်၊ တစ်ပတ်အတွင်းရောက်လာလိမ့်မယ်၊ အဲ့ဒီတော့မှ စပေါ် ငွေပြန်ရမယ်"

"အိမ်ရှင် ဘယ်တော့ရောက်ရောက်ပါ ဒီအိမ်မှာတော့ မနေရဲ တော့ဘူး၊ စပေါ်ငွေ နောက်မှလာယူတော့မယ်"

ထိုသို့ပြောပြီးသည်နှင့် ချက်ချင်းပင် အထုပ်အပိုးပြင်ကာ အိမ်ငှားများ အိမ်ပေါ်မှ ဆင်းသွားပါတော့သည်။ မတတ်သာတော့ သည့်အဆုံး လူမရှိတော့သည့် အိမ်ကိုသော့ခတ်၍ ပိတ်ထားလိုက်

တော့သည်။ အိမ်ချင်းကပ်လျက် ဦးကျော်ရွှေက ထိုအဖြစ်ကို ယခု ထက်ထိ မယုံနိုင်သေးဘဲ ဖြစ်နေသည်။

ညဘက်နားစွင့်နေခဲ့မိသည်။ သို့သော် မည်သည့်အသံမျှ မကြားရသဖြင့် အိမ်ငှားများပြောသည့်ကိစ္စ မှေးမှေးပျောက်ပျောက်ပင် ဖြစ်နေခဲ့သည်။

တစ်ညလူခြေတိတ်ချိန် ဦးကျော်ရွှေ အိပ်ပျော်နေစဉ် ခြံစပ်မှ အသံများကြောင့် ဦးကျော်ရွှေအိပ်ရာမှ လန့်နိုးလာရသည်။ နားစွင့် နေလိုက်သည်။ ဘုတ် ဘုတ် ဘုတ်နှင့် အသံများကြားလိုက်ရသည်။

အိမ်ပြတင်းပေါက်တံခါး ဖွင့်ကြည့်လိုက်ချိန်တွင် အသံများ ပျောက်သွားသည်။ ဤသို့ဖြင့် ဦးစံရင်၏ အိမ်သတင်းက တစ်ရပ် ကွက်လုံး ပျံ့နှံ့သွားပါတော့သည်။

ထိုသတင်းကြောင့် အိမ်ငှားမည့်သူများမှာ မငှားဝံ့ကြတော့ပေ။

အိမ်ငှားအသစ် မလာတော့သဖြင့် စပေါ်ငွေပြန်ပေးရေး ကိစ္စ ဦးကျော်ရွှေက ထားဝယ်မြို့နေ ကိုစံသိန်းထံ အကြောင်းကြားလိုက် ရတော့သည်။ မကြာမီ ကိုစံသိန်း ထားဝယ်မြို့မှ မော်လမြိုင်သို့ ပြန်ရောက်လာသည်။

"ကျွန်တော်အလုပ်က ထွက်ခဲ့ပြီ၊ ပြန်သွားစရာ မလိုတော့ဘူး မိဘဘိုးဘွားပိုင် ဒီအိမ်မှာပဲနေပြီး လုပ်ကိုင်စားသောက်တော့မယ်"

ကိုစံသိန်းပြန်ရောက်လာပြီး ပေးရန်ရှိသည့် အိမ်စပေါ်ငွေများ ပြန်ပေးခဲ့သည်။ အိမ်ရှင်ပြန်ရောက်လာပြီး အိမ်တွင်လူရှိနေသဖြင့် မည်သည့်သတင်းမှ မကြားရတော့ပေ။ လေးငါးလအကြာတွင် ကိုစံသိန်းက ဦးကျော်ရွှေကို ထူးဆန်းသည့် စကားတစ်ခွန်းမေးလိုက် သည်။

"ကျွန်တော်တို့ အိမ်ခြံကာတာ ဦးကျော်ရွှေတို့ ခြံဘက်ခြမ်းထဲရောက်နေတယ်ဆို"

"ဘာသတင်းတွေကြားလို့ ခုလိုမေးနေရတာလဲ"

"ကျွန်တော်က ထားဝယ်မှာသာနေတော့ ခြံကိစ္စမသိပါဘူး အဖေ ခြံစည်းရိုးကာတိုင်း ဦးရဲ့မြေဘက် တိုးတိုးပြီး ကာခဲ့တယ်မဟုတ်လား"

"မောင်စံသိန်းအဖေ ကွယ်လွန်သွားခဲ့ပြီလေ၊ မောင်စံသိန်းလဲ ဒီမှာမနေဘူး ဘယ်သူပြောပြတာလဲ"

"ဒါဆိုအဖေ ခြံကာတာ ဦးတို့မြေကို ခိုးခိုးယူခဲ့တာပေါ့"

"ဟုတ်ပါတယ်ကွယ် အမှတ်အသားဖြစ်တဲ့ မင်းတို့ခြံထောင့်ကအုန်းပင်ကို ခုတ်လှဲပြီး အမြစ်ဝါးတူးပစ်ခဲ့တာ၊ တစ်ကိုက်ကျော်ကျော်လောက် ဦးမြေထဲရောက်နေတယ်ကွဲ့"

"ဩော် ........ ဒါကြောင့်ကိုး"

"ဩော် ........ ဒါကြောင့်ကိုးဆိုတာ ဘာကိုဆိုလိုတာလဲကွဲ့"

"အဖေ့ကြောင့် ဦးရဲ့မြေကို ခိုးပြီး ခြံခတ်ခဲ့တဲ့ ကိစ္စသိခဲ့ရတာ"

"ဘာ....ဘယ်လို မင်းအဖေကြောင့် ခြံမြေခိုးတဲ့ကိစ္စသိခဲ့တာလား"

"ဟုတ်ပါတယ် အဖေ့ကြောင့်ပါ"

"ဘယ်လိုသိခဲ့တာလဲ"

"အဖေက ကျွန်တော့်ကို အိမ်မက်ပေးခဲ့တာ"

“ဘာ....ကိုစံရင်က အိမ်မက်ပေးခဲ့တာလား၊ အံ့ညသြဖို့ကောင်းလိုက်တာ ပြောပြပါလား”

“အိမ်မက်အကြောင်း ပြောချင်လွန်းလို့ ဦးကိုအခုလိုအသိပေးရတာဦးရဲ့ ကျွန်တော့်အိမ်မက်က ဒီလိုပါ”

“သား......သားလေး......ထပါဦး”

“ဟင် အမေပါလား အမေ ဘာလာလုပ်တာလဲ”

“သားကို အကူအညီတောင်းချင်လို့ လာခဲ့တာ၊ အမေ့ကို တစ်ခုကူညီပါလား”

“သားက ဘာကိုကူညီရမှာလဲ ပြောပါအမေ”

“အမေမသေခင် ခြံစည်းရိုးကာတိုင်း ဟိုဘက်ခြံက ကျော်ရွှေ့မြေဘက်ကို တိုးတိုးပြီးခြံကာခဲ့တာ၊ သူတစ်ပါးမြေကို ကိုယ်ပိုင်မြေလုပ်ခဲ့မိတယ်၊ သူ့မြေကို ခိုးခိုးယူနေတာ၊ ကျော်ရွှေက မငြူစူတဲ့အပြင် အမေ့ကိုတောင် မေတ္တာပို့ခဲ့သေးတယ်၊ ပြုခဲ့တဲ့မကောင်းမှုကံဝဋ်ကြွေးကို အမေပြန်ခံနေရပြီ”

“အမေ ဘယ်လိုခံနေရတာလဲ”

“ညဘက် လူခြေတိတ်ချိန် မြေကြီးကို ပေါက်ပြားနဲ့ပေါက်ပေါက်ပြီးသူ့ခြံထဲပြန်ပို့နေရတယ်၊ ညတိုင်းဖို့နေလဲ မပြီးနိုင်ဘူးဖြစ်နေတယ် ညတိုင်းဆိုတော့ အမေမောနေပြီသားရယ်၊ နေ့လယ်ခင်းဘက်ဆို လူတွေသိမှာစိုးလို့ ညဘက်လုပ်ရတာ ဒါကြောင့် အိမ်ငှားတွေက ညဘက်မြေကြီးကို ပေါက်ပြားနဲ့ပေါက်တဲ့ အသံကြားနေရတယ်လို့ ပြောကြတာပေါ့ ညတိုင်းပေါက်ပြားနဲ့ မြေကြီးကိုပေါက်ပေါက်နေတဲ့ အသံကြားနေရတော့ ဒီအိမ်မှာ မနေဝံ့တော့ဘဲ စာချုပ်

မစေ့ခင် ပြောင်းပြေးကြတာပေါ့ သားရယ်၊ အဖေလဲ ကိုကျော်ရွှေရဲ့ မြေတွေ ပေါက်ပြားနဲ့ပေါက်ပြီး သူ့နေရာ ပြန်ဖို့နေရတဲ့ ဝဋ်ခံနေရတယ်၊ ဒါကြောင့်သားက အဖေ့ကို ကူညီမှဖြစ်တော့မယ်"

"ဘယ်လိုကူညီရမှာလဲ ပြောလေ အဖေ"

"အဖေ့ကိုယ်စား ကျော်ရွှေမြေတွေ ပြန်ပေးလိုက်ပါ သားရယ်"

"ဘယ်လိုပြန်ပေးရမှာလဲ"

"အခုကာထားတဲ့ ခြံစည်းရိုးကို ဖျက်ပြီးတစ်ကိုက်ကျော်ကျော် လောက် နောက်ဆုတ်ပြီး ခြံပြန်ကာလိုက်ပါ၊ ကျော်ရွှေ့ကိုလည်း အဖြစ်မှန် ပြန်ပြောလိုက်ပါ၊ အဖေက သူ့မြေကိုပြန်လိုချင်တော့ ခြံစည်းရိုး အမှတ်အသားဖြစ်တဲ့ အုန်းပင်ကို ခုတ်လှဲခဲ့တယ် အမြစ် ပါမကျန်အောင် တူးပစ်ခဲ့တယ်၊ ဒီလောဘစိတ်ကြောင့် ပြိတ္တာဘဝ ရောက်နေတာတောင် မြေတွေပေါက်ပေါက်ပြီး နေရာဟောင်း ပြန်ဖို့ ပြန်ဖို့နေရတယ်၊ မပြီးနိုင်အောင် ဝဋ်ကြွေးဆပ်နေရတယ်၊ သူ့မြေ တွေပြန်ပေးလိုက်ပါ သားရယ်"

"စိတ်ချ အဖေပြောတဲ့အတိုင်း ကျွန်တော်လုပ်ပေးပါ့မယ်"

"နေဦး…ကျန်သေးတယ်၊ အဖေလွတ်ရာကျွတ်ရာ သွား နိုင်ဖို့ ဒါနပြုပြီး အမျှအတမ်းဝေပေးပါသားရယ် သားကအဲ့ဒီလို မလုပ်ပေးရင် အဖေမကျွတ်မလွတ်ဘဲ ညတိုင်းမြေတွေပေါက်ပြီး ဟိုဘက်ခြံပို့နေရဦးမယ်၊ ကူညီပါနော်"

"စိတ်ချပါအဖေ အဖေမှာတာတွေအားလုံး သားလုပ်ပေးပါ့ မယ်"

"ကျေးဇူးတင်ပါတယ် သားရယ် အဖေသွားပြီ"

ကိုစံသိန်းက သူ့အိမ်မက်အကြောင်း အပြည့်အစုံပြောပြလိုက်သည်။

"မင်းရဲ့အိပ်မက်က ဆန်းကြယ်ပြီး အံ့သြဖို့ကောင်းလိုက်တာကွယ်၊ မောင်စံသိန်း ဘယ်လိုဆက်လုပ်မယ် စိတ်ကူးထားလဲ"

"အဖေက သူ့ရဲ့လောဘစိတ်ကြောင့် မကျွတ်မလွတ်နိုင်ဘဲ သူ့ဝိညာဉ် ဒီခြံထဲမှာ ရှိနေတာများလားတော့ မပြောတတ်ဘူး ခုချက်ချင်းပဲ ဦးရဲ့မြေကို ပြန်ပေးပါ့မယ်၊ ခြံစည်းရိုးကို ဟိုအရင်က ဦးရဲ့မြေရှိတဲ့အတိုင်း နောက်ဆုတ်ပြီး ပြန်ကာပေးပါ့မယ် အဖေ့ကိုယ်စား တောင်းပန်ပါတယ် ဦးရယ်"

"ဦးဟာ အစကတည်းက ခွင့်လွှတ်ထားတာပဲ မောင်သိန်းစံ အဖေလုပ်ရပ်ကြောင့် အိမ်နီးနားချင်းတွေ ပြောကြတာတောင် ဦးသည်းခံခဲ့တယ်၊ သူ့လောဘ သူ့အကျိုးပေးလိမ့်မယ်ဆိုပြီး တရားနဲ့ဆင်ခြင်ခဲ့တယ် ခုအိမ်မက်ပေးတယ်ဆိုတော့ ဦးဖြင့် မယုံနိုင်လောက်အောင်ပါပဲကွယ်"

နောက်တစ်နေ့မှာပင် ကိုစံသိန်းက သူ့အဖေကာရံထားသည့် ခြံစည်းရိုးကိုဖျက်လိုက်သည်။ ဦးကျော်ရွှေဆန္ဒအတိုင်း အမှန်အတိုင်း ခြံစည်းရိုးပြန်ကာလိုက်သည်။

သံဃာတော်များ ပင့်ဖိတ်ပြီး ဆွမ်းကျွေး ဒါနပြုအမျှအတန်း ပေးဝေပြီးသည့်နောက်ပိုင်း ညဘက်တွင် လူခြေတိတ်ချိန် ကြားကြားနေရသော မြေကြီးတူးသံ၊ မြေကြီးကို ပေါက်ပြားနှင့် ပေါက်နေသံများလုံးဝမကြားရတော့ပေ။ လောဘသား ဦးစံရင်တစ်ယောက်လွတ်ရာကျွတ်ရာ သွားနိုင်ခဲ့ပြီထင်ပါသည်။

*မောင်မောင်မိုးအောင်*



သချိုင်းဟောင်းမှအပြန်

# သချိုင်းဟောင်းမှ အပြန်

ရန်ကင်းဘက်ရှိ သူငယ်ချင်းတစ်ဦးထံသို့သွားရန် ဆူးလေဘုရားလမ်းရှိ ကားမှတ်တိုင်တွင် ဘတ်စ်ကားစောင့်နေချိန် ဖြစ်သည်။ ကားမှတ်တိုင်ရှိ ထိုင်ခုံတန်းတွင် ကျွန်တော်ထိုင်နေစဉ် ကျွန်တော့်နံဘေးလွတ်နေသော ထိုင်ခုံသို့ လူကြီးတစ်ဦးဝင်၍ ထိုင်သည်။ ထိုင်ခုံချင်းကပ်နေ၍ ထိုလူကြီးမျက်နှာကို အမှတ်မထင်ကြည့်လိုက်မိသည်။ ထိုလူကြီးကလည်း ကျွန်တော့်ကိုပြန်ကြည့်သည်။ အကြည့်ချင်းဆုံသွား၍ ပြုံးမိလျက်သားဖြစ်သွားသည်။ နှစ်ဦးစလုံး ပြုံး၍နှုတ်ဆက်မိလိုက်သည်။ တစ်ဖက်သို့ မျက်နှာလွှဲသွားပြီးမှ ထိုလူကြီးကျွန်တော့်မျက်နှာကို သေသေချာချာ စူးစူးစိုက်စိုက်ပြန်၍ ကြည့်သည်။ ကျွန်တော်မနေတတ်တော့၍ ထိုလူကြီးမျက်နှာကို ကြည့်လိုက်မိသည်။ ထိုလူကြီးက-

"မင်း...ရက္ခစိုးမဟုတ်လား၊ မော်လမြိုင်က အဖါရဲ့သား ရက္ခစိုးမဟုတ်လား"

ရက္ခစိုးဟူသော အမည်မှာ ကျွန်တော့်နာမည်ဟောင်းဖြစ်သည်။ ဤနာမည်ကို ရန်ကုန်တွင်ခေါ်သူမရှိပါ။ ကျွန်တော်အံ့ဩလွန်း၍ ထိုလူကြီးမျက်နှာကို အသေအချာကြည့်လိုက်သည်။ အသက်

ရှစ်ဆယ်နီးပါး ရှိမည်ဟု ခန့်မှန်းမိသည်။ အဖော်မပါ တစ်ဦးတည်း ခရီးသွားလာနိုင်အောင် ကျန်းမာရေးကောင်းနေသည်ကို တွေ့လိုက်ရသည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်ငယ်နာမည် ရက္ခစိုးလို့ ခေါ်ပါတယ်၊ ဒါနဲ့ ဘကြီးက ဘကြီးပန်းတင် ထင်တယ်"

"အေး သိပ်ဟုတ်တာပေါ့၊ မင်းကမှတ်မိသားပဲ။ မင်းငယ်ငယ်တုန်းက ဘကြီးမင်းကို ချီပိုးထိန်းကျောင်းခဲ့တာ၊ မင်းကငယ်ရုပ်မပြောင်းသေးဘူး၊ မင်းရဲ့မျက်ခုံးတွေက ကကြီးပုံမျက်ခုံးမို့ ဘကြီးမှတ်မိတာ၊ မင်းကရော ဘကြီးကို ပန်းတင်ရယ်လို့နာမည်ကို ဘယ်လိုကြောင့်မှတ်မိတာလဲ"

"ကျွန်တော့်ကို ရက္ခစိုးလို့ ခေါ်တာရယ်၊ ပြီးတော့ ဘကြီးနှာခေါင်းက မှဲ့ကြီးကိုတွေ့ပြီး မှတ်မိခဲ့တာပါ။"

"ဒါနဲ့ မင်းအဖေ အပါရောနေကောင်းလား"

"အမေဆုံးပြီး ငါးနှစ်လောက်မှာ အဖေဆုံးခဲ့တာ၊ မော်လမြိုင်မှာပဲဆုံးခဲ့တာ၊ ခုဆိုအဖေဆုံးတာ လေးနှစ်လောက် ရှိသွားပြီ"

"ဟာ-ငါ့သူငယ်ချင်းဆုံးရှာပြီကိုး၊ လာကွာတို့တူရီးတွေ အမှတ်မထင်ဆုံကြတုန်း အေးအေးဆေးဆေး စကားပြောရအောင် ဒီကားမှတ်တိုင်မှာ လူရှုပ်တယ်၊ အသံတွေလည်း ဆူညံနေတာပဲ၊ လက်ဖက်ရည်ဆိုင်ထဲ သွားကြရအောင်"

ကျွန်တော်တို့နှစ်ဦး နီးစပ်ရာလက်ဖက်ရည် ဆိုင်ထဲဝင်ခဲ့ကြသည်။

"ရက္ခစိုး မင်းအခုဘယ်မှာနေလဲ၊ဘယ်သွားမလို့လဲ"

"သာကေတဘက်မှာနေတာ ရန်ကင်းသွားမလို့ ကားစောင့်နေတာ၊ ဘကြီးရော ဘယ်မှနေလဲ ဘယ်သွားမလို့လဲ"

"ဘကြီးကမြောက်ဥက္ကလာမှာနေတာ၊ သမီးနဲ့လိုက်နေတာ၊ သမက်အိမ်မှာပေါ့၊ ခုမြောက်ဥက္ကလာပြန်ဖို့ ကားစောင့်နေတုန်း မင်းနဲ့ဆုံခဲ့တာ တို့တွေကွဲကွာသွားတာ အနှစ်နှစ်ဆယ်ကျော်လောက်ရှိပြီထင်တယ်"

"ဖြစ်နိုင်ပါတယ်၊ ကျွန်တော် အလုပ်စဝင်ကတည်းက ရန်ကုန်ရောက်နေခဲ့တာ"

"မင်းကိုဘာကြောင့် ရက္ခစိုးလို့ခေါ်တာ သိရဲ့လား"

"ဟာ-ဘကြီးကလည်း သိတာပေါ့၊ ကျွန်တော့်အဖေနဲ့အမေ ကလေးမရသေးလို့ ကလေးလိုချင်လွန်းလို့ လက်ပံပင်ကြီးမှာ သားဆုပန်ကြတယ်၊ အဲဒီလက်ပံပင်ကြီးကို စောင့်နေတဲ့ ရက္ခစိုးက ကျွန်တော် အမေဆီဝင်စားတယ်လို့ ပြောကြတာပဲ"

"အေး-ဟုတ်တယ်၊ မင်းမိဘတွေ အိမ်ထောင်ကျပြီး ငါးနှစ်လောက်အထိ သားသမီးမရလို့ ရွာကလက်ပံပင်ကြီးမှာ သားဆုသွားပန်ကြတယ်၊ နောက်တော့လက်ပံပင်စောင့် ရက္ခစိုးက သူလာခဲ့မယ်လို့ မင်းအမေ မအုန်းကြူကို အိမ်မက်ပေးခဲ့တယ်၊ ငယောကျ်ားလေးဆို ဘယ်သူပဲဖြစ်ဖြစ်လာခဲ့လို့ အိမ်မက်ထဲမှာ မင်းအမေက ပြန်ပြောလိုက်တယ် နောက်မကြာခင် မင်းကို ကိုယ်ဝန်ရတယ်လို့ ပြောတယ်"

"ဒါကြောင့် ကျွန်တော့်ကို ရက္ခစိုးလို့ နောက်ပြောင်ခေါ်ကြတာပေါ့၊ ကျွန်တော်ကတော့ တိုက်ဆိုင်မှုလို့ပဲ ထင်တယ်ဘကြီးရယ်"

"တိုက်ဆိုင်မှု ဆိုပေမယ့် တော်တော်ဆန်းတယ်။ ဒီတက်ဆန်း

ဘတွေ မင်းမိဘတွေ ကြုံခဲ့သေးတယ်၊ အေးလေ မင်းမိဘတွေလဲ ရှိကြတော့ဘူးဆိုတော့ အဲ့ဒီအဖြစ်ဆန်းတွေ မင်းကိုကြုံတုန်း ပြောပြမယ်"

"ဘယ်လို အဆန်းတွေကြုံခဲ့တာလဲ အဖေ၊ အမေတို့နဲ့ ပတ်သက်နေလား"

"မင်းရဲ့မိဘတွေ ကြုံခဲ့ကြတာ၊ အဲ့ဒီအကြောင်းတွေက ထူးဆန်းပြီး အံ့သြဖို့ကောင်း၊ ကြောက်ဖို့ကောင်းတဲ့ မယုံနိုင်စရာ အဖြစ်တွေပေါ့ကွယ်၊ ဘကြီးကိုယ်တိုင် ကြုံခဲ့တာ၊ အဲ့ဒီအကြောင်း တွေဘယ်သူ့ကိုမှ မပြောဖို့ မင်းမိဘတွေ မှာထားတာ၊ အဲ့ဒီအချိန် တုန်းက မင်းကိုတောင် မမွေးသေးဘူး၊ ခုမင်းမိဘတွေလဲ မရှိကြ တော့ဘူး၊ မင်းကသားကြီးဆိုတော့ မင်းသိထားသင့်တယ် ထင်တယ်"

"ထူးဆန်းပြီး ကြောက်ဖို့ကောင်းတဲ့ အဖြစ်ဆိုတော့ စိတ်ဝင်စားပါတယ် ဘကြီးပြောမှာသာပြောပါ"

"အဲဒီအဖြစ်တွေက ကြာခဲ့ပါပြီ၊ တို့နိုင်ငံလွတ်လပ်ရေးရပြီး၊ လေးနှစ်၊ ငါးနှစ်လောက်က ထင်တယ် တိုင်းပြည် မငြိမ်မသက်နဲ့ သောင်းကျန်းသူတွေ ဆူပူနေတဲ့ ကာလပေါ့၊ သံဖြူဇရပ်မြို့နယ်ထဲ က"ဝဲကလီ"ကျေးရွာလေးမှာဖြစ်ခဲ့တဲ့ အဖြစ်ပါ၊ မင်းကိုမွေးခဲ့တဲ့ ရွာလေးပေါ့၊ မင်းအဖေကဘကြီးထက်အသက်ငယ်တယ်၊ ဒါပေမယ့် သူကခြောက်တန်းအထိ ပညာသင်ဖူးတော့ သူကစာအတတ်ဆုံးပေါ့၊ တစ်နေ့တပ်မတော်သားတွေ ဝဲကလီရွာကို ရောက်လာကြတယ်၊ သောင်းကျန်းသူတွေကို နှိမ်နင်းဖို့ရောက်လာတာ၊ ရွာလမ်းမကြီး အဝင်အထွက် လမ်းတွေကို ပိတ်လိုက်တယ်၊ ရွာသားတွေကို ရွာပြင် ထွက်ခွင့်မပြုတော့ဘူး၊ ရွာသားတွေထိနိုက်မှာ စိုးလို့ထင်ပါတယ်၊

တို့လယ်ယာတွေက ရွာပြင်မှာရှိတာ စပါးရိတ်သိမ်းပြီးစ ကာလဆိုတော့ စပါးတွေလယ်ထဲကျန်ရစ်ခဲ့တယ်။ ရွာပြင်မထွက်ရဆိုတော့ စပါးတွေ ရွာထဲသယ်ဖို့ အခက်တွေ့တော့တာပေါ့၊ ဝမ်းစာအတွက် စပါးက လိုလာပြီလေ၊ အဲဒီမှာ မင်းအဖေက ဦးဆောင်ပြီး လှည်း(၁၅)စီး လောက်နဲ့ စပါးအသယ်သွားခဲ့ကြတယ်။ သွားနေကျ ရွာလမ်းမကြီး ပိတ်ထားတော့ ဖြတ်လမ်းဖြစ်တဲ့ သချိုင်းကုန်းဟောင်းကိုဖြတ်ပြီး သွားကြတယ်။ ညနေဘက်မှောင်စပြုတဲ့ အချိန်မှာသွားကြတယ်။ အဲ့ဒီ သင်္ချိုင်းဟောင်းက အပြန်မှာကြောက်လန့်ဖွယ် အဖြစ်နဲ့ကြုံခဲ့ရတာ မယုံနိုင်စရာပဲ"

"ဆက်ပြောပါအုံး ဘကြီး၊ ကျွန်တော် စိတ်ဝင်စားလာပြီ"

ဘကြီးပန်းတင်က လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်က အဖြစ်အပျက်ကို စီကာပတ်ကုံး စိတ်ဝင်စားဖွယ် ကျွန်တော့်ကို ပြောပြသည်။

လှည်းဆယ်စီးကျော် ရှေ့နောက်တန်း၍ ဝဲကလိရွာမှ ထွက်ခဲ့ကြသည်။ တောလမ်းအတိုင်း တအိအိမောင်းနှင်လာသည်။ နေမွန်းတိမ်းစအချိန်သာ ဖြစ်သော်လည်း တောရိပ်တောင်ရိပ်ကြောင့် မှောင်စပြုလာသည်။

"ရဲဘော်တွေက ရွာပြင်မထွက်ရလို့ ပြောထားတယ်၊ ခုတို့က ဆန့်ကျင်ပြီးထွက်လာတယ်၊ တွေ့သွားရင် ဘယ်လိုလုပ်ကြမလဲ"

"မပူပါနဲ့ အစ်ကိုပန်းတင်၊ ရဲဘော်တွေကို ကျွန်တော်ကြည့် ပြောပါ့မယ်၊ ကျွန်တော်တို့က သူပုန်တွေမှ မဟုတ်တာ"

"အပါရေ မင်းပြောတာတော့ ဟုတ်တာပဲ၊ ဒါပေမယ့် ကြောက် နေသလိုပဲ"

"အစ်ကိုက လူကြီးဖြစ်ပြီး ဘာကိုကြောက်နေတာလဲ"

"တို့ကို သောင်းကျန်းသူတွေထင်ပြီး ပစ်လား၊ ခတ်လား လုပ်မှာစိုးတာရယ်၊ ပြီးတော့ သချိုင်းဟောင်းကို ဖြတ်သွားရမှာ ဒီသချိုင်းဟောင်းက သရဲခြောက်တဲ့ သချိုင်းဆိုတာ မင်းတို့အသိပဲ ညနေစောင်းတာနဲ့ ဘယ်သူမှ ဖြတ်သွားဖြတ်လာ မလုပ်ဝံ့ကြတော့ဘူး"

"ကျွန်တော်တို့က လူစုနဲ့သွားကြတာပါ။ အစ်ကိုလိုလူက ကြောက်တယ်ပြောနေတော့ ကျွန်တဲ့သူတွေကို ဘယ်လိုပြောရမလဲ၊ အပြန်ကျတော့ ကျွန်တော့်လှည်းနောက်ဆုံးက လိုက်ခဲ့မယ်။ ကျွန်တော် ဒါတွေမယုံပါဘူး"

"မင်းမှအခြောက်မခံရဖူးသေးတာ၊ အေးပါ ကဲ...ကဲ သွားကြ ဟောပြောရင်း သချိုင်းဟောင်းတက်မယ့် ကုန်းထိပ်တောင် ရောက်လာပြီ"

သချိုင်းဟောင်းကုန်းကို တအိအိတက်ခဲ့ကြသည်။ မကြာမီ သချိုင်းဟောင်းထဲ ရောက်လာသည်။ အားလုံးရင်တထိတ်ထိတ် ဖြစ်နေကြသည်။ မည်သည့်ခြောက်လှန့်မှုမှ မတွေ့ရဘဲ လယ်ကွင်းများရှိရာရောက်ခဲ့ကြသည်။ စပါးများကို လှည်းပေါ် အမြန်တင်ကြသည်။ ပတ်ဝန်းကျင်မှာ မှောင်မည်း တိတ်ဆိတ်နေသည်။ ကျွန်တော်တို့ အုပ်စု စကားပြောသည့် ခပ်တိုးတိုးကြားနေရသည်။ အမှောင်ထုက ရောက်ရှိလာပြီဖြစ်သည်။ လှည်းများ စုစည်းပြီး ပြန်ထွက်မည့်အချိန်တွင် လက်နှိပ်ဓာတ်မီးရောင်များ ဟိုမှ သည်မှ ပေါ်လာပြီး ရဲဘော်များ ရောက်လာသည်။

"ခင်ဗျားတို့ ဘာလာလုပ်ကြတာလဲ။ ရှာဖြင်မထွက်ရဘူးဆို တာ မသိကြဘူးလား၊ ဒီကအစ်ကိုကြီးနာမည် ဘယ့်လိုခေါ်လဲ ခေါင်းဆောင်ဘယ်သူလဲ"

ရောက်ရှိလာသော ရဲဘော်များက အနီးဆုံးတွေ့ရသည့် အစ်ကို ပန်းတင်ကို မေးလိုက်သည်။ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ မေးမြန်း လာသူကို ကြည့်လိုက်သည်။ သူ့လက်မောင်းတွင် အရစ်သုံးရစ် တွေ့ရသည်။

"ကျွန်တော့်နာမည် ပန်းတင်ပါ။ ဝဲကလိရှာသားတွေပါ။ စပါး ပြတ်ပြီး၊ စားစရာမရှိတော့လို့ အရဲစွန့်ပြီး လာသယ်တာပါ။ အပါ ပြောပြလိုက်လေ"

ကိုပန်းတင်က အပါ့ဘက်သို့လှည့်ပြီး ပြောလိုက်သည်။

"ကျွန်တော်ဦးဆောင်ပြီး ခေါ်လာတာပါ၊ ကျွန်တော့်အမည် အပါလို့ ခေါ်ပါတယ်၊ ဝဲကလိရှာသား စစ်စစ်တွေပါ၊ လူစိမ်းမပါပါ ဘူး၊ စပါးလာသယ်ရုံ သက်သက်ပါ၊ ရဲဘော်တို့ကို အကြောင်း မကြားမိတာ တောင်းပန်ပါတယ်။"

"ခက်တယ်ဗျာ သောင်းကျန်းသူတွေလို့ ထင်ပြီး ပစ်ခတ်မိ ရင် မခက်ဘူးလား၊ အခု စပါးတွေ တင်ပြီးပြီလား"

"ပြီးသလောက် ဖြစ်နေပါပြီ၊ သောင်းကျန်းသူတွေ မီးရှို့လိုက် မှာစိုးလို့ အခုလိုအသက်စွန့်ပြီး စပါးလာသယ်ကြတာပါ"

"ကျွန်တော်တို့ ရဲဘော်တွေ ရှိနေသရွေ့ ဒီကောင်တွေ မလာရဲ ပါဘူး၊ နောက်ဆို ကြိုတင်အသိပေးပြီးမှ ညဘက်ရှာဖြင်ထွက်ကြ ပါ။ ကဲ.....ကဲ မှောင်နေပြီ၊ သွားကြတော့"

အပြန်ခရီးတွင် အပေါ်လှည်းက နောက်ဆုံးမှ ထွက်ရသည်။ အခြားလှည်းများ သရဲကြောက်၍ နောက်နားမှ မလိုက်ဝံ့ကြပါ။ အပေါ့လှည်းရှေ့တွင် အစ်ကိုပန်းတင်လှည်းရှိသည်။ ညမှောင်မှောင်တွင်သွားနေကြလမ်းမဟုတ်သဖြင့် ခရီးမတွင်လှပါ။ ဝန်ပါသဖြင့် သင်္ချိုင်းဟောင်း ကုန်းအတက်တွင် နွားများရုန်းနေရသည်။ အကြာမီ သင်္ချိုင်းဟောင်းသို့ ရောက်လာကြသည်။ နွားလှည်းမောင်းသံမှအပ အားလုံးနှုတ်ဆိတ်နေကြသည်။ ရှေ့မှလှည်းများပင် သင်္ချိုင်းဟောင်းကို ကျော်လွန်စပြုနေပြီဖြစ်သည်။ နောက်ဆုံးမှ အပေါ့လှည်းနှင့်အစ်ကိုပန်းတင်တို့လှည်းပင် သင်္ချိုင်းကို ကျော်လွန်စပြုလာသည်။

"အစ်ကိုပန်းတင်ကသာ ကြောက်နေတာ၊ အသွားအပြန်ဘာမှခြောက်လှန့်တာ မခံခဲ့ရဘူးလေ"

"အင်း မင်းပြောတာလဲ ဟုတ်နေတာပဲ။ ဒါပေမယ့် ဒီသင်္ချိုင်းဟောင်း ဖြတ်ဖူးသူတိုင်း အခြောက်ခံရတာများတယ်ကွ"

"ခုဘာမှ ခြောက်တာမကြုံရဘူးလေ"

အပေါ်နှင့် ကိုပန်းတင်တို့လှည်း သင်္ချိုင်းဟောင်းအလွန်တွင် လှည်းလမ်းဘေးမှ ကလေးငိုသံ သဲ့သဲ့ကြားလိုက်ရသည်။ ကလေးငိုသံကြားရလို့ အပေါ်သေသေချာချာ ကြည့်လိုက်သည်။ လမ်းဘေးတွင် အနီးဖြင့်ထုတ်ထားသော လသားအရွယ်ကလေး တစ်ဦးငိုနေသည်ကို လှည်းပေါ်မှ လှမ်းတွေ့လိုက်ရသည်။ ကလေးကတအားငိုနေဆဲဖြစ်သည်။ ကိုပန်းတင်က ရှေ့မှလှည်းများ ခေတ္တရပ်ရန် အဆင့်ဆင့်အချက်ပေးလိုက်သည်။

"ရှေ့ကလှည်းတွေ ခဏရပ်ကြပါဦး၊ ဒီမှာကလေး ငိုသံကြားနေရလို့"

ကိုပန်းတင် အသံကြောင့်ရှေ့မှလှည်းများ ရပ်တန့်သွား သည်။ ကိုပန်းတင်က သူ့နောက်လှည်းပေါ်က အပါ့ကိုလှမ်းပြောလိုက်သည်။

"အပါရေ သချိုင်းလွန်ရုံရှိသေးတယ်။ ခုငိုသံကြားတဲ့ ကလေး ကိုနင်ဘယ်လို သဘောရသလဲ ငါတော့သိပ်ပြီး မသင်္ကာဘူး"

"ဒါတွေ ကျွန်တော်မယုံဘူး၊ ကျွန်တော်ဆင်းကြည့်လိုက်ဦး မယ်"

ပြောပြောဆိုဆို အပါက လှည်းပေါ်ကခုန်ဆင်းလိုက်သည်။ ငိုနေသော ကလေးအား အနီးပါမကျန်ကောက်ယူ ထွေးပွေ့လိုက်သည်။ ကလေးမှာ အပါ့လက်ပေါ်တွင် ချက်ချင်းအငိုတိတ်သွားသည်။

"တစ်ယောက်ယောက်က အကြောင်းတစ်ခုခုကြောင့် မမွေး ချင်လို့ လာစွန့်ပစ်သွားတာ ဖြစ်မယ်"

"ငါကတော့မယုံဘူး မင်းကဒီသချိုင်းသရဲခြောက်တာ မယုံ တော့အခက်သားပဲ။ ကဲ……ဒီကလေး မင်းဘယ်လိုလုပ်မှာလဲ"

"နောက်မှကြည့်ရှင်းမယ်၊ လောလောဆယ် ဒီကလေး ကျွန်တော်ခေါ်သွားမယ်၊ ပိုင်ရှင်တွေ့တော့ ပြန်ပေးလိုက်မှာပေါ့ ပိုင်ရှင်မပေါ်တော့ ကျွန်တော်တို့ လင်မယား မွေးစားမယ်။"

"မင်းတို့လင်မယားက ကလေးမှမရသေးတာ၊ မင်းမိန်းမ မအုန်းကြူ ကလေးရူး ရူးနေတာနဲ့ အတော်ပဲပေါ့၊ ဒါပေမယ့် အပါ"

"ကဲပါ အစ်ကိုပန်းတင်ရယ် ဒါပေမယ့်တွေ လုပ်မနေပါနဲ့ တော့၊ အစ်ကိုဘာပြောမယ်ဆိုတာ ကျွန်တော်သိနေတယ်၊ ကျွန်တော် ဒါတွေမယုံဘူး။ သရဲခြောက်ရင် ဒီလိုဘယ်ဟုတ်ပါ့မလဲ၊ ကြောက် စရာအကောင်ဗလောင်တွေ တွေ့ရမှာပေါ့၊ သွားကြစို့ အစ်ကို"

မည်သို့မျှ ပြော၍မရသည့်အဆုံး အစ်ကိုပန်းတင်က လှည်းများအား ဆက်လက်ထွက်ခွာရန် အော်ပြောလိုက်သည်။ အပါက ကလေးကို ထွေးပွေ့ထားရင်း လှည်းမောင်းလာသည်။

အပါတို့လှည်းတန်းကြီး ရွာပြန်ရောက်ချိန်သည် သန်းခေါင်ချိန်နီးနေပြီဖြစ်သည်။ စပါးများ ချသူချ၊ သယ်သူသယ်နှင့် အလုပ်ရှုပ်နေကြသည်။ အားလုံးကိစ္စပြီးစီး၍ အပါ့အိမ်သို့ ရောက်ရှိလာကြသည်။ ကလေးနှင့်ပတ်သက်၍ တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာပြောဆိုနေကြသည်။ သချိုင်းဟောင်းအနီးမှ အချိန်မတော် ကောက်ယူခဲ့သော ကလေးမို့ အချို့ကမွေးစားသင့်၊ မသင့်ဝေဖန် ပြောဆိုနေကြသည်။

"ကဲ-ကဲ တော်ကြပါတော့၊ ဒီကလေး မနက်ဖြန် ပိုင်ရှင်မပေါ်ရင် ကျွန်တော်တို့လင်မယား တရားဝင်မွေးစားမယ် ကလေးက ချစ်စရာ ဖြူဖြူဖွေးဖွေး ယောကျာ်းလေးပါ။"

ထိုညကအပါတို့လင်မယား အလုပ်ရှုပ်နေတော့သည်။ အိပ်ထောင်သည် ကလေးငယ်ရှိသော မိန်းမများနို့လာတိုက်ကြသည်။

"အပါတို့အိမ်က ခုမှ အိမ်နဲ့တူသွားတော့တယ်"

"သူတို့ လင်မယားက ခုမှမွေးစားဖို့ ကလေးရတာ"

"ဘယ်သူ မြဲနေတာလဲမှ မသိတာ"

"မအုန်းကြူ မြဲနေတာလားမှ မသိတာ"

မိန်းမများ အမျိုးမျိုးပြောနေကြပြီး ကလေးကိုနို့တိုက်နေကြနေကြသည်။ ကလေးက နို့စို့နေစဉ် အချိန်သာအငိုတိတ်သည်။ ကျန်သည့် အချိန်တွင် တစ်ချိန်လုံးငိုနေတော့သည်။ တစ်ဦးစီ ချော့သိပ်

သော်လည်း အခိုမတိတ်ပါ ပုခက်ဆင်၍ သိပ်လည်းမအိပ်ဘဲ ရှန်းကန်နေသည်။ လင်မယားနှစ်ဦးကြားတွင်ထား၍ သိပ်သော်လည်း မအိပ်ဘဲငိုနေပြန်သည်။ နောက်ဆုံးအိမ်နောက်ဖေးဘက် အခန်းတွင် တစ်ဦးတည်း သိပ်ထားလိုက်တော့မှ အငိုတိတ်သွား တော့သည်။ အပါတို့လင်မယားလည်း အပျော်ကြီးပျော်နေကြသည်။ မနက်ဖြန်မှ ပိုင်ရှင်မပေါ်လျှင် သူတို့လင်မယားတရားဝင် မွေးစားမည်ဟုတွေးကာ ပျော်နေကြသည်။ သို့သော် သူတို့လင်မယား အပျော်များ နောက်နေ့ မကူးခဲ့ပါ။ သန်းခေါင်ကျော်တွင် ပြဿနာဇပါတော့သည်။ ကလေးမှာ နို့ဝအောင်စို့ထားပြီး နောက်ဖေးခန်းတွင် အိပ်ပျော်နေပြီဖြစ်သည်။

အပါတို့လင်မယားလည်း ပင်ပန်းထားသဖြင့် အိပ်ခန်းထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်။ သန်းခေါင်ကျော်အချိန်ခန့်တွင် အပါတို့ မွေးထားသော အိမ်အောက်မှ ခွေးသုံးကောင်၏ ဆူးဆူးဝါးဝါး ဟောင်သံကြောင့် အပါတို့လင်မယား အိပ်ရာမှ နိုးခဲ့ရသည်။ ခွေးများ ဆက်လက်ဟောင်နေဆဲ ဖြစ်သည်။

"အစ်ကို ထပါဦး ခွေးတွေဘာလို့ ဒီလောက်တောင် ဟောင်နေတာလဲ"

"အေး ဟုတ်တယ်၊ ခွေးတွေဟောင်ပုံက တော်တော်ထူးနေတယ်၊ တို့အိမ်က ခွေးတွေပဲ ဟောင်နေတာ၊ ငါဆင်းကြည့်လိုက်ဦးမယ်၊ လက်နှိပ်ဓာတ်မီးပေးပါဦး"

ကိုပါက လက်နှိပ်ဓာတ်မီးကိုင်ပြီး အိမ်အောက် ဆင်းလိုက်သည်။ ခွေးများက အိမ်နောက်ဖေးအခန်းကိုကြည့်ပြီး ထိုးထိုးဟောင်နေသည်။ အသေအချာ ကြည့်လိုက်တော့မှ ကလေးသိပ်ထားရာ နောက်ဖေးခန်းကို ဦးတည်ကာဟောင်နေသည်ကို တွေ့ရသည်။ ထိုစဉ်

ခေါင်းရင်းခြံမှ အစ်ကိုပန်းတင်သည် မားရှည်တစ်ချောင်းကိုင်ကာ အိမ်ပေါ်မှဆင်းလာသည်။

"မင်းရဲ့ခွေးတွေက ဘာတွေလို့ ဒီလောက်တောင် ဟောင်နေတာလဲ၊ ငါ့ခြံကခွေးတွေတော့ ငြိမ်နေတယ်၊ ထူးဆန်းတယ်ထင်လို့ ငါဆင်းလာခဲ့တာ"

"ဟုတ်တယ် အစ်ကိုပန်းထင် ခွေးတွေက ကျွန်တော့်အိမ်နောက်ဖေး အခန်းဘက် မော့မော့ပြီး ထိုးဟောင်နေကြတာ"

ထိုအခိုက်မှာပင် အနီးအနားအိမ်များမှ လူများလည်း အပါတို့အိမ်ခြံတွင်းသို့ ရောက်လာကြသည်။

"ဘာတွေတွေ့လို့ အပါ့အိမ်က ခွေးတွေမရပ်မနား ဒီလောက် ဟောင်နေတာလဲ"

အစ်ကိုပန်းထင်က မေးလိုက်ခြင်းဖြစ်သည်။ အစ်ကို ပန်းတင်က-

"အေး-ငါလဲ သိချင်လို့ ဆင်းလာခဲ့တာပဲ၊ အပါ့အိမ်ပေါ်ကြည့်ပြီး ဟောင်နေကြတာ တော်တော်ထူးနေတယ်"

"ဟုတ်တယ် ဒီခြံကခွေးတွေပဲ ဟောင်နေတာ၊ ကျွန်တော်တို့အိမ်က ခွေးတွေတော့ ငြိမ်နေတာပဲ၊ ခါတိုင်းတစ်ခုခုတွေ့ရင် အုပ်စုလိုက်ဟောင်ကြတာ၊ ခုတော့ အပါ့အိမ်က ခွေးတွေပဲ ယောက်ယက်ခတ်ပြီးဟောင်နေတာ၊ တော်တော်ထူးဆန်းနေတယ်"

ထိုစဉ် အစ်ကိုပန်းတင်က တစ်ခုခုကို သတိရဟန်ဖြင့် အပါ့ကိုမေးလိုက်သည်။

"ဒါနဲ့ အပေါ ညနေက မင်းကောက်ရတဲ့ ကလေးကော ဘယ်မှာလဲ"

"ရှိပါတယ် အစ်ကို အိပ်နေပြီ ဘာဖြစ်လို့ကလေးကို မေးရတာလဲ"

"ငါ့စိတ်ထဲ တစ်မျိုးဖြစ်နေလို့ပါ ကလေးကို ဘယ်မှာသိပ်တာ လဲမင်းတို့အိပ်ခန်းထဲမှာလား"

"ရှေ့ခန်းမှာ သိပ်လို့မရလို့ နောက်ဖေးခန်းမှာ သိပ်ထားတာ။ ကလေးအိပ်ပျော်သွားမှ ကျွန်တော်တို့ အိပ်ခဲ့တာ အိပ်ပျော်နေတုန်း ခွေးတွေဟောင်လို့ နိုးလာ့ရတာ"

"မင်းက အယုံအကြည်မရှိတော့ ငါမပြောချင်ဘူး ခုခွေးတွေ ဟောင်နေတာ မင်းကလေးသိပ်ထားတဲ့ နောက်ဖေးအခန်းကို မဟုတ်လား"

" ဟာ-ဟုတ်တယ် အစ်ကိုပန်းတင်"

"ဒါဆို ကလေး အခုအခြေနေ ဘယ်လိုရှိနေမလဲ၊ မင်းမိန်းမ မအုန်းကြူကို မေးလိုက်စမ်း၊ ကလေးကို သွားကြည့်ပါအုန်းလို့ အစ်ကိုပန်းထင်စကားဆုံးတော့ အပေါက အိမ်ပေါ်ရှိ သူ့မိန်းမ မအုန်း ကြူကို လှမ်းအော်ပြောလိုက်သည်။

"အုန်းကြူရေ ခွေးတွေ ဒီလောက်ယောက်ယက်ခတ်ပြီးဟို ပြေးဒီပြေးနဲ့ ဒီလောက်ဟောင်နေတာကို ကလေးမနိုးဘူးလား ငို သံလည်းမကြားဘူး ကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့ အစ်ကို ကျွန်မသွားကြည့်လိုက်ဦးမယ်"

ထိုသို့ပြောပြီး မအုန်းကြူက ကလေးသိပ်ထားရာ နောက်ဖေး

ခန်းသို့ ဝင်သွားသည်။ ခဏအကြာ မအုန်းကြူ အလန့်တကြား အော်သံကြားလိုက်ရပြီး အိမ်ပေါ်မှ ထိတ်လန့်စွာ ပြေးဆင်းလာသည်ကို တွေ့လိုက်ရသည်။

"အမလေး လာကြပါဦး ကြောက်စရာ တစ္ဆေကြီး၊ တစ္ဆေကြီး"

ထိတ်ထိတ်ပျာပျာ တုန်တုန်ယင်ယင်ဖြင့် ကြောက်လန့်နေသော မအုန်းကြူကို တွေ့လိုက်ကြရသည်။ အပါက သူ့မိန်းမပခုံးကိုဖက်ထားရင်း မေးလိုက်သည်။

"ဘာတွေ့လို့လဲ ဘာတစ္ဆေကြီးလဲ၊ ကလေးရော ကလေးရော"

အကြောက်မပြေသေးသော အုန်းကြူက ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

"ကလေးကို မတွေ့ရတော့ဘူး ကလေးနေရာမှာ"

မအုန်းကြူစကားမဆက်နိုင်ဘဲ တုန်လှုပ်ကြောက်ရွံ့နေသည်။

"ပြောစမ်းပါ ကလေးနေရာမှာ ဘာကိုတွေ့ရတာလဲ"

"ကလေးနေရာမှာတစ္ဆေလို အကောင်ကြီး တွေ့လိုက်ရတယ်။ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး ဝက်လိုပုံစံနဲ့ သူ့နားရွက်ကြီး မြဲပြီးအိပ်နေတာ၊ အစွယ်နှစ်ချောင်းကလည်း ပြူးနေတာပဲ ကျွန်မကို စိမ်းစိမ်းကြီး စိုက်ကြည့်နေတာ ကြောက်စရာကြီး"

"ဘာ နားရွက်ကြီးမြဲပြီး အိပ်နေတဲ့ အစွယ်ပြူးပြူးနဲ့ ဝက်လို အကောင်ကြီးဟုတ်လား၊ အဲ့ဒီအကောင်ကြီးရှိသေးလား"

"ကျွန်မဆင်းလာတဲ့အထိ ဖျာပေါ်မှာ ရှိနေတုန်းပဲ"

"ကဲ လာ အိမ်ပေါ်သွားကြမယ် မင်းတို့ ဘုတ်ခါးလုံ့တွေ အဆင်သင့်လုပ်ထား"

အစ်ကိုပန်းတင် ဦးဆောင်ပြီး ကျွန်တော်တို့ လေးငါးယောက် အိမ်ပေါ်တက်သွားကြသည်။ အစ်ကိုပန်းတင်က-

"ကျုန်တဲ့သူတွေ နောက်ဖေးဘက်သွားစောင့်နေကြစမ်း၊ သချိုင်းဟောင်းက လိုက်လာတဲ့ အကောင်ဖြစ်မယ်"

ကျွန်တော်တို့ အိမ်ပေါ်တက်လာစဉ် အိမ်နောက်ဖေးဘက် သွားစောင့်သူများ စောင့်ကြသည်။ မီးဖိုချောင်ဘက် အခန်းအရောက် တွင် လက်တစ်ဖက်က ဓားကိုင်ပြီး ကျန်လက်တစ်ဖက်က လက်နှိပ် ဓါတ်မီးကိုင်ပြီး ကလေးသိပ်ထားရာ ဖျာပေါ်သို့ မီးဖွင့်ကြည့်လိုက် သည်။ မည်သည့်အကောင်ကြီးမှ မတွေ့ရပေ။ ကလေးကိုလည်း မတွေ့ရတော့ပေ။ ထိုအခိုက်မှာပင် အိမ်ပေါ်သို့ ထိုးထိုး ဟောင်နေသော ခွေးများခြံဝသို့ ပြေးထွက်သွားပြီး လမ်းမဘက်သို့ ထိုးဟောင် နေပြန်သည်။ ထိုစဉ် အနီးအနားအိမ်များမှ ခွေးများ ပါဟောင်နေ ကြသည်။ ဟောင်သည့်ခွေးကဟောင် အူသည့်ခွေးကအူနှင့် ဆူညံနေ တော့သည်။ အရဏ်မတိုင်မီအချိန် ခွေးအူသံများဖြင့် ချောက်ချားဖွယ် ဖြစ်နေတော့သည်။ အပါတို့ကောက်ယူခဲ့သော ကလေးကို မတွေ့ရ တော့သလို အပါ့မိန်းမ မအုန်းကြူတွေ့ခဲ့သော အစွယ်ပြူးပြူးနှင့် နားရွက်ကြီးခြံပြီး အိပ်နေသည်ဆိုသော သရဲတစ္ဆေကောင်ကြီးလည်း ပျောက်ခြင်းမလှ ပျောက်သွားသည်။

"ဘကြီးပြောပြခဲ့တာတွေက အဖြစ်မှန်တွေနော်။ ကြောက် စရာကြီးနော်"

"ဘကြီးကိုယ်တိုင် ကြုံခဲ့တဲ့ အဖြစ်ပါကွယ်။ ဒီနေ့အထိ

မမေ့သေးပါဘူး ဒီအကြောင်းတွေ ပြန်မပြောပါနဲ့လို့ ကတိတောင်းထားတဲ့ မင်းရဲ့မိဘနှစ်ပါး လောကကြီးမှာ မရှိတော့လို့ ပြောပြရတာပါ။ အဲ့ဒီတုန်းက မင်းရဲ့အဖေက မယုံကြည်ဘူးဆိုတော့၊ သူ့ကိုမှ ရွေးပြီး ခြောက်ပြခဲ့တာ ထင်ပါရဲ့၊ ပြီးတော့ မင်းနဲ့ပတ်သက်တာတွေ ရှိသေးတယ်"

"ကျွန်တော်နဲ့ ပတ်သက်တာတွေ ဟုတ်လား ဘကြီး၊ ဘယ်လို ပတ်သက်တဲ့ အကြောင်းလဲ"

"အေး.....မင်းနဲ့ ပတ်သက်တာ ဒီလိုကွဲ့၊ ကလေးအယောင်ဆောင်ပြီး လိုက်လာတဲ့ သရဲအခြောက်ခံခဲ့ရပေမယ့် မင်းအမေ မအုန်းကြူက မကြောက်တဲ့အပြင် ဖြူဖြူဖွေးဖွေးကလေးကိုပဲ အမှတ်တရဖြစ်နေခဲ့တယ်၊ အချိန်ပိုင်းကလေးပဲ တွေ့ပွေ့ချီးပိုးခဲ့တဲ့ ကလေးကိုသတိရနေခဲ့တယ်၊ ကလေးလိုချင်တဲ့ ဆန္ဒတွေ ပိုပြီးပြင်းပြလာခဲ့တယ်၊ နောက်ဆုံးမျှော်လင့်ချက်အနေနဲ့ လူကြီးသူမတော့ ပြောတဲ့အတိုင်း လုပ်တော့တာပဲ"

"ကျွန်တော့် အဖေ အမေတို့က ကလေးရဖို့ ဘာတွေလုပ်ခဲ့ကြတာလဲ"

"သစ်ပင်ကြီးမှ သားဆုသွားပန်တယ်လေ၊ လူခြေတိတ်ချိန်မှာ ရွာထိပ်က လက်ပံပင်ကြီးဆီသွားပြီး သားဆုသွားပန်ကြတယ်လေ"

"သားဆု ဘယ်လိုသွားပန်တာလဲ"

"လက်ပံပင်ကြီး အရင်းမှာ ဖယောင်းတိုင် ငါးတိုင်ထွန်းပြီး လင်မယားနှစ်ယောက်စလုံး ဆုတောင်းကြတယ်၊ ဖယောင်းတိုင် မီးငြိမ်းတဲ့အထိ ထိုင်နေကြရတာ၊ မင်းပြောခဲ့သလို တိုက်ဆိုင်မှုပဲထားပါတော့ သားဆုသွားပန်ပြီး လေးငါးလအကြာမှာ မင်းအမေ

မင်းကို ကိုယ်ဝန်ရခဲ့တာ လက်ပံပင်စောင့် ရုက္ခစိုးက မင်းအမေ ဗိုက်ထဲဝင်စားမယ်လို့ မင်းအမေကို အိမ်မက်ပေးခဲ့တာ၊ မင်းအမေကလည်း ယောကျ်ားလေးလိုချင်နေတော့ လာခဲ့လို့ပြန်ပြောလိုက်တယ်တဲ့၊ ဒါကြောင့် မင်းကိုမွေးတော့ ရုက္ခစိုးလို့ ခေါ်ကြတာပေါ့"

"လူတွေက ကျွန်တော့်ကို ရုက္ခစိုးဝင်စားတယ်လို့ ဘယ်လိုသိသွားကြတာလဲ"

"ကလေးရူး ရူးနေတဲ့ မင်းအမေက မင်းကို ကိုယ်ဝန်ရတော့ ရုက္ခစိုးဝင်စားတဲ့ ကိုယ်ဝန် ကျွန်မအမြဲ မဟုတ်ဘူးဆိုပြီး တစ်ရွာလုံးကိုလိုက်ပြီး ကြေညာတော့တာပဲ။ ဒါကြောင့် မင်းကိုမွေးတော့ ရုက္ခစိုးလို့ နောက်ပြောင်ခေါ်ကြရင်း၊ ရုက္ခစိုးနာမည် တွင်ခဲ့တာပေါ့၊ မင်းရဲ့မျက်ခုံးကလည်း ထူထဲမည်းနက်နေပြီး ကကြီးမျက်ခုံးဖြစ်နေတယ်လေ"

"အဖြစ်အပျက်တွေက ကြာခဲ့ပြီဖြစ်ပေမယ့် ဘကြီးက အားလုံးကို မှတ်မိနေတာပဲနော်"

"ဘကြီးကိုယ်တိုင် ကြုံခဲ့ရတဲ့ အဖြစ်တွေမို့ပါ၊ မင်းကိုမွေးပြီးတော့ ဘကြီးတို့ကပဲ ချိုပိုးစောင့်ရှောက်ခဲ့ကြတာ"

"ဘကြီးပြောပြလို့ ခုမှသိခဲ့ရတယ်၊ အဖြစ်တွေက တော်တော်ကြောက်စရာကောင်းတယ်၊ အဖေတို့ အမေတို့ တစ်ခါမှ မပြောပြခဲ့ဘူး၊ ဘကြီးလို ရှေ့မီနောက်မီ လူကြီးနဲ့ကြုံလို့ ဒီအကြောင်းတွေသိရတာ။ ဘကြီးကိုကျေးဇူးတင်ပါတယ်၊ ဘကြီးကို ရုတ်တရက်မမှတ်မိတာကိုလည်း တောင်းပန်ပါတယ်"

"မင်းနဲ့မမျှော်လင့်ဘဲ ပြန်ဆုံရတာ ဘကြီးလည်း ဝမ်းသာပါ

တယ်၊ မင်းကိုတွေ့ရတော့ မင်းရဲ့ အဖေနဲ့အမေကိုပြန်ပြီး သတိရဖို့ ဖြစ်လာတယ်၊ မင်းကငယ်သူပဲ ဘကြီးဆီလာလည်ပေါ့၊ ဘကြီးက အသက်ကြီးပြီကွဲ့၊ ဘကြီးလိပ်စာရေးပေးခဲ့မယ်၊ အချိန်ရရင်လာခဲ့ပါ။ ရက္ခစိုးရယ် မင်းနဲ့စကားတွေ ပြောချင်သေးတယ်။"

ကျွန်တော်ပေးသည့် စာရွက်ပေါ်တွင် ဘကြီးကသူနေသည့် လိပ်စာရေးပေးသည်။

"ကျွန်တော်လည်း ဘကြီးနဲ့တွေ့ချင်ပါသေးတယ်၊ ကျွန်တော် ဘကြီးဆီလာခဲ့ပါ့မယ်"

ကျွန်တော်တို့ စကားကောင်းနေစဉ် မြောက်ဥက္ကလာဘက်သို့ သွားသည့် ဘတ်စ်ကားတစ်စီး မှတ်တိုင်သို့ ဝင်လာသည်။

"ဟိုမှာ ဘကြီးစီးရမယ့် ဘတ်စ်ကားရောက်လာပြီ သွားကြစို့"

ဘကြီးပန်းတင် ဘတ်စ်ကားပေါ်တက်ပြီး ခဏအတွင်းမှာပင် ဘတ်စ်ကားထွက်သွားသည်။ ဘကြီးပေးခဲ့သော လိပ်စာပါစာရွက်လေးကို ကိုင်ရင်းအတွေးများဖြင့် ကျွန်ရစ်ခဲ့သည့် အဖေတို့ အမေတို့ သားဆုပ်နခဲ့ကြသည့် လက်ပံပင်ကြီးရှိရာ မွေးရပ်မြေသို့ တစ်ခေါက်တစ်ခါ ပြန်သွားလိုစိတ်များ ဖြစ်လာခဲ့မိသည်။

*မောင်မောင်မိုးအောင်*


ဘဝကြွားခံ့ပါသော်လည်း

## ဘာဝခြားခဲ့ပါသော်လည်း

အိမ်ရှေ့မှ ချောင်းဟန့်သံ ကြားလိုက်ရသဖြင့် ချက်လက်စဟင်းအိုးထားပစ်ခဲ့ကာ ကျွန်မအိမ်ရှေ့သို့ထွက်လာခဲ့သည်။ ကျွန်မ၏ တစ်ဦးတည်းသော သားအရင်း ဦးပဥ္စင်း ဆွမ်းခံကြွရောက်လာခြင်းဖြစ်သည်။ နေ့စဉ်နံနက်တိုင်း သားဦးပဥ္စင်း ဆွမ်းခံကြွလာနေကျလည်းဖြစ်သည်။ ဒီနေ့တွင်မှ ဆွမ်းဟင်းအချက် နောက်ကျနေခဲ့သည်။

"ဖဏာလေး သည်းခံတော်မူပါဘုရား"

ဟု ဆိုကာ ဆွမ်းဟင်းကို အမြန်ပြင်ဆင်လိုက်သည်။ အားလုံးပြင်ဆင်ပြီး ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူလိုက်သည်။ ဆွမ်းလောင်းအပြီး သားဦးပဥ္စင်းကို ဦးသုံးကြိမ်ချ ကန်တော့လိုက်သည်။ ကန်တော့ရင်း သားဦးပဥ္စင်းမျက်နှာကို စေ့စေ့ကြည့်လိုက်မိသည်။ သားဦးပဥ္စင်းရုပ်ရည်က ကျွန်မနှင့် လုံးဝမတူသော လူမျိုးခြားကုလားရုပ် ဖြစ်နေပါသည်။ သားဦးပဥ္စင်းမျက်နှာကို ကြည့်ရင်း လျှောက်တင် စကားဆိုလိုက်သည်။

"နေ့တိုင်း ဆွမ်းခံကြွတိုင်း ဟိုဂိုဒေါင်ဟောင်းကြီးကိုသွားပြီး ဦးပဥ္စင်းကြည့်ကြည့်နေတယ်ဆို"

"ဒကာမကြီးကို ဘယ်သူပြောလဲ"

"လူတိုင်းလိုလို ပြောနေကြတာပဲ၊ ဒကာမကြီးကအသက်ကြီးလာတော့ အဲဒီ သန်လျက်စွန်းဘက်အထိ သိပ်မရောက်ဖြစ်တော့ဘူး တမလွန်ဘဝက ဦးပဥ္စင်းရဲ့အစ်ကိုလည်း လွတ်ရာကျွတ်ရာ သွားနိုင်ခဲ့လို့ မရှိတော့ဘူးလေ၊ အဲဒီဂိုဒေါင်ဟောင်းကြီးကို သွားသွား ပြီးကြည့် မနေပါနဲ့တော့ နဂိုကတည်းက ဦးပဥ္စင်းကို ကုလားသရဲ ဝင်စားလို့ လူတွေက ပြောနေကြတာ"

"တမလွန်ဘဝက ညီအစ်ကိုနှစ်ယောက်လုံး ခေါင်းချခဲ့တဲ့ နေရာမို့သွားပြီး အလွမ်းပြေကြည့်မိတာပါ၊ အဖြစ်မဟုတ်ပါဘူး၊ ဒါကိုတော့ မတားပါနဲ့"

"တားလို့မရရင်လည်း ဦးပဥ္စင်းသဘောပဲလေ။ ကဲ ကဲ ပြန်ကြွလို့ရပါပြီ"

ကျွန်မသား ဦးပဥ္စင်း ဆွမ်းခံကြွသွားတိုင်း သွားသွားကြည့်နေသော ဂိုဒေါင်ဟောင်းကြီးမှာ သန်လျက်စွန်းဘက်ရှိ ဓနိတောဘီအိုစီနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော အဆောက်အအုံဟောင်းကြီးဖြစ်သည်။ ခေတ်အဆက်ဆက် ပိုင်ရှင်အဆင့်ဆင့် ပြောင်းလဲခဲ့ပြီး ဟောင်းနွမ်းအိုမင်း ပျက်စီးနေသော အဆောက်အအုံဟောင်းကြီး ဖြစ်သည်။ ထိုအဆောက်အအုံမှာ ကျွန်မငယ်စဉ်က အလုပ်လုပ်ခဲ့သည့်ဗွပ်ကျယ် စက်ရုံဖြစ်သည်။ သားဖြစ်သူ ဦးပဥ္စင်းနှင့်သာမက ကျွန်မဘဝနှင့်လည်း ဆက်နွယ်ပတ်သက်ခဲ့သော နေရာလည်း ဖြစ်သည်။

ဆွမ်းခံကြွရန် အိမ်ပေါ်မှ ဆင်းသွားသော ဦးပဥ္စင်း၏နောက်ကျောကို ငေးကြည့်မိရင်း လွန်ခဲ့သော နှစ်ပေါင်း(၆၀)နီးပါးက အဖြစ်အပျက်များသည် ကျွန်မအတွေးဝယ် ပုံရိပ်ထင်လာတော့သည်။

"တင်တင် နင့်ဆီငါလာချင်တယ် ငါ့ကိုလာခွင့်ပြုပါလား"

"နင်နဲ့ ငါနဲ့က ဘဝခြားနေပြီလေ။ ဘယ်လိုလုပ်ပြီး ငါ့ဆီ လာလို့ရမှာလဲ"

"ငါ နင့်ဗိုက်ထဲ ဝင်စားမယ်လေ၊ ဘဝခြားသွားပေမယ့် နင့်ကို ငါမမေ့ပါဘူး၊ နင်နဲ့မပေါင်းခဲ့ရပေမယ့် နင့်အနားမှာ ငါလာနေချင်တယ်၊ ခွင့်ပြုပါနော်"

"ငါလည်း နင်တို့ညီအစ်ကို နှစ်ယောက်ကို သတိရနေပါတယ်၊ အေးလေ နင်လာချင်တယ်ဆို လာခဲ့ပေါ့"

"ငါတို့ ညီအစ်ကိုနှစ်ယောက်လုံး မကျွတ်မလွတ်ဘဲ တို့ပိုင်ဆိုင်ခဲ့တဲ့ အိမ်ကြီးမှာပဲ ရှိနေခဲ့ကြတာ၊ နင်ခွင့်ပြုရင် ငါလာခဲ့မယ်၊ ဒါပေမဲ့ ငါ့ကိုကတိတစ်ခုတော့ ပေးရမယ်"

"ဘာကတိပေးရမှာလဲ ပြောပါအုံး"

"ငါနင့်ဆီရောက်လာပြီး အရွယ်ရောက်လာရင် ငါ့ကိုဘုန်းကြီး ဝတ်ပေးရမယ်"

"ဟဲ့ နင်ကဗုဒ္ဓဘာသာမှ မဟုတ်တာ ဘယ်လိုလုပ်ဘုန်းကြီး ဝတ်လို့ရမှာလဲ"

"နင့်ဆီရောက်လာတော့ နင့်သားဖြစ်ပြီလေ၊ ဘဝဟောင်းက ကုလားဖြစ်ပေမယ့် ဘဝသစ်မှာ ဗုဒ္ဓဘာသာဝင် ဖြစ်မှာပေါ့"

"နင်ပြောတာလည်း ဟုတ်သားပဲ အေးလေ လာချင်လာခဲ့၊ နင့်ဆန္ဒအတိုင်း ဘုန်းကြီးဝတ်ပေးပါ့မယ်"

"နင်ကတိတည်နော်၊ ခုလိုကြားရတာ ဝမ်းသာတယ် မကြာခင် နင့်ဆီ ငါလာခဲ့မယ်"

ထူးဆန်းသော အိမ်မက်ကြောင့် ကျွန်မအိပ်ရာမှ လန့်နိုးခဲ့ရ၏။ နံဘေးမှ ကျွန်မခင်ပွန်းဖြစ်သူမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲဖြစ်သည်။

ကျွန်မ ခင်ပွန်းကို နှိုးလိုက်မိသည်။

"ကိုစိန် ကိုစိန် ထပါဦး"

"ဟာ ဒီမိန်းမ အိပ်ကောင်းတုန်း ဘာလို့နှိုးရတာလဲ၊ ဘာကိစ္စရှိလို့လဲ"

"ထူးဆန်းလွန်းတဲ့ အိမ်မက်မက်လို့ ကိုစိန့်ကိုပြောပြချင်တာနဲ့ ခုလိုနှိုးလိုက်ရတာ"

"ကဲ ပြော ပြော ဘာအိမ်လက်မို့လဲ"

"ဒီလိုပါ သေသွားပြီးတဲ့ ညီအစ်ကိုနှစ်ယောက်အနက် အငယ်ကောင်က ကျွန်မတို့ဆီ လာချင်တယ်တဲ့၊ ပြီးတော့ သူ့ကိုဘုန်းကြီးဝတ်ပေးရမယ်တဲ့"

"သူက ဘယ်လိုလာမှာလဲ၊ မင်းအိပ်မက်က အဆန်းပါလား"

"ကျွန်မဗိုက်ထဲ ဝင်စားမယ်တဲ့၊ ပြီးတော့ သူတို့ညီအစ်ကိုနှစ်ယောက်စလုံး မကျွတ်မလွတ်ဘဲ ဟိုဂိုဒေါင်ဟောင်းကြီးထဲမှာ ရှိနေတယ်တဲ့"

"ဘာလဲ သရဲခြောက်တဲ့ ဂိုဒေါင်ဟောင်းကြီးကို ပြောတာလား"

"ဟုတ်ပါတယ် ပြီးတော့ ကျွန်မကကလေးလိုချင်နေတာနဲ့တော့ လာခဲ့လို့ ကျွန်မပြောလိုက်တယ်"

"သေသွားတဲ့ မင်းရဲ့ယောကျ်ားဟောင်း ကုလားကို ခွဲသင်းပြီး အိမ်မက်, မက်တာဖြစ်မယ်"

"မဟုတ်ပါဘူး ကိုစိန် သူတို့ကို စွဲလမ်းစရာ ဘာအကြောင်းမှ မရှိတာ ခုမက်တဲ့ အိမ်မက်က ထူးဆန်းနေလို့ပါ၊ ပြီးတော့ ကလေး ရမယ်လေ"

"မင်းအသက်က လေးဆယ်ကျော်နေပြီ ကလေးရမယ်ဆို လည်းကောင်းတာပဲ"

"ကိုစိန့်သဘောတူတယ်နော်"

"အေးပါ သဘောတူပါတယ်၊ ငါအိပ်ချင်သေးတယ်၊ မင်းလည်း ပြန်အိပ်လိုက်ဦး"

ကျွန်မခင်ပွန်း အိပ်ပျော်သွားသော်လည်း ကျွန်မအိပ်လို့မရ တော့ပါ။ တစ်ကြိမ်တစ်ခါမှ မမက်ဘူးသော အိမ်မက်အကြောင်းကို တွေးနေမိသည်။ ထိုသို့တွေးနေရင်း လွန်ခဲ့သော အတိတ်ကာလ များဆီ အာရုံရောက်သွားတော့သည်။

သရဲခြောက်သည်ဟု အများပြောနေသော အဆောက်အအုံ မှာ ယခု သန့်လျက်စွန်း ခနိုတော ဘီအိုစီအနီးရှိ ဂိုဒေါင်ဟောင်း ကြီးဖြစ်သည်။ ထိုစဉ်က ကျွန်မအလုပ်လုပ်ခဲ့သော စွပ်ကျယ်စက်ရုံ ဖြစ်သည်။ စွပ်ကျယ်စက်ရုံပိုင်ရှင်မှာ ကုလားလူမျိုး မွတ်စလင်ညီ အစ်ကိုနှစ်ဦးဖြစ်သည်။ မြန်မာပြည် လွတ်လပ်ရေး/ပြီးစ ကာလ လည်းဖြစ်သည်။ ခေတ်ကာလကောင်းသော အခြေအနေ မဟုတ် သေးပါ။ မိသားစု စားဝတ်နေရေးအတွက် ထိုစွပ်ကျယ်စက်ရုံတွင် ကျွန်မအလုပ်လုပ်နေရခြင်းဖြစ်သည်။ အလုပ်သမများထဲတွင် ကျွန်မကို အချောဆုံး၊ အလှဆုံး၊ ဟုပြောကြသည်။ ကိုယ်လုံး ကိုယ်ပေါက် အချိုးကျ လှပပြီး ပြည့်ပြည့်ဖြိုးဖြိုးရှိသော ကျွန်မကို ချစ်ရေးဆိုသူများ ရှိခဲ့သည်။ ဝမ်းရေးကိုသာ အရေးထား အလုပ်လုပ်သဖြင့် နှလုံးသား

အရေးကို စိတ်မဝင်စားပါ။ ကျွန်မကိုချစ်ရေးဆို သူထဲတွင် စက်ရုံပိုင်ရှင် ကုလားညီနှစ်အစ်ကို နှစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ ပထမဆုံး အစ်ကိုဖြစ်သူက ချစ်ရေးစဆိုသည်။ မကြာမီ ညီဖြစ်သူကလည်း ချစ်ရေးဆိုလာပြန်သည်။ ကျွန်မငြင်းပယ်ခဲ့သည်။ ကျွန်မငြင်းပယ် နေသည့်ကြားမှာပင် အစ်ကိုဖြစ်သူက ပို၍အတင့်ရဲလာသည်။ နေ့စဉ် လိုလို ကျွန်မအနားတရစ်ဝဲဝဲနှင့် မကြာခဏအိမ်သို့လည်း ရောက်လာ တတ်ပြီး မိဘများကို ထောက်ပံ့ပေးကမ်းမှုများ ပြုလုပ်လာသည်။ စီးပွားရေးမပြေလည်သော ကျွန်မမိဘများက လက်ခံခဲ့ကြသည်။ ကျွန်မ ကိုလည်း အဝတ်အစားသာမက လက်ဝတ်လက်စားအထိပါ ဆင်မြန်း ပေးခဲ့သည်။ ငြင်းပယ်၍လည်းမရခဲ့ပါ။ အငယ်အနှောင်း သဘော မဟုတ်ဘဲ တရားဝင်လက်ထပ်မည်ဟု ပြောလာပါသည်။ နောက်ဆုံး မိဘများစကားနှင့် စားဝတ်နေရေးကို ထောက်ထားကာ နှစ်နှစ်ကာကာ မချစ် သော်လည်း မလွဲသာမရှောင်သာဘဲ ကုလားသူဌေးအစ်ကိုကြီးနှင့် ကျွန်မလက်ထပ်ခဲ့ရသည်။

စက်ရုံပိုင်ရှင်သူဌေးနှင့် လက်ထပ်ပြီးနောက် ကျွန်မကိုအလုပ် လုပ်ခွင့်မပေးတော့ပါ။ လက်ထပ်ပြီး (၃)နှစ်ကျော်မှ သူ့တွင်သား ကြီး မယားကြီးရှိမှန်း သိခဲ့ရသည်။ အိန္ဒိယပြည်တွင် မယားကြီး ရှိကြောင်း သိရသည်။ နောင်တရရုံမှလွဲ၍ ကျွန်မမည်သို့မျှမတတ် နိုင်တော့ပါ။ (၅)နှစ်ခန့် ကျွန်မနှင့်ပေါင်းသင်း နေထိုင်ပြီးချိန်၌ အဆုတ် ရောဂါဖြင့် ကျွန်မခင်ပွန်း ကွယ်လွန်သွားခဲ့သည်။ ကျွန်မလည်း ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ခဲ့ရသည်။ သားသမီး မထွန်းကားခဲ့၍ တော်သေးသည်ဟု တွေးမိသည်။

အစ်ကိုဖြစ်သူ ကွယ်လွန်သွား၍ ညီဖြစ်သူက စက်ရုံကို

ဆက်လက်လည်ပတ် အုပ်ချုပ်ခဲ့သည်။ ကျွန်မတို့မိသားစုကိုလည်း သူ့အစ်ကိုရှိစဉ်ကကဲ့သို့ပင် ထောက်ပံ့ပေးကမ်းခဲ့သည်။ များမကြာမီ သူ့ကိုလက်ထပ်ရန် တောင်းဆိုလာခဲ့သည်။ ကျွန်မလုံးဝ ငြင်းပယ်ခဲ့သည်။ ကျွန်မ သူတို့ကို မယုံတော့ပါ။ တစ်လင်မှ နောက်တစ်လင်ဖြစ်သည်သာမက သူလည်းအိန္ဒိယတွင် မယားကြီး ရှိကောင်းရှိနိုင်သည်။ ပြီးဘာသာခြားလည်းဖြစ်နေ၍ ကျွန်မ ပြတ်ပြတ်သားသားပင်ငြင်းပယ်ခဲ့သည်။ ကျွန်မထိုသို့ ငြင်းပယ်ခဲ့သည်မှာ ကံကောင်းသည်ဟု ဆိုရမည်။ နောက်လေးနှစ်ခန့်အကြာတွင် ညီဖြစ်သူလည်း ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြန်သည်။ စက်ရုံကို အုပ်ချုပ်မည့်သူမရှိတော့ပါ။ မကြာမီ အိန္ဒိယပြည်မှ သူတို့သွေးသားရင်းချာများရောက်လာပြီး စက်ရုံကို အပြီးအပြတ် ရောင်းချလိုက်ပါတော့သည်။ နောက်ဝယ်ယူသူများက စက်ရုံကို နှစ်နှစ်ခန့် ဆက်လက်လည်ပတ်လုပ်ကိုင်ခဲ့သော်လည်း အရှုံးပေါ်ခဲ့သည်။ လုပ်ငန်းမကျွမ်းကျင်မှုကြောင့်ဟု ထင်သည်။ နောက်ဆုံးစက်ရုံကို ပိတ်လိုက်ရပါတော့သည်။ အလုပ်သမားအားလုံး အလုပ်လက်မဲ့ ဖြစ်ကုန်သည်။ နောက်ဆုံး စက်ရုံကို တစ်ဆင့်ပြန်လည် ရောင်းချလိုက်ပြန်ပါသည်။ စက်ပစ္စည်းများကိုလည်း တစ်စချင်းဖြုတ်ယူ ရောင်းချလိုက်သဖြင့် စက်ရုံမှာ ဂိုဒေါင်အဖြစ်နှင့်သာ ကျန်ခဲ့ပါတော့သည်။

ထိုအချိန်က မနေ့တော ဘီဒိုစီဘက်သို့ သွားတိုင်းထိုအဆောက်အအုံကို ဖြတ်ကျော်သွားရသည်။ ညဘက်တွင် သရဲခြောက်သည်ဟု လူပြောများခဲ့သည်။ ကွယ်လွန်သွားသော ညီအစ်ကိုနှစ်ဦး မကျွတ်မလွတ်ဘဲ သူတို့ပိုင်ဆိုင်ခဲ့သည့် ဂိုဒေါင်ထဲတွင် ရှိနေသည်ဟု လူအများ

ကထင်နေကြသည်။ နေဝင်မိုးချုပ် မှောင်စပျိုးသည်နှင့် ထိုအဆောက်အအုံအနီးသို့ မည်သူမျှ မသွားဝံ့ကြတော့ပါ။

ကျွန်မလည်း အလုပ်လက်မဲ့ဘဝဖြင့် ဘဝကို ရုန်းကန်ခဲ့ရသည်။ ဗိုလ်တထောင် လင်းစခေါင်းဘက်တွင် နေထိုင်ခဲ့သည်။ ကျွန်မမိဘနှစ်ပါးလည်း ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြ ၏။ ထို့နောက်ပိုင်း တစ်ယောက်တည်းနေထိုင်ရန် မသင့်တော်တော့သဖြင့် ယခု ကျွန်မခင်ပွန်း ကိုခင်မောင်စိန်နှင့် လက်ထပ်ခဲ့သည်။ ကိုခင်မောင်စိန်မှာ ကျွန်မထက် အသက်(၁၀)နှစ်ခန့် အသက်ကြီးသူဖြစ်သည်။ ကျွန်မအသက် (၄၀)နီးမှ နောက်ထပ် အိမ်ထောင်ထူခဲ့ခြင်းဖြစ်သည်။ ကိုခင်မောင်စိန်က သန်လျက်စွန်း မြစ်ကမ်းတွင် ထင်း၊ မီးသွေး အရောင်းအဝယ်လုပ်သူ ဖြစ်သည်။ အိမ်ထောင်ကျပြီး (၃)နှစ်ခန့်အထိ သားသမီးမရခဲ့ပါ။ ယခုကွယ်လွန်သွားခဲ့ပြီဖြစ်သည့်ကျွန်မ၏ မတ်တော်စပ်သူ၊ တစ်နည်းအားဖြင့် ကျွန်မကို လက်ထပ်ခွင့် တောင်းခဲ့သောသူက သားအဖြစ်လာခဲ့မည်ဟု အိပ်မက်ပေးလာသဖြင့် ကျွန်မ ကြည်နူးကျေနပ်သလို ခံစားခဲ့ရသည်။ လွန်ခဲ့သော ကျွန်မဘဝ အတိတ်ကာလကို ပြန်လည်တွေးတောနေမိသည်။ ထူးဆန်းသော အိမ်မက်ကြောင့်လည်း အိပ်၍မပျော်တော့ပါ။

နောက်တစ်နေ့ နံနက်တွင် ကျွန်မသေတ္တာထဲမှ ဓာတ်ပုံဟောင်းတစ်ပုံကို ရှာဖွေပြီး ကျွန်မခင်ပွန်း ကိုခင်မောင်စိန်ကို ပြလိုက်သည်။

"ကျွန်မရဲ့ ညာဘက်ကလူဟာ ကျွန်မယောကျာ်းပေါ့၊ ဘယ်ဘက်ကလူဟာ ကျွန်မကိုချစ်ရေးဆိုခဲ့တဲ့သူပေါ့၊ ကျွန်မရဲ့ မတ်တော်မောင်ပေါ့။ ကျွန်မဗိုက်ထဲ ဝင်စားမယ်လို့ အိမ်မက်ပေးခဲ့သူဟာ သူပဲပေါ့"

ကျွန်မခင်ပွန်းက ယခုမှ တွေ့ဖူးသော ဓာတ်ပုံကို စေ့စေ့ကြည့်ရင်းပြောလိုက်သည်။

"အင်း ကုလားပီပီ မျက်လုံး၊ မျက်ခုံး၊ နှာတံကျပုံ အချိုးကျပါတယ်။ ခန့်ချောချောတာပဲ၊ ဒါကြောင့် မင်းကြိုက်ခဲ့တာလား"

"မဟုတ်ပါဘူး၊ အဲ့ဒီအချိန်တုန်းက မလွဲသာမရှောင်သာလက်ထပ်ခဲ့တာပါ။ အခု ကျွန်မဗိုက်ထဲဝင်စားချင်လို့ အိမ်မက်ပေးခဲ့သူက ညီဖြစ်နေတော့ ထူးဆန်းနေသလားလို့ပါ"

"အေး ဟုတ်တယ်နော် အစ်ကိုဖြစ်သူက မင်းနဲ့ပေါင်းခဲ့ပြီးမှ သေခဲ့တာ။ အခု သူမလာဘဲ သူ့ညီကလာချင်တယ်ဆိုတော့ မင်းပြောသလို ထူးဆန်းနေတာပေါ့၊ တကယ် လာ၊ မလာတော့မသိဘူး၊ လာခဲ့ရင် ဘယ်လိုရုပ်မျိုးနဲ့ လာမှာလဲ"

"ဒါတော့ ဘယ်သိပါ့မလဲ၊ အိမ်မက်ပဲဟာ၊ ကျွန်မက ကလေး လိုချင်နေတာဆိုတော့ ဘယ်လိုရုပ်မျိုးနဲ့ လာလာ လာရင်သိပ်ကောင်းတာပေါ့"

အိမ်မက်ပေးပြီး နောက်သုံးလခန့်အကြာတွင် ကျွန်မကိုယ်ဝန်ရခဲ့သည်။ အိမ်မက်အကြောင်းကို ပြောပြထားသဖြင့် အိမ်နီးချင်းပတ်ဝန်းကျင်မှ လူများလည်း သိနေခဲ့ကြသည်။ ကျွန်မမွေးလာမည့်ကလေး၏ ရုပ်ရည်ကိုလည်း စိတ်ဝင်စားနေကြသည်။ ကုလားလူမျိုးကနေ လူဝင်စားအဖြစ် ရောက်လာမည့် ကလေး၏ ရုပ်ရည်ကိုလည်းစိတ်ဝင်စားနေကြသည်။ ကျွန်မနေ့စေ့ လစေ့နှင့် မမွေးဖွားမီရက်ပိုင်းအလိုတွင် အိမ်မက်ထပ်ပေးပြန်ပါသည်။ သူ မကြာမီလာမည်ဖြစ်ကြောင်း ဘုန်းကြီးဝတ်ပေးမည့်ကတိ မဖျက်ရန်နှင့် ကျေးဇူးဆပ်မည်ဖြစ်ကြောင်း ထပ်မံအိမ်မက်ပေးခဲ့သည်။

ကျွန်မမွေးဖွားချိန်၌ အိမ်နီးနားချင်းတို့၏ အံ့ညြမှုက အထွတ်အထိပ်သို့ ရောက်ရှိသွားပါတော့သည်။ ကျွန်မမွေးသည့်ကလေး မှာ ဓာတ်ပုံထဲကအတိုင်း တကယ့်ကုလားလူမျိုးရုပ်ရည် ဖြစ်နေတော့သည်။ ကွယ်လွန်ခဲ့ပြီးသည့် မတ်တော်မောင်၏ ငယ်ရုပ်နှင့်တထေ ရာတည်း တူနေသည်။ ကလေး(၆)လခန့် အရွယ်တွင် ရုပ်ရည်မှာ ပို၍ပီပြင်လာသည်။ ကိုခင်မောင်စိန်မှာ ဓာတ်ပုံကို ကြည့်လိုက်၊ ကလေးမျက်နှာကို ကြည့်လိုက်နှင့် ဖြစ်နေတော့သည်။

"တို့သားက ငါနဲ့လည်းမတူ၊ မင်းနဲ့လည်းမတူဘူး၊ တကယ့်ကုလားရုပ်ပဲ"

"ဩော် ကိုစိန်ကလည်း ကျွန်မတို့ခွင့်ပြုလို့ သူလာတာပဲလေ။ ဘယ်လိုရုပ်မျိုးဖြစ်ဖြစ် ကလေးရလို့ ကျွန်မကျေနပ်တယ်။"

ကိုခင်မောင်စိန်က ဒီကလေးငါနဲ့ မတူဘူးဟု ပြောလေတိုင်း ကလေးက သူ့အဖေမျက်နှာကို မော့မော့ပြီးကြည့်နေတတ်သည်။

သားလေးမွေးပြီး တစ်နှစ်အတွင်းမှာပင် ကိုခင်မောင်စိန် စီးပွားတက်ခဲ့သည်။ အရောင်းအဝယ်များ ပို၍အဆင်ပြေလာသည်။ ကလေးက သူ့အိမ်မက်ပေးသည့်အတိုင်း ကျေးဇူးဆပ်သည်ဆိုတာ ကိုခင်မောင်စိန်က အချစ်ပိုခဲ့သည်။ ကလေးကြီးလာလေ၊ ရုပ်ရည်က ကုလားနှင့်ပိုတူလာလေဖြစ်သည်။ ဤသို့ဖြင့် သားလေးတဖြည်း ဖြည်း အရွယ်ရလာသည်။ သားကို ကျောင်းစထားသည့် နှစ်တွင် ထူးဆန်းသည့် စကားပြောလာပါသည်။

"အဖေနဲ့ အမေတို့ကို သားတစ်ခုလောက် တောင်းဆိုချင်တယ်"

"ဘာတွေတောင်းဆိုချင်တာလဲ ပြောလေ"

"သား ဒီကိုရောက်နေပေမဲ့ အစ်ကိုကြီးက ဟိုဂိုဒေါင်ဟောင်းကြီးထဲမှာ တစ်ယောက်တည်း ကျန်နေခဲ့တယ်။"

"ဟဲ့သား ဘာတွေလျှောက်ပြောနေတာလဲ၊ မဖြစ်နိုင်တာ"

"သားအမှန်တွေ ပြောနေတာပါ။ အဲဒီသားတို့ပိုင်ဆိုင်ဖူးတဲ့ စက်ရုံဟာ သရဲခြောက်တယ်လို့ လူတွေပြောကြတယ် အဲ့ဒါအစ်ကိုကြီးကြောင့်ပေါ့၊ သားရဲ့အစ်ကိုကြီး လွတ်ရာကျွတ်ရာသွားနိုင်အောင် သံဃာတော်တွေ စင့်ဖိတ်ဆွမ်းကပ် ဒါနပြုပြီး အမျှအတန်းပေးဝေပေးပါ။"

သား၏ ထူးဆန်းလှသော စကားကြောင့် ကျွန်မတို့လင်မယားတိုင်ပင်ထားခြင်းမရှိဘဲလျက် တစ်ယောက်မျက်နှာ တစ်ယောက်အံ့ဩထိတ်လန့်စွာ ကြည့်လိုက်မိသည်။ ယုံနိုင်ဖွယ်ရာ မဟုတ်သော်လည်း သား၏စကားက မှန်ကန်ဖို့ များနေသည်။ ကျွန်မတို့ မေ့မေ့ပျောက်ပျောက် နေခဲ့သော်လည်း သားကမကြာခဏပင် ပူဆာနေတော့သည်။ နောက်ဆုံး လင်မယားနှစ်ယောက် မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် သားဆန္ဒကို ဖြည့်ဆည်းပေးရန် စီစဉ်လိုက်ကြရတော့သည်။ စက်ရုံပိုင်ရှင်ကို လိုက်လံစုံစမ်းရသည်။ လိုအပ်သလိုခွင့်တောင်းပြီး စက်ရုံအတွင်းဝယ် သံဃာတော်များ ပင့်ဖိတ်ဆွမ်းကျွေးပြီး ဒါနပြုကြသည်။ ပရိတ်တရားတော်များလည်း ရွတ်ဖတ်ကြသည်။ သားလေး၏ တမလွန်ဘဝက အစ်ကိုဖြစ်သူကျွန်မ၏ ခင်ပွန်းဟောင်းအား ရည်စူးဒါနပြုပြီး အမျှအတန်းပေးဝေခဲ့သည်။

အံ့ဩဖွယ်ပင် ဖြစ်ပါတော့သည်။ တိုက်ဆိုင်မှုမဖြစ်နိုင်ဟု ကျွန်မယုံကြည်မိသည်။ ဂိုဒေါင်ဟောင်းကြီးထဲ၌ ကျွန်မတို့ ပရိုတ်ရွတ်၊ အမျှအတန်းပေးဝေပြီး နောက်ပိုင်းသရဲခြောက်သည် ဟူ၍ မကြားရတော့ခြင်းပင် ဖြစ်သည်။ ဂိုဒေါင်ဟောင်းအကြောင်း လည်း တစ်စတစ်စမေ့ပျောက်ပြုလာသည်။ သားလေးမှာလည်း တဖြည်း ဖြည်း အရွယ်ရောက်လာသည်။

သားလေး ခြောက်တန်းအရောက်တွင် ကျွန်မဘဝ ကံဆိုးမိုး မှောင်ကျခဲ့ပြန်သည်။ သားလေးအဖေ ကိုခင်မောင်စိန် ကွယ်လွန်ခဲ့ ရှာသည်။ ဒုတိယအကြိမ် ကျွန်မမုဆိုးမဖြစ်ခဲ့ရပြန်သည်။ သို့သော် ခင်ပွန်းကိုယ်စား သားတစ်ယောက်ရှိနေသဖြင့် ကျွန်မဖြေသိမ့်နိုင်ခဲ့သည်။ သားမှာ အရွယ်ရလေလေ၊ ကုလားလူမျိုးရုပ်နှင့် တူလေလေ ဖြစ်လာသည်။ သူ့အဖေ ကိုခင်မောင်စိန် ရှာဖွေစုဆောင်းထားသော ဥစ္စာပစ္စည်းများ ရှိနေသေးသဖြင့် ကျွန်မလူတန်းစေ့ နေထိုင်နိုင်ခဲ့သည်။

ပတ်ဝန်းကျင်မှ လူများက သားကို ကုလားဝင်စားသူ ဆိုပြီး အထူးဆန်းသဖွယ် ကြည့်ကြ၊ ပြောကြသည်၊ သက်ကြီးပိုင်း ရှေ့မီ နောက်မီ လူကြီးအတော်များများကသားကို ကုလားဝင်စားသည် ဟုယုံကြည်နေကြသည်။ သားလေးရုပ်ရည်မှာလည်း ကွယ်လွန်ခဲ့ ပြီးဖြစ်သည့် မတ်တော်မောင်နှင့် တထေရာတည်း တူနေသည်ကလည်း အကြောင်းတစ်ခု ဖြစ်နေသည်။ မည်သို့ပင် ပြောကြပါစေ။ သားလေး ကျွန်မနှင့်အတူရှိနေသေးသဖြင့် ကျွန်မကျေနပ်နေတတ် ခဲ့ပါသည်။ သူမမွေးခင်က သူပေးခဲ့သော အိမ်မက်အကြောင်းတွေး မိတိုင်း ရင်လေးနေမိသည်မှာ အမှန်ပင်ဖြစ်သည်။ သူအိမ်မက်ပေးခဲ့စဉ်က သူရောက်လာလျှင် ဘုန်းကြီးဝတ်ပေးရန် ကတိတောင်းထားသည်။

သို့သော်ယခု(၆)တန်းရောက်သည်အထိ ထိုအကြောင်းမပြောခဲ့ပါ။ သားလေးမေ့နေဟန်တူသည်။ သားလေးမမှတ်မိတော့ဟု ကျွန်မယူဆထားသည်။ ဘွန်းကြီးဝတ်မည့်အကြောင်း ကျွန်မစကားပင် မစခဲ့ပါ။

သားလေးအရွယ်ရောက်လာပါက အိမ်ထောင်ရက်သားချပေးပြီး မြေးများနှင့် မိသားစု သိုက်သိုက်ဝန်းဝန်း နေချင်သည့်ဆန္ဒများ ပျက်ပြယ်ရမည့်နေ့ကို ရောက်လာပါတော့သည်။ သားလေး ခုနှစ်တန်းအောင်သည့် နှစ်တွင် ပြဿနာစပါတော့သည်။

"သားကို ဘုန်းကြီးဝတ်ပေးမယ်လို့ ကတိပေးထားတာ မေ့နေ ပြီလား"

ကျွန်မ မသိသလို ဟန်ဆောင်ပြီ သားကိုမေးလိုက်သည်။

"ဘုန်းကြီးဝတ်ပေးပါ့မယ်လို့ ဘယ်တုန်းက ကတိပေးခဲ့ လို့လဲ"

"သား အမေတို့ဆီကို လာမယ်လို့ အိမ်မက်ပေးတုန်းက ကတိပေးခဲ့တယ်လေ။ ပေးထားတဲ့ကတိကို မေ့နေပြီလား၊ ကတိ မဖျက်ပါနဲ့နော် မေမေ"

ကျွန်မ အံ့ဩထိတ်လန့်မှုများဖြင့် သားကိုပွေ့ဖက်ထားလိုက် မိတော့သည်။

"ဘုရား ဘုရား သားအိမ်မက်ပေးတာ မှတ်မိတယ်ပေါ့ ဟုတ် လား"

"သားမှတ်မိပါတယ် ကတိပေးထားတဲ့အတိုင်း ဘုန်းကြီးဝတ် ပေးပါတော့။ လူ့ဘဝနဲ့ ဒီလောက်အတူနေပေးခဲ့တာ တော်ရောပေါ့"

"သားရယ် မင်းအဖေလည်း လူ့လောကထဲ မရှိတော့ဘူး၊

မေမေတို့သားအမိနှစ်ယောက်တည်း ရှိတော့တာပါ။ မေမေ တစ်ယောက်တည်း ထားခဲ့တော့မှာလား၊ ပြီးတော့ ဘယ်လောက် ကြာကြာ ဘုန်းကြီးဝတ်မှာလဲ"

"တစ်သက်လုံးဝတ်မှာ သေတဲ့အထိပဲ"

"ပျော်သလောက်ပဲ ဘုန်းကြီးဝတ်ပါလား သားရယ် တစ်သက်လုံးဆိုတော့"

"ဟာ မရဘူး၊ တစ်သက်လုံး ဝတ်မှာ၊ ကတိမဖျက်ပါနဲ့"

"ကဲပါ သားရယ် ဘုန်းကြီးဝတ်တာတော့ ဟုတ်ပါပြီ။ မေမေ လည်း အသက်ကြီးလာပြီ။ နှစ်ယောက်တည်းရှိတဲ့ကြားထဲ သားက တစ်သက်လုံး ဘုန်းကြီးဝတ်မှာဆိုတော့ မေမေ့ကို ဘယ်သူကလာ ပြီး ပြုစုမှာလဲ"

"ဘုန်းကြီးဝတ်နဲ့ လာကြည့်လို့လည်း ရတာပါပဲ၊ ကတိမဖျက် ပါနဲ့၊ ခုဆိုဘုန်းကြီးစာတွေ ရေးတတ်၊ ဖတ်တတ်ပါပြီ၊ ကျောင်းမနေ ချင်တော့ဘူး ဘုန်းကြီးသာ ဝတ်ပေးပါတော့"

"တားလို့မရတော့ဘူးလား သားရယ်၊ မေမေ့ကို မသနားတော့ ဘူးလား"

မည်သို့မျှ ဟန့်တားတောင်းပန်၍ မရတော့သည်ကို ကျွန်မ သိလိုက်ရပါပြီ။

"ကောင်းပါပြီ သားရယ်၊ ဘယ်လိုမှ တောင်းပန်လို့မရတော့ ဘူးဆိုတော့ သားကိုဘုန်းကြီး ဝတ်ပေးပါ့မယ်။ ပြီးတော့ တစ်ခုပဲ တောင်းဆိုချင်တယ်။"

"မေမေက ဘာကိုတောင်းဆိုချင်တာလဲ"

"ဘုန်းကြီးဝတ်ပြီးရင် မေမေ့အိမ်ကို နေ့တိုင်း ဆွမ်းခံကြွရမယ် ဒါမှသားမျက်နှာကို နေ့တိုင်းတွေ့ရမယ်လေ"

"နေ့တိုင်း ဆွမ်းခံထွက်ရမှာပဲ၊ မေမေ့ဆီလည်း နေ့တိုင်းဆွမ်းခံကြွလာမယ်"

မည်သို့မျှ တောင်းပန်၍ မရတော့သည့်အဆုံးသားကို သာသနာ့ဘောင်သို့ သွတ်သွင်းလိုက်ရပါတော့သည်။

အတိတ်ကာလများဆီမှ အဖြစ်အပျက်များကို မည်မျှကြာအောင်တွေးတောနေမိသည် မသိတော့ပါ။ သတိပြန်ဝင်လာချိန်တွင် ဦးပဥ္စင်းက ခပ်ဝေးဝေးသို့ ရောက်ရှိသွားပြီ ဖြစ်သည်။ သားဦးပဥ္စင်း ဆွမ်းခံကြွသွားရာ သန်လျက်စွန်းဘက်သို့ ဆက်လက် ၍ဆွမ်းခံကြွသွားပြီ။

ကျွန်မသည်ပင် ယခုအသက်(၇၀)ကျော်ခဲ့ပြီ ဖြစ်သည်။ သားဦးပဥ္စင်းသည်လည်း အသက်(၃၀)ပြည့်ခဲ့ပြီ ဖြစ်သ ၊ မျှော်မှန်းထားသလို ဖြစ်မလာခဲ့သော်လည်း သားဦးပဥ္စင်းကို ..စဉ်နေ့တိုင်း မြင်တွေ့ရှိခိုးဦးချခွင့် ရနေသဖြင့် ကျွန်မမှာ ဖြေသိမ့်နိုင်ခဲ့ပါသည်။ သားဦးပဥ္စင်းမှာလည်း နေ့စဉ်ဆွမ်းခံကြွသွားလေတိုင်း တမလွန်ဘဝက သူတို့ညီအစ်ကိုပိုင်ဆိုင်ခဲ့သည့် အဆောက်အဦးဟောင်းကို ဝတ္တရား မပျက် ကြည့်ရှုနေမည်ကို ကျွန်မသိနေပါသည်။

*မောင်မောင်မိုးအောင်*



အမှောင်တွင်းကမျက်လုံးများ
ပေါင်ပေါင်မိုးအောင်

# အမှောင်တွင်းမှ မျက်လုံးများ

"မအိပ်သေးဘူးလား ညဉ့်နက်နေပြီလေ အိပ်တော့ကွာ၊ မင်းရေးနေတဲ့ ဝတ္ထုက ဒီညအဆုံးသတ်ဦးမှာလား"

"ဒီညတော့ ပြီးမယ်မထင်သေးဘူး၊ နောက်ထပ်တစ်မျက်နှာလောက်ပြီးရင် အိပ်နေမှာပါကွာ"

"မနက်ဖြန်လည်းရုံးမှာ အလုပ်များဦးမယ်၊ မီးလင်းနေတော့ ငါမအိပ်တတ်ဘူးကွာ"

"အေးပါ သူငယ်ချင်းရယ်၊ ဒီတစ်မျက်နှာတည်းပါကွာ"

ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးမှာ ရုံးတစ်ရုံးတည်း၊ ဌာနတစ်ခုတည်းတွင် အတူတာဝန်ထမ်းဆောင်နေသူများ ဖြစ်သည်။ ဌာနမှ စီစဉ်ပေးသည့်အဆောင်တွင် တစ်ခန်းတည်းအတူနေပြီး ,ရင်းနှီးချစ်ခင်သူများလည်းဖြစ်သည်။ ကျွန်တော်က ဝန်ထမ်းဘဝဖြင့် ဝါသနာအထိုက်အလျောက် ဝတ္ထု၊ ကဗျာများရေးသား နေသူဖြစ်ရာ အထိုက်အလျောက် နာမည်ရလာပြီ ဖြစ်သည်။ လစဉ်၊ လတိုင်း လိုလို မဂ္ဂဇင်းများတွင် ကျွန်တော့်ဝတ္ထုတို၊ ကဗျာများ ဖော်ပြစံနေရပြီ ဖြစ်သည်။ ယခုလည်း ဝတ္ထုတစ်ပုဒ်ရေးနေစဉ် အိပ်ရာဝင်ရန် သူငယ်ချင်းက သတိပေးလာခြင်းဖြစ်သည်။ ဝတ္ထုဇာတ်လမ်းထဲ အာရုံဝင်

စားနေစဉ် သူငယ်ချင်း မင်းညွန့်နိုင်၏ မွန်သံဝဲဝဲ စကားသံကို ကြားရပြန်သည်။

"မင်း ဒီလောက်ရှာနဝင်ပြီး ရေးနေတာ ဘာဝတ္ထုလဲ၊ ဂန္ထဝင်ရ ဝတ္ထုပဲလား"

"ဟုတ်တယ်၊ အခုစာဖတ်သူတွေ အဖတ်များတာက ဂန္ထဝင်ဆန်ဆန်ဝတ္ထုတွေပဲ၊ ကျောက်တမံလို့ နာမည်ပေးထားတဲ့ သိုက်စာတ်လမ်းတစ်ပုဒ်ရေးနေတာ"

"ကျောက်တမံဟုတ်လား၊ ဘယ်ကကျောက်တမံလဲ၊ ငါကြားဖူးသလိုပဲ"

"မင်းတို့ မွန်ပြည်နယ်က ဒေသတစ်ခုပဲ၊ ကိုယ်တွေ့ကြုံဖူးသူ တစ်ဦး ငါ့ကိုပြောပြလို့သိရတာ၊ သံဖြူဇရပ်အလွန် "ဝဲကလီ"၊ "ဝဲလံ"နားက ကျောက်တမံ သိုက်အကြောင်း ရေးနေတာ"

"ဟိုတစ်လောက ဝိဉာဉ်အကြောင်းတွေ ရေးတယ်၊ ခုတစ်ခါ သိုက်စာတ်လမ်းရေးနေပြန်ပြီလား၊ ဒါဆိုငါတို့ဒေသဘက်က ဘော်ငွေသိုက်အကြောင်း ရေးပါလား"

"ဘာတဲ့၊ ဘော်ငွေသိုက်ဟုတ်လား နာမည်ကြားရတာနဲ့ ငါစိတ်ဝင်စားသွားပြီ၊ ငါကစိတ်ကူးယဉ်တာထက် ကိုယ်တွေ့ဖြစ်ရပ် ကိုအခြေခံပြီးရေးလေ့ရှိတာ မင်းသိပါတယ်၊ မင်းကြုံဖူးခဲ့တာလား"

"ငါမကြုံခဲ့ဖူးပါဘူး၊ ဒါပေမဲ့တို့ရွာမှာ ကိုယ်တွေ့ကြုံခဲ့ဖူးတဲ့ အသက်ကိုးဆယ်ကျော် ပန်းထိမ်ဆရာ အဘိုးဦးကွန်ဒွေဆိုသူရှိတယ် သူကိုယ်တိုင် ကြုံတွေ့ခဲ့ရတာတဲ့၊ အဘိုးပြောပြထားလို့ ငါသိခဲ့ရတာ၊

ငါရွာပြန်ရင် မင်းလိုက်ခဲ့ပါလား၊ တို့ဘုရားပွဲတော်လည်း ရောက်ဖူးသွားတာပေါ့၊ ပြီးတော့ ဝတ္တုအတွက်လည်း ကုန်ကြမ်းရတာပေါ့"

"မင်းတို့ရွာက ဘုရားပွဲကတော်က ဘယ်တော့လဲ"

"အခုလာမယ့် သီတင်းကျွတ် လပြည့်နေ့မှာစမယ်၊ ငါလည်း ရွာမပြန်တာကြာပြီ၊ ရန်ကုန်မှာပဲ အနေကြာလာတော့ ဒီနှစ်ရွာဘုရားပွဲပြန်မယ် စိတ်ကူးထားတယ်၊ တို့ရွာဘုရားပွဲက မွန်ပြည်နယ်ဘက်မှာ နာမည်ကြီး ဘုရားပွဲပေါ့"

"ဘာ ဘုရားပွဲလဲ"

"ကျိုက္ကမော့တောင်ပေါ်မှာ ရှိတဲ့ကျိုက္ကမော့ ဘုရားပွဲတော်လေ"

"ငါကြားဖူးပါတယ်"

"ဗဟုသုတလည်းရမယ်၊ ဝတ္တုကုန်ကြမ်းလည်းရမယ်၊ မင်းလိုက်ခဲ့ပါလား သူငယ်ချင်းရယ်"

"အေး-ဒါဆိုလိုက်ခဲ့မယ်၊ မင်းပြောတဲ့အဘိုး ဦးကွန်ဒေ့နဲ့ တွေ့ရမှာလား"

"တွေ့ရမှာပေါ့ အဘိုးဦးကွန်ဒေ့က ငါတို့အိမ်နားမှာပဲနေတာ၊ ငါလိုက်ပို့ပါမယ်"

"ကောင်းပြီလေ၊ ငါလိုက်ခဲ့မယ်"

ရှီးမှခွင့်ယူပြီး၊ ကျွန်တော်နှင့် သူငယ်ချင်းမင်းညွန့်နိုင်တို့ ကျိုက္ကမော့ဘုရားပွဲတော် သွားခဲ့ကြသည်။ ရန်ကုန်မှ မော်တော်ယာဉ်ဖြင့် လိုက်ခဲ့ကြသည်။ ကျွန်တော်သူငယ်ချင်း မင်းညွန့်နိုင်မှာ မွန်

လူမျိုးဖြစ်ပြီး ကမာ၀က်ရွာ ဓာတီဖြစ်သည်။ သူတို့ဒေသ ကျိုက္ကမော့ တောင်ဘုရားပွဲ အလွန်စည်ကားကြောင်း ကျွန်တော့်ကိုပြောဖူးသည်။ ကျွန်တော်တို့ စီးလာသောကားမှာ ရန်ကုန်-မုဒုံ အဝေးပြေးအဲယား ကွန်းလေအိတ်ကားကြီးဖြစ်သည်။ ရန်ကုန်မှ ညနေခြောက်နာရီ သာသာတွင် စတင်ထွက်ခွာလာရာ နောက်တစ်နေ့ နံနက်ငါးနာရီတွင် မော်လမြိုင်သို့ ရောက်ခဲ့သည်။ မော်လမြိုင်မှ တစ်ဆင့်မုဒုံ မြို့သို့ ခရီးဆက်ခဲ့ကြသည်။ နံနက်ခုနစ်နာရီ မထိုးမီမှာပင် မုဒုံမြို့သို့ ရောက်လာသည်။ မုဒုံသည် ခရီးလမ်းဆုံးဖြစ်သည်။ မုဒုံမှကမာ၀က် ရွာသို့ ဒတ်ဆန်းကားငယ်ဖြင့် ခရီးဆက်ရပြန်သည်။ နံနက်မိုင်းမှာပင် ကမာ၀က်ရွာသို့ ရောက်လာခဲ့သည်။ ကျွန်တော်တို့ ကမာ၀က်ရွာ စရောက်သောနေ့သည် ဘုရားပွဲတော်စသည့်နေ့ဖြစ်သည်။ ကမာ ၀က်ရွာအဝင်လမ်းတစ်လျှောက် ဈေးဆိုင်ခန်း၊ ဓာတ်ပွဲရုံ၊ အငြိမ့် စင်များဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ သူငယ်ချင်း မင်းညွန့် နိုင်က သူ့မိသားစုနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

"အမေ သားနဲ့ညီအစ်ကိုလို ချစ်ကြတဲ့ သူငယ်ချင်း သားပြော ပြောနေတဲ့ စာရေးဆရာလေ"

"ဪ ဟုတ်လား သားနဲ့ ဒီလောက်ရင်းနှီးတာ ခုမှတွေ့ရ တော့တယ်၊ ဘုရားပွဲ လိုက်လာတာလား"

"ဟုတ်ကဲ့၊ ဒေါ်ဒေါ် ဘုရားလည်းဖူး၊ ၀တ္ထုကုန်ကြမ်းလဲ ရှာရင်း လိုက်လာတာ။"

"အမေ၊ သား သူငယ်ချင်းက ဘော်ငွေသိုက်အကြောင်း ရေးချင်လို့တဲ့"

"ဘော်ငွေသိုက် ဟုတ်လား၊ အမေတို့ငယ်ငယ်ကတည်းက ကြားဖူးတာ၊ ခုခေတ်လူလတ်ပိုင်းလောက်ထိ မသိကြတော့ဘူးကွယ့် အဘိုးဦးကွန်ဒေ့ကတော့ ကိုယ်တိုင်ကြုံခဲ့တဲ့လူပဲ၊ သူ့ကိုမေးကြည့်ပေါ့၊ ဒီနေ့ ပွဲတော်စရက်ဆိုတော့ အကျွေးအမွေးတွေနဲ့ ရှုပ်နေမယ် မနက်ဖြန်မှ သွားကြတော့ သားတို့ဒီည ကျိုက္ကမော့တောင်ပေါ် တက်မှာလား"

"ခရီးပန်းလာတယ်၊ ပြီးတော့ညဘက်ဆိုဘာမျှ မြင်ရမှာ မဟုတ်ဘူး၊ သူငယ်ချင်းကိုပြချင်သေးတယ်။ မနက်စောစောထပြီးမှ တောင်ပေါ်တက်တော့မယ်"

"ဒါလည်း ကောင်းတာပဲ၊ ခရီးပမ်းလာတယ်၊ သားတို့ နားလိုက်ကြဦး"

နောက်တစ်နေ့ နံနက်ဝေလီဝေလင်းအချိန်တွင် ကျွန်တော်တို့ နှစ်ဦး ဘုရားဖူးထွက်ခဲ့ကြသည်။ ကမာဝက်ရွာမှ တောင်ခြေသို့ နွားလှည်းဖြင့် စုပေါင်းသွားကြသည်။ တောင်ခြေရောက်မှ ခြေကျင် ခရီးဖြင့် တောင်ပေါ်တက်ကြသည်။ လမ်းတွင် လူများတိုးမပေါက်နိုင် အောင် စည်ကားနေသည်ကို တွေ့ရသည်။ အားလုံးလိုလို မွန်ဘာသာစကားကိုသာ ပြောကြသည်။ တောင်ခြေမှ တစ်နာရီ ကျော်ကျော်ထပ်မံ တက်တော့မှ တောင်ထိပ်ပေါ်ရှိ ကျိုက္ကမော့စေတီသို့ ရောက်လာသည်။ မိုးစင်စင်လင်းနေပြီဖြစ်၍ ပတ်ဝန်းကျင်ကို ထင်ထင် ရှားရှား မြင်တွေ့နေရသည်။ မင်းညွန့်နိုင်က ကျိုက္ကမော့စေတီ ရင်ပြင်ထက်မှ အရှေ့ဘက်သို့ ညွှန်ပြရင်း-

"မင်းရေးမယ်ဆိုတဲ့ ဘော်ငွေသိုက်က ဟိုတောင်ကြားထဲက တောထဲမှာ ရှိတယ်လို့ ပြောကြတယ်"

ကျွန်တော်ပတ်ဝန်းကျင်ကို ငေးမောကြည့်နေမိသည်။ ကမာဝက် ရွာသည် မော်လမြိုင်၊ သံဖြူဇရပ်သွား ကားလမ်းဘေးတွင် တည်ရှိသည်။ မရောက်ဖူးသောဒေသ၊ မမြင်ဖူးသောမြင်ကွင်းများဖြစ်၍ ကျွန်တော့်အတွက် အသစ်အဆန်းများသာဖြစ်နေသည်။ ဘုရားဖူးပြီး၊ နေမပူမီ တောင်ပေါ်မှ ပြန်ဆင်းလာကြသည်။

"ညဘက်ဆိုရင် တိုးမပေါက်အောင် စည်တာ၊ မင်းရောက်တုန်း ဓာတ်တော်တိုက်ကျောင်း ဝင်ပြီးဓာတ်တော်တွေ ဖူးသွားဦးငါလိုက်ပို့မယ် ဗဟုသုတရတာပေါ့"

"ကောင်းတာပေါ့ သွားလေ"

ကမာဝက်ရွာထဲ ပြန်ရောက်ပြီး ဓာတ်တော်တိုက် ကျောင်းဝန်းထဲဝင်ကာ ဓာတ်တော်များ ဖူးကြသည်။ ညဘက်တစ်ရွာလုံး ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ မျက်လှည့်ပွဲများဖြင့် အထူးစည်ကားနေသည်ကို တွေ့ရပါသည်။ ထိုနေ့ညတွင် ကျွန်တော်နှင့် မင်းညွန့်နိုင်တို့ အဘိုးဦးကွန်ဒွေနေအိမ်သို့ ထွက်လာကြသည်။ အဘိုးဦးကွန်ဒွေကို နေအိမ်တွင် အဆင်သင့် တွေ့ရသည်။ အဘိုးမှာ အသက်ကိုးဆယ်ကျော်ရှိပြီဟု သိရသည်။ သျှောင်ထုံး၊ ထုံးထားဆဲဖြစ်သည်ကိုလည်း တွေ့ရသည်။ မင်းညွန့်နိုင်က မွန်ဘာသာဖြင့် နှုတ်ဆက်လိုက်သည်။

အဘိုးက ကျွန်တော့်ကို ကြည့်ပြီး မြန်မာစကားဖြင့် ပြန်ပြောသည်။

"မင်းညွန့်နိုင်ရဲ့ သူငယ်ချင်းစာရေးဆရာကိုး၊ လာထိုင်ကြ၊ ပွဲတော်လာတာလား၊ ခုဘာဝတ္ထုတွေ ရေးနေလဲ"

"အစုံပါပဲအဘိုးရယ်၊ ကျွန်တော်ဒီကို မလာခင်း ကျောက်တခဲဆိုတဲ့သိုက်ဝတ္ထုတစ်ပုဒ် ရေးနေတာ"

"ကျောက်တမံဟုတ်လား၊ ဟို သံဖြူစရပ်အလွန်ရွာ ဝဲကလိနားက ကျောက်တမံမဟုတ်လား"

"ဟုတ်ပါတယ်အဘိုး "

"အဘိုးဆီလာတာ တခြားဘာကိစ္စရှိလို့လဲကွယ်"

ကျွန်တော် မဖြေမီ မင်းညွှန့်နိုင်က ဝင်ဖြေလိုက်သည်။

"ကျွန်တော့်သူငယ်ချင်းက စာရေးဆရာပါ၊ ဘော်ငွေသိုက်အကြောင်း သိချင်လို့ လိုက်လာတာ၊ အဘိုးနဲ့တွေ့ဖို့ ကျွန်တော်ခေါ်လာတာ"

"အြော်-ဘော်ငွေသိုက်အကြောင်း သိချင်လို့လာခဲ့တာကိုး၊ နှစ်တွေအတော်ကြာနေပါပြီကွယ်၊ အဘိုးလူပျိုဘဝ လွန်ခဲ့တဲ့နှစ်ပေါင်း ခုနှစ်ဆယ်ကျော်က အဖြစ်တွေပေါ့ကွယ်"

"ဟုတ်ကဲ့ အဘိုး ကျွန်တော်သိချင်လို့ပါ။ ပြောပြနိုင်ရင် ပြောပြပါလား "

"မင်းညွှန့်နိုင် သူငယ်ချင်းဆိုတော့ ပြောပြရမှာပေါ့၊ ပြောရင်တော့ဘယ်သူမှ ယုံမှာမဟုတ်ဘူး၊ သိမီခဲ့တဲ့လူတွေထဲမှာလည်း အဘိုးတစ်ယောက်ပဲ ကျန်တော့တယ်၊ ပတ်သက်ခဲ့တဲ့လူတွေ လောကကြီးမှာ မရှိကြတော့ဘူး အဘိုးတစ်ယောက်ပဲ အသက်ရှင်ကျန် နေသေးတာကွယ့်။ တစ်ဖြည်းဖြည်းနဲ့ ဘော်ငွေသိုက်အကြောင်း တိမ်မြုပ်ပျောက်ကွယ်သွားခဲ့တယ်။ ခုဆို သက်ကြီးရွယ်အိုတွေလောက်ပဲ ကြားဖူးကြတော့တာ။ အဘိုးရဲ့အစ်ကိုဟာ ပယောဂဆရာ ဆိုလည်း ဟုတ်တယ်။ သိုက်ဆရာဆိုလည်း ဟုတ်တယ်။ ဗိန္ဒောဆရာဆိုလည်း မမှားဘူး။ ဒီနယ်တစ်ဝှက်မှာ နာမည်ကြီးဆရာတစ်ယောက်ပေါ့။

ဟိုတုန်းကရွာမှာ အိမ်ခြေဒီလောက်မရှိသေးဘူး ဒါနဲ့မင်းတို့ ကျိုက္ကမော့
တောင်ပေါ် တက်ပြီးပြီလား"

"မနက်ကပဲ ရောက်ခဲ့တယ် အဘိုး"

"အဲဒီ ဘော်ငွေသိုက်ဟာ ကျိုက္ကမော့တောင်ရဲ့ အရှေ့ဘက်
တောနက်နက်ထဲမှာရှိတာ၊ စပြီးတွေ့ခဲ့တဲ့သူက အဘိုးရဲ့အစ်ကို
သိုက်ဆရာပေါ့ကွယ်၊ သူလည်း အဲ့ဒီသိုက်ကြောင့်ပဲ ထင်ပါရဲ့။
ဆုံးပါးခဲ့ရတယ်။ ဘော်ငွေသိုက်ရဲ့ ရာဇဝင်က ဒီလိုကွယ့်"

ဘော်ငွေသိုက်ရဲ့ ရာဇဝင်က ဒီလိုကွယ့်ဟု အစချီကာ
အဘိုးက ဆွေးမြည့်ကြေကွဲသည့် ပုံစံဖြင့် ဘော်ငွေသိုက် ဇာတ်လမ်းကို
ပြောပြပါသည်။

"ကွန်ဒွေရေ ကွန့်ဒွေ၊ ကွန်ဒွေ ရှိလား"

"အစ်ကိုထွန်းသောင်း၊ ကျွန်တော် ရှိတယ်လေ"

ပြောပြောဆိုဆို အစ်ကိုထွန်းသောင်း၊ ကျွန်တော့်အိမ်ပေါ်တက်
လာသည်။

ကျွန်တော်ပန်းထိမ်လုပ်နေသော စားပွဲတွင်ပင် ဝင်ထိုက်လိုက်
သည်။

"ဘာကိစ္စရှိလို့လဲ အစ်ကို"

"ငါ့အိမ်မက်ကို အကောင်အထည်ဖော်ချင်တယ်၊ အိမ်မက်
ထဲက အတိုင်းလုပ်ကြည့်ချင်လို့ မင်းဆီလာခဲ့တာ"

"ဘယ်လို အိမ်မက်လဲ အစ်ကို"

"ငါ့အိမ်မက်က ဒီလိုကွ၊ ကျိုက္ကမော့တောင်၊ အရှေ့ဘက်
တောထဲမှာ သိုက်တစ်ခုရှိတယ်လို့ ငါ အိမ်မက်မက်ခဲ့တယ်"

"ဘာလဲ အစ်ကိုက ဘော်ဒွေသိုက်ကို ပြောတာလား။ ပါးစပ်ကသာ ပြောပြောနေကြတာ။ တွေ့ဖူး၊ မြင်ဖူးကြတာ မဟုတ်ဘူး။ အစ်ကိုက သိုက်ဆရာဆိုတော့ ကြားဖူးတာ စိတ်ထဲစွဲပြီးမက်တဲ့ အိမ်မက်ဖြစ်မယ် ထင်တယ်"

"မင်းပြောတာ မှန်တယ်၊ ကြားဖူးခဲ့တာ ကြာပြီ၊ ခု ငါမက်တဲ့ အိမ်မက်နဲ့ တိုက်ဆိုင်နေတယ်"

"အဲ့ဒီသိုက်တွေကြောင့် အစ်ကို ဒုက္ခရောက်ခဲ့ပြီးပြီ၊ သံဖြူစရပ်ဘက်က "မှိန်ဘလာ"တောင်မှာ သိုက်ရှိတယ်ဆိုပြီး အစ်ကို သွားလုပ်တာ ကံကောင်းလို့ မသေတာ တခြားအလုပ်တွေပဲ လုပ်ပါတော့၊ သိုက်ဆရာ မလုပ်ပါနဲ့တော့"

"ဆေးကုရုံသက်သက်နဲ့ ချမ်းသာပါ့မလား၊ အိမ်မက်အတိုင်း သွားကြည့်ချင်တယ်၊ မင်းလိုက်ခဲ့ပါလား"

"ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလောက်ခေါ်နေရတာလဲ"

"အဲ့ဒီဘက်သွားမယ်ဆိုတော့ တောထဲမှာ တစ်ညအိပ်ရမယ်၊ အဖော်လိုတာပေါ့၊ ငါသွားချင်နေတာကြာလှပြီ၊ တခြားလူ ခေါ်သွားလို့မဖြစ်ဘူး၊ နှုတ်မလုံ၊ စကားနားမထောင်ရင် ဒုက္ခဖြစ်သွားမယ်၊ ဒါကြောင့် မင်းကိုခေါ်တာ"

"အစ်ကို ဒီလောက်စိတ်အား ထက်သန်လှနေမှတော့ လုပ်ကြည့်ပေါ့၊ ကျွန်တော်လိုက်ခဲ့မယ် တစ်ညအိပ်ပဲနော်"

"အေးပါ တစ်ညအိပ်ဆို လုံလောက်ပါပြီ၊ မနက်ဖြန်မနက် မိုးမလင်းခင် ရွာကထွက်မယ်၊ လိုအပ်တဲ့ ပစ္စည်းတွေ ငါသယ်ခဲ့မယ် မင်းအသင့်ပြင်ထား ငါလာခေါ်မယ်"

နောက်တစ်နေ့ နံနက်စောစော ဝေလီဝေလင်းအချိန်တွင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦး တောလမ်းမှဖြတ်ကာ ကျိုက္ကမော တောင်ပေါ်တက်ခဲ့ကြသည်။ ကျိုက္ကမောတောင်ပေါ် ရောက်ပြီး ကျိုက္ကမောစေတီကို ဖူးမြော်ပြီး ဆုတောင်းကြသေးသည်။ ထို့နောက် ကျိုက္ကမော တောင်ပေါ်မှဆင်းပြီး တောထဲဝင်ခဲ့ကြသည်။ တောင်ကုန်း ငယ်နှစ်ခု ဖြတ်ကျော်ခဲ့ကြသည်။ တောင်စောင်း တစ်နေရာအရောက်တွင် ထမ်းပိုးလာသောပစ္စည်းများချပြီး ရပ်နားလိုက်သည်။

"ဒီနေရာကနေ အားလုံးကို မြင်နေရတယ်။ ဒီမှာပဲ ညအိပ်ကြမယ်၊ ထမင်းအရင်စားကြမယ်"

ပါလာသော ထမင်းထုပ်ကို ဖြေပြီးစားကြသည်။ ထမင်းစားပြီး တဲတစ်လုံးဆောက်သည်။ အသင့်ပါလာသော တာလပတ်ဖြင့် အမိုးအကာပြုလုပ်ကြသည်။ အစ်ကိုက တဲပတ်ပတ်လည်ကို ရေမန်းဖြင့်ပတ်ဖျန်းလိုက်သည်။ ဖယောင်းတိုင်များ ထွန်းပြီးနှုတ်မှလည်း တတွတ်တွတ် ရွတ်ဆိုလိုက်သေးသည်။

"မင်းဒီတဲထဲမှာပဲ စောင့်နေ၊ ငါတစ်ယောက်တည်း သွားမယ်၊ မမှောင်ခင် အရောက်ပြန်လာခဲ့မယ်။

"အစ်ကိုလမ်းမှတ်မိတယ်နော် ကျွန်တော် တစ်ယောက်တည်း"

"ပူမနေပါနဲ့၊ လွန်ခဲ့တဲ့နှစ်တုန်းက ငါတစ်ခေါက်ရောက်ခဲ့ပြီးပြီ"

စကားဆုံးသည်နှင့် အစ်ကိုထွန်းသောင်း တောထဲသို့တိုးဝင်သွားပါတော့သည်။ အစ်ကို့စကားမလွန်ဆန်နိုင်၍သာ လိုက်လာ

ခဲ့သော်လည်း ကျွန်တော်ကြောက်နေမိသည်။ ရင်ထိတ်နေမိသည်။ တောရိပ်တောင်ရိပ်ကြောင့် မှုန်းတမ်းသည်နှင့် မှောင်စပြုလာသည်။ ကြားခဲ့ဖူးသော ဘော်ငွေသိုက်အကြောင်း တွေးမိရင်း ပို၍ကြောက်လာသည်။ မှောင်တော့မှ အစ်ကိုထွန်းသောင်း ပြန်ရောက်လာသည်။

"အိမ်မက်ထဲက နေရာတွေကို လိုက်ကြည့်တာ ဘာမှမထူးခဲ့ဘူး၊ နောက်ပြီးလူကြီးတွေပြောတဲ့ ဒေသတစ်ဝိုက်ကို လိုက်ကြည့်တာလည်း ထူးထူးခြားခြား မတွေ့ရပါဘူးကွာ"

"အိမ်မက်ဟာ အိမ်မက်ပါပဲ အစ်ကိုရာ၊ ကျွန်တော်ညနေစာချက်ထားပြီးပြီ။"

"ဟုတ်လား ဒါဆိုညနေစာစားပြီး အိပ်ကြတာပေါ့၊ မနက်စောစောမှ တစ်ခေါက်ထပ်သွားပြီး ကြည့်လိုက်ဦးမယ်"

ညနေစာကို ဖြစ်သလို စားလိုက်ကြသည်။ မအိပ်မီ အစ်ကိုကတဲပတ်ပတ်လည်ကို စည်းချပြန်သည်။ နှစ်ယောက်သား ပူးပူးကပ်ကပ် အိပ်နေကြသော်လည်း ကျွန်တော်ကြောက်နေဆဲပင် ဖြစ်သည်။ နွေရာသီဖြစ်နေသော်လည်း စောင်ကိုတင်းနေအောင်ခြုံလိုက်ခြုံထားလိုက်မိသည်။ အတွေးများဖြင့် အိပ်၍မပျော်ခဲ့ပါ။ ညဥ့်နက်မှ မှေးကနဲ အိပ်ပျော်သွားခဲ့သည်။

"ကွန့်ဒွေ၊ ကွန့်ဒွေ ထတော့၊ မိုးလင်းတော့မယ်။ ငါ ဟိုဘက်တစ်ခေါက်ထပ်သွားလိုက်ဦးမယ်၊ ပြန်ဖို့ ပစ္စည်းတွေ သိမ်းလိုက်တော့"

ပြောပြောဆိုဆို အစ်ကိုတောထဲကို တိုးဝင်သွားသည်။ အလင်းရောင်ရစပြုနေပြီ ဖြစ်၍ ကျွန်တော်ကြောက်စိတ်ပြေခဲ့သည်။ ပစ္စည်း

များကို သိမ်းဆည်းထုပ်ပိုးနေခဲ့သည်။ ပစ္စည်းများ သိမ်းဆည်းပြီး ချိန်တွင် အစ်ကိုထွန်းသောင်း ပြန်ရောက်လာခဲ့သည်။

"ဘာမှ မတွေ့ပါဘူးကွာ၊ ပြန်ကြမယ်၊ နေမပူခင် ကျိုက္ကမော တောင်ပေါ်ရောက်မှ ဖြစ်မယ်။"

ပစ္စည်းများ သိမ်းဆည်းပြီး ပြန်တော့မည်ဖြစ်၍ ပတ်ဝန်းကျင် ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်မိသည်။ ကျွန်တော်တို့ စခန်းချသည့် တောင်စောင်းအောက်ဘက်တွင် နေရောင်ကြောင့် တလက်လက် နှင့်တောက်ပနေသည့် အလင်းတန်းတစ်ခု တွေ့လိုက်ရသည်။

"အစ်ကို ဟိုမှာကြည့်ပါဦး တလက်လက်နဲ့ ဟိုမှာလေ"

"ဟင်-ဟုတ်ပါရဲ့။ ဝင်းလက်နေပါလား၊ ဘာလဲမသိဘူး၊ လာ သွားကြည့်ရအောင်"

ကျွန်တော်တို့ နှစ်ယောက် ပစ္စည်းများပါ သယ်ယူပြီး အောက် ဘက်သို့ဆင်းခဲ့ကြသည်။ ရေခန်းခြောက်နေသော စမ်းချောင်းတစ်ခုအနီး ရောက်လာသည်။

"ကွန်ဒေ့ ဟိုမှာတလက်လက်နဲ့ နည်းတဲ့အစင်းကြောင်းကြီး မဟုတ်ဘူး"

နေ့ရာသီ ရေခန်းနေသော စမ်းချောင်းနေရာဖြစ်သည် မိုးတွင်း ကရေတိုက်စားမှုကြောင့် တိမ်မြုပ်နေရာမှ ပေါ်လာသော ဘော်ရောင် အလင်းတန်းကြီးမှာ စမ်းချောင်းတစ်ခုလုံး ပြည့်လုနီးပါးဖြစ်နေသည်။ ကျွန်တော်အံ့သြတုန်လှုပ်မှုဖြင့် လက်နှင့်ပွတ်သပ်ကိုင်တွယ်ကြည့် လိုက်သည်။

"ဘာကြီးလဲ ကွန်ဒေ့ဘာကြီးလဲ"

"ဘော်ချောင်းကြီး ဖြစ်မယ်ထင်တယ်၊ ငွေစင်စစ်စစ်လား မသိဘူး"

"ဟုတ်ရဲ့လား၊ ကွန်ဒေ့ မင်းက ပန်းထိမ်လုပ်နေတော့ သိနိုင်တာပေါ့ ဘယ်လိုလုပ်ကြမလဲ"

"သေချာအောင် နမူနာဖဲ့ယူသွားမယ်၊ ရွာပြန်ရောက်မှ စစ်ကြည့်ရမယ်"

"မင်းအသာနေ ငါဖဲ့ပေးမယ်"

ပါလာသော ပုဆိန်ဖြင့် အစ်ကိုက အစင်းချောင်းကြီးကို ပေါက် ခွဲလိုက်သည်။ လေးငါးချက်ဆင့်ဆင့်ပေါက်ခွဲလိုက်မှ လက်လေးသစ်ခန့်အပိုင်းအစ ပွဲထွက်လာသည်။ ပွဲထွက်လာသော အပိုင်းအစကို ကောက်ယူလိုက်သည်။

"လာ ကွန်ဒေ့ ပြန်ကြစို့၊ မမှောင်ခင် ကျိုက္ကမေ့တောင်ပေါ် ရောက်အောင်သွားရမယ်၊ ဒီနေရာကို သေသေချာချာမှတ်ထား နှုတ်လုံနော်"

"စိတ်ချပါ အစ်ကို၊ ကျွန်တော်ထင်ထားတဲ့အတိုင်းမှန်ရင် ကျွန်တော်တို့ ချမ်းသာပြီ။"

"ကွန်ဒေ့ အဲဒါ ဘော်ငွေသိုက်ကြီးများလား"

"အော် အစစ်သာ ဖြစ်လို့ကတော့"

ကျွန်တော်တို့ ညီအစ်ကို နှစ်ဦးဝမ်းသာမှုများဖြင့် ပြန်လာကြသည်။ ကျိုက္ကမေ့တောင်ပေါ် အရောက်တွင် ခေတ္တနားလိုက်သည်။ ပြီးနောက် ခြေလှမ်းသွက်သွက်ဖြင့် ဆင်းလာကြသည်။ လောဘဇော ကပ်နေ၍ မောရမှန်းပင်မသိတော့ပါ။ ထင်းခုတ်လာသော လှည်းကြုံ

တွေ့သော်လည်း ကျေနပ်ရောင်ပြီး ပြန်လာကြသည်။ မိုးချုပ်မှောင်မှ ရွာထဲပြန်ရောက်ခဲ့ကြသည်။ အိမ်ပြန်ရောက်ရောက်ချင်းပင် ပါလာသောဘော်စကို လုံထည့်ပြီး အရည်ကျိုလိုက်သည်။ အရည်ပျော်သွားချိန်တွင် ကျွန်တော့်ကို အတွေ့အကြုံအရ ငွေစင်စစ်စစ် ဖြစ်ကြောင်း သိလိုက်ရတော့သည်။

"ငွေအစစ်ပဲ အစ်ကိုရေ၊ ဝမ်းသာလိုက်တာ၊ ကျွန်တော်တို့ သူဌေးဖြစ်ပြီ ဒါနဲ့ဘယ်လိုဆက်လုပ်ကြမလဲ"

"ခုလိုပဲ သွားတူးလာပြီး အရည်ကျိုရင် တဖြည်းဖြည်းနဲ့လူတွေသိသွားမယ်၊ ရိပ်မိသွားနိုင်တယ်၊ တို့ကပင်ပင်ပန်းပန်းသွားရှာထားရတာ တောထဲမှာစခန်းချပြီး ဟိုမှာပဲ အရည်ကျိုပုံလောင်းပြီး သယ်ယူကြရင်ကောင်းမယ်"

"ကျွန်တော်တို့ နှစ်ယောက်တည်းနဲ့ နိုင်ပါ့မလား"

"တခြားလူတွေသိသွားလို့ မဖြစ်ဘူး။ တို့အမျိုးထဲကပဲ ရွေးခေါ်သွားရမယ် မီးသွေး၊ မီးဖို၊ လုံတွေ ပုံလောင်းမယ့်ပုံစံခွက်တွေ အလုံအလောက်သယ်ခဲ့၊ တောထဲမှာပဲ ပုံလောင်းပြီး မြို့တက်ရောင်းမယ်"

"ပစ္စည်းတွေရဖို့ ကျွန်တော့်တာဝန်ထားပါ။ ဘယ်တော့ အလုပ် စလုပ်ကြမလဲ"

"ဒီရက်အတွင်း ပစ္စည်းတွေစု၊ မီးသွေးနဲ့လုံက အမိကနော်ငါလူရှာမယ်"

နောင်နှစ်ရက်အကြာ အရုဏ်တက်ချိန်တွင် လှည်းတစ်စီးဖြင့် ပစ္စည်းများတင်ပြီး၊ ကျိုက္ကမော့တောင်ခြေသို့ ထွက်လာကြသည်။

ကျွန်တော်နှင့် အစ်ကိုထွန်းသောင်းအပြင် ဆွေမျိုးရင်းချာသုံးဦး လည်းပါလာသည်။ စုစုပေါင်း လူငါးဦးဖြစ်သည်။ ပစ္စည်းများက လှည်းတစ်စီး တိုက်စာဖြစ်နေ၍ လူများကလည်း လမ်းလျှောက်သွား ကြရသည်။ တောင်ခြေလှည်းလမ်းဆုံတွင် ပစ္စည်းများချသည်။ အစ်ကိုထွန်းသောင်းက လှည်းမောင်းပို့သူကို အသေအချာမှာသည်။

"ဘတင်၊ တို့ ဘယ်ကိုသွားတယ်ဆိုတာ ဘယ်သူ့မှမပြောနဲ့ နှုတ်လုံပါစေနော်၊ ကဲ ကဲ ပြန်တော့"

"စိတ်ချပါ အစ်ကိုထွန်းသောင်း"

လှည်းထွက်သွားသည်နှင့် လူငါးဦးအထုပ်အပိုးကိုယ်စီထမ်းပြီး တောင်ပေါ်တက်ခဲ့ကြသည်။ သွားနေကျလူသွားလမ်းမှ မသွားဘဲ လူရှင်းရာဘက်မှ ခရီးဆက်ခဲ့ကြသည်။ လေးလံသော ပစ္စည်းများ တနင့်တပိုးထမ်းထားကြရသဖြင့် ခရီးမတွင်လှပါ။ မကြာခဏနား ကြရသည်၊ နားလိုက် ရပ်လိုက်ဖြင့် ခရီးဆက်ခဲ့ကြရာ ကျွန်တော်နှင့် အစ်ကိုထွန်းသောင်းညအိပ်ခဲ့သည့်နေရာသို့ ရောက်လာသည်။ ပစ္စည်းများချပြီး ခေတ္တ အမောဖြေကြသည်၊ ပြီးသည်နှင့် တဲတစ်လုံး အမြန်ဆောက်ကြသည်။ တဲဆောက်ပြီးသည်နှင့် ချက်ပြုတ်ရန်စီ စဉ်ရသည်။

"ကွန်ဒေ့တို့ ဖွဲ့ယူသွားတဲ့ ဘော်တုံး ပြန်ပါလာသေးလား"

"ပါလာပါတယ်။ ဒီမှာလေ ပုံလောင်းထားပြီးပြီ" -

အစ်ကိုထွန်းသောင်းက ပုံလောင်းပြီးသား ဘော်ငွေချောင်းကို ကြည့်လိုက်သည်။

"မင်း ဘယ်လိုဆက်လုပ်မှာလဲ"

"အများဆုံး တစ်ဆယ်သား အချောင်းလေးတွေ့ရအောင် ပုံလောင်းယူမယ်"

"အင်းငါ့သိုက်ဆရာလုပ်ခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး။ ဒီတစ်ခါတော့ ချမ်းသာပြီကွ၊ ခုတော့ မှောင်နေပြီ၊ သွားလို့မဖြစ်တော့ဘူး၊ မနက်ကျမှ မင်းနဲ့ငါ နှစ်ယောက်အတူ သွားတူးမယ်။ ကျန်တဲ့သုံးယောက်က အရည်ကျိုဖို့ မီးဖိုတွေ ပြင်ထားပေါ့။ ဒါနဲ့ ကွန်ဒေ"

"ဘာလဲ အစ်ကိုပြောလေ"

"တို့တွေ့ခဲ့တဲ့ ဘော်ချောင်းကြီးက တို့ကြားဖူးခဲ့တဲ့ ဘော်ငွေသိုက် ဖြစ်နေမလား"

"မိုးတွင်းမှာ တောင်ကျရေတွေ တိုက်စားလို့ သဘာဝ လျှောက် ပေါ်လာတာများလား၊ သိုက်ကပစ္စည်းဆိုရင် ခုလောက်ဆို အစောင့်အရှောက်တွေနဲ့ တွေ့နေလောက်ပြီ ခုထက်ထိတော့ ဘာအနှောင့်အယှက်မှ မတွေ့ရသေးဘူး"

"ငါ့စိတ်ထဲ တစ်မျိုးကြီးဖြစ်နေတယ်၊ ကဲ ထားပါတော့လေ။ အိပ်ကြစို့ အားမွေးထား မနက်မှ အလုပ်စမယ်"

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်နှင့်အစ်ကို ထွန်းသောင်းတို့ ဘော်ချောင်းကြီးရှိရာသို့ ထွက်လာကြသည်။ ပုဆိန်တစ်ယောက်တစ်လက်ဖြင့် ဘော်ချောင်းကြီးကို ခုတ်ဖွဲ့နေကြသည်။ လောဘဇောကပ်နေသဖြင့် ပတ်ဝန်းကျင်ကို သတိမထားနိုင်ခဲ့ကြပါ။ ခေတ္တအမောဖြေ၍ ချွေးသုတ်လိုက်သည်။ ထိုစဉ် ကျွန်တော်တို့နောက်မှ တောတိုးသံလိုလို၊ ခြေသံလိုလိုကြားလိုက်

ရသည်။ ကျွန်တော်နောက်သို့ လှည့်ကြည့်လိုက်သည်။ တွေ့လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော် ကြက်သီးမွေးညှင်း ထသွားမိသည်။ တုန်တုန်လှုပ်လှုပ်ဖြင့်–

"အစ်ကိုထွန်းသောင်း ဟိုမှာကြည့်ပါဦး"

"ဘာလဲကွ ကွန်ဒွေ"

"ဟိုမှာလေ"

"ဟာ နည်းတဲ့အကောင်ကြီး မဟုတ်ပါလား"

ကြီးမားလှသော အနက်ရောင် မြွေကြီးနှစ်ကောင်က လူတစ်ရပ်ခန့် ပါးပျဉ်းထောင်ထားပြီး ကျွန်တော်တို့ကို ကြည့်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်တို့ အံ့အားသင့်နေစဉ်မှာပင် မြွေကြီးနှစ်ကောင်က ပါးပျဉ်းချပြီးကျွန်တော်တို့ ရှိရာသို့ ထိုးလိုက်လာပါတော့သည်။

"ပြေးမှဖြစ်မယ် အစ်ကိုထွန်းသောင်း"

"အေး ပြေးကြစို့"

မည်သည့်ပစ္စည်းမှ မယူနိုင်ဘဲ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးခဲ့ကြသည်။ စခန်းချရာနေရာရောက်သည်အထိ နောက်လှည့်မကြည့်ဘဲပြေးခဲ့ကြသည်။ ကျွန်တော်တို့ နှစ်ယောက်ပြေးလာသည်ကို တွေ့သွားသောကျုန်သူများက–

"ဘာဖြစ်လို့လဲ ဘာလို့ ပြေးလာကြတာလဲ"

"နောက်မှာ မြွေကြီးနှစ်ကောင်၊ မြွေကြီးတွေ လိုက်လာကြတယ်"

ကျွန်တော့် စကားကြောင့် ကျုန်သူများ တုတ်၊ ဓား၊ ဆွဲပြီး

တဲ့အပြင်ဘက်ထွက်လာကြသည်။ နောက်ဘက်သို့ လှည့်ကြည့်လိုက်ကြတဲ့ယ်။

"ဘယ်မှာလည်း မြွေကြီးနှစ်ကောင် မတွေ့ပါလား"

အကြောက်ပြေတော့မှာ ကျွန်တော် နောက်သို့ လှည့်ကြည့်လိုက်သည်။

သူတို့ပြောသည့်အတိုင်း မည်သည့်မြွေမျှ မတွေ့ရတော့ပေ။

"ထူးဆန်းလိုက်တာ၊ နောက်ကလိုက်လာတာ အသေအချာတွေ့ခဲ့ရတာ"

"ဒီမှာ ကွန်ဒေ့၊ ဘာအနှောင့်အယှက်မျှ မတွေ့ရသေးဘူးလို့ မင်းပြောခဲ့သေးတယ်၊ အန္တရာယ်စတွေ့နေရပြီ၊ မြွေကြီးနှစ်ကောင် မိတ်လိုက်နေတာ ဖြစ်မယ်ထင်တယ်"

"မြွေနှစ်ကောင်တွေ့တာက တိုက်ဆိုင်မှုပေါ့ကွာ၊ မင်းတို့ကြောက်နေရင် ဒီနေ့ရပ်ထားတယ်၊ မနက်ဖြန်မှ ဆက်လုပ်ကြတာပေါ့၊ ဒီလောက်အဝေးကြီးက လာခဲ့ရပြီး ပစ္စည်းတွေလည်း သယ်လာခဲ့ပြီးပြီ၊ လွယ်လွယ်နဲ့ လက်မလျှော့ကြပါနဲ့ မင်းတို့ပဲ သူဌေးဖြစ်ချင်တယ်ဆို"

တိုက်ဆိုင်မှုဟု ပြောခဲ့သော်လည်း ထိုညအိပ်ချိန်တွင် အစ်ကိုက တဲပတ်ပတ်လည်ကို စည်းချလိုက်ပြန်သည်။ ပါးစပ်မှာလည်း ဂါထာ လိုလို၊ မန္တာန်လိုလို ရွတ်ဖတ်နေသည်။

"ကဲ စိတ်ချ လက်ချ အိပ်ကြတော့ ငါစည်းချထားတယ်၊ ဘာမှမကြောက်နဲ့ဟေ့ ဘယ်လိုအခြေအနေနဲ့ပဲ ကြုံကြုံတဲ့အပြင်တော့ မထွက်မိစေနဲ့"

အိပ်ရာထက်လှဲနေရသော်လည်း ကျွန်တော် အိပ်၍မပျော်ခဲ့ပါ။ ဘော်ချောင်းကြီးအနီးတွင် တွေ့ခဲ့သော မြွေကြီးနှစ်ကောင်ကို မြင်ယောင်နေမိသည်။ ဘော်ငွေသိုက်အစောင့် မြွေကြီးများပင်လော ကျွန်တော်တို့တွေ့ခဲ့သော ဘော်ချောင်းကြီးသည်လည်း ရှေးလူကြီးများပြောခဲ့သော ဘော်ငွေသိုက်ပင်လော စသည်ဖြင့် ကျွန်တော်တွေးမိသည်။ ကျန်သူများက လောဘဇောကပ်ပြီး ဆက်လုပ်ချင်ကြသည်။ ကျွန်တော်ထိုသို့တွေးနေစဉ် ကျွန်တော့်နားထဲက တရှီးရှီးအသံများ ထင်ထင်ရှားရှားကြားနေရပြန်သည်။ တာလပတ်အတာ ကိုမပြီး တဲအပြင်သို့ လှမ်းကြည့်လိုက်သည်။ မလှမ်းမကမ်းအမှောင်ထဲတွင် အနီရောက်တောက်နေသော အလုံးနှစ်လုံးကို လှမ်းတွေ့လိုက်ရသည်။ ထိုအလုံးလေးနှစ်လုံးမှာ ညီညာစွာ ဘယ်ညာယိမ်း ထိုးလှုပ်ရှားနေသည်။ မြည်သံများ ပိုမိုကျယ်လောင်လာသည်။ အခြားဘက်သို့ လှည့်ကြည့်လိုက်သည်• အနီရောင်နှစ်လုံးတွဲများ စွာတွေ့လိုက်ရပြန်သည်။ ကြောက်စိတ်ဖြင့် အိပ်နေသူများကို ကျွန်တော်နှိုးလိုက်သည်။

"အစ်ကိုထွန်းသောင်းတို့ ထကြပါဦး၊ တဲပတ်ပတ်လည်မှာ ရှီးရှီးမြည်သံတွေနဲ့ မြွေတွေလားမသိဘူး"

"ဟာ–မြွေမျက်လုံးတွေပဲ တဲပတ်ပတ်လည်မှာ မြွေတွေရောက်နေတယ်၊ ရှီးရှီးမည်သံက မြွေတွန်သံတွေပဲ"

"လုပ်ပါဦး အစ်ကို၊ ဘယ်လိုလုပ်ကြမလဲ"

"တွန်သံတွေက တိုတိုပြတ်ပြတ်ဆိုတော့ မြွေဆိုးတွန်သံတွေပဲ၊ အဆိပ်ပြင်းတဲ့ မြွေတွန်သံပဲ၊ ငါစည်းချထားတယ်၊ တဲအပြင် ဘက်ကို မထွက်ကြနဲ့နော်"

အစ်ကိုထွန်းသောင်းမှအပ၊ ကျန်လူများအားလုံးကြောက်နေကြသည်။ မြွေတွန့်သံများ ကြားနေရသော်လည်း တဲအတွင်းသို့ တစ်ကောင်မျှဝင်မလာပါ။ ကျွန်တော်ဘုရားတနေမိသည်။

"ကဲ တွေ့တယ်မဟုတ်လား၊ မြွေတွေ တို့ဆီမလာနိုင်ပါဘူး နှောင့်ယှက်ရုံ၊ သက်သက်ပဲ"

မြွေတွန့်သံများ၊ ကျယ်ရာမှ တဖြည်းဖြည်း အသံတိုးသွားသည်။ အသံလည်းတိတ်လာသည်။ တဲအပြင်ဘက် အမှောင်ထဲမှ လှမ်းကြည့်လိုက်သည်။ အနီရောင်မျက်လုံးများ မတွေ့ရတော့ပေ။ ခုမှပင် ကြောက်စိတ်ပြေကာ သက်ပြင်းချနိုင်တော့သည်။

"မြွေတွေလည်း မရှိတော့ပါဘူးကွာ၊ စိတ်ချလက်ချပြန်အိပ်ကြတော့"

အစ်ကို့စကားကြောင့် စိတ်သက်သာရာ ရခဲ့သည်။ အားလုံးပြန်အိပ်ကြသည်။ ကျွန်တော်အိပ်၍ မရတော့ပါ။ အစ်ကိုတို့ အိပ်ပျော်သွားကြပြီဖြစ်သည်။ ချောက်ချားဖွယ်ရာ တောကတိတ်ဆိတ်မည်းမှောင်နေသည်။ ကျွန်တော်မှေးကနဲဖြစ်သွားသည်။ မည်မျှကြာသွားသည်ကို မသိတော့ပေ။ နံဘေးမှ အစ်ကိုထွန်းသောင်း-

"လုပ်ကြပါဦး၊ မြွေတွေ၊ မြွေတွေ ငါ့ကိုပတ်ထားတယ်၊ လုပ်ကြပါဦး"

အားလုံးအိပ်ရာမှ လန့်နိုးကုန်တော့သည်။ ဖယောင်းတိုင်ထွန်းပြီး အစ်ကိုထွန်းသောင်းကို ကြည့်လိုက်ကြသည်။ အစ်ကို့မှာ အိပ်နေလျက်က အော်ဟစ်ရုန်းကန်နေသည်ကို တွေ့လိုက်ကြရသည်။

"မြွေ၊ မြွေတွေ ငါ့ကိုပတ်ထားတာ"

"ဘာမြွေလဲ၊ ဘယ်မှာရှိလို့လဲ အစ်ကို အိမ်မက်မက်နေတာလား"

ကျွန်တော်တို့ စကားကြောင့် အစ်ကိုထွန်းသောင်း သူ့ကိုယ်သူပြန်ကြည့်လိုက်သည်။ ချောက်ချားနေပုံလည်းရသည်။

"ဟင် ငါ့အိပ်မက် မက်နေတာလဲ"

"ဘယ်လိုအိပ်မက် မက်တာလဲ၊ ပြောပြပါဦး"

"အိပ်မက်က ထူးဆန်းတယ်၊ လူထွားကြီးနှစ်ယောက်ကတို့လုပ်တာတွေ ဆက်မလုပ်ဖို့ ငါ့ကိုပြောတယ်၊ ငါကဆက်လုပ်မယ် မရပ်နိုင်ဘူးလို့ ပြောလိုက်တယ်၊ အဲ့ဒီတော့ လူထွားကြီးက သူ့လက်ထဲကို ကိုင်ထားတဲ့တင်းပုတ်လိုလို တူလိုလိုဟာနဲ့ ဝှေ့ယမ်းပြလိုက်တာ မြွေတွေရောက်လာတယ်၊ ငါ့ကိုပါးပျဉ်းတွေနဲ့ မိုးထားကြတယ်၊ ပြီးတော့ ငါ့ကိုပတ်တော့တာပဲ၊ ငါလည်းရုန်းကန်ရင်း အော်လိုက်မိတယ်ထင်ပါရဲ့"

"အစ်ကို့ အိပ်မက်က အဆန်းပါလား၊ အစ်ကိုဘယ်လိုဆုံးဖြတ်မှာလည်း ခုလုပ်နေတာတွေ ရပ်လိုက်တော့မှာလား"

"အိပ်မက်ဟာ အိပ်မက်ပါပဲကွာ၊ တကယ်မှ မဟုတ်တာ၊ ရတဲ့အခွင့်အရေး လက်လွှတ်ခံလို့ မဖြစ်ဘူး၊ သူဌေးဖြစ်တော့မှာပဲ မနက်ဖြန် ဆက်လုပ်ကြမယ်"

"အစ်ကိုထွန်းသောင်း ပြောတာမှန်တယ်၊ အိပ်မက်ကို ဂရုစိုက်နေစရာမလိုဘူး၊ ဒီလိုအခွင့်အရေးမျိုး ရဖို့မလွယ်ဘူး"

ပါလာသူ သုံးဦးက အစ်ကိုထွန်းသောင်းကို ထောက်ခံလိုက်သည်။ သူတို့မျက်နှာတွင် လောဘအငွေ့အသက်များ တွေ့ရသည်။ ကျွန်တော်တို့ စကားပြောနေစဉ်မှာပင် အရုဏ်တက်စ ပြုလာသည်။

"မိုးလင်းတာနဲ့ တို့အားလုံးသွားကြမယ်၊ ဒါမှ ဘော်ငွေများ များ သယ်နိုင်မယ်"

"သိပ်ကောင်းတယ်၊ ကျွန်တော်တို့လည်း ဘော်ချောင်းကြီး ကိုတွေ့ချင်တယ်"

မိုးလင်း၍ လင်းရောင်ရသည်နှင့် အစ်ကိုထွန်းသောင်း ဦးဆောင်ပြီး ဘော်ချောင်းရှိရာသို့ ဆင်းခဲ့ကြသည်။

"ညက အဖြစ်အပျက်တွေ ငါ့အိပ်မက်အကြောင်းတွေ မေ့ထားလိုက်ကြ တစ်ကြိမ်တည်းနဲ့ များများရအောင် ဖွဲ့ယူရမယ်"

ကျွန်တော်တို့အားလုံး ဘော်ချောင်းကြီးကို ဖွဲ့ယူရန် စုတ်ထစ် နေကြသည်။ အားလုံးလောဘဇောဖြင့် အလုပ်လုပ်နေကြသည်။ ထိုအခိုက် မြွေတွန့်သံများ ရုတ်တရက်ကြားလိုက်ရသည်။ ကျွန်တော် တစ်ယောက်တည်း ကြားရသည့် အသံမဟုတ်ပေ။ အားလုံးကြား ကြရသည်။

မြွေတွန့်သံများ နေရာအနှံ့ကြားနေရသည်။ အသံကြားရာ ဘက်သို့ ကြည့်လိုက်ကြသည်။

"ဟာ အစ်ကိုထွန်းသောင်း ဟိုမှာမြွေတွေ"

"ဟာ ဟုတ်တယ်၊ ဟိုဘက်မှာလည်းမြွေတွေ"

"လုပ်ပါဦး အစ်ကို"

မြွေကြီးများ ပါးပျဉ်းထောင်ပြီး ကျွန်တော်တို့ကိုကြည့်နေ သည်။ ကျွန်တော်တို့ ပတ်ပတ်လည်တွင် မြွေများဝိုင်းရံနေသည်။ ကြည့်နေစဉ်မှာပင် မြွေများက ကျွန်တော်တို့ရှိရာသို့ လိုက်လာကြ သည်။

"မြွေတွေလာပြီ၊ ပြေး ပြေး ပြေးကြတော့"

ကျွန်တော်တို့ငါးဦး အသက်လုပြီး ပြေးထွက်ခဲ့ကြသည်။

"ဘာပစ္စည်းမှ ယူမနေနဲ့တော့ လွတ်အောင်သာပြေး"

ကျွန်တော်တို့အားလုံး ကိုယ်လွတ်ရုန်းပြီး ပြေးခဲ့ကြသည်။ မြွေများက ကျွန်တော်တို့နောက်သို့ လိုက်လာနေဆဲဖြစ်သည်။ ကျိုက္ကမော့တောင်ပေါ် ရောက်လာသည်၊ အသက်ဝအောင်ရှုပြီး ပြေးလာရာလမ်းသို့ ပြန်ကြည့်လိုက်သည်။ ကျွန်တော်တို့ပြေးလာရာလမ်းတွင် မြွေများပါးပျဉ်းထောင်ပြီး ကျွန်တော်တို့ကို ကြည့်နေသည်ကို တွေ့ရပြန်သည်။

"နောက်လှည့် ကြည့်မနေနဲ့တော့ လွတ်အောင်သာပြေးကြတော့"

လောဘအရှိဆုံး အစ်ကိုထွန်းသောင်းက ရှေ့ဆုံးမှ ပြေးနေသည်။ ကျိုက္ကမော့တောင်ခြေအရောက်တွင် ရွာဘက်သို့သွားသောလမ်းပေါ်ရောက်လာသည်။

အဘိုးကွန်ဒွေ စကားပြောများ၍ မောသွားဟန်တူသည်။ ခေတ္တရပ်နားပြီး ရေနွေးကြမ်းတစ်ခွက် ငှဲ့ပြီးသောက်လိုက်သည်။

"အဘိုးပြောတဲ့ဇာတ်လမ်း မဆုံးသေးဘူးလေ၊ ထွက်ပြေးလာကြတာပဲ ရှိသေးတယ် ဘာတွေဆက်ဖြစ်သလဲ"

အဘိုးစကားပြော ခေတ္တရပ်နေစဉ် သိချင်စိတ်ကြောင့် အဘိုးကိုမေးလိုက်သည်။

"မြွေကြီးတွေလိုက်လာလို့ ဘော်ချောင်းကြီး တွေ့လျက်နဲ့ ဘာမှမရဘဲ ပြန်ပြေးလာခဲ့ကြသည်၊ နဂိုကတည်းက လူမသိသူမသိ

သွားလာခဲ့ကြတော့ ပြန်ရောက်ကြတော့လည်း ဘယ်သူမှ မပြော ခဲ့ကြဘူးလေ။ ပြောရင်လည်း ဘယ်သူမှ ယုံမှာမဟုတ်လို့ မပြော ခဲ့ပါဘူး။ အဘိုးရဲ့အစ်ကို ထွန်းသောင်းလည်း ပြန်ရောက်ပြီးကတည်း ကညအိပ်တိုင်း မြွေတွေသူ့ကို ပတ်ထားတယ်လို့ အိမ်မက်မက်ပြီး လန့်အော်နေတာ။ အိပ်လိုက်တိုင်း အဲဒီအိမ်မက်ကို ပြန်မက်တော့တာပဲ အိပ်မက်ကလည်း တစ်ထပ်တည်း။ ကြာတော့ သူကြောက်တယ်။ အိပ်ရမှာကို ကြောက်လာတယ်။ ညဘက်မအိပ်ရဲတော့ဘူး။ အအိပ်ပျက် အစားပျက် ဖြစ်လာတယ်။ လူလည်းပိန်ချုံးလာတယ်။ စိတ်မမှန် တော့သလို ဖြစ်လာတယ်။ မိုးချုပ်တာနဲ့ မြွေတွေ၊ မြွေတွေဆိုပြီး အော်နေတော့တာပဲ။ အစာမဝင်တော့ အားအင်မရှိသလို ဖြစ်လာပြီး အိပ်ရာထဲ လဲတော့တာပေါ့ အစ်ကိုထွန်းသောင်း သတင်း ကတစ်ရွာလုံး ကို ပျံ့နှံ့သွားတယ်။ အဘိုးနဲ့အတူသွားခဲ့တဲ့ သုံးယောက်က ပါးစပ်မလုံ ဘူးလေ။ နောက်ဆုံး အစ်ကိုထွန်းသောင်း ဘော်ငွေသိုက်သွားတူးလို့ ဒုက္ခရောက်ကြောင်း တစ်ရွာလုံး သိသွားတာပေါ့''

''အဲဒီဘော်ချောင်းကြီး ရှိတဲ့နေရာ ထပ်မသွားကြတော့ ဘူးလား''

''နေဦး မလောနဲ့၊ ပြောပြမယ်။ အစ်ကိုထွန်းသောင်းကို သုံးလလောက်ပဲ ကုလိုက်ရတယ်၊ အစားမဝင် အားမရှိတော့ ရောဂါမျိုး စုံဖြစ်ပြီး ဆုံးပါးသွားခဲ့တယ်၊ အစ်ကို ထွန်းသောင်းသေပြီးမှ ဘော် ငွေသိုက်သတင်းက ပိုကြီးလာတယ်၊ သွားတူးရင် အသက်သေမယ် ဆိုတဲ့သတင်းက ပျံ့နှံ့နေတော့တယ်၊ အဘိုးက ကိုယ်တိုင်သွားခဲ့ ကြုံခဲ့ရသူဆိုတော့ ဘော်ချောင်းကြီး ရှိတဲ့နေရာကို သိတယ်လေ၊ အစ်ကိုသေရတာလဲ အဲဒီဘော်ချောင်းကြီးကြောင့် ဆိုပြီးမကျေနပ်ခဲ့ဘူး

ဘော်တုံးလက်လေးသစ်လောက်ကို အဘိုးကိုယ်တိုင် အရည်ကျိုခဲ့တာ ငွေစင်စစ်ဖြစ်တာ အဘိုးအသိဆုံးပေါ့၊ နောက်ဆုံးဖြစ်ချင်ရာဖြစ်ဆိုပြီး ရွာကလူတွေစုပြီး ဘော်ချောင်းကြီးရှိရာ ထပ်သွားကြသေးတယ်"

"အဲဒီဘော်ချောင်းကြီးကို တွေ့ခဲ့ရဲ့လားအဘိုး၊ ဘော်တွေထပ်ရခဲ့လား၊ မြွေကြီးတွေရော တွေ့ခဲ့သေးလား"

"ပြောပါ့မယ်။ အဲ့ဒီကိုသွားဖို့ လူတော်တော်စုရတယ်။ သိုက်ဆရာဖြစ်တဲ့ အစ်ကိုလိုလူတောင် စိတ်ဖောက်ပြီး သေခဲ့ရတာဆိုတော့ မလိုက်ရဲကြဘူး၊ နောက်ဆုံးငွေတုံးတွေရပြီး သူဌေးဖြစ်မယ် ပြောပြတော့မှ လိုက်ခဲ့ကြတာ၊ အဘိုးကနေရာ အတိအကျသိထားတဲ့သူပဲ၊ အဘိုးတို့ရောက်သွားတာ မိုးတွင်းကာလဖြစ်နေပြီး၊ ဘော်ချောင်းကြီးတွေရှိတဲ့နေရာမှာ ရေတွေတဝေါဝေါစီးနေတဲ့ ချောင်းတစ်ခုပဲ တွေ့ရတယ်။ ဘာမှုမတွေ့ရတော့ဘူး ဘော်ချောင်းကြီးလည်း ပျောက်ကွယ်သွားတယ်၊ ဒါပေမဲ့ ထူးဆန်းတာ တစ်ခုကြုံခဲ့ရသေးတယ်"

"ဘယ်လို အထူးအဆန်းနဲ့ ကြုံခဲ့ရတာလဲ"

"အဘိုးတို့ ညအိပ်စခန်းချတဲ့နေရာမှာ အဘိုးတို့ဆောက်ခဲ့တဲ့ တဲပျက်နေတာကို တွေ့ရတယ်။ အားလုံးပျက်စီးနေပြီး လုံတွေ၊ မီးသွေးတွေ၊ ပုံလောင်းတဲ့ ပစ္စည်းတွေအားလုံး တွေ့ရတယ်။ ဒါပေမဲ့ ပထမဆုံး ဘော်ချောင်းကြီးက ဖွဲ့ယူခဲ့ပြီး ပုံလောင်းထားတဲ့ ငွေတုံးတစ်တုံးတော့ လုံးဝမတွေ့တော့ဘူး။ ကျန်တဲ့ပစ္စည်းတွေ၊ ဓားတွေကအစ အားလုံးပြန်တွေ့ပေမဲ့ အဲဒီငွေတုံးတစ်ခုသာ ပျောက်ခြင်းမလှ ပျောက်သွားတယ်။"

"ထူးဆန်းလိုက်တာ အဘိုးရယ်၊ လူတို့ပစ္စည်းဆိုင်ရာတွေက ပြန်ယူသွားတာဖြစ်မယ် ထင်တယ် အဘိုး"

"အစ်ကိုထွန်းသောင်းလို ဖြစ်မှာစိုးလို့ နောက်ပိုင်း အဲဒီဘက် ဘယ်သူမှ မသွားရဲကြတော့ဘူး၊ နှစ်တွေကြာခဲ့ပါပြီလေ၊ ဒီဇာတ်လမ်းသိသူ အဘိုးတစ်ယောက်ပဲ အသက်ရှင်လျက် ကျန်ရစ်နေတာ၊ မယုံနိုင်စရာ အဖြစ်တွေပေါ့ကွယ်၊ ခုမင်းညွန့်နိုင်တို့ လာမေးကြလို့ သာပြန်ပြောရတာ"

"အခုလို စိတ်ရှည်လက်ရှည်နဲ့ ပြည့်ပြည့်စုံစုံ ပြောပြတာ ကျေးဇူးတင်ပါတယ် အဘိုး"

ကျွန်တော် သိချင်သော အကြောင်းအရာများ ပြည့်စုံစွာ သိခဲ့ရပြီ။ အဘိုးဦးကွန်ဒေ့ကို ကျွန်တော်တို့နှစ်ဦး ကန်တော့နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်။ အပြန်ခရီးတွင် အဘိုးဦးကွန်ဒေ့ပြောပြခဲ့သော ဂမ္ဘီရဆန်ဆန် ဘော်ငွေသိုက်ဇာတ်လမ်းက ကျွန်တော်အတွေးထဲ စိုးမိုးနေပါတော့သည်။ ရန်ကုန်ပြန်ရောက်ရောက်ချင်း ဝတ္ထုရေးမည်ဟုဆုံးဖြတ်ချက်ချလိုက်မိသည်။ ရေးမည့်ဝတ္ထုခေါင်းစဉ်ကိုလည်း "အမှောင်တွင်းမှ မျက်လုံးများ"ဟု အမည်တပ်ရန် စဉ်းစားထားပြီးဖြစ်သည်။

*မောင်မောင်စိုးအောင်*



ကျောက်ဝဲဂူအိမ်ကြီးပေါ်က မိန်းကလေး

# ကျောက်ဝဲရှ အိမ်ကြီးပေါ်က မိန်းကလေး

"ဟေ့ကောင် စိုးလွင် ဆရာက ဒီနေ့သူ့အိမ်ကိုလာဖို့ မင်းကိုမှာထားတယ်၊ မနက်ကတည်းက မှာထားတာ မင်းဆိုဒ်ထဲ ရောက်နေလို့ ငါမပြောဖြစ်ခဲ့ဘူး"

"ဘာကိစ္စလဲ၊ မင်းသိလား"

"ငါသိရသလောက် ဆရာ့မိသားစု ရန်ကုန်ပြန်သွားပြီ၊ သူနဲ့ အတူအဖော်ရအောင်လို့ မင်းကိုခေါ်တာဖြစ်မယ်၊ မင်းပစ္စည်းတွေ အိပ်ရာလိပ်တွေယူပြီး သူ့ဆီလာဖို့ မှာလိုက်တာ၊ နေစောင်းတော့မယ်၊ ကျောက်ဝဲဂူစံအိမ်ကို လိုက်သွားတော့ တော်ကြာ ငါမပြောဘူးဖြစ်နေမယ်"

ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတင်အောင်က ပြောလာခြင်းဖြစ်သည်။ ဆရာဆိုသူက ကျွန်တော်တို့ မန်နေဂျာဖြစ်သည်။ ကျွန်တော်တို့ လုပ်သားအားလုံးကို စီမံခန့်ခွဲအုပ်ချုပ်သူဖြစ်သည်။

ကျွန်တော့် လုပ်ရည်ကိုင်ရည် ရိုးသားကြိုးစားမှုများကြောင့်

ဆရာ ကျွန်တော့်ကို အခြားသူများထက် ပိုမိုရင်းနှီးခင်မင်စွာ ဆက်ဆံခဲ့သည်။ ကျွန်တော်တို့ လုပ်ငန်းခွင်နှင့် ဆရာ့အိမ်မှာတစ်မိုင်သို့ဝေးသည်။ ဆရာတို့ မိသားစုနေထိုင်သော အိမ်မှာ ကျောက်ဝဲဂူကုန်းထိပ်ပေါ်ရှိ ရှေးဟောင်းနှစ်ထပ်တိုက်ခံ အိမ်ကြီးဖြစ်သည်။ ထိုအိမ်ကြီးတွင် ဆရာတို့ မိသားစုနေသည်။ မိသားစုဆိုသည်မှာလည်း ဆရာ့ဇနီးနှင့် ငါးနှစ်အရွယ် သမီးလေးတို့သာရှိသည်။

ယခု ဆရာ့မိသားစု ရန်ကုန်ပြန်သွား၍ ကျွန်တော့်ကိုခေါ်လိုက်ခြင်းဖြစ်သည်။ ကျွန်တော်တို့လုပ်ငန်းမှာ ရော်ဘာနှင့်ဆီအုန်းပင်စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ စီမံကိန်းပြီးရန် နှစ်နှစ်ခန့်လိုသေးသည်။ ယခင်က ဆရာမှာဆိုဒ်ထဲတွင် ကျွန်တော်တို့နှင့်ပင် အတူနေခဲ့သည်။ စီမံကိန်းစပြီး တစ်နှစ်ခန့်ရှိမှ ဆရာ့မိသားစု ရန်ကုန်မှ လိုက်လာခြင်းဖြစ်သည်။ ဒေသခံလုပ်သားများက သက်ဆိုင်ရာများနှင့်ညှိနှိုင်းကာ ဆရာတို့မိသားစုကို ကျောက်ဝဲဂူကုန်းထိပ်ရှိ နေအိမ်တွင်နေထိုင်ရန် စီစဉ်ပေးခဲ့သည်။

ရှေးက ဘိုတဲအဖြစ် အသုံးပြုခဲ့ပြီး နောက်ပိုင်းလူ မနေတော့ဟုသိရသည်။ ဆရာတို့မိသားစု နေမည်ဆို၍ ဒေသခံလုပ်သားများကသန့်ရှင်းရေး ဝိုင်းဝန်းလုပ်ပေးပြီး လိုအပ်သည်များ ပြင်ဆင်ပေးခဲ့သည်။ ဆရာ့မိသားစုများ ရောက်ရှိလာစဉ်က ကျွန်တော်ကပင် ကြိုဆိုပြီးဤအိမ်ကြီးသို့ ပို့ပေးခဲ့သည်။ ယခုဆရာ့မိသားစု ရုတ်တရက် ရန်ကုန်ပြန်သွားသည့်ကိစ္စ ကျွန်တော်မတွေးတတ်အောင် ဖြစ်နေသည်။ အကြောင်းတစ်ခုခုရှိမည် ထင်သည်။

ကျောက်ဝဲဂူ နေအိမ်ထိပ်မှ လှမ်းကြည့်လိုက်လျှင် သံလွင်မြစ်ကိုလှမ်းတွေ့ရသည်။ ဤအိမ်ကုန်းထိပ်အစွန်တွင် ချောက်ကြီးရှိသည်။

ရေကျချိန်တွင် ထိုချောက်၌ ကျောက်ဖျာကြီးတစ်ခု တွေ့ရသည်။ ရေတက်ချိန်၌ ထိုကျောက်ဖျာအနီးတစ်ဝိုက် ရေဝဲကြီးဖြစ်ပေါ်လေ့ရှိသည်။ ကျောက်ဝဲဂူကုန်းအောက်တွင် ရှည်လျားသော ဂူကြီးတစ်ခု ရှိသည်ဟုလည်း ဒေသခံများက ပြောကြသည်။

ဤအချက်များကို အစွဲပြု၍ ထိုအိမ်ကို ကျောက်ဝဲဂူစံအိမ်ဟု ခေါ်ဆိုကြကြောင်း သိရသည်။ ကျောက်ဝဲဂူစံအိမ်အကြောင်း ကျွန်တော် ဤမျှသာသိထားသည်။ ဤအိမ်အနီးအနားတွင် အခြား လူနေအိမ်များ မရှိပါ။ မလှမ်းမကမ်းတွင်သာ အိမ်သုံးလုံးရှိသည်။ ကျွန်တော့်ပစ္စည်းများနှင့် အိမ်ရာလိပ်ကို စက်ဘီးဖြင့် တင်ပြီးနင်းလာခဲ့သည်။ ကျောက်ဝဲဂူကုန်းထိပ်အရောက်တွင် နေမွန်းတိမ်းစပြုနေပြီ ဖြစ်သည်။

ခြံတံခါးပွင့်လျက်သား တွေ့ရသည်။ ဆရာမော်တော်ယာဉ်ကိုမူမတွေ့ရပေ။ ဆရာ အပြင်သွားနေခြင်းဖြစ်မည် ထင်သည်။ ပွင့်နေသော ခြံတံခါးမှတစ်ဆင့် ကျွန်တော်ခြံတွင်းသို့ ဝင်ခဲ့သည်။

အိမ်အပေါ်ထပ်သို့ လှမ်းကြည့်လိုက်မိသည်။ အပေါ်ထပ်ပြတင်းပေါက်တွင် မိန်းမပျိုတစ်ဦး နောက်ကျောပေးလျက် ရပ်နေသည့် သဏ္ဌာန်လိုလို ရုတ်တရက် တွေ့ပြီးပျောက်သွားသည်။

နက်မှောင် ရှည်လျားသော ဆံပင်ကို ဖားလျားချထားသည့် ပုံစံဖြစ်သည်။

ကျွန်တော် အသံပေးပြီး ဝင်လာသည့်တိုင် မိန်းကလေး မတွေ့ရတော့ပေ။ ကျွန်တော့်စိတ်ထဲ ထူးဆန်းသလို ဖြစ်သွားသည်။ ထိုအချိန်မှာပင် ကားသံကြားရပြီး ဆရာပြန်ရောက်လာသည်။

"ဩော် စိုးလွင် မင်းရောက်လာပြီလား ခုန လယ်ကတည်းက ငါမျှော်နေတာ"

"ဆရာ မှာလိုက်တာ နေ့လယ်ပိုင်းကျမှ သိရတာ၊ သီသီချင်း ပစ္စည်းတွေ သိမ်းပြီးလာခဲ့တာ၊ ဒါနဲ့ ဆရာအိမ်မှာနိုင်းဖို့ မိန်းကလေး တစ်ယောက် ခေါ်ထားသေးလား"

"ခေါ်မထားပါဘူး၊ ဘာဖြစ်လို့မေးတာလဲ ဒီအိမ်မှာ မိန်းကလေး တွေ့လိုက်လို့လား"

ထိတ်ထိတ်ပျာပျာဖြင့် ဆရာ ကျွန်တော့်ကို ပြန်မေးသည်။

"ဟို ဟို မတွေ့မိပါဘူး၊ မေးကြည့်တာပါ"

ထိုနေ့ ညနေစာ စားပြီးချိန်တွင် ဆရာ့အတွက် အပေါ်ထပ်တွင် အိပ်ရာပြင် ဆင်ပေးလိုက်သည်။

"ဆရာ အပေါ်ထပ်မှာ မအိပ်ဘူးလား၊ ကျွန်တော် အောက်ထပ်မှာပဲ အိပ်မယ် မင်းလဲ ငါ့အနားမှာပဲအိပ်၊ ကုတင်ရှိပါတယ်၊"

ဆရာက အပေါ်ထပ်တွင် မအိပ်လိုကြောင်း ပျာပျာသလဲဖြင့် ကျွန်တော့်ကို ပြောသည်။ ဆရာ့ဆန္ဒအတိုင်း အောက်ထပ်တွင်ပင် ခုတင်နှစ်လုံးယှဉ်ပြီး နှစ်ယောက်အိပ်ရာ ပြင်ဆင်လိုက်သည်။

"စိုးလွင်ရေ အနီးအနားမှာ အိမ်တွေရှိတာ မဟုတ်ဘူး တံခါး တွေအသေချာပိတ်၊ အပေါ်ထပ်က တံခါးတွေလဲ ပိတ်ဖို့မမေ့နဲ့"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်အပေါ်ထပ် တက်ပြီး တံခါးမကြီး ပြတင်းပေါက် များ ပိတ်လိုက်သည်။ တံခါးချက်များ အသေအချာ ချထားလိုက်သည်။

"အပေါ်ထပ်မှာ မီးခလုတ်တွေတော့ တွေ့တယ်၊ မီးမလင်းဘူး ဆရာ"

"အေး ဟုတ်တယ်၊ ခလုတ်တွေသာ ပြင်ထားရသေးတာ၊

မီးသမားတွေ ခေါ်ထားတယ်၊ မနက်ဖြန်လောက် လာဖြစ်မယ်ထင်တယ်"

"ဒါနဲ့မသိလို့ မေးပါရစေ၊ ဆရာကတော်တို့ ရုတ်တရက် ဘာကြောင့် ရန်ကုန်ပြန်သွားရတာလဲ၊ ဒီမှာနေကြဦးမယ်ဆို"

"ဪ ဒါလား၊ သူတို့ပျင်းလို့ပါကွာ၊ မီးမရှိတော့ တီဗွီလဲ မကြည့်ရ၊ ရေခဲသေတ္တာလဲမရှိတော့ ပြန်ချင်မှာပေါ့လေ"

"အေးလေ ဒါကြောင့် မင်းကိုခေါ်လိုက်တာပေါ့၊ ကဲ ကဲ အိပ်တော့ကွာ"

ဆရာကတော်တို့ ပြန်သွားသည့် အကြောင်းရင်းကို ဆရာ စကားလမ်းကြောင်း လွှဲလိုက်ပုံရသည်။

ဆရာတစ်ခုခုကို ဖုံးကွယ်ထားသည်ဟု ကျွန်တော်ထင်နေသည်။ ကျွန်တော်ဆက်မမေးတော့ဘဲ ခပ်စောစောပင် အိပ်ရာဝင်ခဲ့သည်။ နောက်တစ်နေ့ နံနက်စောစောကျွန်တော် အိပ်ရာမှ နိုးချိန်တွင်ဆရာနိုးနှင့်နေပြီ ဖြစ်သည်။

"နိုးလှင်ထတော့၊ ငါ့ကားနဲ့လိုက်ခဲ့၊ မင်းကို ဈေးမှာ ချထားခဲ့မယ်။ ဈေးဝယ်ပြီး အိမ်ပြန်ချက်ပြုတ်ပြီးမှ ဆိုက်ထဲလိုက်ခဲ့တော့"

"ဟုတ်ကဲ့ ဆရာ"

ဆရာ့ကားနှင့်ပင် ကျွန်တော်ဈေးသို့ လိုက်သွားသည်။အိမ်တွင်ရေခဲသေတ္တာ မရှိသေး၍ နှစ်ရက်စာအတွက်သာ ဈေးဝယ်ရသည်။ လိုအပ်သည်များ ဝယ်ယူပြီး ကျွန်တော်ပြန်လာသည်။ ခြံထဲသို့အဝင်အိမ်ပေါ်ထပ်သို့ လှမ်းကြည့်လိုက်သည်။

မနေ့က မိန်းကလေးကိုတွေ့ရသော ပြတင်းပေါက်တံခါး

ပွင့်နေသည်ကို တွေ့လိုက်ရသည်။ မနေ့ညက ကျွန်တော် အသေအချာ ပိတ်ခဲ့သည့် တံခါးဖြစ်သည်။ ဈေးခြင်းတောင်းချကာ အပေါ်ထပ်သို့ တက်သွားသည်။ ပြတင်းပေါက်အနီးတွင် သတင်းစာလိပ်နှစ်စောင် တွေ့လိုက်သည်။

သတင်းစာမှာ တစ်ရက်နောက်ကျပြီးမှ ကျွန်တော်တို့ဆီ ရောက်လာခြင်းဖြစ်သည်။

ပွင့်နေသော ပြတင်းပေါက် တံခါးပြန်ပိတ်ပြီး အပေါ်ထပ်မှ ပြန်ဆင်းလာခဲ့သည်။ ကျွန်တော် ချက်ပြုတ်နေစဉ်မှာပင် မီးပြင်ပေးမည့်သူများရောက်လာသည်။ အိမ်ရှိလျှပ်စစ်မီးများကို ပြင်ဆင်ပေးကြသည်။

"ဒီအိမ်ကြီးက လူမနေတာ နှစ်ပေါင်းကြာတော့ မီးကြိုးမီးခလုတ်တွေ တော်တော်ပြင်လိုက်ရတယ်။ အားလုံးကောင်းသွားပါ ပြီ အသုံးပြုလို့ရပါပြီ"

"ကျေးဇူးပါပဲ မီးပြင်ခ ဘယ်လောက်ပေးရမလဲ"

"ဟာ မလိုပါဘူး၊ ဒီအိမ်က ဆရာကိုတောင် အားနာနေမိတာ ပြင်နိုင်းထားတာ ကြာနေပြီ၊ ခုမှလာပြင်ပေးနိုင်တာ ဆရာ့ကိုသာ ပြောလိုက်ပါ၊ သွားတော့မယ်"

"ကောင်းပါပြီ။ ဆရာ့ကိုဆက်ဆက် ပြောလိုက်ပါမယ်"

ဆရာတပည့် နှစ်ယောက်စာ ညမနက် နှစ်နပ်စာချက်ပြုတ်ပြီး အလုပ်သို့ စက်ဘီးဖြင့် သွားခဲ့သည်။ လူကသာ အလုပ်ထဲရောက်နေသော်လည်း ကျွန်တော့် စိတ်ကကျောက်ဝဲဂူအိမ်ကြီးဆီ ရောက်နေသည်။

ဆံပင်ဖားလျားချထားပြီး နောက်ကျောဘက်ကိုသာ ရုတ်တရက် တွေ့လိုက်ရသော မိန်းကလေးနှင့် အသေအချာ ပိတ်ထားသော ပြတင်းပေါက်တံခါး ပြန်ပွင့်နေသည့် အကြောင်းများက ကျွန်တော့်အတွေးထဲ ရောက်လာသည်။

အလုပ်သိမ်း၍ ညနေအိမ်ပြန်အရောက်တွင် သေသေချာချာ သတိထားပိတ်ထားခဲ့သော အပေါ်ထပ်ပြတင်းပေါက်တံခါး ပွင့်လျက်သားဖြစ်နေသည်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရပြန်သည်။

ဆရာက ကျွန်တော်ထက် ဦးစွာအိမ်ရောက်နေသည်။ ရောက်ရောက်ချင်းပင် ဆရာ့ကို ကျွန်တော်မေးလိုက်မိသည်။

"အပေါ်ထပ် ပြတင်းပေါက် ဖွင့်လိုက်တာလား"

"ငါမဖွင့်ပါဘူး ဘာဖြစ်လို့လဲ"

"တံခါးပွင့်နေလို့ပါ၊ မနက်က ကျွန်တော်ဖွင့်သွားမိတယ်ထင်တာပဲ၊ မီးပြင်တဲ့သူတွေ မီးလာပြင်ပေးကြတယ် အားလုံးကောင်းသွားပြီ"

"ဟုတ်လား၊ ကောင်းတာပေါ့၊ ဒါပေမဲ့ ယော့ပလိတ်နဲ့တော့ မချက်နဲ့နော်၊ နှစ်တွေက ကြာနေတော့ မီးကြိုးတွေ မကောင်းဘူးတဲ့ ရှော့ခ်ဖြစ်သွားမှာ စိုးရတယ်"

"ကျွန်တော် သိပါတယ်၊ မီးသွေးနဲ့ပဲ ချက်ပါ့မယ်"

"မင်းရေမိုးချိုးတော့၊ ပြီးရင် ထမင်းစားကြမယ်"

တစ်ရက်ခြား နံနက်တိုင်း ဈေးဝယ်သွားနေသဖြင့် ဈေးသည်များနှင့်ကျွန်တော် ရင်းနှီးလာခဲ့ပြီဖြစ်သည်။ တစ်နေ့ ကျွန်တော်ဈေး

သို့ရောက်ပြီး ဝယ်နေကျ အဒေါ်ကြီးတစ်ဦးဆိုင်တွင် ဈေးဝယ်နေစဉ် အဒေါ်ကြီးက-

"မင်းက ကျောက်ဝဲဂူ အိမ်ကြီးမှာနေတာ မဟုတ်လား၊ ဆရာကတော် ဈေးဝယ်လာတာ မတွေ့တော့ပါလား"

"ဆရာကတော် ရန်ကုန်ပြန်သွားပါပြီ"

"ဩော် ဆရာကတော် ရန်ကုန်ပြန်သွားမှကိုး၊ ဒါနဲ့ အဲဒီ ကျောက်ဝဲဂူအိမ်ကြီးမှာ နေရတာ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ် ဘာဖြစ်လို့ အဲဒီလိုမေးတာလဲ"

"အဆင်ပြေရင် ပြီးတာပါပဲ၊ အရင်နေခဲ့ဖူးတဲ့ သူတွေကတော့ ကြာကြာမနေနိုင်ကြဘူး ပြောင်းသွားကြတာချည်းပဲ"

"ဟင် ဟုတ်လား၊ ဒီအိမ်ကြီးမှာ ဘာပြဿနာရှိနေလို့လဲ"

"မင်းကရောက်တာ မကြာသေးတော့ အဲဒီအိမ်ကြီး အကြောင်း ဘယ်သိပါ့မလဲ၊ မင်းက အဲဒီအိမ်မှာနေသူဆိုတော့ အိမ်ကြီးအကြောင်း သိထားသင့်တာပေါ့"

"ကျွန်တော် သိချင်ပါတယ်၊ ဒေါ်ဒေါ်သိသလောက် ပြောပြပါ လား"

"ဟိုးမှာ ဟင်းသီးဟင်းရွက် ရောင်းနေတဲ့ ဘကြီး တစ်ယောက် တွေ့တယ်မဟုတ်လား၊ သူက ရှေ့မီ၊ နောက်မီ လူကြီးပဲ သူ့ဆီသာ သွားမေးကြည့်ပေတော့ ပြည့်ပြည့်စုံစုံပြောပြလိမ့်မယ်။ အဒေါ်ကြီးညွှန်ပြရာ ဘကြီးရာ ဘကြီးထံ ကျွန်တော်ရောက်သွားသည်။ အသီးအရွက် တချို့ဝယ်လိုက်သည်။

"ဒါနဲ့ ဘကြီးကျောက်ဝဲရွှ အိမ်ကြီးအကြောင်း ကျွန်တော့်ကို ပြောပြပါလား"

"ငါ့တူက ကျောက်ဝဲရွှ စံအိမ်ကြီးမှာ နေသူမဟုတ်လား၊ အရင် ဈေးလာဝယ်တဲ့ ဆရာကတော်နဲ့ သမီးကလေးတို့ မတွေ့တော့ပါလား"

"ဆရာ့မိသားစု ရန်ကုန်ပြန်သွားပါပြီ"

"ထင်သားပဲ၊ ဘာကြောင့် ရန်ကုန်ပြန်သွားရတယ် ဆိုတာရော သိရဲ့လား"

"ကျွန်တော့်ဆရာပြောတာကတော့ မီးမရှိလို့၊ တီဗွီကြည့်မရ ပျင်းကြတာနဲ့ ပြန်သွားတာတဲ့"

"ဆရာကတော် ပြန်သွားတာ ခုနကပြောတဲ့ အကြောင်းတွေကြောင့်မဟုတ်ဘူး၊ အဲဒီအိမ်ကြီးမှာရှိနေတဲ့ မိန်းကလေးကြောင့်ပဲ"

"ဘာ အိမ်ကြီးမှာ မိန်းကလေးတစ်ယောက်ရှိတယ် ဟုတ်လား၊ နက်မှောင်ရှည်လျားတဲ့ ဆံပင်ကို ဖားလျားချထားပြီး၊ နောက်ကျောဘက်သာ တွေ့ရတတ်တဲ့ မိန်းကလေးလား....."

"အင်း ငါ့တူက မိန်းကလေးကို တွေ့ခဲ့ပြီးပြီကိုး အဲဒီအိမ်ကြီး အပေါ်ထပ်က ပြတင်းပေါက် တံခါးပိတ်လို့ရရဲ့လား"

"ပိတ်လို့ရပါတယ်၊ ပိတ်ထားပေမယ့် နောက်တော့ ပြန်ပွင့် နေတာတွေ့ရတယ်"

"ပြန်ပွင့်နေတာ အဲဒီမိန်းကလေး ပြန်ဖွင့်လိုက်လို့ပဲကွဲ့"

"အိမ်ကြီးအကြောင်းနဲ့ မိန်းကလေးအကြောင်း ကျွန်တော့်ကို ပြောပြပါလား"

"ငါ့တူက အဲ့ဒီအိမ်ကြီးမှာ လက်ရှိနေထိုင်သူဆိုတော့ ဒီအကြောင်းတွေ သိထားသင့်တာပေါ့၊ အိမ်ကြီးရဲ့ ရာဇဝင်ကဒီလိုကွဲ့"

ဘကြီးက ဆေးပေါ့လိပ် မီးညှိရင်းဖွာလိုက်သည်။ ပြီးမှစကားဆက်သည်။

"အဲ့ဒီအိမ်ကြီးက လွတ်လပ်ရေးမရမီ ကာလကတည်းက ဆောက်ခဲ့တဲ့အိမ်ကြီးပေါ့၊ အိမ်ရှင်တွေက ငွေကြေးပြည့်စုံ ချမ်းသာကြတယ်၊ စိတ်ကြိုက်သစ်တွေနဲ့ ဆောက်ထားတာ ကျွန်းနဲ့ပျဉ်းကတိုးချည်းပဲ၊ တံခါးရွက်တွေအားလုံး ကျွန်းသားတွေချည်းပဲကွဲ့၊ အိမ်ကြီးရဲ့အနေအထားက ပတ်ဝန်းကျင်ကို အပေါ်စီးက မြင်နေရတယ်၊ သံလွင်မြစ်ဘက် မျက်နှာမူပြီး ချောက်ကမ်းပါးထိပ်မှာ ဆောက်ထားတာ၊ နှစ်ထပ်တိုက်ခံအိမ်ကြီးပဲပေါ့၊ အိမ်ဆောက်နေတုန်း အပေါ်ထပ်ကအုတ်ချပ်တွေ မတော်တဆ ပြုတ်ကျခဲ့တယ်၊ ဖြစ်ချင်တော့ အပေါ်ထပ်ကို မော့ကြည့်နေတဲ့၊ အိမ်ရှင်ရဲ့သမီးမျက်နှာကို တိုက်ရိုက် အုတ်ချပ်တွေထိမှန်ခဲ့တယ်။

မျက်နှာတစ်ခုလုံး ပျက်စီးသွားပြီး သွေးသံတရဲရဲနဲ့ ပွဲချင်းပြီးသေဆုံးသွားခဲ့တယ်၊ မျက်နှာတစ်ခုလုံးပျက်စီးပြီး ရုပ်ပျက်ဆင်းပျက်သေခဲ့ရတာကွယ့်၊ အုတ်ချပ်တွေ ကျခဲ့တဲ့နေရာက ခုတံခါးပွင့်ပွင့်နေတဲ့ပြတင်းပေါက်နေရာပေါ့၊ အဲဒီအပျိုအရွယ် မိန်းကလေးသေပြီး မကျွတ်မလွတ်ဘဲ အဲဒီအိမ်ကြီးမှာ ရှိနေတာထင်ပါရဲ့၊ မိန်းကလေးကို ဆံပင်ဖားလျားချလျက်နဲ့ နောက်ကျောပေးနေပြီဟာကို မြင်တဲ့သူတွေရှိတယ်၊ အိမ်ကြီးပြီးသွားပေမယ့် အိမ်ရှင်တွေလည်းကြာကြာ မနေတော့ပါဘူး၊ တစ်ရပ်တစ်နယ်ကို ပြောင်းသွားကြတယ်၊ ခုချိန်ထိတော့ နောင့်ယှက်

လွန်းလို့ မနေဝံ့တော့ဘဲ အိမ်ကိုဒီအတိုင်းပစ်ခဲ့ကြတာ၊ တချို့မယုံတဲ့သူတွေသွားနေကြသေးတယ်၊ နောက်တော့ ထွက်ပြေးကြရတာပဲ၊ မိန်းကလေးအရွယ်ကောင်းတုန်းမှာ သေခဲ့ရတာ၊ ဆံပင်ကောင်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက် ပြည့်ပြည့်နဲ့ အပျိုအရွယ်ပေါ့၊ အဲ့ဒီအိမ်မှာလူတွေလာနေတာ မိန်းကလေး မကြိုက်ဘူးထင်တယ်၊ နောက်ဆုံးသတ္တိကောင်းလှပါတယ်ဆိုတဲ့ လူနှစ်ယောက်သွားနေကြသေးတယ်၊ သတ္တိကောင်းကြတော့ မိန်းကလေးက သူရှိနေကြောင်း ဘယ်လိုပြပြလယ်လိုလှုပ်လှုပ် မသွားကြဘဲ ဆက်နေကြတာတဲ့ နောက်ဆုံးသွေးသံရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက် မျက်နှာကိုမြင်လိုက်ရတော့မှ အော်ဟစ်ပြီးထွက်ပြေးကြတာတဲ့၊ အဲ့ဒီသတင်းက အနီးပတ်ဝန်းကျင်ကို ပျံ့နှံ့သွားတော့တာပေါ့၊ ဘယ်သူမှ မနေကြတာကြာပြီ၊ အရင်က ဘိုတဲအဖြစ်အသုံးပြုခဲ့ကြသေးတယ်။

ခဏတာတစ်ဖြုတ် လာနေတဲ့ ဧည့်သည်တွေတောင် မိန်းကလေးခြောက်လှန့်တာ ခံခဲ့ကြရတယ်။

ဘကြီးကပြောလက်စ စကားကိုရပ်ပြီး ဆေးလိပ်ဆက်ဖွာနေတယ်။

“ခုလိုပြောပြတာ ဘကြီးကို ကျေးဇူးတင်ပါတယ်၊ ဘကြီးကဒီဇာတိရော အဲဒီအိမ်ကြီးဆောက်တုန်းက ဘကြီးသုံးတန်းကျောင်းသားအရွယ်ပဲ ရှိသေးတယ်၊ ခုငါတို့ စိုက်ပျိုးရေးလာလုပ်တော့ရွာကလူတွေ အလုပ်အကိုင်ရကြတယ်။ ချောင်ချောင်လည်လည်ဖြစ်လာကြတယ်၊ ရွာလည်းစည်ကားလာတယ်၊ ဒါကြောင့် ငါတို့ကို ဒီကလူတွေ အားလုံးကျေးဇူးတင်နေကြတာ”

"ဟုတ်ကဲ့ ဦးကြီးနဲ့ စကားကောင်းနေလိုက်တာ၊ ချက်ပြုတ်ရဦးမှာမို့ ပြန်ပါဦးမယ်"

"ဘကြီးအကြံပေးချင်တာကတော့ မိန်းကလေး သူ့မျက်နှာကို မမြင်ရ အဲဒီအိမ်က ပြောင်းသွားတာ အကောင်းဆုံးပဲကွဲ့"

ကျွန်တော်ဈေးမှ ပြန်လာစဉ် လမ်းတွင် သတင်းစာပို့သူနှင့်ဆုံသည်။

"သတင်းစာ နှစ်ရက်စာနှစ်စောင် ပစ်တင်ခဲ့တယ်၊ အပေါ်ထပ် ပြတင်းပေါက်မှာ မိန်းကလေးတစ်ယောက် ဆံပင်ဖားလျားချပြီးကျော ပေးရပ်နေတာ တွေ့လို့၊ လှမ်းခေါ်သေးတယ်၊ လှည့်တောင် မကြည့်ပါဘူး၊ သတင်းစာကို သူရပ်နေတဲ့ ပြတင်းပေါက်တည့်တည့် လိပ်ခေါက်ပြီး ပစ်တင်ထားခဲ့တယ်။"

"ဟင် ဟုတ်လား အင်း ကောင်းပါပြီ"

သတင်းစာပို့သူ၏ စကားကြောင့် ကျွန်တော်ထိတ်ခနဲဖြစ်သွားသည်။ ကုန်းထိပ်မှ အိမ်ပြန်ရောက်စဉ် ကျွန်တော်ပိတ်ထားခဲ့သော ပြတင်းပေါက် တံခါးပွင့်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော် တစ်ယောက်တည်းမို့ ကျောချမ်းလာမိသည်။

အဖြစ်မှန်ကို သိရှိပြီးမှ ပိုကြောက်လာမိသည်။ မဝံ့မရဲဖြင့် အပေါ်ထပ်သို့ တက်သွားသည်။ သတင်းစာ နှစ်စောင်လိပ်ခေါက်လျက်သား တွေ့လိုက်ရသည်။ ကမျာကယာ သတင်းစာယူပြီး ကျွန်တော် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ ဆရာမိသားစု ရန်ကုန်ပြန်သွားရသည့် အကြောင်းအရင်းအမှန်ကို ယနေ့မှအဖြစ် မှန်သိခဲ့ရသည်။

ကျွန်တော့်ဆရာ အပေါ်ထပ်တွင် တစ်ယောက်တည်း မအိပ်

တော့သည့် အဖြစ်ကိုလည်း ကျွန်တော်သိခဲ့ပြီ။ ကျွန်တော်ကြောက်လန့်နေမည်စိုး၍ ဆရာက အဖြစ်မှန်ကို ကျွန်တော့်ကို မပြောခဲ့ခြင်းဖြစ်မည်ထင်သည်။ ချက်ပြုတ်ပြီး၍ အပေါ်ထပ် အောက်ထပ်တံခါးများပိတ်ပြီး ကျွန်တော်လုပ်ငန်းခွင်ထဲသွားခဲ့သည်။ အလုပ်လုပ်နေရသော်လည်း စိတ်ဝင်စားမှု နည်းနေခဲ့သည်။ ညနေထမင်းဝိုင်းတွင် ဈေးထဲက ဘကြီးပြောပြခဲ့သော ကျောက်ဝဲဂူအိမ်ကြီးအကြောင်း ဆရာ့ကို ပြောပြမည်ဟု စိတ်ကူးမိသည်။ မည်ကဲ့သို့ စပြောရမည်ကို ကျွန်တော် တွေးနေမိသည်။

"မနက် ကျွန်တော် ဈေးကအပြန်လမ်းမှာ သတင်းစာပို့သူနဲ့ တွေ့ခဲ့သေးတယ်"

"ဟုတ်လား သတင်းစာနှစ်ရက်အတွက် နှစ်စောင်မဟုတ်လား"

"ဟုတ်ပါတယ် နှစ်စောင်ပါ။ သူသတင်းစာလာပို့တော့ ပြတင်းပေါက်မှာ မိန်းကလေးတစ်ယောက် ဆံပင်ဖားလျားချထားပြီး ကျောပေးပြီး ရပ်နေတာတွေ့ လိုက်မိသေးတယ်"

"ဩော့ စိုးလွင် မင်းတောင် ဒီအကြောင်းတွေ သိနေပါလား"

"အစက မသိပါဘူး၊ မနက်က ဈေးသွားဝယ်တော့ ဈေးထဲက ရှေ့မီနောက်မီ ဘကြီးက ပြောပြလို့သိခဲ့ရတာ အသီးအရွက်ရောင်းတဲ့ဘကြီး ပြောပြတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ဆရာကတော်တို့ ရန်ကုန်ပြန်သွားရတာလဲ၊ ဒီမိန်းကလေးကြောင့်ပဲ မဟုတ်လား၊ ဒီမှာမနေသင့်တော့ဘူးထင်တယ်"

"သူရဲဘောနည်းတဲ့ သူလို့အထင်ခံနေရဦးမယ်၊ ပြီးတော့ဒီမှာနေဖို့ အားလုံးပြင်ဆင်ပေးခဲ့ကြတာ ခုဆိုမီးတောင်လင်းနေပြီ ဒါပေမဲ့ ဒီအိမ်ကပြောင်းဖို့ ငါစဉ်းစားပါရစေဦး"

"ဟုတ်ကဲ့ဆရာ ဆရာဘယ်ကိုပဲ ပြောင်းပြောင်း ကျွန်တော် ဆရာနဲ့ လိုက်နေပါ့မယ်"

"ကဲ ကဲ ဘုရားရှိခိုး၊ မေတ္တာပို့ပြီး အိပ်ကြစို့"

"စိတ်သန့်သန့်နဲ့ အိပ်လို့ရအောင် မီးတွေဖွင့်ထားရင် ကောင်းမယ်ထင်တယ်၊ မီးလင်းနေတော့ ဆရာအိပ်လို့ရပါ့မလား"

"မီးလင်းနေရင် ငါမအိပ်တတ်ဘူး မင်းပြောသလို စိတ်သန့်သန့်နဲ့အိပ်ပျော်အောင် မီးတွေဖွင့်ထားလိုက် အပေါ်ထပ်က မီးတွေလည်းသွားဖွင့်လိုက်ကွာ"

ကျွန်တော် အပေါ်ထပ်တက်သွားပြီး မီးဖွင့်လိုက်သည်။ အောက်ထပ်မီးလည်း ဖွင့်လိုက်သည်။ အပေါ်ထပ် အောက်ထပ် တစ်အိမ်လုံးလင်းထိန်နေပါသည်။ မီးများဖွင့်ပြီး ဆရာတပည့်နှစ်ယောက် အိပ်ရာဝင်ခဲ့ကြသည်။ ညဉ့်သန်းခေါင်အချိန်ခန့်တွင် အပေါ်ထပ်မှ ခြွက်များပြေးသံလိုလို ခြေသံလိုလိုကြားရသည်။

ထိုအသံကြောင့် ကျွန်တော်အိပ်ရာမှ နိုးခဲ့သည်။ အပေါ်ထပ်သို့လှမ်းကြည့်လိုက်သည်။ အိပ်ရာမဝင်မီက ကျွန်တော်ကိုယ်တိုင်မီးများဖွင့်ခဲ့သည်။ အပေါ်ထပ်သို့ လှမ်းကြည့်လိုက်သည်။ အိပ်ရာမဝင်မီက ကျွန်တော်ကိုယ်တိုင် မီးများဖွင့်ခဲ့သည်။ ယခုအပေါ်ထပ်တစ်ခုလုံး မှောင်မည်းနေသည်။ ကျွန်တော်ဖွင့်ထားသည့် မီးများကိုတစ်စုံတစ်ယောက်က ပိတ်လိုက်သည်ထင်သည်။ ကျွန်တော်တို့

အိပ်နေသော အောက်ထပ်သာ မီးလင်းသည်။ မီးလင်းနေလျှင် မအိပ်တတ်သော ကျွန်တော့်ဆရာမီးထ ပိတ်လိုက်သည်ထင်သည်။ ထိုစဉ်ဆရာနိုးလာသည်။

"အပေါ်ထပ်က မီးတွေဆရာပိတ်လိုက်တာလား"

"ဟုတ်သားပဲ၊ အပေါ်ထပ် မီးမှောင်နေပါလား၊ ငါမပိတ်ပါဘူး"

"အပေါ်ထပ်က ခြေသံလိုလို ကြွက်ပြေးသံလိုလို ကြားရလို့ ကျွန်တော်နိုးလာတာ၊ သတိထားမိတော့ အပေါ်ထပ်က မီးတွေ မလင်းတော့ဘူး မှောင်နေတယ်"

"အေး ဟုတ်တယ်၊ မီးပျက်ရင် တို့အောက်ထပ်လဲ ပျက်ရမှာပေါ့၊ ခုတော့အပေါ်ထပ်က မီးတွေပဲပျက်တာ ထူးဆန်းတယ်။ မှောင်နေရင်လဲ ထားလိုက်တော့ ပြန်မဖွင့်နဲ့တော့ ပြန်အိပ်ကြစို့"

မနက်မိုးလင်း၍ နံနက်ဈေးထဲရောက်စဉ် ညကအဖြစ်အပျက်များ ဘကြီးအား ပြောပြလိုက်သည်။

"ဖြစ်နိုင်ရင်တော့ အဲဒီအိမ်မှာ မနေတာအကောင်းဆုံးပဲ၊ ငါ့တူရဲ့ ဆရာ့ကို ပြောကြည့်ပါလား"

"ဆရာက သတ္တိတော်တော်ကောင်းတယ်၊ အခြားပြောင်းနေဖို့ ကျွန်တော်ပြောတော့ စဉ်းစားဦးမယ်တဲ့"

ဈေးမှအပြန် ချက်ပြုတ်ပြီး ဆရာတပည့်နှစ်ယောက် အလုပ်အတူသွားခဲ့ကြသည်။ စက်ဘီးမစီးတော့ဘဲ ဆရာ့ကားနှင့်ပင် လိုက်သွားသည်။ အလုပ်သိမ်း၍ ညနေအိမ်ပြန်ရမည်ကိုပင် ရင်လေးနေခဲ့သည်။ ထိုနေ့ညနေစာ စားပြီးချိန်တွင် ဆရာက–

"စိုးလွင်ရေ ဒီညတော့ အပေါ်ထပ်မီး မဖွင့်နဲ့တော့၊ အောက်ထပ်မီးတွေပဲ ဖွင့်ထား"

"ဟုတ်ကဲ့ဆရာ အပေါ်ထပ်မီးဖွင့် ထားတာ မကြိုက်ဘူးထင်တယ်"

"အင်း ငါလဲ အဲဒီလိုထင်တာပဲ"

အပေါ်ထပ်သာ မီးပိတ်ထားပြီး အောက်ထပ်မီးဖွင့်ထားလိုက်သည်။ အိပ်ရာဝင်ခဲ့ကြသော်လည်း ရုတ်တရုတ် အိပ်မပျော်ကြပါ၊ စိတ်ကတင်းထားသော်လည်း နှစ်ဦးစလုံး ကြောက်ရွံ့သလိုဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်။

ဤအိမ်ကြီးတွင် နေချင်စိတ်မရှိတော့ပါ။ ဆရာ့ကို မလွန်ဆန်နိုင်၍သာ ငြိမ်နေရသည်။ ထိုစဉ်တိုင်ကပ်နာရီမှ ဒင်ဒင်မြည်သံဆယ်ချက်ကြားလိုက်ရသည်။ တိတ်ဆိတ်နေချိန်တွင် နာရီမြည်သံက ကျယ်လောင်လွန်းသည်ဟု ထင်မိသည်။ ထိုအခိုက်မှာပင် အပေါ် ထပ်မှ တရှပ်ရှပ်ခြေသံလိုလိုကြားရသည်။ ကျွန်တော် ဆရာ့ကိုလေသံဖြင့်တိုးတိုးလေး လှုပ်နှိုးလိုက်သည်။

"ဆရာအိပ်ပြီလား၊ အပေါ်ထပ်က ခြေသံလိုလို ကြားမိတယ်၊ မဟုတ်လား"

"ငါမအိပ်သေးပါဘူး၊ အဲသံတွေ ငါလဲကြားတယ်၊ တိတ်တိတ် နေ၊ အသံမထွက်စေနဲ့"

ကျွန်တော်တို့ ဆရာတပည့်နှစ်ဦး စကားမပြောဘဲ အပေါ်ထပ်မှအသံကို နားစွင့်နေခဲ့ကြသည်။ အပေါ်ထပ်တစ်ခုလုံး မှောင်မည်း တိတ်ဆိတ်နေသည်။ ထိုအခိုက်မှာပင် ခြေသံလိုလိုကြားရပြီး ရုတ်တရက် မီးများလင်းလာသည်။

"လာ စိုးလွင်၊ အပေါ်ထပ်သွားကြည့်ရအောင်"

ဆရာတပည့်နှစ်ယောက် ကြောက်ကြောက်ဖြင့် အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ မီးများသာ လင်းနေသော်လည်း မည်သည့်ထူးခြားချက်မှ မတွေ့ရပေ။

"ဟာ ဆရာ ဟိုမှာ ကြည့်ပါဦး"

"ဟင် ပြတင်းပေါက် တံခါးပွင့်နေပါလား၊ ညနေက မင်းပိတ်ထားတယ် မဟုတ်လား"

"ညနေက ကျွန်တော်ကိုယ်တိုင် သေသေချာချာ ပိတ်ခဲ့ပါတယ် ဆရာရယ်"

"တို့နှစ်ယောက်ကိုတော့ သူရှိကြောင်းပြနေပြီ စိုးလွင်ရေ ဒီမှာ ဆက်နေလို့ မဖြစ်တော့ဘူးထင်တယ်"

"ဟုတ်တယ်ဆရာ တော်ကြာ သွေးသံတရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာကို ပြနေမှခက်မယ်၊ ဒီကနေပြောင်းသင့်ပြီ၊ ကျွန်တော်တို့နေတဲ့ဆိုဒ်ထဲမှာပဲ လိုက်နေပါ ဆရာရယ်"

"အေး ငါဆုံးဖြတ်လိုက်ပြီ၊ မင်းတို့နဲ့ပဲ လိုက်နေတော့မယ်၊ ရွာက လူကြီးတွေကို ငါပြောလိုက်မယ်၊ သူရဲဘောနည်းတယ်လို့ ထင်ချင်ရင် ထင်တော့ကွာ"

"ဟာ ဆရာ တကယ်ပြောတာလား ကျွန်တော်ဒီအိမ်မှာ မနေချင်ဘာကြာပြီ၊ ဒီအိမ်အကြောင်း သိပြီးကတည်းက မနေချင်တော့တာ၊ ဆရာကို မပြောရဲလို့ စိတ်ကတထင့်ထင့်နဲ့ နေနေရတာ"

"အေးပါကွာ၊ မနက်ဖြန်ကစပြီး ဆိုဒ်ထဲပြောင်းနေဖို့

စီစဉ်လိုက်တော့၊ လိုအပ်တဲ့ ပစ္စည်းတွေလောက်သာယူသွား အသုံးမလို သေးတဲ့ ပစ္စည်းတွေဒီအိမ်မှာပဲထားခဲ့"

"ဟုတ်ကဲ့ ဆရာ ကျွန်တော် အားလုံးစီစဉ်လိုက်ပါ့မယ်"

နောက်တစ်နေ့ နံနက်မှာပင် ကျွန်တော် ပစ္စည်းများသိမ်းဆည်း ထုတ်ပိုးလိုက်သည်။ အပေါ်ထပ်၊ အောက်ထပ် မီးခုလုတ်နှင့် တံခါး များကို ပိတ်လိုက်သည်။ ခြံတံခါးသော့ခတ်လိုက်သည်။ ပစ္စည်းများ ကားပေါ်တင်လိုက်သည်။

အားလုံးပြီးသည်နှင့် ဆရာတပည့်နှစ်ယောက် ဆိုဒ်ထဲပြောင်းခဲ့ ကြသည်။ ယခင်နေခဲ့ဖူး၍ နေရာ၊ အဆောင် အဆင်သင့်ရှိနှင့်နေ ပြီဖြစ်သည်။ ဆရာနှင့်ကျွန်တော်အတူတူပင် နေခဲ့ကြသည်။ ဆိုဒ် ထဲရောက်ပြီးမှ စိုးထိတ်မှု မရှိတော့ဘဲ စိတ်ချ လက်ချ အိပ်စက်နိုင် တော့သည်။

ဤသို့ဖြင့် တစ်ပတ်ကျော်ခန့် ကြာခဲ့ပြီး ဆိုဒ်ထဲ[illegible]နေသား ကျလာပြီဖြစ်သည်။ ဆရာကို သီးခြားအ[illegible]န်း စီစဉ်[illegible]သော်လည်း ဆရာက ကျွန်တော့်တို့နှင့် အတူသာနေခဲ့သည်။ ဆယ်ရက်ခန့် အကြာတွင် ဆရာက-

"စိုးလွင်ရေ သတင်းစာတွေ ဆိုဒ်ထဲရောက်မလာသေးပါလား၊ မဖတ်ရတာကြာပြီ၊ ရတ်တရက်ပြောင်းလာတော့ သတင်းစာပို့တဲ့ သူ တို့ပြောင်းလာတာ မသိဘူးထင်တယ်၊ သတင်းစာဆိုဒ်ထဲ ပို့ပေး ဖို့ပြောပါဦး"

"ဟို ကျောက်ဝဲဂူအိမ်ကြီးကိုပဲ ဆက်ပို့နေမယ်ထင်တယ်"

"အိမ်တံခါးတွေ ပိတ်ထားတော့ သတင်းစာဘယ်နေရာပို့ခဲ့ လဲ"

"ကျွန်တော်လူကြုံနဲ့ မှာလိုက်ပါမယ်"

နောက်တစ်နေ့ ညနေဘက်တွင် သတင်းစာပို့သူ ဆိုဒ်ထဲ ရောက်လာသည်။

"ကျွန်တော်တို့ ဆိုဒ်ထဲပြောင်းလာတာ မသိသေးဘူးလား။

"ဆရာတို့ဒီပြောင်းလာတာ ဒီမနက်မှသိရတာ၊ ဆရာတို့ဟို အိမ် ဟ ရှိနေတယ်ထင်ပြီး သတင်းစာတွေ ကျောက်ဝဲဂူအိမ်ကိုပဲ ဆက်ပို့နေတာပါ။"

"အိမ်တံခါး အားလုံး ပိတ်ထားတော့ သတင်းစာ ဘယ်နေရာ မှာထားခဲ့တာလဲ"

"အပေါ်ထပ် ပြတင်းပေါက်ပွင့်နေတယ်၊ တစ်ခါတလေ ညနေ ဘက်သတင်းစာ သွားပို့ရင် ပြတင်းပေါက်မှာ နောက်ကျောပေး ပြီးရပ်နေတဲ့ ဆံပင်ကောင်းကောင်းနဲ့ မိန်းကလေး တစ်ယောက် တွေ့ရတတ်တယ်။ သူရှိတဲ့ ပြတင်းပေါက် တည့်တည့် သတင်းစာ လိပ်ခေါက်ပြီး ပစ်တင်ထားခဲ့တာပဲ"

"ဘာပြောတယ် အပေါ်ထပ်ပြတင်းပေါက် ပွင့်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ညနေစောင်းရောက်သွားရင် အပေါ်ထပ် မီးလင်းနေတာတောင် တွေ့ရတော့ ဆရာတို့ ရှိနေတယ်ပဲ ထင်တာ ပေါ့"

"ကဲ ကဲ စိုးလွင်ရေ ဒါတွေပြောမနေနဲ့တော့ မှောင်စတောင် ပြုနေပြီ သတင်းစာတွေ သွားယူလိုက်တော့"

"ဟာ ဆရာကလည်း ကျွန်တော်တစ်ယောက်တည်း သွားရ မှာလား"

မှောင်စပြုနေ၍ ကျွန်တော်တစ်ယောက်တည်း မသွားဝံ့သဖြင့် ဆရာ့ကို ပြန်ပြောလိုက်မိသည်။

သတင်းစာပို့သူက……

"ကျွန်တော်ပါ လိုက်ယူပေးမယ်၊ ကျွန်တော်နမော်နမဲ့နိုင်တာ လဲပါတယ်၊ အောက်ထပ်သော့ခတ်ထားပြီး အပေါ်ပြတင်းပေါက် မှာ မိန်းကလေး တစ်ယောက်နောက်ကျောဘက် တွေ့မိပြီးတော့ ကျွန်တော့် စိတ်ထဲ ထူးနေသလိုတောင် ဖြစ်ခဲ့မိတယ်။"

"ဒါဆိုလဲ စိုးလွင် အဖော်ရတာပေါ့ သိပ်မှောင်သွားမယ် သွား ကြတော့၊ စိုးလွင်အိမ်သော့ ယူသွားဦး"

သတင်းစာပို့သူ၏ စက်ဘီးဖြင့်ပင် ကျွန်တော်တို့ နှစ်ယောက် ဆိုဒ်ထဲမှာ ကျောက်ဝဲဂူ အိမ်ကြီးဘက်သို့ ထွက်လာခဲ့သည်။

စကားတပြောပြောဖြင့် နင်းလာခဲ့ရာ ကျောက်ဝဲဂူ ကုန်းထိပ် သို့ ရောက်လာသည်။ ကုန်းတက်ခရီးမို့ ကျွန်တော်တို့ စက်ဘီးပေါ်မှ ဆင်းလိုက်ကြသည်။ နှစ်ယောက်သား စက်ဘီးတွန်းပြီး ကျောက်ဝဲဂူ ကုန်းပေါ်ဆက်တက်ခဲ့ကြသည်။ မကြာမီ ခြံဝသို့ရောက်လာသည်။

"ဟော ဟိုမှာ တွေ့လား၊ အပေါ်ထပ်ပြတင်းပေါက် တံခါးပွင့် နေပြီး မီးလဲလင်းနေတယ်။"

သတင်းစာပို့သူက ကျွန်တော့်ကို လှမ်းပြောလိုက်သည်။ သူ့အ ပြောကြောင့် ကျွန်တော်အပေါ်ထပ်သို့ လှမ်းကြည့်လိုက်သည်။ ယခု ပြတင်းပေါက် တံခါးပွင့်နေပြီး အပေါ်ထပ်မီးလင်းနေသည်ကို မယုံနိုင် ဖွယ်လှမ်းတွေ့လိုက်သည်။

"ဟာ ဟုတ်ပါရဲ့ ဘယ်လိုဖြစ်သွားတာလဲ"

"ကျွန်တော် တွေ့ခဲ့တဲ့ ဆံပင်ဖားလျားချထားတဲ့ မိန်းကလေးက အိမ်စောင့်လား"

အဖြစ်မှန်မသိသော သတင်းစာပို့သူက ကျွန်တော့်ကိုမေးလိုက်သည်။

"အင်း ခင်ဗျားပြောတဲ့ အိမ်စောင့်ပဲဆိုပါတော့၊ လာအိမ်ထဲဝင်ကြမယ်၊ ခြံတံခါးဖွင့်ပြီး အိမ်ထဲဝင်ခဲ့ကြသည်။ သတင်းစာပို့သူက ကျွန်တော့်နောက်မှ လိုက်လာသည်။ အိမ်အပေါ်ထပ်တက်ပြီး သတင်းဟာယူရန် ကျွန်တော် တွန့်ဆုတ်နေမိသည်. ဤအိမ်အကြောင်းမသိသော သတင်းစာပို့သူက-

"ဆရာနေပါ။ ကျွန်တော်ပစ်တင်ထားတဲ့သတင်းစာ ကျွန်တော်ပဲ သွားယူလိုက်မယ်"

သတင်းစာပို့သူက အပေါ်ထပ်တက်သွားသည်။ ခဏအကြာမှာပင် သတင်းစာပို့သူ၏ ကြောက်လန့်တကြားအော်သံနှင့် အတူ အပေါ်ထပ်မှ ဒရောသောပါး ပြေးဆင်းလာသည်ကို တွေ့လိုက်ရ သည်။

"အမလေး တစ္ဆေ တစ္ဆေ ကြောက်စရာကြီး၊ ဆံပင်ဖားလျားကြီးနဲ့မျက်နှာကြီး ပြေး, ပြေးတော့ဆရာရေ"

ကြောက်ရွံ့ထိတ်လန့်မှုဖြင့် ကျွန်တော်တို့ နှစ်ယောက်အိမ်အပြင်ဘက်သို့ ပြေးထွက်ခဲ့ကြသည်။ စက်ဘီးကိုပင် သတိမရတော့ပါ။ သတင်းစာပို့သူက အော်ရင်းရှေ့မှ ပြေးသွားနေသည်။

"တစ္ဆေ တစ္ဆေ အပေါ်ထပ်မှာ တစ္ဆေရှိတယ်၊ ပြေး ပြေး နောက်ကလိုက်လာလား မသိဘူး"

ကျွန်တော်တို့ နှစ်ယောက် ကြောက်လန့်တကြားပြေးလာစဉ် ကွန်းပေါ်တက်လာသော ဆရာနှင့် ရှာသားသုံးလေးဦးကို တွေ့ရတော့မှ အပြေးရပ်သွားကြသည်။

"ဆရာ ဆရာ ကျောက်ဝဲဂူ အိမ်ကြီး အပေါ်ထပ်မှာ ဟို မိန်းကလေးရဲ့ ရုပ်ပျက်ဆင်းပျက် မျက်နှာကို သတင်းစာပို့တဲ့သူ တွေ့လိုက်လို့တဲ့"

ကျွန်တော်တို့နှစ်ယောက် အဖြစ်ကို ရှာသားများ တအံ့တသြ ဖြစ်နေကြသည်။

ဆရာက သတင်းစာပို့သူကို မေးလိုက်သည်။

"အဖြစ်အပျက်ကို ပြောပြပါဦး"

"ကျွန်တော်လိပ်ခေါက်ပြီး ပစ်တင်တဲ့ သတင်းစာတွေယူဖို့ အပေါ်ထပ်အတက်မှာ"

သတင်းစာပို့သူ စကားမဆက်နိုင်သေးဘဲ ဟောဟဲ ဟောဟဲ ဖြစ်နေသည်။ အကြောက်မပြေသေးပါ။ ကျွန်တော်က အဖြစ်အပျက်ကို ဆက်ပြောပြလိုက်သည်။

"မင်းတို့ ထွက်သွားတော့ မှောင်နေပြီ၊ ငါစိတ်ထဲ ထင့်နေလို့ လူစုပြီးလိုက်ခဲ့ကြတာ၊ ဘယ်လိုဖြစ်လို့ ပြေးလာကြတာလဲ"

"သတင်းစာယူဖို့ ကျွန်တော်အပေါ်ထပ် တက်သွားတယ်၊ မီးတွေလဲလင်းနေတယ်၊ ပြတင်းပေါက်နားမှာ ဆံပင်ဖားလျားချထားတဲ့ မိန်းကလေးတစ်ယောက် တွေ့လိုက်ရတယ်၊ ပထမတော့ နောက်ကျောဘက်သာ မြင်ရတာ၊ အဲဒီမှာပဲ သူကျွန်တော့်ဘက်လှည့်

လာတယ်၊ သွေးသံတရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက် မျက်နှာကို တွေ့လိုက်ရတယ်။ ဒဏ်ရာတွေ ပွနေတဲ့ မျက်နှာပါ၊ ကျွန်တော်လည်း ကြောက်လွန်းလို့ အော်ပြီးပြေးဆင်းလာခဲ့တာ"

"သြော် မိန်းကလေးက တို့ပြန်လာပြီး ဒီအိမ်မှာပြန်နေမယ်ထင်လို့ ရုပ်ပျက်ဆင်းပျက် မျက်နှာကိုပြပြီး ခြောက်လှန့်မောင်းထုတ်လိုက်တာပဲ၊ ကဲလာ သတင်းစာသွားယူမယ် လိုက်ခဲ့ကြ"

သတင်းစာပို့သူက မလိုက်ချင်တော့ကြောင်း အကြောက်အလန့်ငြင်းဆန်သည်။

ကျွန်တော်က--------

"ခင်ဗျားစက်ဘီး ယူရဦးမယ်လေ လူတွေအများကြီးပဲ ကြောက်စရာ မလိုတော့ပါဘူး"

ကျွန်တော်တို့အုပ်စု ကျောက်ဝဲဂူ အိမ်ရောက်ချိန်တွင် စောစောကလင်းနေသော မီးများမှောင်နေသည်ကို တွေ့ရသည်။

"စောစောက အပေါ်ထပ်မှာ မီးလင်းနေသေးတယ်၊ ခုတော့ မှောင်နေပါလား၊ မီးပျက်သွားတာ ဖြစ်မယ်"

ရွာသားတစ်ဦးက မှတ်ချက်ပြုရင် ပြောလိုက်သည်။

"ကျွန်တော် လိပ်ခေါက်ပြီး ပစ်တင်ထားတဲ့ သတင်းစာ ဆယ်စောင်လောက် ရှိမယ်ထင်တယ်"

"ကဲ လာ အပေါ်ထပ်သွားရအောင်"

ဆရာဦးဆောင်ပြီး အပေါ်ထပ်သို့တက်သွားသည်။ ဆရာက အသင့်ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် မီးခလုတ်ထိုးကြည့်ပြီး

ချောက်ခနဲ မီးခလုတ်ဖွင့်လိုက်သည်။ မီးများတစ်ခန်းလုံး ထိန်လင်းသွားသည်။ သတင်းစာပို့သူထံမှ အထိတ်တလန့် အသံကြားလိုက်ရသည်။

"ဟော ဟိုမှာ သတင်းစာတွေကြည့်ပါဦး၊ ကျွန်တော်လာပို့တုန်းက ကလိပ်ခေါက်ပြီး ပစ်တင်ထားခဲ့တာ၊ ခုတော့ ဖြန့်လျက်ဖြစ်နေပြီးထပ်ထားတာ ညီလို့ပါလား"

ကျွန်တော် သတင်းစာများ ကောက်ယူလိုက်သည်။ လိပ်ခေါက်ပြီး ပစ်တင်ထားခဲ့သော သတင်းစာများမှာ တစ်ဦးတစ်ယောက်ကဖြန့်ပြီး ညီညီညာညာစီ၍ ထပ်ထားသည့်ပုံစံဖြစ်နေသည်ကို အံ့ဩထိတ်လန့်ဖွယ် တွေ့ရပါတော့သည်။

*မောင်မောင်မိုးအောင်*



သစ်ပင်ပေါ်ကစံညှာင့်
ခြုံထဲကမြွေကြီး
မောင်မောင်မိုးအောင်

# သစ်ပင်ပေါ်က ဝိညာဉ်
# ခြံထဲက မြွေကြီး

မော်လမြိုင်မြို့အစွန်တွင် ဒေါင်းဆင်းရပ်အမည်ရှိ ရပ်ကွက်တစ်ခုရှိသည်။ အများက ဒေါင်းဇရပ်ဟုသာ ခေါ်ကြသည်။ မော်လမြိုင်မြို့မှ မုဒုံမြို့ဘက်သို့သွားသော ကတ္တရာလမ်းဘေးတွင် တည်ရှိသော ရပ်ကွက်ဖြစ်သည်။ မော်လမြိုင်မြို့ကိုရှေးအခါက မော်ရမြိုင်ဟု ခေါ်ခဲ့ကြသည်။ ဒေါင်းတို့ပျော်သည့်တောဟု အဓိပ္ပာယ်ရသည်။ မောရဝတီဟုလည်း ခေါ်ကြသည်။ ထိုရပ်ကွက်ကို ဥဒေါင်းငှက်များဆင်းသက်ခဲ့၍ ဒေါင်းဆင်းရပ်ဟု ခေါ်တွင်ခဲ့သည်။ ကာလကြာလည်သည်နှင့်အမျှ ဒေါင်းဆင်းရပ်မှ ဒေါင်းဇရပ် ဖြစ်လာသည်။ ထိုဒေါင်းဇရပ်ရပ်ကွက်သည် မြို့စွန်တွင်ရှိပြီး ဝင်းကြီး၊ ခြံကြီးများဖြင့် တစ်သီးတစ်ခြား ရှိနေသည်။ ထိုဒေါင်းဇရပ်အစွန် ခြံကြီးတစ်ခြံအတွင်း ရှေးဟောင်းနှစ်ထပ်ပျဉ်ထောင်အိမ်ကြီး တစ်ဆောင်ရှိနေသည်။ လူမနေသည်မှာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အိမ်နှင့်ခြံရောင်းမည်ဆိုသော ဆိုင်းဘုတ်ချိတ်ထားသည်ကိုလည်း တွေ့ရသည်။ ဆိုင်းဘုတ်သည်ပင် ဆွေးမြည့်ပျက်စီးနေပြီဖြစ်သည်။ ဈေးလျှော့ရောင်းသော်လည်း ဝယ်မည့်သူ မရှိဘဲဖြစ်နေသည်။ ဝယ်မည့်သူများက

ထိုခြံနှင့် အိမ်ကြီးအကြောင်း စုံစမ်းသိရှိပြီးနောက် မဝယ်ဖြစ်တော့ဘဲ လက်လျှော့သွားသည်သာများသည်။ ထိုခြံပိုင်ရှင် လင်းမယားနှစ်ဦးစလုံး ကွယ်လွန်သွားကြပြီဖြစ်သည်။ ခြံပိုင်၊ လယ်ပိုင်လုပ်ငန်းများနှင့် ငွေကြေးပြည့်စုံသူများဖြစ်ကြောင်း သိရသည်။ မြွေကြီးတစ်ကောင် ထိုခြံကြီးထဲရှိနေပြီး ဝိညာဉ်လိုလိုတစ်ခုလည်း သစ်ပင်ကြီးတွင် ရှိနေသည်ဟု ပြောနေကြသည်။

ညဘက်မှောင်မိုက်ချိန်များတွင် ထိုခြံအတွင်းရှိ သစ်ပင်ကြီးများပေါ်တွင် တစ်စုံတစ်ရာ သွားလာလှုပ်ရှားနေသည်ကို မြင်တွေ့သူများကမြင်တွေ့ခဲ့ကြသည်။ ထိုအကြောင်းများကြောင့် ထိုခြံကြီးကို ဝယ်ချင်သူများ မဝယ်ရဲဘဲ ဖြစ်နေကြသည်။ မိန်းမဖြစ်သူမှာ လူအသတ်ခံရ၍ သေဆုံးသွားသည်ဟု လူကြီးများက ပြောကြသည်။ လင်ယောကျ်ားဟာ ရိုးရိုးဖျားနာ၍ နောက်မှသေဆုံးသည်။ ထိုခြံကြီး၏ နောက်ကြောင်းရာဇဝင်ကို စုံစမ်းကြည့်လိုက်သောအခါတွင်မူ.....။

"ဒေါ်လေး ကျွန်တော့်ကို ငွေငါးထောင် ချေးပါဦး"

"ဘာပြောတယ် မောင်ဘတင့် ငွေငါးထောင်ဟုတ်လား၊ တလောက မင်းချေးထားတဲ့ ငွေသုံးထောင်ကိုတောင် ပြန်မဆပ်သေးဘဲ အခုငါးထောင်ထပ်ချေးမယ် ဟုတ်လား၊ ငါမပေးနိုင်ဘူး"

"လုပ်ပါ ဒေါ်လေးရယ်၊ ကျွန်တော် ဒီတစ်ခါ ဆက်ဆက်ပြန် ဆပ်ပါ့မယ်။"

"ငါမသိဘူး မှတ်နေသလား မောင်ဘတင့်၊ အခုမင်းက အရက် သောက်ရုံတင် မကတော့ဘူး၊ မူးယစ်ဆေးဝါးပါ သုံးနေပြီလို့ ငါကြားနေရတယ်၊ မင်းဦးလေးသိရင် မလွယ်ဘူး"

"ဦးလေးကို မပြောပါနဲ့၊ ဒေါ်လေးရယ်၊ ကျွန်တော်ပြန်ဆပ်ပါ့မယ်"

"မပေးဘူး မင်းမကျေနပ်ရင် မင်းဦးလေးဆီမှာသွားတောင်း၊ ငါမပေးနိုင်ဘူး"

"ဦးလေးက ဒေါ်လေးထက် ပိုဆိုးသေးတယ်၊ ဒေါ်လေးချေးပေးမှဖြစ်မယ်"

"ဒါတော့ ငါလည်း မတတ်နိုင်ဘူး မင်းဦးလေး ပြန်လာတော့မယ်"

စကားဆုံးသည်နှင့် ဘတင့်မီးဖိုချောင်ထဲ ဝင်သွားပြီး ထမင်းအိုးဟင်းအိုးဖွင့်ကာ စိတ်ကြိုက် ခူးခပ်စားနေပါတော့သည်။

ဒေါင်းဇရပ် ရပ်ကွက်တွင်နေထိုင်သော ဦးစိုး၊ ဒေါ်ဆင့်ဆိုလျှင် မသိသူမရှိသလောက်ပင် ဖြစ်သည်။ ဦးစိုး+ဒေါ်ဆင့်တို့ ဇနီးမောင်နှံမှာ ဒူးရင်းသီးခြံများ၊ လယ်ယာမြေများ၊ ပိုင်ဆိုင်ပြီး ချမ်းသာသူ များဖြစ်သည်။ သို့သော် သားသမီးမထွန်းကားခဲ့ပါ။ ဒေါင်းဇရပ်တွင် ခြံနှင့်ဝင်းသုံးခန်းတွဲ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတွင် နေထိုင်ကြသည်။ ဘတင့်မှာ ဦးစိုး၏တူအရင်းဖြစ်သည်။ ဘတင့်တစ်ယောက်သာ ဤအိမ်ကြီးသို့ ဝင်ထွက်သွားလာနေခဲ့သည်။ ဘတင့်မှာ ဒေါင်းဇရပ်ရှိ ဦးလေး၊ အဒေါ်တို့နှင့်အတူနေသူမဟုတ်ပေ။ အမျိုးများရှိရာ ငန်းတေးရွာနှင့် ညောင်ပင်ဆိပ်ရွာတို့တွင် အဆင်ပြေသလို နေထိုင်နေသူဖြစ်သည်။

ဘတင့်မှာ အသက်နှစ်ဆယ်ကျော်သည့်တိုင် မည်သည့်အလုပ်မှမလုပ်ဘဲ သောက်စားမူးယစ်နေသူဖြစ်သည်။ ငွေလိုတိုင်း ဦးလေးနှင့်အဒေါ်ရှိရာ ဒေါင်းဇရပ်သို့ ရောက်လာပြီး ငွေတောင်းလေ့ရှိသည်။

တောင်းမရလျှင် ချေးသည်။ ချေးသမျှငွေလည်း ပြန်ဆပ်သည်ဟူ၍ မရှိပေ။ အကြောင်းသိသော အဒေါ်ကငွေမချေးတော့ခြင်း ဖြစ်သည်။ အဒေါ်ဖြစ်သူ ငွေမပေးလျှင် ဘတင့်က မှည့်ပုည့်နှင့် အဒေါ်ဖြစ်သူကို ပြန်ပြောလေ့ရှိသည်။ ထိုအကြောင်းကို ခြံချင်းကပ်လျက် အိမ်များကပါ သိနေ၍ ရိုးနေသောကိစ္စဖြစ်နေသည်။

ဘတင့်က တော်တော်နှင့် မပြန်သေးဘဲ ဦးလေးဖြစ်သူကို စောင့်နေခဲ့သည်။ ညနေစောင်းမှ သူ့ဦးလေး ပြန်ရောက်လာသည်။ ဦးလေးက သူ့တူအကြောင်းသိထားသူဖြစ်၍ ရောက်ရောက်ချင်းပင် သူ့နေးကို မေးလိုက်သည်။

"ဟိုကောင် ဘတင့် ငွေလာတောင်းပြန်ပြီထင်တယ်၊ မင်း ပေးလိုက်ပြီလား"

"ဟုတ်တယ်၊ ငွေလာချေးတာ၊ ကျွန်မ ပိုက်ဆံမချေးလို့ စိတ်ဆိုးနေတာ၊ အစ်ကို့တူကို ပြောထားဦး၊ ခဏ ခဏ ပိုက်ဆံလာ တောင်းနေတယ်"

"အေးပါ ငါပြောလိုက်ပါ့မယ်"

ဦးလေးဖြစ်သူက ဘတင့်ကို ခေါ်ပြီးမေးလိုက်သည်။

"ဘတင့် ငွေလာချေးတာလား"

"ငွေနည်းနည်းလိုနေလို့ ဒေါ်လေးဆီက ငွေလာချေးတာ"

"ငွေက ဘယ်လောက်လိုနေလို့လဲ"

"ငါးထောင်လောက်ပါ။"

"မင်း ဘာအလုပ်မှမလုပ်ဘဲ ငွေလိုတိုင်း လာတောင်းနေမှ တော့ ဘယ်သူကအမြဲတမ်း ပေးနိုင်မှာလဲ၊ မင်းအဒေါ်ပြောတဲ့

ဦးလေးအရင်းဖြစ်တဲ့ ငါတောင် မင်းကို ပိုက်ဆံချေးချင်တာမဟုတ်ဘူး ပြန်ပေးတာရော ရှိလို့လား''

''ဒီတစ်ခါတော့ ချေးပါ ဦးလေးရာ ဂျွန်တော်သိပ်အရေးကြီးနေလို့ပါ။''

''ဒီမှာဘတင့် ငါပြောမယ် သေသေချာချာ နားထောင်၊ မင်းအခုအသက်နှစ်ဆယ်ကျော်နေပြီ။ အခုထက်ထိ ဘာအလုပ်မှ မလုပ်ဘူး။ သောက်လိုက်၊ စားလိုက်နဲ့ပဲ အချိန်ကုန်နေတာ၊ တို့လင်မယားမှာ သားသမီးရှိတာမဟုတ်ဘူး ဆွေမျိုးလည်းနည်းတယ်၊ ရှိတဲ့ဆွေမျိုးကလည်း အနီးနားမှာရှိတာမဟုတ်ဘူး။ ငါကခြံကိစ္စ၊ လယ်ကိစ္စနဲ့ ညဥ့်အိပ်ညဥ့်နေ ခရီးထွက်နေရတယ်။ မင်းငါတို့နဲ့ လာနေပါလား ငါ့အလုပ်တွေဝိုင်းလုပ်၊ ပြီးတော့ ငါမရှိတုန်း မင်းအဒေါ်ကိုလည်း စောင့်ရှောက်နိုင်တာပေါ့ ဘယ့်လိုလဲ''

''ဟာ ဒီမှာ မနေချင်ပါဘူး၊ ဒီမှာနေရင် လွတ်လပ်မှာ မဟုတ်တော့ဘူး၊ ငန်းတေးနဲ့ ညောင်ပင်ဆိပ်ရွာမှာက အပေါင်းအသင်းတွေနဲ့ ပျော်ဖို့ကော ...ဟာ စည်လည်းလူစည်တယ်၊ ဒီမှာက ခြံကြီး ဝန်းကြီးနဲ့ တိတ်ဆိတ်နေတာပဲ ဦးလေးတို့နဲ့ မနေနိုင်ပါဘူး''

''တော်တော်ပြောရခက်ပါလား၊ ဘတင့်ရယ် ဆွေမျိုးရင်းချာဆိုလို့ မင်းပဲအနီးဆုံးရှိတာ၊ တို့သေသွားရင် တို့ပိုင်တဲ့ ပစ္စည်းတွေမင်းပဲ အမွေရမှာစဉ်းစားပါဦး''

''ဟာ ဦးလေးကလဲ၊ ဒီမှာ အမြဲတမ်းမနေနိုင်ပါဘူး။ အခုလောလောဆယ် ငွေငါးထောင် အရင်ချေးလိုက်ပါ။''

''ကောင်းပြီ၊ ဒီတစ်ခါ နောက်ဆုံးအနေနဲ့ ပေးလိုက်မယ်၊

နောက်ကို ငါ့စကားနားထောင်မှ၊ ပြီးတော့မင်းအချိုးတွေ ပြောင်းမှ ဖြစ်တော့မယ်"

ဦးလေးဖြစ်သူက ဇနီးကို လှမ်းပြောလိုက်သည်။

"မဆင့်ရေ၊ ဘတင့်ကို ငွေငါးထောင်ပေးလိုက်ပါ ဒါနောက်ဆုံးပဲ"

"ပေးပေါင်း ဆုံးပေါင်းများလှပြီ၊ ဘတင့်သောက်စားမှုးယစ်ဖို့ ကျွန်မ မပေးနိုင်ဘူး၊ အစ်ကိုလည်း မပေးနဲ့တော့"

"ပေးပါ ဒေါ်လေးရယ်၊ ဦးလေးကိုယ်တိုင်က ပေးလို့ပြောတယ်လေ။"

"ငါက မယားပဲ နင့်ဦးလေးပိုင်တာ ငါလဲပိုင်တာပဲ၊ မပေးဘူး၊ မင်းကိုပေးရင် အဆိပ်ပင်ရေလောင်းသလိုပဲ ဖြစ်မယ်၊ မပေးဘူး"

"ပေးလို့ပြောနေတာ မကြားဘူးလား၊ ဒေါ်လေး၊ ငွေငါးထောင် ပေးမလား မပေးဘူးလား။"

"အံမယ် မင်းက ငါ့ကို ပေးမလား မပေးဘူးလားတဲ့၊ အပြောဆိုမိုက်ရိုင်းလိုက်တာ မပေးဘူး"

ဇနီးနှင့်တူတို့ စကားများနေသဖြင့် ဦးလေးဖြစ်သူ မနေသာတော့ဘဲ ဝင်ပြောရသည်။

"မဆင့်ပြောတာ အမှန်တွေချည်းပဲ၊ မင်းမိုက်ရိုင်းတာလည်းပါတယ်၊ ကဲ တဲ မင်းပြန်တော့"

"ဩော် ဦးလေးကလည်း မယားဘက်ပါသွားပြီပေါ့၊ ဒီမှာဒေါ်လေး တစ်နေ့ ကျွန်တော့်အကြောင်းသိရမယ်"

"တော်တော် မိုက်ရိုင်းတဲ့အကောင်ပါလား၊ ငါတို့ခြံထဲက မင်း အခုထွက်သွားတော့"

အဒေါ်ဖြစ်သူနှင့် ခွန်းကြီးခွန်းငယ်စကားများပြီး ဘတင့်က အဒေါ်ဖြစ်သူကို ပြောဆိုကြိမ်းမောင်းကာ အကျေမနပ်နှင့် ပြန်သွားကော့သည်။ အဒေါ်ဖြစ်သူက နှင်ထုတ်သည်။ ဘတင့်ကလည်း အဒေါ်ကို ပြောဆိုကြိမ်းမောင်း ပြန်သွားပြီးနောက်ပိုင်း ဘတင့် တစ်ယောက် ရောက်မလာတော့ပါ။ ဘတင့်ပျောက်နေသည်မှာ သုံးလခန့်ကြာခဲ့ပြီဖြစ်သည်။ ဦးလေးနှင့် အဒေါ်ဖြစ်သူတို့မှာလည်း တူဖြစ်သူဘတင့်နှင့် စကားများခဲ့သည်ကို မေ့မေ့ပျောက်ပျောက်ပင် ဖြစ်နေခဲ့ကြသည်။ ထိုစဉ် ဦးစိုးမှာ သုံးညအိပ်ခန့် ခရီးသွားရမည် ဖြစ်၍ ခြံချင်းကပ်ရက် ဘေးခြံများမှသူများကို ဇနီးဖြစ်သူ မဆင့် အားကြည့်ရှုထားရန် လိုက်လံမှာကြားပြီး ခရီးထွက်သွားတော့သည်။

ဦးစိုး ခရီးထွက်သွားပြီးနောက်တစ်နေ့ ညနေစောင်းအချိန် တွင်ဦးစိုးအိမ်မှ ဆူညံစွာဖြင့် စကားများသံကြားရသည်။ ညနေမှောင်စ ပျိုးချိန် ဦးစိုး၊ ဒေါ်ဆင့်တို့ခြံတွင်းမှ လူတစ်ယောက် ထွက်သွားသည်ကို ဘေးခြံမှလူများ မသဲမကွဲတွေ့လိုက်ကြသည်။ ဦးစိုး၏တူတော်စပ်သူ ဘတင့်ရောက်လာပြီး ငွေတောင်းစဉ် အဒေါ်က မပေး၍ စကားများပြီး ပြန်သွားသည်ဟုသာ ထင်ကြသည်။ ကိစ္စမျိုး မကြာခဏကြားနေကြမို့ အရေးတယူ ဂရုတစိုက်မထားခဲ့ကြပေ။ သုံးည အိပ်ခရီးထွက်သွားသော ဦးစိုးပြန် ရောက်လာသည်။ အိမ်တံခါးများ ပွင့်နေသည်။ အိမ်ပေါ်တက်လိုက်သည်နှင့် သွေးအိုင်ထဲတွင် လဲကျသေဆုံးနေသော ဇနီးသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ သည်။ ရင်ညွန့်တွင် ဓားဒဏ်ရာတွေ့ရသည်။ ဦးစိုးအကူအညီ

တောင်းခံလာတော့မှ ခြံချင်းကပ်ရက် မိတ်ဆွေများ သိရတော့သည်။ ဦးစိုးအိမ်တွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဦးစိုးရဲ့စခန်းသို့ သွား၍အမှုဖွင့် တိုင်တန်းလိုက်သည်။ မကြာမီ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင် ရောက်လာသည်။ အလောင်းကို ဆေးစာတတ်ပုံရိုက်ကြသည်။ ခြံချင်းကပ် နေသည့် အနီးဆုံးခြံမှ သူများကိုဦးစွာစစ်ဆေးမေးမြန်းသည်။

"ဒီပတ်ဝန်းကျင်မှာ ဒေါ်ဆင့်နဲ့ စကားများ ရန်ဖြစ်ဖူးတဲ့သူ ရှိလား၊ ရန်ငြိုးရန်စရှိခဲ့ဖူးသူများ ရှိလား"

"ဦးစိုးတို့၊ ဒေါ်ဆင့်တို့က လူအေးတွေပါ မတည့်တဲ့သူမရှိပါ ဘူး"

"ဦးစိုးခရီးထွက်သွားပြီးနောက် တစ်နေ့ကထင်တယ် ဒေါ်ဆင့်အိမ်မှာ ဆူညံဆူညံနဲ့ စကားများသံကြားလိုက်ရတယ်။"

"ဟုတ်ပြီ နောက်ရော ဘာတွေကြားရ၊ တွေ့ရသေးလဲ"

"အဲဒီလို စကားများသံကြားရပြီး၊ လူရိပ်လိုလို ဒေါ်ဆင့်ခြံ ထဲက ထွက်သွားသလိုပဲ"

"ဘယ်သူလို့ ထင်ပါသလဲ"

"အတိအကျတော့ မပြောတတ်ဘူး၊ ဦးစိုးရဲ့တူတစ်ယောက် တော့ မကြာခဏလာပြီး ဝင်ထွက်သွားလာနေတာတော့ သတိထား မိတယ်၊ အဲဒီနေ့က မှောင်စပျိုးနေပြီ၊ လူတစ်ယောက်ခြံထဲက ထွက်သွားတာ ရိပ်ခနဲ တွေ့လိုက်ရတယ်"

ရဲစခန်းမှူးက ကာယကံရှင် ဦးစိုးကို မေးလိုက်ပြန်သည်။ ဦးစိုး သွားခဲ့သည့် နေရာဒေသ၊ တွေ့ဆုံခဲ့သည့် သူများကို အသေးစိတ် မေးမြန်းသည်။

"ဦးစိုးကရော ဘယ်သူလို့ထင်လဲ၊ သံသယဖြစ်သူရော ရှိလား"

"ပြောရရင်တော့ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို ဖြစ်နေမယ်ထင်တယ်၊ ဒါပေမဲ့ ပြောရတော့မှာပဲ၊ လွန်ခဲ့တဲ့ သုံးလလောက်က ကျွန်တော့်တူလာပြီး ပိုက်ဆံတောင်းတယ်၊ တောင်းနေကျပါ၊ ကျွန်တော်ကပေးမယ် လုပ်နေတုန်း သူ့အဒေါ်ကမပေးဖို့ ဝင်တားတယ်၊ အဒေါ်နဲ့ ခွန်းကြီး ခွန်းငယ် စကားများပြီး ငွေမရဘဲ ပြန်သွားတယ်။ အဲ့ဒီတုန်းက အဒေါ်ကိုလည်း ကြိမ်းသွားသေးတယ်။ အင်း အခုကိစ္စမှာလည်း စကားများသံတွေ ကြားရပြီး ခြံထဲကထွက်သွားတဲ့ လူရိပ်လိုလို တွေ့ကြတယ်ဆိုတော့ ဒီကောင်ဘတင့်များ ဖြစ်နေမလားပဲ"

"အဲ့ဒီ ဘတင့်ဆိုတဲ့လူက ဘာအလုပ်လုပ်လဲ"

"ဘာမှ အလုပ်အကိုင် မယ်မယ်ရရမရှိပါဘူး၊ သောက်စားမူးယစ်နေတဲ့ အကောင်ပါ။"

"သူ့နာမည်က ဘတင့်နော်၊ ဘယ်အရွယ်လောက်လဲ။ ဘယ်မှာနေလဲ"

"ကျွန်တော့တူ အရင်းပါ၊ အသက်နှစ်ဆယ်ကျော်၊ အသားညိုညို ပိန်ပိန်ပါးပါးနဲ့ပါ၊ နေတာကတော့ ငန်းတေးရွာမှာ နေချင်နေတယ်။ ညောင်ပင်ဆိပ်ရွာမှာ နေလိုနေတယ်"

"အဖိုးတန် ပစ္စည်းတွေ ပါသွားသေးလား"

"ကျွန်တော့မိန်းမဝတ်တဲ့ လက်ကောက်လေးကွင်းပဲ ပျောက်နေတယ်။ ကျန်တဲ့ပစ္စည်းနဲ့ ငွေတွေ ဘာမှခြေရာလက်ရာ

မပျက်ဘူး၊ ပဇ္ဇည်းလိုချင်လို့ သတ်တယ်ဆိုရင်တော့ ရှိသမျှအားလုံး မွှေနှောက်ယူသွားတော့မှာပေါ့"

"ဒီလောက်သိရတာ ကျေနပ်ပါပြီ၊ လုပ်စရာလေးတွေရှိလို့ ခွင့်ပြုပါဦး"

လိုအပ်သလို မေးမြန်းမှတ်သားပြီး စခန်းမှူးနှင့်အဖွဲ့ ပြန်သွားသည်။ ဒေါ်ဆင့်အလောင်းကိုလည်း သယ်ယူသွားကြသည်။ ဘတင့်ကို ရှာဖွေမတွေ့တော့ကြောင်း သိရသည်။ ဘတင့်သွားတတ်သည့် နေရာနှင့် ဆွေမျိုးများ နေထိုင်ရာကို ရဲများကမေးမြန်းသည်။ လောလောဆယ် ဘတင့်ကို သံသယဖြစ်နေပြီ။ ဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း သိရသည်။

ခနီးဖြစ်သူ အသတ်ခံရပြီး နောက်ပိုင်း ဦးစိုးတစ်ဦးတည်းသာ အိမ်ကြီးတွင် ဆက်လက်နေထိုင်လျက်ရှိသည်။ ဆွေမျိုးများကို အတူနေရန်ခေါ်သော်လည်း မည်သူမျှအတူလာရောက် မနေကြပါ။ ဤသို့ဖြင့်တစ်နှစ်ခန့်ကြာခဲ့ပြီဖြစ်သည်။ ဘတင့်ကိုလည်း ဖမ်းဆီးရမိခြင်းမရှိသေးပေ။ ဘတင့်ပျောက်ချက်သား ကောင်းနေသည်။ အချိန်ကြာလာသည်နှင့်အမျှ ဒေါ်ဆင့်အသတ်ခံရသည့်ကိစ္စ၊ ဘတင့်ကိစ္စ မေ့ပျောက်စပြုလာကြပြီ ဖြစ်သည်။ သို့သော်ရဲစခန်း တွင်အမှုပိတ်သိမ်းခြင်း မရှိသေးပေ။

တစ်နေ့ညနေစောင်း အချိန်တွင် ခြံထဲ၌ သန့်ရှင်းရေး လုပ်နေသော ဦးစိုးထံမှ အထိတ်တလန့်အော်သံများ ကြားလိုက်ရသည်။

"ဒီကို လာကြပါဦး၊ ကယ်ကြပါဦး၊"

ဦးစိုးအော်သံကြောင့် ဘေးခြံမှ လူများ အပြေးအလွှားရောက်လာကြသည်။

"ကျုပ် ဒီမှာပါ၊ ကယ်ကြပါဦး"

ဦးစိုးမှာ ခြံထောင့်တစ်နေရာတွင် မြေပြင်တွင် လဲကျနေသည်ကိုတွေ့ရသည်။ ဦးစိုးခြေထောက်ကို မြွေကြီးတစ်ကောင်က ရစ်ပတ်ထားသည်ကို အံ့ဩဖွယ်လန့်ဖွယ် တွေ့လိုက်ကြသည်။

"ဟိုမှာ ဦးစိုး၊ မြွေကြီး အပတ်ခံထားရတယ်၊ ခြေထောက်ကိုပတ်ထားတာ"

"လုပ်ကြပါဦး"

မယုံနိုင်ဖွယ် မြင်ကွင်းကြောင့် တစ်ယောက်တစ်ပေါက် ဆူညံနေတော့သည်။ ထိုစဉ် သတ္တိရှိပုံရသော လုကြိုင်ဆိုသူ လူရွယ်က အနီးသို့တိုးကပ်သွားကာ ဝါးရင်းတုတ်ဖြင့် မြွေကြီးဦးကောင်းကိုရိုက်ရန်ချိန်ရွယ်လိုက်သည်။ ဦးစိုးကို ထိမည်စိုး၍ လုကြိုင်ဆို ချိန်ဆနေခြင်းဖြစ်သည်။ ထိုအခိုက် မြွေကြီးက အသိဉာဏ်ရှိသည့် အလား ဦးစိုးကို ရစ်ပတ်ထားသည်များ ဖြေလျှော့ပေးလိုက်ပြီး တောထဲသို့ဘိုးဝင် ပျောက်ကွယ်သွားပါတော့သည်။ ဦးစိုးကို ထူမပေးလိုက်ကြသည်။

"ဦးစိုး ဘာဖြစ်သွားသေးလဲ"

"ဘာမှ မဖြစ်ပါဘူး။ ကျုပ်ကို ပတ်ရုံပတ်ထားတာ။ အမြီးနဲ့ကျုပ်ခြေထောက်ကို ပတ်ထားပြီး ခေါင်းထောင်လာတယ်။ မျက်လုံးကကျုပ်ကို စိုက်ကြည့်နေတယ်။ ညှို့နေသလားလို့ ထင်ပြီး ကျုပ်သည်းကြောက်ကြောက်နဲ့ အော်လိုက်တာ။"

"ထူးဆန်းလိုက်တာဗျာ၊ ကျွန်တော် တုတ်နဲ့ရိုက်မယ်သီလို့ ရွယ်လိုက်တာနဲ့ ဦးစိုးကိုလွှတ်ပြီး တောထဲဝင်သွားတာ"

"တုတ်နဲ့ရိုက်ရင် သူ့ကိုထိမှာစိုးလို့လား၊ ဒါမှမဟုတ် ဦးစိုးကို ထိမှာစိုးလို့လား။ မြွေကြီးက ချက်ချင်းရှောင်ထွက်သွားတာ ထူးဆန်းနေတာတော့ အမှန်ပဲ"

"ဦးစိုးက တစ်ယောက်တည်း နေရင်သတိထားပါ။ အကြောင်းရှိရင် အသံပြုလိုက်ပါ၊ ကျွန်တော်တို့ လာခဲ့မယ်"

"အစက ဒီခြံထဲမှာ ဒီလိုမြွေမျိုးကို မတွေ့ဖူးပါဘူး၊ အခု ပထမဆုံးတွေ့ရခြင်းပဲ"

ထိုသို့ဦးစိုးကို သတိပေးပြောဆိုပြီး တစ်ဖြည်းဖြည်း လူစုကွဲကာ ပြန်သွားကြသည်။ ညအိပ်ရာဝင်စဉ် ဦးစိုးမှာ တစ်ယောက်တည်းတွေးနေမိသည်။ ယခင်က မိမိခြံအတွင်း၌ ဤကဲ့သို့စပါးကြီးမြွေမျိုးမရှိခဲ့ပေ။ ယခုတွေ့ရသော မြွေမှာရုတ်တရုတ် အမြီးဖြင့် မိမိကို ပတ်ထားသော်လည်း တင်းတင်းကျပ်ကျပ်မဟုတ်ပေ။ ပတ်ထားသည်ဆိုရုံမျှသာ ပတ်ထားသည်။ အန္တရာယ် ပြုလိုသည့် အနေအထားမျိုးလည်း မဟုတ်ပေ။ မိမိကို ပတ်ထားစဉ် မျက်လုံးကမိမိကို စိုက်ကြည့်နေသည်ကို မြင်ယောင်နေခဲ့သည်။ လူများရောက်လာပြီး တုတ်ဖြင့်ရိုက်မည်ရွယ်လိုက်သည်နှင့် မိမိကိုလွှတ်ကာ အလျင်အမြန် ရှောင်ဖယ်သွားခဲ့သည်။ မိမိကို ထိခိုက်ရိုက်မိမည်စိုး၍ ရှောင်ဖယ်သွားသည့် ပုံစံဖြစ်နေသည်။ ညနေက အဖြစ်အပျက်ကိုတွေးရင်း ဦးစိုး မေးကာနဲ အိပ်ပျော်သွားသည်။ မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိတော့ပါ။ မိမိအမည်ခေါ်သံ ကြားလိုက်ရသည်။

"အစ်ကိုစိုး အစ်ကိုစိုး ထပါဦး ကျွန်မပါ။"

ခေါ်သံကြောင့် အနီးသို့ကြည့်လိုက်ရာ မြွေကြီးတစ်ကောင်ကို ရုတ်တရက်တွေ့လိုက်ရသည်။

"ကျွန်မပါ မကြောက်ပါနဲ့"

"ကျုပ်ကို အစ်ကိုစိုးလို့ခေါ်တာ သေသွားတဲ့ ကျုပ်မိန်းမတစ်ယောက်ပဲ ခေါ်ခဲ့တာ"

"ဟုတ်တယ်၊ အစ်ကိုစိုး မိန်းမမို့လို့ အစ်ကိုစိုးလို့ ခေါ်လိုက်တာပေါ့၊ ညနေက အစ်ကိုစိုးကို ကျွန်မကျီစယ်လိုက်တာ တော်တော်ကြောက်သွားလား၊ အမြီးနဲ့ပတ်ရုံ ပတ်ထားတာပါ"

"ဟင် ဒါဆို မင်းကမဆင့်ပေါ့ ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ အစ်ကိုစိုးရဲ့ ဇနီးမယား မဆင့်ပါ၊ အစ်ကိုစိုးရဲ့တူတော်မောင် ဘတင့်လက်ချက်နဲ့ သေခဲ့ရတဲ့မဆင့်ပါ"

"ဘာ မင်းကို ဓားနဲ့ထိုးသတ်တာ ဘတင့် ဟုတ်လား"

"ဟုတ်ပါတယ်ရှင် အစ်ကိုစိုးမရှိတုန်း ငွေလာတောင်းတာ မပေးလို့ ကျွန်မကိုသတ်ပြီး ဝတ်ထားတဲ့ လက်ကောက်တွေ ချွတ်ယူပြီး ထွက်ပြေးသွားတာ ကျွန်မသေသွားတာသိပြီး ဘာပစ္စည်းမှဆက်ပြီး မယူတော့ဘဲထွက်သွားတာ၊ ကျွန်မကအစ်ကိုစိုး သံယောဇဉ်၊ ပစ္စည်းသံယောဇဉ် အစွဲတွေကြောင့် မြွေကြီးအဖြစ်နဲ့ ဒီခြံထဲရောက်နေတာ၊ နောက်ဆို ကျွန်မကိုတွေ့ရင် မကြောက်ပါနဲ့နော်"

"မင်းပြောတာ အမှန်ပဲနော်၊ မင်းဟာတကယ်ပဲ မဆင့်နော်၊ ပြီးတော့ မင်းကို သတ်ခဲ့တာ ဘတင့်ပဲပေါ့"

"သိပ်မှန်တာပေါ့ရှင်၊ ဒီကောင့်ကို လက်စားချေဖို့ ကျွန်မစောင့်နေတာ ရောက်လာလို့ကတော့"

ပြောပြောဆိုဆို မြွေကြီးက သူ့အမြီးဖြင့် ဦးစိုးကို ရစ်ပတ်လိုက်သည်။

"ဟာ မလုပ်နဲ့ မပတ်ပါနဲ့၊ ငါကြောက်တယ်၊ မပတ်ပါနဲ့"

ဦးစိုးတစ်ယောက် မပတ်ပါနဲ့ ငါကြောက်တယ်ဟု ပါးစပ်မှ အော်ဟစ်ရင်း အိပ်ရာမှ လန့်နိုးလာသွားခဲ့သည်။ ဦးစိုးတစ်ကိုယ်လုံး ချွေးများဖြင့် ရွဲနစ်နေသည်။ ဦးစိုးအိပ်ရာမှထပြီး မှန်အိမ်မီးထွန်းလိုက်သည်။ သည်တော့မှ မိမိအိမ်မက်မက်ပြီး လန့်နိုးလာခြင်းဖြစ်ကြောင်း သိလိုက်ရသည်။ ညဥ့်နက်သန်းခေါင် ကျော်ချိန်ဖြစ်နေသည်။ အရုဏ် ပင်မလာသေးပါ။ ထူးဆန်းသည့် အိမ်မက်အကြောင်းကို တွေးနေမိသည်။ အိပ်၍မပျော်တော့ပါ။ မိုးလင်းသည်နှင့် ရဲစခန်းသွားကာ အိမ်မက်အကြောင်းကို ပြောပြလိုက်ရသည်။ ဘတင့်သတင်းကိုလည်း မေးခဲ့သည်။ ဘတင့်မှာ ရှောင်တိမ်းနေဟန်တူသည်။ ယခုထက်တိုင် ဖမ်းဆီးရမိသေးခြင်း မရှိကြောင်း သိရသည်။

ဦးစိုးက သူ့အိမ်မက်အကြောင်း အိမ်နီးနားချင်းများကို ပြောပြလိုက်သည်။ ဦးစိုး အိမ်မက်သတင်းက ခေါင်းရေပ်တစ်ရပ်လုံး ပျံ့နှံ့သွားခဲ့သည်။ ကြားရသူများက မယုံတစ်ဝက် ဖြစ်နေကြသည်။

"သေသွားတဲ့ ဒေါ်ဆင့်က သူ့ဥစ္စာပစ္စည်းတွေကို ခွဲပြီးခြံထဲမှာ မြွေကြီးဖြစ်နေတာတဲ့"

"ဦးစိုးကို တစ်နေ့က ပတ်ထားတဲ့ မြွေကြီးက ဒေါ်ဆင့်ဟုတ်လား"

"ဒေါ်ဆင့်က သူ့တူဘတင့်သတ်လို့ သေရတာတဲ့၊ ဦးစိုးကို အိမ်မက်ပေးပြီး ပြော်တာတဲ့"

"ဒေါ်ဆင့်က သူ့ကိုသတ်သွားတဲ့ ဘတင့်ကို လက်စားချေဖို့ မြွေကြီးအဖြစ်နဲ့ ခြံထဲမှာ စောင့်နေတာတဲ့"

"သူ့ကို အိမ်မက်ပေးတဲ့ မြွေကြီးဟာ မဆင့်ပါလို့ ဦးစိုးကိုယ်တိုင်က ပြောတာ၊ သူ့အိမ်မက်အကြောင်း ရဲစခန်းကိုတောင် သွားပြောခဲ့ပြီးပြီ"

ဤသို့ဖြင့် ဦးစိုး မြွေပတ်ခံရသည့်အဖြစ်နှင့် မြွေကြီးအိမ်မက်ပေးသည့်အကြောင်းက ပတ်ဝန်းကျင်ဝယ် ပျံ့နှံ့သွားတော့သည်။ ဦးစိုးလည်း ပုံမှန်သူ့ခြံကို သန့်ရှင်းရေး ပြုလုပ်မြဲဖြစ်သည်။ တံမြက်စည်းလှဲ၊ သစ်ရွက်ခြောက်ရှင်း၊ အမှိုက်များမီးရှို့ စသည်ဖြင့် ပြုလုပ် နေကျဖြစ်သည်။ ဦးစိုး ထိုသို့ပြုလုပ်တိုင်း မလှမ်းအကမ်း ဦးစိုးနှင့် မနီးမဝေးတွင် စပါးကြီးမြွေတစ်ကောင် ရှိနေတတ်သည်။ ဦးစိုး မကြောက်တော့ပါ။ ထိုမြွေကြီးကို တွေ့သည့်လူများက တွေ့သွားသည်။ ဦးစိုးက မြွေကြီးကို မရိုက်နှက်၊ မမောင်းထုတ်ရန် ပြောထားသဖြင့် ကြည့်ရုံသာ ကြည့်နေကြသည်။ တစ်ခါတစ်လေ ဦးစိုးကမြွေကြီးကို စကားလှမ်းပြောနေသည်ကိုလည်း တွေ့ရတတ်သည်။ ဦးစိုးအလုပ်လုပ်ပြီး ခေတ္တအနားယူစဉ် မြွေကြီးမလှမ်းမကမ်းသို့ ရောက်လာပြီး ဦးစိုးကို ကြည့်နေလေ့ရှိသည်။ အချိန်ကာလကြာလာသည်နှင့် အမျှ ဦးစိုးနှင့် မြွေကြီးအဖြစ်က ပတ်ဝန်းကျင်တစ်ပိုက်ဝယ် ရိုးနေပြီဖြစ်သည့် အဖြစ်အပျက်ဖြစ်သည်။ အထူးအဆန်း မဖြစ်တော့ပေ။ ဖြတ်သွားဖြတ်လာပြုသူတိုင်း ဦးစိုးနှင့် မြွေကြီးကို လှမ်းကြည့်သွားကြရုံသာဖြစ်သည်။

ယခု ဦးစိုးကို မတွေ့ရသည်မှာ သုံးရက်ခန့်ရှိပြီဖြစ်သည်။ သူ့ခြံသန့်ရှင်းရေး လုပ်သည်ကိုလည်း မတွေ့ရတော့ပေ။ ညဥ့်အိပ် ညဥ့်နေခရီး သွားဖြစ်လျှင်လည်း နံဘေးခြံမှ အိမ်များကို မှာသွားလေ့ရှိသည်။ ယခုမည်သည့်သတင်းမှ မရဘဲ ဦးစိုးပျောက်နေသည်။ ခြံတံခါး၊ အိမ်တံခါးများလည်း ပိတ်ထားလျက်သာ တွေ့ရသည်။ အိမ်နီးနားချင်းများက မသင်္ကာ ဖြစ်လာသည်။ ရပ်ရွာလူကြီး ဦးထွန်းခနှင့် တိုင်ပင်ညှိနှိုင်းပြီး ဂုဏ်သရေရှိလူကြီးများနှင့်အတူ အိမ်တံခါးဖျက်ကာ အိမ်ထဲဝင်ကြည့်ကြသည်။ အိမ်ရှေ့ဧည့်ခန်းတွင်းဝယ် မှောက်လျက်သားဖြင့် လဲကျသေဆုံးနေသော ဦးစိုးအလောင်းကို မျှော်လင့်ဘဲ တွေ့လိုက်ကြရသည်။ ရပ်ရွာလူကြီး ဦးထွန်းခ ဦးဆောင်ကာ ရဲစခန်းသို့ သွားရောက်သတင်းပို့သည်။ ရဲစခန်းမှ ရဲများရောက်လာကာ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပြီး အလောင်းကိုသယ်ယူသွားကြသည်။ သေဆုံးသူ ဦးစိုး၏ကိုယ်ပေါ်တွင် မည်သည့်ဒဏ်ရာမှ မတွေ့ရပေ။

ဦးစိုးမှာ အသတ်ခံရခြင်း မဟုတ်ဘဲ ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း နောက်မှသိရသည်။ အိမ်နီးနားချင်းများက ဦးစိုး၏ဆွေမျိုးများ နေထိုင်ရာ လိပ်စာမသိ၍ သတင်းစာများတွင် ဦးစိုးနာရေးကြော်ငြာ ထည့်လိုက်သည်။ နာရေးကြော်ငြာကြောင့် ဦးစိုး၏ ဆွေမျိုး သုံး၊လေးဦး ရောက်လာကြသည်။ ဆွေမျိုးများကို စောင့်ဆိုင်းလိုသေး၍ ဦးစိုးအလောင်းကို ငါးရက်ထားပြီးမှ သဂြိုလ်ခဲ့သည်။ ဦးစိုးဈာပန ရက်မလည်မီ တစ်ရက်အလိုတွင် အဒေါ်ကိုသတ်မှုဖြင့် ရဲများအလိုရှိနေသော ဘတင့်ရောက်လာသည်။ မည်သည့်ဒေသရောက်မှန်းမသိသော တူတော်သူ ဘတင့်ရောက်လာပြီး ဦးစိုး၏ ဆွေမျိုးလေးဦးနှင့် အမွေကိစ္စ တိုင်ပင်ကြသည်။ အိမ်ကြီးကို ရောင်းပစ်ပြီး

အမွေခွဲမည်ဟု ဆိုကြသည်။ ထိုနေ့ညနေဘက် အိမ်ပေါ်တွင် အမွေကိစ္စ ဆွေးနွေးတိုင်ပင်နေကြစဉ် အိမ်အောက်မှ လူများရုတ်ရုတ်သဲသဲဖြစ်သံ ကြားလိုက်ရသည်။ အိမ်အောက်ထပ်တွင် လူများဝိုင်းအုံပြီး တစ်စုံတစ်ခု ကို ကြည့်ရှုနေကြသည်။

"ဟာ စပါးကြီးမြွေပါလား"

"ဦးစိုးနားမှာ မကြာခဏတွေ့တွေ့နေရတဲ့ မြွေကြီးဖြစ်မယ်"

"မရိုက်ကြပါနဲ့ ဦးစိုးက ဒီမြွေကိုမရိုက်ဖို့မှာထားတယ်"

"ဒေါ်ဆင့်သေပြီး မြွေအဖြစ်နဲ့ ဒီခြံထဲရောက်နေတဲ့ မြွေကြီး ထင်တယ်"

"ဦးစိုးပြောတာ ကြားဖူးတယ်။ ဒေါ်ဆင့်က သူ့ကိုသတ်သွား တဲ့သူကို လက်စားချေတုံ့ပြန်ဖို့ မြွေအဖြစ်နဲ့ ဒီခြံထဲမှာ စောင့်နေ တာတဲ့"

"အင်း ဖြစ်နိုင်တယ်၊ အခုအိမ်အပေါ်ထပ်မှာ ဘတင့်ရောက် နေတယ်၊ အမွေခွဲဖို့ကိစ္စ ပြောနေကြတယ်၊ ဘတင့်ရောက်လာလို့ မြွေကြီးက လူတွေကိုမကြောက်ဘဲ ရောက်လာတာလား"

မြွေကြီးကို ဝိုင်းအုံကြည့်ရှုနေသူများ တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာ ပြောဆိုနေကြစဉ်မှာပင် ရဲစခန်းမှ ရဲများရောက်လာ ကြသည်။ ထိုစဉ် အိမ်ပေါ်မှ ပြေးဆင်းလာသော ဘတင့်ကိုတွေ့ ရသည်။ မြွေကြီးထံ အာရုံရောက်နေသော လူစုကဘတင့်ထံ အာရုံ ပြောင်းသွားသည်။ အသင့်စောင့်နေသော ရဲများက ဘတင့်ကို ဝိုင်းဝန်း ဖမ်းဆီးပြီး ရဲစခန်းသို့ ခေါ်ဆောင်သွားကြသည်။ အဒေါ်ဖြစ်သူ ဒေါ်ဆင့် ကို သတ်မှုဖြင့် ဘတင့်ကိုရဲများ လာရောက်ဖမ်းဆီးခြင်း ဖြစ်သည်။

ဦးစိုး၏ နာရေးသတင်းကို သတင်းစာထဲ ထည့်သွင်းကြော်ငြာရန် ရဲများက တိုက်တွန်းပြောဆိုခဲ့ကြောင်း နောက်မှသိရသည်။ ရဲများကို ဘတင့်ကဖမ်းဆီးခေါ်ဆောင် သွားပြီးနောက် လူများသတိရ၍ မြွေကြီး ဆီပြန်လာကြသည်။ မြွေကြီးကို လုံးဝမတွေ့ရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားတော့သည်။

ဦးစိုး အသုဘရက်လည်ပြီးသည့်တိုင် အမွေခွဲဝေရေးကိစ္စ မပြီးမပြတ်နိုင်ဘဲ ဖြစ်နေသည်။ ဦးစိုးရရှိရန်ရှိသည့် ကြွေးမြီစာရင်း စာရွက်စာတမ်းများကိုလည်း တွေ့ရှိရသည်။ ရရန်ရှိသည့် ထိုကြွေးမြီများ တောင်းခံရရှိပြီးမှ အမွေခွဲရန် သဘောတူကြသည်။ နောက်တစ်လ တိတိတွင် ဦးစိုးအိမ်၌ပင် ပြန်ဆုံရန် တိုင်ပင်ထားကြသည်။ ဦးစိုးသေဆုံး ပြီး တစ်လပြည့်သည့်နေ့တွင် လပတ်ဆွမ်းကျွေးဒါန ပြုမည်ဖြစ်၍ ထိုနေ့တွင်မှ လူကြီးစုံရာရှေ့တွင် အမွေခွဲယူရန် အိမ်ကိုလည်းတံခါး ပိတ်ထားခဲ့ပြီး အိမ်သော့ကို ရွာလူကြီး ဦးထွန်းခထံတွင် အပ်နှံ ထားခဲ့ကြသည်။

ဦးထွန်းခမှာ ဦးစိုးနှင့် ရင်းနှီးခင်မင်သူလည်း ဖြစ် သည်။ ဦးစိုးတို့ခြံကြီးမှာ လောလောယယ်နေသူမရှိဘဲ တိတ်ဆိတ် ငြိမ်သက် နေတော့သည်။ မှောင်စပျိုးချိန် ခြံအနီးမှ ဖြတ်သွားစဉ် ခြံအတွင်း၌ လူရိပ်လိုလို တွေ့သူကတွေ့ကြသည်ဟု ဆိုသည်။ ညဘက် လရောင်ဖြင့် လည်း သစ်ပင်များပေါ်တွင် တစ်စုံတစ်ခု လှုပ်ရှားသွားလာနေသည်ကို တွေ့ကြရသည်ဟု ပြောသူက ပြောကြသည်။ ထိုအရာသည် ကွယ်လွန်ခဲ့ သူ ဦးစိုး၏ဝိညာဉ်ဟု ယုံကြည်သူက ယုံကြည်နေကြသည်။ ဦးစိုး မကျွတ်မလွတ်ဘဲ သူ့ဝိညာဉ်မှာ သူ့ခြံထဲ၌ရှိနေသည်ဟု ဆိုကြသည်။

အိမ်ရှေ့ရောင်းမည့် ဆိုင်းဘုတ်ကိုလည်း ခြံဝတွင် ချိတ်ဆွဲကြော်ငြာထားပြီးဖြစ်သည်။ ဆွေမျိုးတစ်ဦး၊ နှစ်ဦးက ခြံဝင်းအတွင်းရှိ သစ်ပင်ကြီးများကို ခုတ်လှဲပြီး ထင်းအဖြစ်ရောင်းစားပစ်ကြသည်။ အလွယ်တကူရရှိနိုင်သည့် ပစ္စည်းများကို သယ်ယူသူက သယ်နေကြသည်။ ဦးရာလူက ရနိုင်သမျှ ပစ္စည်းများ ယူငင်နေကြသည်။ ဤသို့ဖြင့် ဦးစိုးကွယ်လွန်ခဲ့သည့် တစ်လပြည့်ရန် တစ်ရက်အလိုတွင် ဆွေမျိုးများ ရောက်လာကြသည်။ လပတ်ဆွမ်းအတွက် အလုပ်အကိုင်နေ့လည်း ဖြစ်သည်။ ဆွေမျိုးလေးဦးက လူကြီးစုံရာရှေ့တွင် အတွင်းပစ္စည်းများ ထပ်မံရှာဖွေကြသည်။ သေတ္တာတစ်လုံးအတွင်းမှ ဒေါ်ဆင့်၏ လက်ဝတ်လက်စားအနည်းငယ်နှင့် ငွေစက္ကူအမြောက်အများတွေ့ရသည် ငွေစက္ကူများမှာ အစီးလိုက် အုပ်လိုက်ဖြစ်သည်။ ဦးစိုးနှင့် ဒေါ်ဆင့်တို့မှာ ရိုးသားသည့် သူများဖြစ်၍ ငွေကိုဘဏ်တွင် အပ်နှံထားခြင်းမရှိဘဲ အိမ်တွင်သာ သိမ်းဆည်းထားကြသည်။ ငွေစက္ကူသိန်း (၂၀)နီးပါးကိုတွေ့သည်။ လောလောဆယ် အချုပ်ကျနေသူ ဘတင့်အတွက်ပါထည့်တွက်၍ လူငါးဦး ထိုငွေများကို ခွဲဝေယူရန် သဘောတူကြသည်။ အတွင်းပစ္စည်းများကိုလည်း ထိုနည်းအတိုင်း ခွဲဝေယူကြမည်ဖြစ်ကြောင်းသိရသည်။

ဦးစိုးနှင့် ဒေါ်ဆင့်နှစ်ဖက်ပေါင်းမှ ဆွေမျိုးရင်းချာ လေးဦးရောက်လာကြသည်။ အချုပ်ကျနေသူ ဘတင့် အပါအဝင် ငါးဦးဖြစ်သည်။ ရောက်လာသည့် လေးဦးတွင် ဦးလှိုင်ဆိုသူမှာ အသက်အကြီးဆုံး ဖြစ်သည်။ ဦးစိုး၏ ဘထွေးတော်စပ်သူ ဖြစ်သည်။ ကျန်သည့်ဆွေမျိုးများအပေါ် သြဇာညောင်းသူလည်း ဖြစ်သည်။ အမွေကိစ္စ စီစဉ်ဆောင်ရွက်ပေးရန် ရွာလူကြီးဦးထွန်းခကို အပ်နှံထားကြ

သည်။ ယခု ဦးထွန်းခလည်း ရောက်ရှိနေပြီဖြစ်သည်။ မနက်ဖြန် ဆရာတော်ကိုယ်တိုင် ကြွရောက်လာမည် ဖြစ်သည်။ ဆရာတော်မှာ ကွယ်လွန်သွားသူ ဦးစိုး၏ ဆရာရင်းဖြစ်သည်သာမက ရင်းနှီးသူလည်း ဖြစ်သည်။ ဦးစိုး၏ ဘထွေးတော်စပ်သူ ဦးလှိုင်ကို ရွာလူကြီး ဦးထွန်းခ ကပြောလိုက်သည်။

"ငွေတွေ၊ ပစ္စည်းတွေ အမွေခွဲတာ မနက်ဖြန်မှ ဆောင်ရွက်ရင် မကောင်းဘူးလား၊ ကိုစိုးရဲ့ ဆရာတော်ကလည်း ကြွလာမယ်ဆိုတော့ ဆရာတော် ရှေ့မှောက်မှာဆို ပိုကောင်းမယ်ထင်ပါတယ်"

"ကောင်းပါတယ် မောင်စိုးက ဆရာတော်ရဲ့ ဒကာရင်းပဲ။ ကောင်းသလိုသာလုပ်ပါ၊ ဒါဆိုရွာလူကြီးကလည်း ဒီည ဒီမှာပဲ အိပ်ပါလား၊ အပေါ်ထပ်က အကျယ်ကြီးပါ"

"ရပါတယ် အိပ်ရာဝင်ရင်း စကားပြောဖော်ရတာပေါ့၊ ဦးစိုးက ကျွန်တော်နဲ့ ညီအစ်ကိုအရင်းတွေလို ခင်မင်နေကြတာ၊ တိုင်ပင်ဖော် တိုင်ပင်ဖက်ပေါ့။"

"ဒါဆို ပိုကောင်းတာပေါ့၊ အတူတူအိပ်ကြမယ်"

ဦးလှိုင်မှာ ရွာလူကြီး ဦးထွန်းခထက် အသက်ပိုကြီးသော်လည်း ဦးထွန်းခကို ကျွန်တော်ဟု သုံးနှုန်းပြီး လေးလေးစားစား ဆက်ဆံသည်။

"ဦးလှိုင်မှာ စာချုပ်စာတမ်းတွေ အဆင်သင့်ရှိတယ် မဟုတ်လား"

"ရှိပါတယ် အဆင်သင့်လုပ်ထားပါတယ်"

"ကောင်းပါတယ် လောလောဆယ် အချုပ်ကျနေတဲ့ အတင့် အတွက်ပါထည့်ပြီး ခွဲဝေကြမယ် မဟုတ်လား"

"ဘတင့် ဆိုးပေတာလည်း ကြားပါတယ်၊ သူကမောင်စိုးရဲ့ တူအရင်းပဲ၊ သူလည်းတစ်ပုံပေးရမှာပေါ့၊ ခြံနဲ့အိမ် လောလောဆယ် ရောင်းလို့မထွက်သေးတော့ မောင်စိုးတို့ကပဲ ထိန်းသိမ်းထားပေးပါ"

"မနက်လူကြီးစုံရာရေမှာ ပြောကြတာပေါ့၊ အရက်သွမ်းဆိုတော့ စောစောထရမှာ အိပ်ကြစို့"

ခြံက လွန်စွာကျယ်သည်။ ခပ်လှမ်းလှမ်းတွင် ချက်ပြုတ်နေသူများဖြင့် ဆူညံနေသော်လည်း အိမ်ကြီးအပေါ်ထပ်တွင် တိတ်ဆိတ်နေလျက်ရှိနေသည်။ ရွာလူကြီး ဦးထွန်းခနှင့် ဦးလှိုင်တို့နှစ်ဦး ယှဉ်တွဲလျက်အိပ်ကြနေသည်။ စကားတပြောပြောရှိနေသဖြင့် တော်တော်နှင့် မအိပ်ဖြစ်ကြပါ။ ချက်ပြုတ်နေရာဘက်ဆီမှ စကားသံများကြားနေရဆဲဖြစ်သည်။ ဦးလှိုင်က အိပ်ပျော်သွားပြီ ဖြစ်သော်လည်း ဦးထွန်းခက အတွေးများဖြင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေသည်။ ဦးစိုးတို့ လင်မယားမှာ သဘောမနောကောင်းပြီး အလှူဒါန၊ ရက်ရောသူများလည်း ဖြစ်သည်။ ယခုရောက်ရှိနေသော ဦးစိုး၏ဆွေမျိုးများမှာ လောဘသမားများ ဖြစ်ပုံရသည်။ ဦးစိုး၏ ပစ္စည်းများကို လောဘတက်နေကြသည်။ သို့သော် အထောက်အထား ပြောစကားများအရ ဦးစိုး၏ ဆွေမျိုးရင်းချာ သွေးသားတော်စပ်သူများဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။ မနက်ဖြန် အမွေခွဲဝေရေးကိစ္စ တွေးတော်ရင်း မေးတနဲ့ အိပ်ပျော်သွားသည်။

"ထွန်းခ၊ ထွန်းခ ထပါဦးကွာ ငါပါကွ"

"ဟင် ဘယ်သူလဲ ခင်ဗျား ဘယ်သူလဲ ကျုပ်ကိုထွန်းခလို့ ခေါ်တာ ကိုစိုးတစ်ယောက်ပဲ ရှိတာ"

"ထွန်းခရယ် ငါ့ကိုမမှတ်မိတော့ဘူးလား၊ ငါကသေပြီးသား

လူပါကွာ၊ ငါသေပြီး ဒီခြံနဲ့ပစ္စည်းတွေ၊ ငွေတွေကို စွဲလမ်းတဲ့ ဥပါဒါန်ကြောင့် ငါ့ဝိညာဉ်၊ ဒီခြံထဲရောက်နေတယ်၊ ငါ့မိန်းမလည်း မကျွတ်မလွတ်ဘဲ ဒီခြံထဲမှာ မြွေကြီးအဖြစ်နဲ့ ရှိနေတယ်၊ ဒါကိုမသိဘူးလား"

"ဘာပြောတယ်၊ ကိုစိုး မဆင့်က မြွေကြီးဖြစ်နေတယ် ဟုတ်လား၊ ဒါနဲ့ ကိုစိုးကရော ဘယ်မှာနေနေတာလဲ"

"ငါ ဒီခြံထဲက သစ်ပင်တွေပေါ်မှာ နေတာ ငါနေတဲ့ သစ်ပင်တွေခုတ်လှဲပြီး ထင်အဖြစ်ရောင်းစားနေကြတော့ နေစရာမရှိဖြစ်တော့မယ်၊ ဒါတွေ မကျေနပ်လို့ ခုလိုလာပြောရတာ"

"ကိုစိုး ဘာဖြစ်ချင်လဲ ပြောပါ လုပ်ပေးပါ့မယ်"

"ငါ့ငွေတွေ သူကို့ကို မပေးနဲ့၊ ဟိုတုန်းက ငါတို့လင်မယားနှစ်ယောက်ထဲ ရှိတာ ဘယ်သူမှမလာကြဘူး၊ လာကြည့်ဖော်တောင်မရဘူး၊ အခုမှ လာပြီးလောဘတက်နေကြတာ၊ ငါ့ငွေတွေမပေးနိုင်ဘူးနော်၊ မနက်ဖြန် ဆွမ်းကျွေးအလှူမှာ ဆရာတော်ကြွလာမယ် ငါ့ငွေတွေအားလုံး ဆရာတော်ကို လှူပေးပါ၊ ဆရာတော်ကို ငါကတိပေးထားတာရှိတယ်၊ နောက်ဆုံးအနေနဲ့ ငါ့ဆန္ဒကို လိုက်လျောပြီးဆောင်ရွက်ပေးပါ"

"ကောင်းပါပြီ ကိုစိုး၊ ကိုစိုးဆန္ဒရှိတဲ့အတိုင်း ဆောင်ရွက်ပေးပါ့မယ်၊ စိတ်ချနေပါ ကိုစိုး"

ရွာလူကြီး ဦးထွန်းခ၊ အိပ်မက်မက်နေခြင်းဖြစ်သည်။ အိပ်မက်ထဲတွင် သူငယ်ချင်းကိုစိုးနှင့် စကားပြောနေစဉ် တစ်စုံတစ်ဦးက လှုပ်နှိုးလိုက်သဖြင့် မိမိခြေရင်းတွင် ဦးလှိုင်ကိုတွေ့လိုက်ရသည်။

"ဟင် ဦးလှိုင်၊ ကျွန်တော့်ကို နှိုးလိုက်တာလား၊ ဘာဖြစ်လို့

လဲ၊ ကျွန်တော်အိမ်မက် မက်နေတာ၊ အိမ်မက်ထဲမှာ ကိုစိုးနဲ့စကား ပြောနေတာ"

"ဘာ အိမ်မက်ထဲမှာ မောင်စိုးနဲ့တွေ့ပြီး စကားပြောနေတယ် ဟုတ်လား၊ ကျွန်တော့်ကိုလည်း မောင်စိုးက အိမ်မက်ပေးလို့ပြော ပြချင်တာနဲ့ အခုလို နိုးလိုက်ရတာ၊ ဒါနဲ့မောင်စိုးက ဘယ်လိုအိမ် မက်ပေးတာလဲ"

ရွာလူကြီး ဦးထွန်းခက မောင်စိုး အိမ်မက်ပေးသည့်အကြောင်း အပြည့်အစုံ ပြောပြလိုက်သည်။

"မောင်စိုးက သူ့ငွေတွေနဲ့ ဝေမပေးဘဲ ဆရာတော်ကို အားလုံး လှူရမယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲ့ဒီအတိုင်း အိပ်မက်ပေးခဲ့တာ"

"ထူးဆန်းလိုက်တာဗျာ၊ အိပ်မက်ချင်းက တူနေပါသား၊ ကျွန်တော့်ကိုလည်း သူ့ငွေတွေ မယူဘဲ ဆရာတော်ကို လှူဖို့အိမ် မက်ပေးခဲ့တာ ဒါကြောင့် လန့်နိုးလာပြီး ရွာလူကြီးကိုနှိုးလိုက်တာ၊ တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ဘယ်လိုယုံရမှန်းတောင် မသိတော့ဘူး"

"မနက်ဖြန် ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ အိပ်မက်အတိုင်း ငွေတွေ ဆရာတော်ကို လှူမှာလား"

"ရွာလူကြီးသဘောကရော ဘယ်လိုလဲ"

"ကျွန်တော့် သဘောကတော့ အိပ်မက်ထဲကအတိုင်း ဆောင် ရွက်ပေးချင်တာ၊ ဒါပေမဲ့ ဦးလှိုင်တို့ သဘောတူမှ လုပ်လို့ရမှာလေ"

"ကျွန်တော် သဘောတူပါတယ်၊ ငွေတွေအားလုံး ဆရာတော် ကို လှူလိုက်ပါ"

"ဦးလှိုင်သဘောတူပေမယ့် ကျန်တဲ့သူတွေက သဘောတူပါ့မလား"

"ကျွန်တော့် တာဝန်ထားပါဗျာ၊ နောက်ပိုင်းခြံရောင်းလို့ ထွက်ရင်ငွေတွေရဦးမှာပဲ၊ သူတို့ကျေနပ်ကြမှာပါ"

"သိပ်ကောင်းပါတယ်၊ ဒါမှသွားလေသူလည်း စိတ်ချမ်းသာပြီး လွတ်ရာကျွတ်ရာ သွားနိုင်မှာ၊ ဆရာတော်ကို ငွေလှူပြီး သွားလေသူအတွက် အမျှကုသိုလ်ပေးဝေကြတာပေ့ါ"

နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် ဆရာတော်များ ကြွလာတော်မူသည်။ ရွာလူကြီးဦးထွန်းခက မနေ့ညက အိမ်မက်ပေးသည့်အကြောင်း ဆရာတော်ထံ လျှောက်တင်သည်။ ငွေများအားလုံး ဆရာတော်ထံ လှူဒါန်းမည့် အကြောင်းပါလျှောက်တင်လိုက်သည်။

"ဘုန်းကြီးသိထားရသလောက် ဒကာကြီးမောင်စိုးရဲ့ ဆွေမျိုးတွေ အချိုးကျခွဲဝေယူကြမှာ မဟုတ်လား"

"ညက အိပ်မက်အကြောင်း ပြောပြလိုက်လို့ သူတို့မယူကြတော့ပါဘူး၊ ဆရာတော်ဆောက်မယ့် မွှောရုံအတွက် ငွေအားလုံး လှူဖို့ သဘောတူကြပါတယ်"

"ဒကာကြီးမောင်စိုး မကွယ်လွန်မီ ငါးလလောက်က ဘုန်းကြီးမွှောရုံဆောက်မယ့်ကိစ္စ တိုင်ပင်တော့ ငွေအတော်များများ လှူပါ့မယ်လို့ ကတိပေးတယ်"

"အခု အဲ့ဒီငွေတွေကလည်း မွှောရုံဆောက်ဖို့အတွက် လှူချင်တဲ့ငွေတွေ ဖြစ်မယ်ထင်ပါတယ်"

"ကောင်းပါတယ် ကွယ်လွန်သွားသူရဲ့ ဆန္ဒကိုဖြည့်ဆည်းပြီး

ကောင်းမှုကုသိုလ်လုပ်ပေးတော့ ရောက်ရာဘဝက သာဓုခေါ်နိုင်တာပေါ့"

ဦးစိုး ပိုင်ငွေသိန်း(၂၀)နီးပါး အားလုံးဆရာတော်ထံ ဆက်ကပ်လှူဒါန်းလိုက်ပါတော့သည်။ ဆွမ်းဘုန်းပေးပြီး ရေစက်ချတရားဟောရာတွင် ဦးမောင်စိုး ဒေါ်ဆင့်အမည်နာမတပ်ကာ အမျှပေးဝေခဲ့သည်။

ထိုငွေများကို မတည်ကာ ဆရာတော်က ဓမ္မာရုံဆောက်လုပ်ခဲ့သည်။ ဓမ္မာရုံမုခ်ဦးတွင် ဦးစိုးနှင့် ဒေါ်ဆင့်အမည်ကို ကဗ္ဗည်းထိုးထားသည်ကို တွေ့ရသည်။ ဓမ္မာရုံ ဆောက်လုပ်ပြီးစီး၍ ဓမ္မာရုံဖွင့်ပွဲအလှူတွင် ရေစက်ချအမျှဝေရာ၌ ဦးစိုးနှင့်ဒေါ်ဆင့် အမည်တပ်ပြီး အမျှအတမ်းပေးဝေခဲ့သည်။ ရေစက်ချတရားဟောရာတွင်လည်း ဦးစိုးနှင့် ဒေါ်ဆင့်တို့ အဖြစ်အပျက်ကို ထည့်သွင်းဟောကြားခဲ့သည်။

"ဒကာကြီးမောင်စိုး မကွယ်လွန်မီကတည်းက သူ့ဇနီးအိပ်မက်ပေးကြောင်း ဘုန်းကြီးကို ပြောပြခဲ့တာ၊ ဒကာမကြီးဒေါ်ဆင့်ကွယ်လွန်ပြီးတော့လည်း သူ့ဝိညာဉ်က သူ့ခြံထဲမှာ ရှိနေတယ်လို့ ပြောကြပြန်တယ်၊ သူတို့ငွေတွေ အမွေခွဲပေးဖို့ စီစဉ်တုန်းကလည်း အိမ်မက်ပေးပြီး ငွေတွေအားလုံး ဘုန်းကြီးကိုလှူဖို့ အိမ်မက်ပေးခဲ့တယ်တဲ့၊ ဒီသတင်းတွေက ဒေါင်းဇရပ် တစ်ရပ်ကွက်လုံး သိပြီးသားကိစ္စတွေပါ၊ ယုံသူရှိသလို မယုံသူလည်းရှိကြတာပဲ၊ မယားကမြွေအဖြစ်ခြံထဲရောက်နေတာ လင်ဖြစ်သူက မကျွတ်မလွတ်ဘဲသစ်ပင်ပေါ်မှာရှိနေသလိုလို ပြောနေတာ ကြားနေရတယ်၊ ဒီကိစ္စတွေဟာ ငါ့ငွေ၊ ငါ့အိမ်၊ ငါ့ခြံဆိုတဲ့ ဥပါဒါန်တွေကြောင့် ဖြစ်ရတာလို့ ထင်တယ်၊ အစွဲတွေက သိပ်ကြောက်ဖို့ကောင်းတာ၊ စောစောက ရေစက်ချပွဲမှာ

သူတို့ကို အမျိုးကိုသိုလ်ပေးဝေခဲ့ပြီးပြီ၊ ဒီကုသိုလ်တွေ သူတို့ရကြမှာပါ ဒကာင်းရာဘုံဘဝ ေ ှာက်ကြမှာပါ"

ထို ေမွှာရုံဖွင့်ပွဲ အလှူတွင်ရေစက်ချ အမျှပေးဝေပြီးသည့်နောက်ပိုင်း ဦးစိုးနှင့်ဒေါ်ဆင့်တို့ ပိုင်ဆိုင်ခဲ့သည့် ခြံထဲတွင် မည်သည့် ထူး ာ်းမှုမျိုးမှ မတွေ့ရတော့ပါဟု ဆိုကြသည်။ မြွေကြီးကို မတွေ့ရပော့သည့်နည်းတူ မှောင်မိုက်ချိန်များတွင် ဝိညာဉ်လိုလို၊ တစ္ဆေလိုလို၊ လှုပ်ရှားနေသည့် ပုံသဏ္ဌာန်ကိုလည်း မတွေ့ရတော့ဟု ဆိုသည်။ သို့သော် ဒေါင်းဇရပ်တစ်ရပ်ကွက်လုံးမှ လူများက ထိုခြံကြီးထဲတွင် မြွေကြီးနှင့် ဝိညာဉ်တစ်ခု ရှိနေဆဲဟု စွဲမှတ်ယုံကြည်ဆဲပင်ဖြစ်သည်။ ဒေါင်းဇရပ်သားတို့၏ ဥပါဒါန်ဆိုသည့် အစွဲကြောင့်ပင်ဖြစ်သည်။ ထိုအိမ်ကြီးနှင့် ခြံကြီးမှာ ယနေ့ထိတိုင် ဝယ်မည့်သူမဲ့နေဆဲပင် ဖြစ်နေသည်။

*မောင်မောင်မိုးအောင်*


ဝက်ပုပ်တောင်ရွာသို့
မောင်ပျောင်မိုးခေါင်

## ပလုပ်တောင် ရွာသူ

"ပလုပ်တောင်"ရေ နင်ကြိုက်တဲ့ အမဲသားဟင်းချက်ထားတယ်၊ အဝသာစားပေတော့၊ ခုနင့်ကို ထမင်းကျွေးတာ နောက်ဆုံးပါပဲ၊ ငါဒီအိမ်က ပြောင်းရတော့မယ်၊ နင့်ကိုငါနဲ့အတူ ခေါ်သွားချင်ပေမယ့် တောကငြ်ခွေးမျိုးတွေ လက်ခံမှာမဟုတ်ဘူး၊ နင်လဲမလိုက်နိုင်ပါဘူး၊ နင်ဒီနေရာမှာပဲ နေရစ်ခဲ့ပေတော့ မတတ်သာလွန်းလို့နင်နဲ့ခွဲသွားရတာပါ၊ နင့်ကိုငါကျွေးမွေးနေတာ အိမ်နီးနားချင်းတွေ သိနေကြတယ်၊ နင်သတိထားပြီးသာ နေခဲ့ပေတော့ သိပ်ပြီးအတင့်မရဲနဲ့နော်၊ ဒီကုက္ကိုပင်ကြီးမှာပဲ နေခဲ့ပေတော့"

ဒေါ်ကြည်က သူနှင့်ဘဝခြားခဲ့ပြီဖြစ်သော "ပလုပ်တောင်" ကိုပြောနေခြင်းဖြစ်သည်။ အချိန်မှာ ညနေ နေဝင်စအချိန်ဖြစ်သည်။ ညနေချိန်ရောက်တိုင်း ဒေါ်ကြည်က "ပလုပ်တောင်"ကို ကျွေးမွေးနေကျဖြစ်သည်။ ယခုဒေါ်ကြည် ဤအိမ်ကြီးမှ ပြောင်းရွှေ့ရတော့မည်ဖြစ်သည်။ အိမ်ကြီးမှာ ရှေးဟောင်း ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးဖြစ်သည်။ ကျွန်း၊ ပျဉ်းကတိုးများဖြင့် ဆောက်လုပ်ထားသည်။ အုတ်၊ ကြွပ်မိုးဖြစ်သည်။ မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ် ကုန်းထိပ်တွင် ရှိသည့်အိမ်ကြီးဖြစ်သည်။

အချိန်ကာလမှာ မြန်မာပြည်လွတ်လပ်ရေးရပြီးစ အချိန်ဖြစ်သည်။ စင်စစ်ဒေါ်ကြည်သည်လည်း အိမ်ပိုင်ရှင်၊ မဟုတ်ပေ။ အိမ်အစောင့်သာဖြစ်သည်။ ဤအိမ်ပိုင်ရှင်များမှာ ရန်ကုန်မြို့တွင်နေထိုင်လျက်ရှိသည်။ ယခုအိမ်ကြီးကို ဝယ်မည့်သူပေါ်လာသဖြင့် ရောင်းချလိုက်ပြီဖြစ်သည်။ ဒေါ်ကြည်တို့ မိသားစု ဖယ်ရှားပြောင်းရွှေ့ပေးရတော့မည်ဖြစ်သည်။ ဒေါ်ကြည်တို့မိသားစုမှာ လွတ်လပ်ရေးမရမီကာလများမှ လွတ်လပ်ရေးရပြီးသည်အထိ နှစ်များစွာ ဤအိမ်ကြီးထိန်းသိမ်းစောင့်ရှောက် လာသူများဖြစ်သည်။ မိမိတို့ အိမ်ပိုင်ကဲ့သို့ သံယောဇဉ် ဖြစ်နေသည်။ အိမ်ရောင်းချပြီး အိမ်ပိုင်ရှင်များက ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည့် ဒေါ်ကြည်တို့မိသားစုကို ထိုက်သင့်သရွေ့ငွေကြေးပေးကမ်းခဲ့ပြီးလည်းဖြစ်သည်။

ဒေါ်ကြည်က "ပလုပ်တောင်"ကို အမဲသားဟင်းနှင့် ထမင်းကျွေးရင်း သူနှင့် "ပလုပ်တောင်"တို့ မိသားစု ဆုံစည်းခဲ့ရသည့် အဖြစ်အပျက်များက သူ့အတွေးထဲ တရေးရေးပေါ်လာသည်။

မြန်မာပြည် သူ့ကျွန်ဘဝ ရောက်နေသော ကာလဖြစ်သည်။ စစ်ကဲကျွန်းရှိ ကုန်းထိပ်မှ အိမ်ကြီးကို ဒေါ်ကြည်တို့စောင့်ရှောက်နေထိုင်သော ကာလလည်းဖြစ်သည်။ ဈေးဝယ်ရန် စစ်ကဲကဲကုန်းမှ ဈေးကြီးဘက်သို့ ထွက်လာသည်။ ဒေါ်ကြည်နေ့တိုင်း ဈေးဝယ်လေ့မရှိပါ။ သုံးလေးရက်မှ တစ်ကြိမ်သာ ဈေးဝယ်သည်။ သုံးလေးရက်စာအတွက် ဈေးခြင်းတောင်း အပြည့်ဝယ်ထားသည်။ ဆန်လည်းဝယ်ခဲ့သည်။ ဆန်အိတ်ပါသဖြင့် ဘုံပြတ် (မြင်းလှည်း) ငှားရတော့မည်ဖြစ်သည်။ ဘုံပြတ်အလာကို စောင့်ဆိုင်းနေစဉ် ဒေါ်ကြည်အနီးသို့ အထမ်းသမားတစ်ဦး ရောက်လာသည်။

"ဒီဈေးခြင်းတောင်းနဲ့ ဆန်အိတ် ကျွန်တော်ထမ်းပို့ပေးပါရစေ၊ ပေးချင်သလောက်သာပေးပါ၊ စားရမဲ့ သောက်ရမဲ့ ဘဝရောက်နေလို့ပါ"

ရခိုင်သံဝဲဝဲဖြင့် ပြောလာသူကို ဒေါ်ကြည် စောင်းငဲ့ကြည့်လိုက်သည်။ အထမ်းသမားနှင့် မလှမ်းမကမ်းတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး ရပ်နေသည်ကိုလည်း တွေ့ရသည်။

"သူက ဘယ်သူလဲ"

"ကျွန်တော့် မိန်းမပါ၊ စစ်ပြေးဒုက္ခသည်တွေပါ ဒိုင်းဝန်ကွင်းဘက်မှာ အမျိုးတွေရှိတယ်ဆိုလို့ လာခဲ့တာ တောကိုပြောင်းသွားပြီလို့ သာသိရတယ် ဘယ်လိုမှ ရှာမတွေ့တော့လို့ ဒုက္ခရောက်နေရတာ"

"နေပါအုံး မင်းမှာ မိဘတွေမရှိဘူးလား မင်းမိန်းမကို မိဘတွေက မကြည့်ဘူးလား"

"ကျွန်တော် အမှန်အတိုင်းပြောပြပါ့မယ်၊ သူကဆင်းရဲပြီး ကျွန်တော်တို့က ငွေကြေးပြည့်စုံတယ်၊ သူနဲ့ယူတာကို ကျွန်တော့် မိဘတွေက သဘောမတူဘူး၊ ဒါကြောင့် မော်လမြိုင်က သူ့အမျိုးတွေဆီ ထွက်ပြေးလာရင်း ဒုက္ခရောက်နေရတာပါ"

"ဒါနဲ့ မင်းက ရခိုင်ဘက်ကထင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ ရခိုင်ဘက်က ထွက်ပြေးလာကြတာပါ"

"အမျိုးတွေ ရှာမတွေ့တော့ ဘယ်မှာနေကြလဲ"

"နေစရာတောင် အတည်တကျမရှိပါဘူး၊ ဟိုဆိပ်ခံတံတားပေါ်မှာ တောင်းပန်ပြီး နေကြတာပါ"

ဒေါ်ကြည်က ကိုယ်ဝန်ဆောင် အမျိုးသမီးကို သနားသွားမိသည်။ ကူညီချင်စိတ်ဖြစ်လာသည်။

"ဒါဆိုမင်းက အိမ်အထိလိုက်ပို့ပေး၊ ဆန်အိတ်ပါလို့ပါ၊ အိမ်ကကုန်းပေါ်မှာ"

"ဟုတ်ကဲ့ ပို့ပေးပါ့မယ်၊ ပေးချင်သလောက်သာ ပေးပါ"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် ကျော်ဇံလို့ခေါ်ပါတယ်၊ ကျွန်တော့်မိန်းမနာမည်က "ပလုပ်တောင်" လို့ခေါ်ပါတယ်"

"ဘာ ပလုပ်တောင် ဟုတ်လား နာမည်က အဆန်းပါလား"

"သူက ပလုပ်တောင်ရွာသူပါ ပလုပ်တောင်လို့နောက်ပြောင်ခေါ်ရင်းနဲ့ ဒီနာမည်တွင်နေတာပါ"

"ဟိုမှာ ဘုံပြတ်လာနေပြီ၊ ပစ္စည်းတွေ ဘုံပြတ်ပေါ်တင်ပေးအုံး"

ကျော်ဇံက ဘုံပြတ်ပေါ်က ပစ္စည်းများ တင်ပေးပြီး လူပါတစ်ပါတည်း လိုက်သွားခဲ့သည်။ စစ်ကဲကုန်းရှိ ဒေါ်ကြည့်အိမ်သို့ ရောက်ခဲ့ကြသည်။ ကျော်ဇံက ပစ္စည်းများကို အိမ်ပေါ်အထိ ထမ်းပို့ပေးသည်။ ကြီးမားသော ရှေးဟောင်းနှစ်ထပ်အိမ်ကြီးကို ကျော်ဇံတွေ့ခဲ့ရသည်။ ပစ္စည်းများချပေးပြီးသည်နှင့် ဒေါ်ကြည်က-

"မင်းမိန်းမလည်း မပေါ့မပါးနဲ့၊ ပြီးတော့နေစရာလဲ မရှိနဲ့၊ ခုဘယ်လိုစားသောက်နေထိုင်ကြလဲ"

"ခုလိုပဲ ဈေးဝယ်လာသူတွေကို လိုက်ပြီး ထမ်းပိုးပေးရတာ

ပေါ့၊ ဝေါ်တစ်လုံညို ပြတ်တလုံညှိပါ ထမင်းဝေါ်တဲ့ နေ့တွေတောင် ကြုံခဲ့ရပါတယ်"

"မင်းမိန်းမ ကိုယ်ဝန်နဲ့မို့ သနားမိတယ်၊ မင်းတို့လင်မယား ဒီအိမ်မှာနေခွင့်ပေးမယ် အခန်းလွတ်တွေရှိတယ်၊ တို့လည်းအဖော်ရတာပေါ့၊ နေစရာတော့ပေးမယ် စားဖို့ကတော့ ကိုယ်ဖာသာရှာပေါ့ ဈေးကြီးက ဆိုင်တွေမှာ တို့အသိရှိတယ်၊ ပုံမှန်အလုပ်ရအောင်ပြောပေးမယ်။ တို့မိသားစုလည်း ရန်ကုန်က အိမ်ရှင်တွေပေးကမ်းထောက်ပံ့နေလို့ ခုလိုနေနိုင်တာ တို့ယောကျ်ားက တောမှာလယ်လုပ်နေတယ်။ တစ်ခါ တစ်ခါမှ ဒီကိုလာတာ၊ အိမ်မှာတို့သားအမိသုံးယောက်ပဲ ရှိတယ်။ ဘယ်လိုလဲ လာနေနိုင်ပါ့မလား"

"ဟုတ်ကဲ့ လာနေပါ့မယ်။ ခုလိုကူညီတာ ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး"

"အေး ဒါဆိုလဲ မနက်ဖြန်ပြောင်းလာတော့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ"

ဤသို့ဖြင့် ရခိုင်မှ ဒုက္ခသည် လင်မယား ကယ်တင်ရှင် ဒေါ်ကြည်နေအိမ်သို့ ရောက်လာသည်။ ဒေါ်ကြည်ဆက်သွယ်ပေးမှုကြောင့် ကျော်စံမှာလည်း ဈေးကြီးတွင် အလုပ်ရခဲ့သည်။ မချောင်လည်သော်လည်း ထမင်းမငတ်တော့ပါ။ ပုံမှန်ဝင်ငွေရနေပြီ။ ကျော်စံနှင့်ပလုပ်တောင်တို့ လင်မယားလည်း နေသားတကျဖြစ်ခဲ့ပြီ။ နောက်လေးလခန့်အကြာတွင် ပလုပ်တောင် သမီးမိန်းကလေးမွေးဖွားခဲ့သည်။ ဒေါ်ကြည်ကပင် ဦးဆောင်ပြုစု မွေးဖွားပေးခဲ့သည်။ ဒေါ်ကြည်တို့ အိမ်တွင် ကလေးငယ်မရှိပေ။ အရွယ်ရောက်ပြီး

သမီးနှင့်သားသာ ရှိသည်။ ဒေါ်ကြည်ခင်ပွန်းမှလည်း မုဒုံဘက်တွင် လယ်လုပ်နေသူဖြစ်သည်။ နှစ်လသုံးလမှ တစ်ကြိမ်လာနိုင်သည်။ ခေတ်ကာလအခြေအနေအရ သားပျို၊ သမီးပျိုများ တောအရပ်တွင် နေရန် မသင့်တော်၍ မြို့ပေါ်နေစေခြင်းဖြစ်သည်။

ကျော်စံမှာလည်း ဈေးကြီးတွင် အလုပ်အကိုင် အခြေတကျဖြစ်လာပြီး စားရေးအတွက် ဖူလုံခဲ့သည်သာမက ငွေကြေးပင် အတော်အသင့်စုဆောင်းမိခဲ့သည်။ ကျော်စံတို့သမီးလေးမှာလည်း တဖြည်းဖြည်းကြီးပြင်းလာခဲ့သည်။ အနေကြာလာသည်နှင့်အမျှ ဒေါ်ကြည်နှင့် ပလုပ်တောင်တို့မှာလည်း ပိုမိုရင်းနှီးလာကာ သံယောဇဉ်တွယ်ခဲ့ကြသည်။ ပလုပ်တောင် သမီးကလေးပင် အသက်ငါးနှစ်အတွင်းသို့ ရောက်လာသည်။ ပလုပ်တောင်သမီးလေး အသက်ငါးနှစ်ကျော်အရွယ်တွင် မြန်မာပြည် လွတ်လပ်ရေးရရှိခဲ့သည်။ ပလုပ်တောင် သမီးကလေးမှလည်း သွက်သွက်လက်လက် စကားပြောတတ်၍ ချစ်စရာကလေးလေး ဖြစ်လာခဲ့သည်။

ထိုစဉ်မှာပင် ကျော်စံက သမီးလေးနောင်ရေးအတွက် စဉ်းစားလာသည်။ ကျော်စံက သူ့ဆန္ဒကို ဒေါ်ကြည်ထံတင်ပြပြောဆိုသည်။

"ပလုပ်တောင်ကို ကျွန်တော် ခိုးပြေးခဲ့တာ မိဘတွေသဘောတူခဲ့ပေမယ့် ခုလောက်ဆို ဒေါသတွေပြေလောက်ပါပြီ၊ သူတို့မြေးမလေးကိုတွေ့ရင် ကျွန်တော်တို့ကိုလက်ခံမှာပါ၊ သမီးလေး နောင်ရေးအတွက် အမွေရအောင်တောင်းမယ်။ သမီးလေးခေါ်သွားပြီး ကျွန်တော်ရနိုင်ပြန်ချင်တယ်"

"ပလုပ်တောင်တို့က ဆင်းရဲတော့ မင်းမိဘတွေက လက်ခံ

ပါ့မလား၊ ပြီးတော့ ပလုပ်တောင်မှာ ခုကိုယ်ဝန်ရှိနေတယ်လေ သွားရမယ့် ခရီးကလည်း လွယ်တာမှမဟုတ်တာ"

"လောလောဆယ် ပလုပ်တောင်ကို ဒီမှာပဲထားခဲ့မယ်။ သူမွေး ဖွားချိန်အမီ ကျွန်တော်ပြန်လာမယ်"

"ငါတော့တယ်ပြီး သဘောမကျချင်ဘူးကွယ်၊ ဒီမှာလည်း လုပ်စားလို့ ထမင်းမငတ်တော့ပါဘူးကွယ်၊ ခရီးသွားဖို့ မင်းစဉ်းစားပါအုံး"

အားလုံးက ဝိုင်းဝန်းတားဆီးနေသည့်ကြားမှပင် ကိုယ်ဝန်နှင့် ပလုပ်တောင်ကို ထားရစ်ခဲ့ကာ သမီးလေးနှင့်အတူ ကျော်စံရခိုင် ပြန်သွားပါတော့သည် ခေတ်ကာလ အခြေနေအရ မော်လမြိုင်နှင့် ရခိုင်မှာ အဆက်အသွယ် ခက်ခဲလှသည်။ လင်ယောကျာ်းနှင့်သမီး လေးကိုမျှော်ရင်းနှင့်ပင် ပလုပ်တောင် ကိုယ်ဝန်ရင့်လာခဲ့သည်။ကျော်စံ ထံမှ မည်သည့်အဆက်အသွယ်မျှမရသည့်အပြင် မည်သည့်သတင်း မှလည်း မကြားရတော့ပါ။ ပလုပ်တောင်မှာ သမီးကိုလွမ်း၊ လင်ကိုမှန်း ရင်းကပင် ထိုစိတ်ဖြင့်အိပ်ရာထဲ လဲပါတော့သည်။ မော်လမြိုင်ရှိ ဆွေမျိုးများ သတင်းလည်း စုံစမ်း၍မရခဲ့ပါ။ ပလုပ်တောင်မှာ ဒေါ်ကြည်မှတစ်ပါး ရင်းနှီးခင်မင်မည့်သူ မရှိတော့ပါ။

"နင့်ကိုကြည့်ရတာ အားမရဘူး ပလုပ်တောင်ရယ်၊ ဝိန်သွားလိုက်တာ၊ ငါရှိတယ် ဘာမှအားမငယ်နဲ့၊ ကျော်စံနဲ့သမီးလေးတို့လည်း ရောက်လာမှာပါ။"

ဒေါ်ကြည်ကလည်း ပလုပ်တောင်ကို သမီးအရင်းကဲ့သို့ပင် သနားပိုကာ သံယောဇဉ်ဖြစ်နေခဲ့သည်။ ဒေါ်ကြည်က အတတ်နိုင်ဆုံး

ပလုပ်တောင်ကို ကုသပြုစုစောင့်ရှောက်ခဲ့သည်။ သို့သော်လည်း ပလုပ်တောင်မှာ အလွန်အားနည်းလျက်ရှိပြီး အရိုးပေါ် အရေတင် ဖြစ်ခဲ့ပြီ။ နောက်ဆုံး မီးတွင်းမှာပင် ကလေးမမွေးဖွားနိုင်ဖြစ်ကာ ကွယ်လွန်သွားပါတော့သည်။ ဒေါ်ကြည့်လက်ပေါ်တွင်ပင် ပလုပ်တောင် အသက်ပျောက်ခဲ့သည်။ ကျော်စံထံ ဆက်သွယ်အကြောင်းကြားရန် လိပ်စာအတိအကျမသိခဲ့ပါ။ ပလုပ်တောင်လိပ်စာလည်း ဒေါ်ကြည့်ထံတွင် မရှိပါ။ မိမိဇနီးသေဆုံးသွားသည်ကိုပင် ကျော်စံသိမည်မဟုတ်ပေ။ ပလုပ်တောင်၏ အသုဘကိစ္စအဝဝကို ဒေါ်ကြည်တို့ မိသားစုကပင် တာဝန်ယူဆောင်ရွက်ပေးခဲ့ရသည်။ ပလုပ်တောင် ရက်လည်ပြီး နောက်တစ်နေ့ဖြစ်သည်။ ဒေါ်ကြည်မှာ ပလုပ်တောင်နှင့် သူဆုံဆည်းခဲ့ရပုံများကို တွေးရင်း အိပ်ရာဝင်ခဲ့သည်။ ပလုပ်တောင် သမီးလေး မရှိတော့၍ အိမ်ကြီးမှာ ခြောက်ကပ်တိတ်ဆိတ်နေသည်။

"ဒေါ်ဒေါ် ဒေါ်ကြည် ထပါဦး"

"ဟဲ့ ပလုပ်တောင်၊ ဘာလာလုပ်တာလဲ၊ လွတ်ရာကျွတ်ရာ သွားခဲ့ပြီ မဟုတ်လား"

"ဒီအိမ်ကိုရော ဒေါ်ဒေါ်ကိုရော ကျွန်မ မခွဲနိုင်ဘူး ဖြစ်နေတယ်၊ ပြီးတော့ ကိုကျော်စံနဲ့သမီးလေးတို့ ပြန်အလာကို ဒီမှာပဲစောင့်နေချင်တယ်၊ ကျွန်မကို ဒီအိမ်မှာပဲ နေခွင့်ပေးပါလား"

"ဟာ ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် အိမ်ပေါ်မှာနေလို့ မရဘူးကွယ့်"

"ဒါဆို အိမ်ဘေးက ကုက္ကိုလ်ပင်ကြီးမှာ နေပါရစေနော်"

"တယ်ခက်ပါလား ပလုပ်တောင်ရယ် ပြောမယ့်သာပြော

ရတယ်၊ ငါလည်းနင့်ကို မမေ့ပါဘူး၊ နင့်အပေါ်ထားတဲ့ ငါ့သံယောဇဉ်ကို နင်သိပါတယ်"

"ကျွန်မလည်း ဒေါ်ဒေါ်နဲ့ ခွဲမသွားချင်လို့ပါ"

"အေးလေ ဒါဆိုလည်း ကုက္ကိုလ်ပင်ကြီးမှာ နေချင်နေပေါ့"

"ကျေးဇူးတင်လိုက်တာ ဒေါ်ဒေါ်ရယ်"

နောက်တစ်နေ့နံနက်တွင် ဒေါ်ကြည်ကသူ့အိမ်မက်အကြောင်း သားနှင့် သမီးကိုပြောပြလိုက်သည်။ သားကြီးက မယုံသော်လည်း သမီးကယုံသည်ဟု ဆိုသည်။ ဒေါ်ကြည့် သားကြီးက -

"မေမေနဲ့ ပလုပ်တောင်တို့ရဲ့ သံယောဇဉ်ကို သားခန့်မှန်းလို့ ရပါတယ်၊ ဒါပေမဲ့ မေမေ့အိပ်မက်က ပလုပ်တောင်ကို သတိရ စွဲလန်းပြီး မက်တာဖြစ်မှာပါ"

"အေး သားပြောတာလဲ ဟုတ်ပါတယ်၊ မေမေလည်း မယုံ တဝက် ယုံတဝက်ပါပဲ"

ဒေါ်ကြည်မှာ သူ့အိပ်မက်ကို ယုံတစ်ဝက် မယုံတစ်ဝက် ဖြစ်နေသည်။ သူ့နည်းတူ သားကြီးကလည်း မယုံခဲ့ပေ။ နောက်သုံးလေးရက် အကြာတွင် ပလုတ်တောင်က ဒေါ်ကြည်ကို အိပ်မက်ထပ်ပေးပြန်သည်။ အိမ်ကြီးပေါ်တွင် နေခွင့်မပြုသော်လည်း ကုက္ကိုလ်ပင်တွင် နေခွင့်ပြုခဲ့၍ ဝမ်းသာကြောင်း၊ လင်နှင့်သမီးကို ထိုကုက္ကိုလ်ပင်မှပင်စောင့်နေဖြစ် ကြောင်းနှင့်သူရှိနေသည်ကို သက်သေပြမည်ဖြစ်ကြောင်းများ ဒေါ်ကြည် အိပ်မက်မက်ခဲ့သည်။ သို့သော် ဒေါ်ကြည်က ထိုအိမ်မက်ကို မည်သူ့ကို မှ မပြောပြတော့ပါ။

ထိုသို့အိမ်မက်ပေးပြီး မကြာမီ အိမ်ဘေး၌ ကုက္ကိုလ်ပင်

အောက်မှ ဒေါ်ကြည်ဖြတ်သွားတိုင်း လေမတိုက်ဘဲ သစ်ကိုင်းများ လှုပ်ခါနေတတ်သည်။ တစ်ခါကစ်ရံ ဒေါ်ကြည့်ကိုယ်ပေါ်သို့ သစ်ရွက်များ ကြွေကျလာတတ်သည်။ ဤနည်းများဖြင့် ပလုတ်တောင်က သူရှိကြောင်းပြခဲ့သည်။ ဒေါ်ကြည်လုံးဝ မကြောက်ပါ။ ပလုတ်တောင်ကလည်း ဒေါ်ကြည်မှလွဲ၍ မည်သူကိုမှ ထိုသို့မလုပ်ပါ၊ ခြောက်လည်း မခြောက်ခဲ့ပါ။ ပလုပ်တောင်ရှိနေသည်ကို ဒေါ်ကြည်တစ်ဦးတည်းသာ သိနေခဲ့သည်။

ပလုပ်တောင်သေပြီးနောက်ပိုင်း ဒေါ်ကြည်အလုပ်တစ်ခုပိုခဲ့သည်။ ပလုပ်တောင်က အမဲသားကြိုက်သူဖြစ်သည်။ ဒေါ်ကြည်ကလည်း မကြာခဏ အမဲသားဟင်းချက်ပြီး ပလုပ်တောင်ကိုကျွေးခဲ့သည်။ အမဲသားဟင်းချက်သည့် ညနေတိုင်း ကုက္ကိုလ်ပင်ရင်းတွင် ပလုတ်တောင်ကို ထမင်းကျွေးနေကျဖြစ်သည်။ တစ်ခါတစ်ရံ ဒေါ်ကြည်ဈေးမှ ပြန်လာလျှင် ပါးစပ်မှ ညီးတွား၍ ပြောတတ်သည်။

"ပလုပ်တောင်ရေ နင့်ယောကျ်ား မရှိတော့ ငါ့ကိုကူသယ်ပေးမယ့်သူ ရှိတော့ဘူး" ဟုပြောဆိုလေ့ရှိသည်။ ပလုတ်တောင်ကလည်း ဈေးခြင်းတောင်းကို နောက်မှလိုက်ဆွဲကာ ကျီစယ်တတ်သည်။ ဒေါ်ကြည်ကလည်းသိသည်။

"ငါ့ကို နောက်မနေနဲ့နေပါအုံး ပလုပ်တောင်ရယ် နင်ကြိုက်တဲ့ အမဲသားဝယ်လာတယ်။ ချက်ပြီးတော့မှ ငါလာကျွေးမယ်" ဟု ပြန်ပြောလိုက်မှ ငြိမ်သွားတော့သည်။ ဒေါ်ကြည်ဈေးခြင်းတောင်း အဆွဲခံရသည်မှာ မကြာခဏပင် ဖြစ်နေသည်။ ဒေါ်ကြည်ကြောက်ရွံ့ခြင်း မဖြစ်ခဲ့ပေ။ ပလုပ်တောင်ကို ပို၍ သံယောဇဉ် တွယ်လာသည်။ ပလုပ်တောင်ကလည်း ဒေါ်ကြည်တစ်ဦးတည်းကို ကျီစယ်သည်မှလွဲ၍

မည်သူ့ကိုမှ အနှောင့် အယှက်မပေးခဲ့ပေ။ ပလုပ်တောင် အမဲသား ကြိုက်တတ်မှန်းသိ၍ မကြာခဏ အမဲသားဟင်းချက်ကာ ပလုပ်တောင် ကိုကျွေးခဲ့သည်။ ယခင်ကလို ဟင်းကျန် ထမင်းကျန်များကို မကျွေး တော့ပါ။ ထမင်းကောင်း ဟင်းကောင်းများသာ ကျွေးခဲ့သည်။ ယခု ဒေါ်ခင်ကြည်တို့ မိသားစု ဤအိမ်ကြီးမှ ပြောင်းရွှေ့ပေးရတော့ မည်ဖြစ်၍ ပလုတ်တောင်ကို နောက်ဆုံးအနေဖြင့် ကျွေးမွေးနှုတ် ဆက်ခြင်းဖြစ်သည်။

ပလုပ်တောင်ကို ဒေါ်ကြည် နောက်ဆုံးနှုတ်ဆက် ထမင်း ကျွေးပြီး နောက်နှစ်ရက်တွင် အိမ်ရှင်အသစ်မိသားစုများ ပြောင်း ရွှေ့ရောက်ရှိလာသည်။ ထိုနေ့နေ့လည်ပိုင်းတွင် အထုပ်အပိုးများဖြင့် ဒေါ်ကြည်တို့ မိသားစု မုဒုံမြို့အနီးရှိရွာသို့ ပြန်ခဲ့ကြသည်။ အိမ်မှ အထွက်ဒေါ်ကြည်က ကုက္ကိုလ်ပင်အောက် ခေတ္တရပ်ကာ ပလုတ်တောင် ကို နှုတ်ဆက်ခဲ့သေးသည်။ ဒေါ်ကြည်သားနှင့်သမီးက နားမလည် နိုင်သလို ကြည့်နေခဲ့ကြသည်။ ဒေါ်ကြည်တို့ ကုက္ကိုလ်ပင်အောက်မှ အထွက်တွင် သစ်ရွက်များ လှုပ်ခါကျန်ရစ်ခဲ့သည်ကို ဒေါ်ကြည် တစ်ဦးသာ သတိထားကြည့်လိုက်သည်။

"နေရစ်ခဲ့တော့ ပလုပ်တောင်ရေ၊ ငါသွားတော့မယ် နင်စား ရမဲ့ သောက်ရမဲ့ ဖြစ်နေမှာကို ငါတွေးပူမိသေးတယ်၊ သွားပြီ ပလုပ်တောင်ရေ"

ထိုသို့ နှုတ်ဆက်ပြီး ဒေါ်ကြည် ဇာတိရွာသို့အပြီးတိုင်ပြန်သွား ပါတော့သည်။

အသစ်ပြောင်းရွှေ့လာသောအိမ်တွင် မိသားစု ခြောက်ဦးရှိ သည်။ အိမ်ကိုသန့်ရှင်းရေး ပြုလုပ်ဆေးကြောခြင်း၊ မီးဖိုချောင်ပြင်-

ဆင်ခြင်းနှင့် စိတ်တိုင်းကျပြင်ဆင်နေခြင်းတို့ကြောင့် အိမ်ပေါ်တွင် ချက်ပြုတ်မစားနိုင်ကြသေးဘဲ အိမ်ဘေးရှိကုက္ကိုလ်ပင် အောက်တွင်သာ ယာယီချက်ပြုတ်နေခဲ့သည်။ တစ်နေ့အိမ်ကို ပြင်ဆင်နေသော လက်သမားအုပ်စု ချက်ပြုတ်စားသောက်နေချိန် ဖြစ်သည်။ လက်သမားများ ထမင်းချိုင့်ပါလာသူလည်းပါသည်။ အိမ်ရှင်များက ချက်ပြုတ်ကျွေးမွေးသည်။ သူ့ဟင်း၊ ငါ့ဟင်းစုပေါင်း၍ ညနေစာဝိုင်းဝန်းစားသောက်နေချိန်ဖြစ်သည်။ ထမင်းစားနေသော လက်သမားတစ်ဦး လက်ထဲမှ ထမင်းပန်းကန်ကို တစ်စုံတစ်ယောက်က ပုတ်ချလိုက်သကဲ့သို့ ရုတ်တရက် အောက်သို့ ပြုတ်ကျသွားသည်။

"ဘယ်လိုဖြစ်သွားလဲ မသိဘူး။ တစ်ယောက်ယောက်က ထမင်း ပန်းကန်ကို ပုတ်ချလိုက်သလိုပဲ"

"မင်းကိုင်တာ လက်မမြဲလို့ နေမှာပါကွာ"

"ငါ အသေအချာကိုင်ထားတာပဲ၊ လက်ထဲကပန်းကန်ပြုတ်မကျနိုင်ပါဘူး၊ ထူးနေသလိုပဲ"

"ဒါနဲ့ မင်းက ဘာဟင်းချက်လာသလဲ"

"အမဲသားဟင်း ချက်လာတာ၊ အသားတုံးတွေကို အောက်ကို ဖိတ်ကျကုန်ပြီ နှမြောစရာကြီး"

ထိုသို့ဖြစ်ခဲ့သော်လည်း ထိုနေ့ထမင်းဝိုင်းကို အမှတ်မထားခဲ့ကြပေ။ အိမ်ပေါ်တွင် ပြင်ဆင်မှုမပြီးသေး၍ အိမ်ရှင်များပါ ကုက္ကိုလ်ပင်အောက်တွင် ချက်ပြုတ်နေရသည်။ တစ်နေ့ညနေ မိသားစုထမင်းဝိုင်းဖွဲ့စားသောက်နေစဉ် သမီးလတ်ဖြစ်သူ နွဲ့နွဲ့မှာရုတ်တရက် မည်သို့ဖြစ်သွားသည် မသိတော့ပါ။ ဟင်းပန်းကန်တွင်းမှ ဟင်းများသူ့

ပန်းကန်တွင်းသို့ အားလုံးလောင်းထည့်ကာ အငမ်းမရပလုပ် ပလောင်းနှင့်စားနေသည်။ ထူးခြားသော အပြုအမူကြောင့် အားလုံးဝိုင်းကြည့်နေကြသည်။

"နှဲ့နှဲ့ ဘယ်လိုဖြစ်နေတာလဲ၊ ဏှာခြေမွဲလှချည်လား၊ ငါလုပ်လိုက်ရ၊ မိန်းမပျိုလေးက ဒီလိုပဲစားရသလား"

အစ်ကိုဖြစ်သူ၏ သူ့ညီမအစားအသောက် အငမ်းမရ ဖြစ်နေပုံကို မာန်မဲပြောဆိုလိုက်သည်။

"ဘာနှဲ့နှဲ့လဲ၊ ငါ့နာမည်နှဲ့နှဲ့ မဟုတ်ဘူး၊ ပလုပ်တောင်လို့ခေါ်တယ်၊ နင်တို့ကစားသောက်နေလိုက်တာ ငါ့ကိုတော့မကျွေးကြဘူး"

နှဲ့နှဲ့၏ ထူးခြားသော အမူအရာနှင့် အပြောအဆိုများကြောင့် မိသားစုများ အံ့ဩထိတ်လန့်သွားကြသည်။

"နှဲ့နှဲ့ပုံက ထူးခြားနေတယ်၊ တစ်ခုခုဝင်ပူးနေသလိုပဲ"

"ဟုတ်တယ်၊ ကျွန်တော်လည်း ဒီလိုပဲထင်တယ်၊ မယုံပေမယ့် စမ်းကြည့်ရမယ်"

နှဲ့နှဲ့အစ်ကိုဖြစ်သူ ခင်မောင်လတ်က သူ့ညီမ ပခုံးကိုကိုင်ပြီး မေးလိုက်သည်။

"ဘယ်က ပလုပ်တောင်လဲ၊ ကျုပ်တို့ခင်ဗျားကို မသိဘူး"

"ဖယ်စမ်းပါ၊ ငါ့ပခုံးကို မကိုင်နဲ့ နင်တို့ပြောင်းလာမှ ငါစော်နေတာ၊ ဒေါ်ကြည်ရှိတုန်းက ငါ့ကိုအမဲသားဟင်းနဲ့ ထမင်းကျွေးနေကျပဲ၊ ခုငါငတ်နေလို့ ဝင်လုစားရတာ"

"ဘာဖြစ်လို့ကျေးရုံမှာလဲ ခင်ဗျားနဲ့ကျုပ်တို့ မိသားစု ဘာမှ မပတ်သက်ဘူး"

"နင်တို့မရောက်ခင်ကတည်းက ဒီအိမ်မှာငါ့အကြောကြီး နေလာခဲ့တာ၊ နင်တို့မသိရင် မေးကြည့်ကြပေါ့"

"ကဲ ကဲ အခုစားပြီးပြီမဟုတ်လား၊ စားပြီးရင်သွားတော့၊ နောက်တိုလာပြီး နှောင့်ယှက်ဖို့ မကြိုးစားနဲ့တော့၊ ကျုပ်နဲ့တွေ့မယ်"

အစ်ကိုဖြစ်သူ မာန်မဲခြိမ်းခြောက်လိုက်၍ ထင်သည်။ နဲ့နဲ့မှာ မူးတယ်၊ မူးတယ်ဟုဆိုကာ အစ်ကိုဖြစ်သူ ပေါင်ပေါ်လှဲချလိုက်သည်။

"ညီမလေး နဲ့နဲ့ ဘယ်လိုဖြစ်သွားတာလဲ"

"အစ်ကို ညီမလေး ဘာဖြစ်လို့လဲဟင် ညီမလေး ပန်းကန်ထဲ ဟင်းတွေများလှချည်လား၊ လက်မှာလည်း ဟင်းတွေပေကျံနေလို့ပါလား"

"ငါ့ညီမ ဘာမှမသိဘူးလား၊ ထမင်းစားနေတုန်းဖြစ်သွားတာ ပြန်စဉ်းစားကြည့်ပါအုံး"

"ညီမလေး သိပ်မမှတ်မိဘူး ဖြစ်နေတယ်၊ မိန်းမတစ်ယောက် လိုလို၊ လူတစ်ယောက် ထမင်းဝိုင်းထဲ ဝင်လာပြီး ညီမလေးပန်းကန်ကို ဆွဲယူလိုက်သလိုပဲ၊ ဘယ်သူဘယ်ဝါမှန်းလဲ မသိဘူး တော်တော်ထူးဆန်းတယ်"

"ကဲ ကဲ တော်ပြီ ဆက်မပြောနဲ့တော့ လက်ဆေးလိုက်တော့ နောက်ပြီး ဒီကုက္ကိုလ်ပင်အောက်မှာ ထမင်းမစားနဲ့တော့ ဒီကိစ္စ အိမ်နီးနားချင်းတွေကို မေးကြည့်ရအုံးမယ်"

နောက်နေ့မှစ၍ အိမ်ရှင်သစ်တို့ ကုက္ကိုလ်ပင်ကြီးအောက်တွင်

ထမင်းမစားကြတော့ပေ။ သားကြီးဖြစ်သူ ခင်မောင်လတ်က ခြံချင်းကပ်လျက်ရှိသည့် အိမ်သို့သွားပြီး မနေ့ဖြစ်ခဲ့သည့် ကိစ္စမေးမြန်းမိသည်။

"ခုနကျွန်တော်တို့ ခြယ်လိုက်တဲ့အိမ်မှာ အရင်က ပုလုပ်တောင် ဆိုတဲ့ထူးဆန်းတဲ့ နာမည်နဲ့ မိန်းမတစ်ယောက် နေခဲ့ဖူးလား"

"ဒေါ်ကြည်နဲ့နေတဲ့ မိန်းမပေါ့၊ ခု သူသေသွားပြီလေ"

"သူက ဒေါ်ကြည်နဲ့ ဘယ်လိုပတ်သက်တာလဲ၊ သူ့အကြောင်း သိသလောက် ပြောပြပါလား"

"ရခိုင်ဘက်ကလို့ သိရတယ်၊ ယောကျ်ားလေးဘက်က သဘောမတူလို့ မော်လမြိုင်ကဆွေမျိုးတွေဆီထွက်လာတာလို့ သိရတယ်၊ အမျိုးတွေရှာလို့မတွေ့လို့ သထုံတံတားပေါ်မှာ ဖြစ်သလို နေခဲ့ရတာတဲ့၊ ဒေါ်ကြည်ကသနားလို့ သူတို့လင်မယားကို ခုအိမ်ကြီးမှာ နေခွင့်ပြုခဲ့တာ၊ ကလေးတစ်ယောက်မွေးပြီး ငါးနှစ်လောက်မှာ သူ့ယောကျ်ားက၊ ကလေးကိုခေါ်ပြီး ရခိုင်ဘက်ဆိုလား ပြန်သွားတာ၊ သူသေတော့လည်း ရောက်မလာဘူး၊ ခုချိန်ထိလည်း ပေါ်မလာဘူး"

"အဲ့ဒီ ပုလုပ်တောင်ဆိုတဲ့ မိန်းမက ဘယ်လိုဖြစ်ပြီး သေရတာလဲ၊ အသာရောပါနဲ့လဲ"

"သူ့ယောကျ်ား ရခိုင်ပြန်သွားတော့ ကိုယ်ဝန်နဲ့ကျန်ခဲ့တာ၊ မီးတွင်းထဲမှာ မီးမဖွားနိုင်ဘဲ သေသွားတာလို့ သိရတယ်၊ ဗိုက်ထဲက ကလေးရော မအေပါ သေခဲ့တာကွဲ"

"ဒါဆို အစိမ်းသေပေါ့၊ အရင်က ခြောက်လှန့်တာတွေ ကြားမိသေး"

"ခြောက်တာ လှန့်တာတော့ မကြားမိဘူးကွဲ၊ ဒေါ်ကြည်က တော့ ပလုပ်တောင်သေပြီးနောက်ပိုင်း အိမ်ဘေးက ကုက္ကိုလ်ပင်ကြီး အောက်မှာ မကြာခဏ ထမင်းဟင်းတွေ ကျွေးမွေးနေတာတော့ သတိပြုမိတယ်၊ ခု ဘာတွေ ထူးခြားတာတွေ့လို့ လာမေးတာပဲ"

"ဟို ဟို ဘာမှမဖြစ်ပါဘူး၊ အမြဲတမ်းနေရမယ့်အိမ်ဆိုတော့ အိမ်အကြောင်း သိချင်လို့ လာမေးကြည့်တာပါ သွားတော့မယ် ကျေးဇူးပဲ"

အသစ်ပြောင်းရွှေ့လာသော မိသားစုမှာ အိမ်နီးနားချင်းစကား များစကားကြောင့် ပလုပ်တောင်အကြောင်းကို အတန်အသင့်သိခဲ့ ကြစည်။ ပလုပ်တောင်မှာ မကျွတ်မလွတ်ဘဲ အိမ်ကြီးအနီးတွင် ရှိနေကြောင်း ရိပ်စားမိခဲ့သည်။ အိမ်ကြီးပြင်ဆင်ပြီး အခြေတကျဖြစ်မှ သံဃာတော်များ ပင့်ဖိတ်၍ ဆွမ်းကျွေး၊ ပရိတ်ရွတ်၊ ဒါနပြု အမျှအတန်း ပေးဝေမည်ဟု စိတ်ကူးထားခဲ့ကြသည်။ ဝိညာဉ်၊ တစ္ဆေ၊ သရဲတို့ကို မယုံကြည်ရှိသော်လည်း ယခု လက်တွေ့ဖြစ်ရပ်ကြောင့် စိတ်အနှောင့် အယှက် ဖြစ်ခဲ့ရသည်။

အိမ်ရှင်မိသားစုတွင် ခြောက်နှစ်ကျော်အရွယ် သမီးတစ်ဦးရှိ သည်။ ပြောင်းရွှေ့ရောက်ရှိလာပြီး နေသားမကျမီ အချိန်မှာပင် ထိုကလေး မကြာခဏ ဖျားနာမှုဖြစ်လာသည်။ ပလုပ်တောင်မှာ သူ့သမီးလေးကိုသတိရတိုင်း ထိုကလေးကို ကျီစားနေတတ်သည်။ ကလေးက စကားအဆက်မပြတ် ပြောလိုပြောဖြစ်လာသည်။ ထို စကား တတ်သော ကလေးမို့ မိဘများသတိမထားမိခဲ့ပေ။ ပလုပ်တောင် ကျီစယ်ချိန်တွင် ကလေးမှာ ပေါက်ကရစကားများ ပြောလာသည် ငိုလိုက်ရယ်လိုက် ဖြစ်နေသည်။ ထိုသို့မကြာခဏ ဖြစ်လာသဖြင့်

မိဘအစ်ကိုအစ်မများ မသက်သာဖြစ်လာကြတော့သည်။ တတ်ကျွမ်းနားလည်သော ပယောဂဆရာတစ်ဦးနှင့် ပြသတိုင်ပင်ရန် စဉ်းစားလာကြသည်။ ပယောဂဆရာကို လိုက်လံစုံစမ်း ရှာဖွေကြသည်။ စစ်ကဲကုန်းရပ်ကွက်နှင့်ကပ်လျက် မရမ်းကုန်းရပ်ကွက်တွင် ပယောဂဆရာတစ်ဦးတွေ့ရှိခဲ့သည်။ ထိုပယောဂဆရာ၏နေအိမ်မှာ လက်ရှိနေအိမ်နှင့်မဝေးလှပါ။ ဆရာနှင့်တွေ့ပြီး အိမ်မှအဖြစ်အပျက်များ ပြောပြလိုက်သည်။ ဆရာထူးခြားမှု ဖြစ်လျှင်ဖြစ်ချင်း လာရောက်ခေါ်ရန် မှာလိုက်သည်။ ရေမန်းတစ်ပုလင်းနှင့် ကလေးအတွက် အဆောင်ဆွဲကြိုးတစ်ကုံးပေးလိုက်သည်။ ထိုဆရာညွှန်ကြားချက်အတိုင်း ကလေးကိုရေမန်းတိုက်ပြီး အဆောင်ဆွဲကြိုး ဝတ်ပေးလိုက်သည်။ ညနေစောင်းသည်နှင့်ကလေးကိုအိမ်ပြင် ထွက်ခွင့်မပြုတော့ပေ။ ကုက္ကိုလ်ပင်အောက်သို့လည်း ဖြတ်သန်းသွားလာခွင့် မပြုတော့ပါ။ ပယောဂဆရာ၏ အစီအမံများကြောင့် ပလုပ်တောင်မှာ ကလေးကိုကျီစယ်ခွင့် မရတော့ပေ။

တစ်နေ့ နွဲ့နွဲ့အပြင်သွားရာမှ ပြန်လာစဉ် ပလုပ်တောင် ဝင်မူးကပ်ပါလာသည်။ နွဲ့နွဲ့စကား အမျိုးမျိုးပြောနေသည်။ ခေါ်ကြည့်[illegible]ကြောင်းလည်းပါသည်။ ကလေးအကြောင်းလည်းပြောသည်။ နွဲ့နွဲ့ကို[illegible] ဝင်မူးနေကြောင်း သိလျှင်သိချင်း အစ်ကို ဖြစ်သူက[illegible]သို့ အပြေးသွားအကြောင်းကြားသည်။ ဆရာကို[illegible] ခေါ်လာခဲ့သည်။ ပယောဂဆရာကိုတွေ့သည်နှင့်[illegible]သော နွဲ့နွဲ့ သောင်းကျန်းပါတော့သည်။

"[illegible]လို့ ကလေး အိမ်ပြင်မထွက်တော့ဘူး၊

ငါရှိနေတဲ့ ကုဋ္ဌိုလ်ပင်အောက်လည်း မလာတော့ဘူး၊ ကိုလေးကို လည်း ကျိုးစယ်ခွင့်မရတော့ဘူး"

"မနှောင့်ယှက်ဖို့ ပြောထားတယ် မဟုတ်လား။"

"နင်တို့က ငါ့ကို အမဲသားဟင်းလည်း မကျွေးဘူး၊ ငါ့သိပ်ပြီး ယောစဉ်ဖြစ်ခဲ့တဲ့ ဒေါ်ကြည်လည်း မရှိတော့ဘူး။ ငါဒီမှာမနေချင်တော့ပါဘူး"

"ဒီတော့ ဘာလုပ်ပေးရမလဲ"

ဆရာက ထိုသို့ မေးလိုက်စဉ် နွဲ့နွဲ့ ချူး၍ချင့်ပါတော့သည်။

"ဒီနေရာကို ငါသိယောင်ဦး ဖြစ်ပါတော့မယ်၊ ငါ့သမီးလေး နဲ့ ငါ့ယောကျ်ား ပြန်လာနိုးနိုးနဲ့ စောင့်နေခဲ့တာ၊ ဘယ်တို့လည်း ပေါ်မလာတော့ဘူး၊ ငါ့ကိုကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဒေါ်ကြည်လည်း မရှိတော့ဘူးဆိုတော့ ငါ့လွတ်ရာကျွတ်ရာကို သွားချင်ပါပြီ"

"အဲဒီလို ဆုံးဖြတ်လိုက်တာ အကောင်းဆုံးပေါ့၊ ထပ်ပြီးမနှောင့် ယှက်တော့ရင် တော်ပြီ ဘယ်လိုဖြစ်ချင်လဲ၊ ဘာတွေလုပ်ပေးရမှာလဲ"

နွဲ့နွဲ့က မျက်ရည်သုတ်ကာ အိမ်သွားတစ်ဦးချင်းစီ၏ မျက်နှာကို လိုက်ကြည့်သည်။ မျက်နှာကိုလည်း စိုက်ကြည့်သည်။ ခင်ပိုးခါစကဲ့သို့ ကြမ်းတမ်းမှု မရှိတော့ပေ။ နွဲ့နွဲ့အကြည့်မှာ ညီမအဖြယ်ဆုံးထိ ရှောက်သွားသည်။

"ငါ့သမီးလေးကို အတိရက္ခန်းလို့ ဒီကာလလေးကို ကျိုးစယ်တာ ပါ။ အရှုံးရှာယ်ဖြစ်အောင် ဘာမှမလုပ်ခဲ့ပါဘူး၊ ခုအထုံးတုံးမဲ့ စိတ်ချမ်း သာအောင် လွှတ်ကျွတ်ရာသွားပါတော့မယ်။ ဘုန်းကြီးပင့်ဆွမ်း

ကျွဲးဒါနပြုပြီး ရေစက်ချအမျှပေးဝေပါ၊ ပေးဝေတဲ့ အမျှကုသိုလ် ရအောင် ငါ့ကို ခေါ်ကြပါ၊ ဆွမ်းဟင်းချက်ရင် အမဲသားဟင်းတွေ့ မယ့်ပါ၊ ပါ၊ ဒေါ်ကြွေ ဘယ်လိုလဲ လုပ်ပေးကြမှာလား"

နဲ့နဲ့က မျက်ရည်စက်လက်ဖြင့် ပယောဂဆရာကို ပြောလိုက်သည်။

"ပြောတဲ့အတိုင်း လုပ်ပေးမယ်။ ယုံတယ်ဆိုရင် ဒီရေသောက်လိုက်ပါ"

နဲ့နဲ့က ပယောဂဆရာကမ်းပေးသော ရေခွက်ကို ယူလိုက်သည်။ အားလုံးစိတ်ဝင်တစားဖြင့် နဲ့နဲ့ကို ဝိုင်းကြည့်နေလိုက်သည်။ နဲ့နဲ့က အိပ်ခန်းပတ်ဝန်းကျင်ကို လိုက်ကြည့်ပြန်သည်။ နဲ့နဲ့ကြည့်နေသော ဤအိမ်ကြီးတွင် ပလုပ်တောင် နှစ်အတန်ကြာနေခဲ့ဖူးသည်။ သည်အိမ်ကြီးပေါ်တွင် သမီးကြီးကို မွေးဖွားခဲ့သည်။

ကျေးဇူးရှင် ဒေါ်ကြည့်ကြောင့် သည်အိမ်ကြီးတွင် နေထိုင်ခဲ့ရသည်။ ပလုပ်တောင် သေဆုံးပြီးသည်မှ ယနေ့အထိ မကျွတ်မလွတ်နိုင်သေးပဲ အိမ်ကြီးအနီးတွင် ရှိနေခဲ့သည်။ အတန်ကြာမှနဲ့နဲ့က ဖန်ခွက်အတွင်းမှရေကို သောက်ချလိုက်သည်။ ထိုစဉ် ပယောဂဆရာက

"အောင်ပြီ၊ အောင်ပြီ သူဖြစ်ချင်တာတွေ လုပ်ပေးလိုက်ကြတော့၊ ပရလောကဆိုတာ မယုံလို့မရဘူး၊ နောက်ဘယ်တော့မှ နှောင့်ယှက်တော့မှာမဟုတ်ဘူး"

ဆရာက ပြောပြောဆိုဆို ရေခွက်ထဲမှ လက်ကျန်ရေဖြင့်နဲ့နဲ့ မျက်နှာကို ပက်သပ်လိုက်သည်။ နဲ့နဲ့က သူ့မျက်နှာကို လက်ဖြင့်

အုပ်ထားသည်။ ပယောဂဆရာက ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုရင်း နွဲ့နွဲ့မျက်နှာကို ရေဖြင့်တောက်ပေးလိုက်သည်။ သူ့မျက်နှာကိုအုပ်ထားသော လက်များကို နွဲ့နွဲ့က ခွာလိုက်သည်။ ပြီးနောက်သူ့ကို ဝိုင်းအုံကြည့်နေသူများကို တအံ့တသြလိုက်ကြည့်သည်။

"ညီမလေး ဘာဖြစ်လို့လဲ အစ်ကို၊ ဒီက ဘကြီးက ဘယ်သူလဲ"

"ငါ့ညီမလေး ကောင်းသွားပြီ၊ မကောင်းဆိုးဝါး မရှိတော့ဘူး၊ ထွက်သွားပြီ ဆရာ့ကို ကျေးဇူးတင်ပါတယ်၊ ပြီးတော့ဆရာ့ပညာကိုလည်းယုံပါပြီ၊ ဆရာပြောတဲ့အတိုင်း ဆွမ်းကျွေးပြီး၊ ဒါနပြု အမျှဝေပါ့မယ်၊ အိမ်ကြီးပြင်ဆင်ပြီးသွားရင် ဆွမ်းကျွေးပရိတ်ရွတ်မယ့်ကိစ္စအရင်ကတည်းက စီစဉ်ပြီးသားပါ"

"အကောင်အထည် မမြင်ရပေမယ့် ကတိတည်ဖို့တော့လိုတယ်၊ ဆွမ်းဟင်းထဲမှာ အမဲသားဟင်းတော့ ပါပစေနော်၊ ကဲ ကဲ ကိစ္စလေးတွေ ရှိသေးလို့ သွားလိုက်အုံးမယ်"

စကားဆုံးသည်နှင့် ပယောဂဆရာ အိမ်ပေါ်မှ ဆင်းသွားသည်။ နောက်နှစ်ရက်တွင် ဘုန်းတော်ကြီး ငါးပါးပင့်၍ ဆွမ်းကျွေး ဒါနပြုသည်။ ပယောဂဆရာကိုလည်း ဖိတ်ကြားခဲ့သည်။ အနှစ်ကိုယ်ကင်း ပရိတ်တရားတော်များလည်း ဆရာတော်များ ရွတ်ဖတ်ခဲ့ကြသည်။ အားလုံးပြီးစီး၍ ရေစက်ချအမျှဝေရန် ပြင်ဆင်သည်။

"ဒီနေ့ပြုလုပ်တဲ့ ဆွမ်းကျွေးဒါန အလှူမှာ အမဲသားဟင်းတစ်မယ် ထူးထူးခြားခြားပါလာတယ်၊ ဘာကြောင့်အမဲသားဟင်းထည့်

ရတာကိုလည်း ဒီအိမ်ရှင်ဒကာလေး ပြောပြထားလို့ ဘုန်းကြီးသိပြီး ပါပြီ၊ ရေစက်ချအမျှဝေဖို့ပြင်တော့ လူစုံပြီလား၊ အမိကကျတဲ့သူကို ခေါ်ရမယ် မဟုတ်လား၊ ခေါ်လိုက်ပါအုံး''

ဆရာတော်၏စကားကြောင့် ရှေ့ဆုံးတွင်ရှိနေသော အစ်ကို ဖြစ်သူက ပယောဂဆရာကို တိုးတိုးလေး ပြောလိုက်သည်။

''ဆရာ အဲ့ဒီပလုပ်တောင်ဆိုသူကိုလဲခေါ်ဦးလေ၊ သူ့ကိုခေါ် ဖို့မှထားတယ် မဟုတ်လား၊ သူကအမိကပဲ၊ သူကျွတ်လွတ်ဖို့ပြုတဲ့ ဒါနပွဲပါ''

''ခေါ်စရာ မလိုတော့ဘူး၊ သူရောက်နေပါပြီ၊ တံခါးပေါက်မှာ တွေ့လိုက်သလိုပဲ''

နှစ်ဦးသားပြောသော စကားကို ဆရာတော်ကြားသွားဟန်တူ သည်။ တံခါးပေါက်သို့ လှမ်းကြည့်လိုက်သည်။

''ကဲ ကဲ လူစုံသွားပြီ ရေစက်ချတရာဟောမယ် ရေစက်ခွက် ကိုင်ထားကြ''

ဆရာတော် စကားဆုံးသည်နှင့် နောက်နားတွင် ထိုင်နေခဲ့ သောညီမဖြစ်သူ နွဲ့နွဲ့က ရှေ့ဆုံးသို့ တိုးဝင်ရောက်ရှိလာသည်။ သူ့အစ်ကိုကိုင်ထားသော ရေစက်ခွက်ကို လုယူလိုက်သည်။

''ဖယ်၊ နင်မကိုင်နဲ့၊ ငါတစ်ယောက်တည်း ကိုင်မယ်''

နွဲ့နွဲ့က သူ့အစ်ကိုကို နင်ဟု ဆိုကာရေစက်ခွက်ကိုင်ထားသော သူ့အစ်ကိုလက်ကို ပုတ်ထုတ်လိုက်သည်။ အစ်ကိုဖြစ်သူက စိုးရိမ် အံ့ဩစိတ်ဖြင့် သူ့ညီမမျက်နှာကို လှမ်းကြည့်လိုက်သည်။ မူမမှန်

သောအဖြစ်ကို သိလိုက်သည်။ နံဘေးတွင် ထိုင်နေသော ပယောဂ ဆရာကို လက်တို့အသိပေးလိုက်သည်။

"ဆရာသိတယ် ပလုပ်တောင် ရောက်လာတာပါ၊ သူ့အတွက် နောက်ဆုံးပါပဲ အသာကြည့်နေပါ"

ဆရာတော်ကလည်း အခြေအနေကို သိရှိသွားဟန်ဖြင့် လက်ဖြင့်အချက်ပြသည်။ ရေစက်ချတရားဟောပြီး အမျှဝေသည်။ ပလုပ်တောင်အမည်ကို ထည့်ပြောပြီး အမျှဝေသည်။ အားလုံးကြား ကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လောဆိုပြီး သာဓုသုံးကြိမ်ခေါ်သံစီဝေ၍ ထွက်လာသည်။ ပထမအကြိမ် အမျှဝေစ မှာပင် ရေစက်ခွက်ကိုင်ထားသော နှဲ့နှဲ့မှာ တဟီးဟီးနှင့် ချုံးပွဲချငိုပါ တော့သည်။ နောက်မှ လူများအထိတ်တလန့်ဖြစ်ကာ နှဲ့နှဲ့ကို လှမ်းကြည့်နေကြသည်။ နှဲ့နှဲ့မှာ ရှိုက်ကြီးတငင် ငိုကြွေးနေသည်။ နောက်ဆုံးအကြိမ် အမျှဝေပြီး လက်ကျန်ရေများ အောက်ခံခွက်ထဲသို့ သွန်ချအပြီးတွင် နှဲ့နှဲ့မှာထိုင်နေလျက်က သူ့အစ်ကိုပေါင်ပေါ်သို့ လဲကျသွားတော့သည်။ အစ်ကိုဖြစ်သူက သူ့ညီမကို ထူပေးလိုက်သည်။ နှဲ့နှဲ့က မျက်ရည်သုတ်ကာ သူမည်သို့ဖြစ်ခဲ့သည်ကို မသိသည့် ဟန်ပန်ဖြင့် ဆရာတော်များကို ဦးချနေတော့သည်။ ဦးချသည်မှာ အကြိမ်ကြိမ်ပင်ဖြစ်သည်။

"ဒီနေ့ ဒီအချိန်ကစပြီး ဒီအိမ်မှာဖြစ်ခဲ့တဲ့ မကောင်းဆိုးဝါး၊ အစိမ်းသရဲ၊ နှောင့်ယှက်မှုတွေ ကင်းစင်သွားပါပြီ၊ နောက်ဘယ် တော့မှမဖြစ်တော့ပါဘူး၊ ပေးဝေတဲ့အမျှကုသိုလ်ရလို့ သက်ဆိုင်သူ

တွေလည်း လွတ်ရာကျွတ်ရာသွားနိုင်ခဲ့ပါပြီ၊ ရေစက်ခွက်ထဲက ရေတွေ အိမ်ဘေးက ကုက္ကိုလ်ပင်ရင်းမှာ သွားသွန်လိုက်ပါ"

ဆရာတော် မိန့်မှာသည့်အတိုင်း နွဲ့နွဲ့က ရေစက်ခွက်ထဲမှ ရေများကို ကုက္ကိုလ်ပင်ကြီးခြေရင်းတွင် သွန်ချလိုက်သည်။ ထိုစဉ် လေတိုက်ခြင်းမရှိပါဘဲလျက် အပင်ပေါ်မှ သစ်ကိုင်းသိသိသာသာ လှုပ်သွားသည်ကို နွဲ့နွဲ့သတိထားလိုက်မိသည်။ ထိုနေ့နောက်ပိုင်း စစ်ကဲကုန်း၊ ကုန်းထိပ်ပေါ်ရှိ အိမ်ကြီးတွင် မည်သည့်ပူးကပ်ခြင်း၊ ခြောက်လှန့်ခြင်းမျိုးမှ မတွေ့ကြုံရတော့သည်ကို အိမ်ရှင်များသာ အသိဆုံး ဖြစ်ပါတော့သည်။

*မောင်မောင်စိုးအောင်*




ကောင်းထွန့်စာပေမှ တပြည်လုံးသို့ ဖြန့်ချိထားပါသည်။



ပြေသူခိုးဝေါဝင့်ကြေးကြွမှာ နှင့်
ဂမ္ဘီရဖြစ်ရပ်ဆန်းများ
မောင်မောင်မိုးအောင်
Art-Kyaw Zawe Lwin. Design-Mie Nyein Chan